မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၀၁)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂ ရက်၊ သောကြာနေ့။

နိုင်ငံတော် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးကိစ္စရပ်သည်နိုင်ငံသားအားလုံးနှင့်သက်ဆိုင်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် သမ္မတအိမ်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပွဲကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ပြည်ထောင်စု အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြပွဲသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးဌေးဦး၊ ဦးသိန်းဇော်၊ ဦးဇော်မြင့်ဖေ၊ ပြည်ထောင်စုရှေ့နေချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရှင်းလင်းတင်ပြရာ၌ မြန်မာနိုင်ငံ၌ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ၁၈၇၁ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ (၁၀)နှစ်တစ်ကြိမ် သန်းခေါင်စာရင်းများကို ၁၉၄၁ ခုနှစ်အထိ အချိန်မှန် ကောက်ယူခဲ့ပါကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း တစ်နိုင်ငံလုံး ပြည့်စုံသော သန်းခေါင်စာရင်းကို ၁၉၇၃ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူခဲ့ပါကြောင်း။

၁၉၇၃ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၂၈ ဒသမ ၉၂ သန်းရှိပြီး ၁၉၈၃ ခုနှစ်တွင် လူဦးရေ ၃၅ ဒသမ ၃၀ သန်းရှိပါကြောင်း။ *စာမျက်နှာ ၃ ကော်လံ ၁* ✻

ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူရေးကို တစ်နိုင်ငံလုံးအတိုင်း အတာဖြင့် ကောက်ယူရမည်ဖြစ်၍ တစ်နိုင်ငံလုံးတည်ငြိမ်အေးချမ်းရန်လိုအပ်၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးရရှိရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးနှင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိ။

ယနေ့ မာတိကာ

ပါကစ္စတန်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နုတ်ထွက် — *စာမျက်နှာ - ၄*

ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်မှု သတင်းထုတ်ပြန် — *စာမျက်နှာ - ၉*

တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစားထိုးပြောင်းလဲ — *စာမျက်နှာ - ၉*

ဥပဒေနှင့် ကြော်ငြာ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဥပဒေအချပ်ပို (က) မှ (ဃ) နှင့် ကြော်ငြာစာမျက်နှာ အချပ်ပို(င) မှ (ဧ) အထိ ပါရှိပါသည်။

ဆောင်းရာသီလေအေးများက လေစွမ်းအင်ပိုမိုထုတ်ယူနိုင်

မောင်သစ္စာ ➤ ရေးသားသည်

ကမ္ဘာတစ်ဝန်းလေစွမ်းအင် ရယူအသုံးပြုရာတွင် လေစွမ်းအင် အများဆုံးရယူထုတ်လုပ်နိုင်သည့် ရာသီဥတုမှာ ဆောင်းရာသီဖြစ်ကြောင်း၊ အေးသောရာသီဥတုတွင် လေစွမ်းအင် ပိုမိုထုတ်ယူရရှိနိုင်ကြောင်း ဖင်လန်နိုင်ငံမှ သုတေသနသိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၁၂ ခုနှစ်ကုန်ကတည်းက အဆိုပါ သုတေသနပြုရလဒ်ထွက်ပေါ်လာပြီးနောက် ကမ္ဘာတစ်ဝန်းတွင် လေစွမ်းအင်ထုတ်ယူရေးစီမံကိန်းများ၌ အေးသောရာသီဥတုများတွင် စွမ်းအင် ၄၅ ဂီဂါဝပ်နှင့် ၅၀ ဂီဂါဝပ်အကြား ထုတ်ယူနိုင်မည့် စီမံကိန်းများကို ၂၀၁၇ ခုနှစ်မှ စတင်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် စီစဉ်နေပြီဖြစ်သည်။

အခြားရာသီဥတုအခြေအနေများတွင် လေအားမှ စွမ်းအင်ထုတ်ယူခြင်းထက် အေးသောရာသီဥတု၌ လေစွမ်းအား ပိုမိုရရှိပြီး စွမ်းအင်ထုတ်ယူနိုင်မှုတွင်လည်း ၇၂ ရာခိုင်နှုန်း ပိုမိုရရှိနိုင်သည်ဟု ၎င်းတို့က ပြောကြားသည်။

"အခုလို သုတေသနပြုတွေ့ရှိချက်ဟာ အလွန်အရေးပါတဲ့ သုတေသနပြုချက်ဖြစ်ပါတယ်။ ကမ်းလွန်လေစွမ်းအင်ထုတ်ယူရေးအတွက် အောင်မြင်မှုတစ်ရပ်လည်းဖြစ်ပြီး လေစွမ်းအင်ထုတ်ယူမှုဟာ အခြားစွမ်းအင်တွေထက် ၁၀ ဆခန့် ပိုမိုထုတ်ယူနိုင်တဲ့ အနေအထားလည်းရှိပါတယ်"ဟု ဖင်လန်နိုင်ငံ ဗွီတီတီသုတေသနဌာနမှ သုတေသနပညာရှင် တိုမက်စ်ဝယ်လီနက်စ်က ပြောကြားသည်။ အဆိုပါ သုတေသနအဖွဲ့သည် အေးသောရာသီဥတုတွင် ကမ်းလွန်ပင်လယ်ပြင်အတွင်း လေတာဘိုင်များတပ်ဆင်ကာ လေစွမ်းအင်ရရှိမှုနှင့် ဓာတ်အားထုတ်ယူနိုင်မှုများကို *စာမျက်နှာ ၃ ကော်လံ ၃* ▲

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြစ်ရေကြီးခြင်းနှင့် သဘာဝဘေးအန္တရာယ်

ကျွန်ုပ်တို့ မြန်မာနိုင်ငံဒေသအများစုတွင် လွန်ခဲ့သောရက်များအတွင်း မုတ်သုံမိုးများ အဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ဧရာဝတီ၊ စစ်တောင်း၊ ရွှေလီ၊ သံလွင်နှင့် ချင်းတွင်းစသော မြစ်ကြီးများနှင့် မြစ်လက်တက်များအတွင်း စိုးရိမ်ရေမှတ်များအထက် ကျော်လွန်ကာ မြစ်ရေကြီးခြင်းနှင့်မြစ်ရေတိုက်စားခြင်းစသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလျက်ရှိပါသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်အရ လာမည့်ဩဂုတ်လ ပထမ ၁၀ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် ရွာသွန်းနိုင်ကြောင်း သိရသည်။ ဤသို့ မိုးများအဆက်မပြတ် ရွာသွန်းနိုင်သဖြင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေသည် လက်ရှိစိုးရိမ်ရေအမှတ်များထက် မြင့်တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးချက် ထုတ်ပြန်ထားပါသည်။

သို့ပါ၍ ကမ်းရိုးတန်းဒေသနေ မြို့ရွာများရှိ ပြည်သူများအနေဖြင့် မြစ်ရေကြီးမှု သဘာဝဘေးအန္တရာယ်များ မကြုံတွေ့ရစေရန် ပြင်ဆင်ထားရမည်များကို ပြင်ဆင်ထားကြရမည်ဖြစ်ပါသည်။ မြစ်ရေကြီးမှုကြောင့် မြစ်ကြောင်းများ စီးဆင်းရာကမ်းရိုးတန်းဒေသတစ်လျှောက်တို့တွင် မြစ်ရေတိုက်စားခြင်း၊ ကမ်းပါးများပြိုကျခြင်း၊ မြစ်ရေများစီးဆင်းဝင်ရောက်ခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ပါသည်။

မိုးများသည်းထန်စွာ ရွာသွန်းပြီး ရေကန်၊ ရေအိုင်များအတွင်း မိုးရေနှင့် မြစ်ရေတို့ ပြည့်လျှံနေစဉ် လျှပ်စစ်ဓာတ်ကြိုး၊ ဓာတ်တိုင်များလဲကျ၍ ဓာတ်လိုက်သေဆုံးမှုများ မဖြစ်ပွားစေရန်လည်း အထူးသတိပြုရမည် ဖြစ်ပါသည်။

မြစ်ရေကြီးမှုနှင့်အတူ မြွေကဲ့သို့ အဆိပ်ရှိသတ္တဝါများ မျောပါလာခြင်း၊ ကမ်းပါးများ၊ တောင်များပြိုကျခြင်းနှင့် သစ်ပင်ကြီးများလဲကျခြင်းစသော ဘေးအန္တရာယ်များလည်း ကြုံတွေ့နိုင်သည်ကို သတိပြုအပ်ပါသည်။

သို့ပါ၍ လာမည့်ရက်များအတွင်း မိုးများ အဆက်မပြတ် ရွာသွန်းနိုင်သဖြင့် မြစ်ဝကျွန်းပေါ်ဒေသများ၊ မြစ်ကြောင်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများသည် သဘာဝဘေးအန္တရာယ်အသွယ်သွယ်မှ ကင်းဝေးစေရန် ကြိုတင်ပြင်ဆင်၍ လုပ်ငန်းဆောင်တာများ၊ အစီအမံများ သတိပြုဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေး အစီအစဉ်ဆိုင်ရာကိစ္စရပ်များအပေါ် အကျွမ်းဝင်မှုရှိစေရေး မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် (Enhanced Integrated Framework- EIF) ဆိုင်ရာကိစ္စရပ်များအပေါ် အကျွမ်းဝင်မှုရှိစေရေး မိတ်ဆက်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

ပြောကြား

ထို့နောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) မှ Chairman of EIF Board , H.E. Ambassador Minelink Alemu Getahun နှင့် UNDP ရန်ကုန်ရုံးမှ ကိုယ်စားလှယ် Mr. Daniel Kostzer တို့က အမှာစကား ပြောကြားသည်။

EIF အစီအစဉ်ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုနှင့် ဆက်နွှယ်သည်များကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုပြုခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ အလှူရှင်နိုင်ငံနှင့် အဖွဲ့အစည်းများ၏ အကူအညီဖြင့် ယင်းလိုအပ်ချက်များကို အကောင်အထည်ဖော်ခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တက်ရောက်

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ UNDP, UNES-CAP, UNOP, UNIDO, World Bank, EU Delegation တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် လမ်းအသုံးပြုသူများ သတိပြုအလေးထားစေချင်

“သတိ- နိုင်လွန်ကတ္တရာလမ်းပေါ် ကုန်တင်ယာဉ်နှင့် ဆိုင်ကယ်များမတက်ရ” ဟု နေပြည်တော်စည်ပင်သာယာရေးကော်မတီ လမ်း၊ တံတားဌာနက လမ်းအသုံးပြုသူများကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာသတိပြုစေရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားသည်။

“ညွှန်ကြားမှုတွေ၊ ညွှန်ကြားချက်တွေသာ ထုတ်ပြန်ထားတာ၊ အချို့ကုန်တင်ယာဉ်တွေ၊ အချို့ဆိုင်ကယ်တွေက အလုအယက် နိုင်လွန်ကတ္တရာလမ်းပေါ်မှာ မောင်းနေကြတာပဲ။ ကားက သတ်မှတ်တဲ့လမ်းအတိုင်းမောင်းပေမယ့် ဆိုင်ကယ်က ကားလမ်း(နိုင်လွန်ကတ္တရာလမ်း)ပေါ် မဆင်မခြင်မောင်းနှင်ပြီး ဖြတ်တက်လိုက်တာနဲ့ ယာဉ်တိုက်မှုကဖြစ်ရော၊ ဒါမှမဟုတ် ဆိုင်ကယ်ကို ရှောင်လိုက်ရင်လည်း ကားက လမ်းဘေးပလက်ဖောင်းပေါ်ရောက်သွားတာ’ ဟု ကားမောင်းသူတစ်ဦးက သူ၏ ကိုယ်တွေ့ဖြစ်ပုံကို ပြောပြသည်။

သက်ဆိုင်ရာက သတ်မှတ်ပေးထားသည့် ယာဉ်ကြောအတိုင်း လမ်းကို အသုံးပြုမောင်းနှင်ပါက ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်သည်။

ကားနှင့်ဆိုင်ကယ် ယာဉ်တိုက်မှုဖြစ်လျှင် မည်သည့်ယာဉ်က မှားမှားမှန်မှန် ကားမောင်းသူသာ နစ်နာကြရသည်ကိုလည်း သတိပြုသင့်ပါသည်။

နေပြည်တော်တွင် ကုန်တင်ကားမောင်းနှင်စီးသူများနှင့် ဆိုင်ကယ်မောင်းနှင်စီးသူများက “ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆောင်ပုဒ်တွေ၊ ညွှန်ကြားချက်တွေမှာ ကုန်တင်ယာဉ်၊ အနှေးယာဉ်၊ အမြန်ယာဉ်လို့ပဲ သိထားကြတာ၊ အခု ကုန်တင်ယာဉ်၊ အနှေးယာဉ်၊ လူစီးယာဉ်လို့ ဦးစားပေး လမ်းသတ်မှတ်ထားတယ်။ ဘယ်ဟာက အမှန်ဖြစ်မလဲ” ဟု သူတို့အမြင်ကို ပြောပြသည်။

စာရေးသူသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သတင်းဓာတ်ပုံ၊ သတင်းနှင့်သတင်းဆောင်းပါးများအဖြစ် လမ်းအသုံးပြုသူ ပြည်သူများ အန္တရာယ် ကင်းရှင်းစေရေးအတွက် ဆောင်ရန်၊ ရှောင်ရန် ကဏ္ဍများမှ အသိပေးရိုက်ကူးရေးသားလျက်ရှိပြီး ရန်ကုန်မြို့တော်ကြီးတွင် လိုင်းကားယာဉ်ကြော၊ အနှေးယာဉ်ကြော၊ အမြန်ယာဉ်ကြောအဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ထားပြီး မည်သည့်ယာဉ်ကြောက မည်သည့်ယာဉ်ကို ဦးစားပေးရမည်ကို လမ်းအသုံးပြုသူများ သိရှိနားလည်ထားပြီးဖြစ်ပါကြောင်း၊ ကုန်တင်ယာဉ်၊ အနှေးယာဉ်နှင့် အမြန်ယာဉ်များအားလုံးတွင် လူများမောင်းနှင်စီးကြကြောင်းနှင့် လမ်းအသုံးပြုသူ ပြည်သူများအနေဖြင့်လည်း တစ်ဦးချင်း၊ တစ်ယောက်ချင်းမှစ၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သတိပြု အလေးထားလိုက်နာပါက ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည် ဖြစ်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ တင်ပြအပ်ပါသည်။

ဦးမောင်(သဲကုန်း)

ထင်သာမြင်သာ ပြုပြင်စရာ

မိတ္ထီလာတွင် ရွှေတိဂုံစေတီတော်ပုံစံတူ တည်ထားကိုးကွယ်မည်

မိတ္ထီလာ ဩဂုတ် ၁

မိတ္ထီလာမြို့ ရန်မျိုးအောင်ရပ် သာသနဝေပုလ္လပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်အတွင်း ရွှေတိဂုံစေတီတော်ပုံစံတူ မဟာရန်မျိုးအောင် ရွှေတိဂုံစေတီတော် တည်ထားကိုးကွယ်ရန် စတင်တည်ထားလျက်ရှိရာ ဩဂုတ် ၁ ရက်က ပထမဌာပနာတော်ဆင့် ပြီးစီးအောင်မြင်ကြောင်းသိရသည်။

သာသနဝေပုလ္လ ပါဠိတက္ကသိုလ် ပရိယတ္တိစာသင်တိုက်တွင် သံဃာတော် အပါး ၃၀၀ ကျော် သီတင်းသုံးကာ ပရိယတ္တိစာပေများလေ့လာသင်ယူလျက်ရှိပြီး ကျောင်းတိုက်ကြီးနှင့် သင့်တင့်လျောက်ပတ်သည့် စေတီတော်မရှိခြင်းကြောင့် ယခုကဲ့သို့ ဉာဏ်တော်အမြင့် ၇၄ ပေမြင့်သည့် ရွှေတိဂုံပုံစံတူစေတီတော် တည်ထားခြင်းဖြစ်ပြီး ခုနစ်ရက်သားသမီးများဖူးမြော်ကြည်ညို ကုသိုလ်ပွားများနိုင်စေရန် ဆန္ဒလည်းရှိ၍ဖြစ်ကြောင်း အဆိုပါကျောင်းတိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောဝိဒ၏ မိန့်ကြားချက်အရ သိရသည်။

အဆိုပါ မဟာရန်မျိုးအောင် ရွှေတိဂုံစေတီတော် တည်ထားပြီးစီးအောင်မြင်နိုင်ရေးအတွက် အလှူတော်ငွေများလိုအပ်လျက်ရှိရာ ဦးစီးပဓာနနာယက ဘဒ္ဒန္တကောဝိဒ ဖုန်း-၀၉-၂၂၀၁၂၄၈၊ ဘဒ္ဒန္တနန္ဒဇ(ရေခါးဆရာတော်) ဖုန်း-၀၉-၂၂၀၀၈၈၁၊ ဦးကျော်အေး (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)ဖုန်း-၀၉-၂၀၂၆၅၆၁ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၃၅)

ပြည်တွင်းသတင်း

*** ရှေ့ဖုံးမှ**

သန်းခေါင်စာရင်း ကောက်ယူရမည့်သူများမှာ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများ ဖြစ်ကြသည့် အိမ်ထောင်စုအလိုက် နေသူဦးရေ (အိမ်ခြေအတည်တကျ၊ သင်္ဘော၊ လှေသမ္ဗန်တို့အပေါ်တွင် နေထိုင်သော၊ အိမ်ထောင်စု)၊ အဖွဲ့အစည်း လူဦးရေ(ကာကွယ်ရေး၊ ရဲတပ်ဖွဲ့၊ ဘာသာရေး၊ ဆေးရုံ၊ အကျဉ်းထောင်၊ ဘိုးဘွားရိပ်သာ၊ ဟိုတယ်)၊ သစ်တောကြိုးဝိုင်းတွင်ရှိသော လူဦးရေ၊ အိမ်ခြေယာခြေအတည်တကျမရှိ လူဦးရေ (အိမ်ခြေယာခြေမဲ့၊ တောင်ရမ်းစားသောက်သူ၊ လေလွင့်နေသူ)၊ နိုင်ငံခြားရောက် မြန်မာနိုင်ငံသားလူဦးရေ(သံရုံး၊ ကုလသမဂ္ဂတို့တွင် တာဝန်ထမ်းဆောင်နေသူများ)၊ မြန်မာနိုင်ငံအတွင်းရောက်ရှိနေသော နိုင်ငံခြားသားများ(နိုင်ငံခြားသံတမန်များနှင့် ၎င်းတို့၏ မိသားစုများမှအပ)၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန် နောက်ပိုင်းတွင် သေဆုံးသူများ (ရည်ညွှန်းချိန်တွင် အသက်ရှင်နေသူများ)ကို ကောက်ယူသွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသည်။

သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စုစုပေါင်း ၁၂ရက်ကောက်ယူမည်ဖြစ်ကြောင်း သိရှိရပြီး စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၃ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သန်းခေါင်စာရင်း ကောက်ယူမှုလုပ်ငန်းစဉ်များအတွက် ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၅ သန်းရှိပြီး နိုင်ငံတော်က အမေရိကန်ဒေါ်လာ ၁၅ သန်း အကုန်အကျခံမည်ဖြစ်ကာ ကုလသမဂ္ဂမှ ရုပ်ဝတ္ထုပစ္စည်းပိုင်းနှင့် သင်တန်းများအတွက် အမေရိကန်ဒေါ်လာ ၅ သန်း အကုန်အကျခံ ကူညီပေးမည်ဖြစ်ကြောင်း၊ အလှူငွေရရှိမှုအနေဖြင့် AusAID က အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ သန်း၊ ဗြိတိန်အစိုးရက အမေရိကန်ဒေါ်လာ ၁၆ သန်း ထည့်ဝင်ခဲ့ပြီးဖြစ်ကာ နော်ဝေနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ အလှူငွေများ ရရှိရေး ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ကောက်ယူရာတွင် ကူညီဆောင်ရွက်ပေးမည့် နိုင်ငံတကာ ကျွမ်းကျင်မှု နည်းပညာအကြံပေးအဖွဲ့အနေဖြင့် နိုင်ငံ(၁၁)နိုင်ငံနှင့် ကုလသမဂ္ဂမှ UN Statistics Division, UNFPA, ESCAP နှင့် World Bank တို့မှ သန်းခေါင်စာရင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ဆွေးနွေးမှာကြားရာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ တိကျသောကိန်းဂဏန်းများ၊ စာရင်းဇယားများရှိရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၃၀ ကျော် သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းမရှိခဲ့ကြောင်း၊ ထို့ကြောင့် စာရင်းဇယားများ တိကျမှန်ကန်မှုမရှိကြောင်း၊ တိုင်းပြည်၏ဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲချိန်တွင် ထိရောက်မှုမရှိဘဲ ကွဲလွဲချက်များဖြစ်ပေါ်ခဲ့သဖြင့် စီမံကိန်းရည်မှန်းချက်များမှာ အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိခဲ့ကြောင်း၊ တိကျသောကိန်းဂဏန်းများ ရရှိအောင် သန်းခေါင်စာရင်းကောက်ယူရန် မဖြစ်မနေလိုအပ်ပါကြောင်း။

ထို့ကြောင့် မိမိတို့အစိုးရသစ် တာဝန်ယူချိန်မှစတင်ပြီး ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးကို စီစဉ်ဆောင်ရွက်ခဲ့ကြောင်း၊ သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည်ဖြစ်ပြီး စနစ်တကျမှန်ကန်စွာ ကောက်ယူနိုင်ရန်အတွက် အချိန်ယူ၍ ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်သည့်နည်းပညာ၊ ငွေကြေးနှင့်အသုံးအဆောင်ပစ္စည်းများကို ကုလသမဂ္ဂနှင့် နိုင်ငံတကာမှ အကူအညီများဖြင့် ဆောင်ရွက်နေပါကြောင်း၊ ထို့အတူ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကောက်ယူရမည်ဖြစ်၍ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရန် လိုအပ်ပါကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ရရှိရန်အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနှင့် တစ်ပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးကိစ္စရပ်သည် နိုင်ငံသားအားလုံးနှင့် သက်ဆိုင်သောကိစ္စရပ်ဖြစ်၍ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့၊ လွှတ်တော်၊ တပ်မတော်တို့က ဦးဆောင်၍ ပြည်သူလူထုအားလုံး ပူးပေါင်းပါဝင်မှုဖြင့် နှစ်ပေါင်း ၃၀ ကျော် ကောက်ခံနိုင်ခြင်းမရှိခဲ့သည့် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပွဲ အခမ်းအနား၌တက်ရောက်လာကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ်(၁၉/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)အား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

န/၁၀၁၊ သီရိဒေါလမ်း၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ်တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်) အား ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယားပြည်နယ်)၏ မှတ်ပုံတင်အမှတ်မှာ (၆၄) ဖြစ်ပါသည်။

အမိန့်အရ
(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

လွှတ်တော်အရည်အသွေးမြှင့် အင်္ဂလိပ်ဘာသာသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁

လွှတ်တော်အရည်အသွေးမြှင့်တင်ရေးအစီအစဉ်အရ Open Society Foundation (OSF) ၏ ကူညီမှုဖြင့် Myanmar Scholarship Alumini Association (MSSA) နှင့်ပူးပေါင်းညှိနှိုင်း၍ English Language Training သင်တန်းကို ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီတွင် လွှတ်တော်ရုံး၊ ရုံးအမှတ်(၂၀)တွင် ကျင်းပရာ လွှတ်တော်အရည်အသွေးမြှင့်တင်မှုဆိုင်ရာ ကြီးကြပ်မှုအဖွဲ့မှ နိုင်ငံတကာ ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ယင်းသင်တန်းသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ် ၃၀၊ Open Society Foundation (OSF)၊ Myanmar Scholarship Alumini Association (MSSA) နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

▲ ရှေ့ဖုံးမှ

လေ့လာခဲ့ပြီး အခြားရာသီဥတုများတွင်လည်း ကမ်းလွန်ပင်လယ်ပြင်၌ လေတာဘိုင်များတပ်ဆင်ကာ စမ်းသပ်သုတေသနပြုခဲ့ခြင်းဖြစ်သည်။

ထိုသို့ စမ်းသပ်ခဲ့ရာတွင် တရုတ်၊ အမေရိကန်၊ ဥရောပအလယ်ပိုင်းနိုင်ငံအချို့ ကနေဒါနှင့် စကင်ဒီနေဗီးယားနိုင်ငံများတွင် ရာသီဥတုအလိုက်သုတေသနပြုခဲ့ရာ နွေရာသီများထက် ဆောင်းရာသီများတွင် လေတိုက်နှုန်းပိုများပြီး တာဘိုင်များကို လည်ပတ်စေရာတွင် အေးသောရာသီလေများက ပိုမိုကောင်းမွန်ကြောင်း တွေ့ရှိခဲ့ကြသည်။ တစ်ဖန်လေအေးများက ဓာတ်အားထုတ်ယူရာတွင် ဓာတ်အားပိုမိုထွက်ရှိအောင် ထောက်ပံ့ပေးနိုင်သည်ဟု ပြောကြားသည်။

ဘီဘီစီ

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်



နိုင်ငံတကာသတင်း

စပိန်အာဏာရပါတီအတွင်း အကျင့်ပျက်ခြစားမှုဖြစ်ပွား

မက်ဒရစ် ဩဂုတ် ၁

စပိန်နိုင်ငံတွင် အာဏာရပါတီဖြစ်သည့် ပီပီပါတီအတွင်း ငွေကြေးအလွဲသုံးမှုနှင့် အကျင့်ပျက်ခြစားမှုများ ဖြစ်ပေါ်မှုအပေါ် စပိန်ဝန်ကြီးချုပ် မာရီရာနိုရာဂွိုင်က ဖြေရှင်းချက်တစ်ရပ် ထုတ်ပြန်ရန် စီစဉ်နေကြောင်း ဩဂုတ် ၁ ရက်က သတင်းထုတ်ပြန်သည်။

မာရီရာနိုရာဂွိုင်ဝန်ကြီးချုပ် မဖြစ်မီက သူ၏ပါတီအတွင်း အကျင့်ပျက်ခြစားမှုများ ပေါ်ပေါက်ခဲ့ခြင်းသည် အာဏာရပါတီပီပီ၏ လက်ရှိအနေအထားကို ခြိမ်းခြောက်လျက်ရှိနေသည်။

ထို့ကြောင့် ယင်းအကျင့်ပျက်ခြစားမှုများနှင့် ပတ်သက်ပြီး ပြန်လည်ဆန်းစစ်ကာ ဖြေရှင်းချက်များထုတ်ပြန်ရန်စီစဉ်နေခြင်းဖြစ်သည်။

အာဏာရပါတီပီပီ၏ ဘဏ္ဍာရေးမှူးဟောင်း လူးဝစ်ဘာစီနက်ဖ်သည် ပါတီ၏တရားမဝင်ရန်ပုံငွေများနှင့် တရားမဝင်ငွေကြေးလက်ခံမှုများရှိနေမှုများအပေါ် ဝန်ကြီးချုပ်က ဖြေရှင်းမှုပြုလုပ်မည်ဖြစ်သည်။ ပီပီပါတီ၏ ဘဏ္ဍာရေးမှူးဟောင်း လူးဝစ်ဘာစီနက်ဖ်သည် လောလောဆယ်တွင် အခွန်ရှောင်တိမ်းမှုဖြင့် စွပ်စွဲခံနေရသူတစ်ဦးဖြစ်သည်။

ထို့အတူ ပီပီပါတီ၏ပါတီဝင်အချို့က တရားမဝင်ငွေကြေး လက်ခံရရှိခဲ့ကြောင်း ထုတ်ဖော်ဝန်ခံပြောကြားထားသည်။ ယင်းဖြစ်ရပ်သည် ဝန်ကြီးချုပ်နုတ်ထွက်ရေးနှင့် အစိုးရဆန့်ကျင်ရေးဆန္ဒပြ ဦးဆောင်သူများအတွက် ပိုမိုအုံကြွရန် လှုံ့ဆော်ပေးသည့် အနေအထားဖြစ်စေခဲ့သည်။ **(ဘီဘီစီ)**

ဆီးရီးယား၌ ဓာတုလက်နက်သုံးမသုံး ကုလစစ်ဆေးမည်

ဒမတ်စကတ် ဩဂုတ် ၁

ဆီးရီးယားနိုင်ငံ ပြည်တွင်းပဋိပက္ခတိုက်ပွဲများ၌ ဓာတုလက်နက်များ သုံးစွဲခြင်းရှိမရှိ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးအဖွဲ့များက အခင်းဖြစ်ပွားခဲ့သည့်နေရာများသို့ သွားရောက်စစ်ဆေးရန် ဆီးရီးယားတို့က သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဩဂုတ် ၁ ရက်က သတင်းထုတ်ပြန်သည်။

ဆီးရီးယားနိုင်ငံအတွင်း ဓာတုလက်နက်သုံးစွဲခဲ့သည်ဟု ယူဆရသောနေရာသုံးနေရာကို ကုလသမဂ္ဂစုံစမ်းစစ်ဆေးရေးအဖွဲ့များ မကြာခင်မှာ သွားရောက်နိုင်ကြမည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါ နေရာသုံးနေရာမှာ အလီပိုမြို့ အပြင်ဘက် ခန်အယ်အက်ဆယ် အရပ်အပါအဝင် အခြားနှစ်နေရာကို ကုလသမဂ္ဂစစ်ဆေးရေးမှူးများ သွားရောက်စစ်ဆေးကြမည်ဖြစ်သည်။ ယခုနှစ်အစောပိုင်းက ဆီးရီးယားနိုင်ငံမြောက်ပိုင်းတွင်ဓာတုလက်နက်များ အသုံးပြု တိုက်ခိုက်ခဲ့သဖြင့် လူ ၂၇ ဦးခန့် သေဆုံးခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ခန်အယ်အက်ဆယ်အရပ်သည် ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့သည်ဟု စွပ်စွဲခဲ့သော အဓိကနေရာဖြစ်ပြီး ယင်းနေရာကို ပြီးခဲ့သည့်မတ်လက ဆီးရီးယားအစိုးရတပ်များက ထိန်းချုပ်ထားခဲ့ရာနေရာဖြစ်သော်လည်း ပြီးခဲ့သည့် ဇူလိုင် ၂၂ ရက်က ခုခံတိုက်ခိုက်ရေးသမားများက ပြန်လည်ထိန်းချုပ်ခဲ့သည့်နေရာဖြစ်သည်။

အဆိုပါနေရာများသို့ ကုလသမဂ္ဂစစ်ဆေးရေးမှူးများ သွားရောက်စစ်ဆေးမှုနှင့်ပတ်သက်ပြီး ဆီးရီးယားအစိုးရနှင့်ကုလသမဂ္ဂဓာတုလက်နက်များဆိုင်ရာ စစ်ဆေးရေး အကြီးအကဲ အကီရှယ်စတုန်းတို့ ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့၌ ပြီးခဲ့သည့်လက တွေ့ဆုံဆွေးနွေးပြီးနောက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အစိုးရအာဏာဖီဆန်ကာ အီဂျစ်တွင် မော်စီကိုထောက်ခံဆန္ဒပြနေဆဲ

ကိုင်ရို ဩဂုတ် ၁

အီဂျစ်နိုင်ငံတွင်ဖြုတ်ချခံ သမ္မတမော်စီအား ထောက်ခံကာ ဆန္ဒပြသူထောင်ပေါင်းများစွာသည် စစ်တပ်ကျောထောက်နောက်ခံပြုသည့်ကာကွယ်ဘိနက်ဝန်ကြီးအဖွဲ့၏ သတိပေးချက်ကို ဖီဆန်ပြီး ကိုင်ရိုမြို့တွင် ဆက်လက်ဆန္ဒပြလျက်ရှိကြောင်း ဘီဘီစီသတင်းအရ သိရသည်။

ကိုင်ရိုမြို့အတွင်း သမ္မတမော်စီ အာဏာပြန်ရရေး ဆန္ဒပြနေကြသော အီဂျစ်လူထုကို တွေ့ရစဉ်။

ကိုင်ရိုမြို့တွင်း နှစ်နေရာတွင် ဆန္ဒပြနေမှုများ ငြိမ်သက်သွားရန် ယာယီကြားဖြတ်အစိုးရက ရဲဌာနကို အမိန့်ပေးထားသည်။ သို့သော် မော်စီ၏ မွတ်စလင်ညီနောင်များအဖွဲ့က ဆန္ဒပြမှုများကို လနှင့်ချီ၍ ဆက်လက်လုပ်ဆောင်သွားရန်မှတစ်ပါး ရွေးချယ်စရာမရှိကြောင်း ဆိုသည်။

ကုလသမဂ္ဂက လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ကို ပေးထားရန် အီဂျစ်အာဏာပိုင်များကို တိုက်တွန်းလိုက်သည်။ ဆန္ဒပြသူများက မော်စီအာဏာပြန်ရရေးသာ အလိုရှိပြီး လုံခြုံရေးများ၏ နှိမ်နင်းမှုတွင် လူဒါဇင်ကျော်အသက်စတေးခံလိုက်ရသည့်ကြားမှ လူစုခွဲ ဖြိုခွင်းမည်ဟူသော ကနဦးခြိမ်းခြောက်မှုကို ဖီလာဆန့်ကျင်ပြီး ဆက်လက်ဆန္ဒပြနေကြခြင်းဖြစ်သည်။

အီဂျစ်ပြည်ထဲရေးဝန်ကြီးဌာန က လူအုပ်ကို ဖြိုခွင်းရာတွင် အကြမ်းမဖက်နည်းသုံးရန် ညွှန်ကြားထားသည်။ **(ဘီဘီစီ)**

နိုင်ငံဖြတ်ကျော်သူများ ပင်လယ်တွင်း၌ သေဆုံး

အေသင် ဩဂုတ် ၁

ဂရိနိုင်ငံနှင့် တူရကီနှစ်နိုင်ငံကြား အေဂျီယင်ပင်လယ်ရှိ နိုင်ငံတကာရေပိုင်နက်တွင် တရားမဝင်နိုင်ငံဖြတ်ကျော်ဝင်ရောက်သူများကိုတင်ဆောင်လာသည့် စက်လှေတိမ်းမှောက်မှုဖြစ်ပွားရာ ၂၄ ဦးသေဆုံးကြောင်း ဇူလိုင် ၃၁ ရက် ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အစောပိုင်းသတင်းများအရ ယင်းစက်လှေသည် ဂရိပိုင် လီဘို့စ် ကျွန်းဆီဦးတည်ခုတ်မောင်းခဲ့ခြင်း ဖြစ်ကြောင်း၊ သေဆုံးသူ ၁၈ ဦး၏ အလောင်းများကို ဦးစွာတွေ့ရှိရပြီးနောက် ဆက်လက်ရှာဖွေရာ ၂၄ ဦးအထိ သေဆုံးသည်ကို တွေ့ရှိရကြောင်း၊ အသက်ရှင်လျက် ၁၂ ဦးကို ကယ်ဆယ်ထားနိုင်ကြောင်း အန်တိုလီယန်သတင်းဌာနက ဖော်ပြသည်။

နိုင်ငံဖြတ်ကျော်ဝင်ရောက်လာကြသူများသည် မည်သည့်နိုင်ငံသားဖြစ်ကြောင်းနှင့် ထွက်လာခဲ့ရာ နိုင်ငံနှင့် မည်သည့်နိုင်ငံသို့ဦးတည်သွားကြသည် ဆိုသည့် သတင်းအချက်အလက်ကို မသိရှိရချေ။ **(ဆင်ဟွာ)**

ပါကစ္စတန်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ နုတ်ထွက်

အစ္စလမ္မာဘတ် ဩဂုတ် ၁

ပါကစ္စတန်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဖတ်ရွတ်ဒင်းဂျီအီဘရာဟီမီသည် မဲလိမ်သည်ဟု စွပ်စွဲချက်များကြောင့် နုတ်ထွက်သွားကြောင်း ဩဂုတ် ၁ရက်က ပရက်စ်တီဗွီတွင် သတင်းဖော်ပြသည်။ ၎င်း၏နုတ်ထွက်လွှာကို သမ္မတ အဆစ်အလီဇာဒါရီ ထံပေးအပ်ခဲ့သည်။ အီဘရာဟီမီသည် ပုဂ္ဂိုလ်ရေးခြိမ်းခြောက်ခံရမှုများ ရှိသော်လည်း အကောင်းဆုံးကြိုးစားလုပ်ကိုင်ပေးနိုင်ခဲ့သည်ဟု ဆိုသည်။ အီဘရာဟီမီသည် ထိပ်တန်းတရားသူကြီးဟောင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ် ဇူလိုင်လက ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခံရခြင်းဖြစ်သည်။ **(ပရက်စ်တီဗွီ)**

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT

ပြည်တွင်းသတင်း

ဒုတိယသမ္မတ ဦးညာဏ်ထွန်း ကရင်ပြည်နယ်ရေဘေးအန္တရာယ်ကျရောက်မှုနှင့် ကယ်ဆယ်ရေးစခန်းများစစ်ဆေး၊ လိုအပ်သည်များဖြည့်ဆည်းပေး

နေပြည်တော် သြဂုတ် ၁

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွန်းလွဲ ၁ နာရီတွင် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ဒုတိယသမ္မတဦးညာဏ်ထွန်းအား တပ်နယ်ခန်းမ၌ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်းက ကရင်ပြည်နယ်အတွင်းရှိ မိုးရေချိန်၊ မြစ်ရေချိန် မှတ်တမ်းများ နှစ် (၃၀)အတွင်း စံချိန်တင်မိုးရွာသွန်းမှု မိုးရေချိန်နှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများကို ပဏာမရှင်းလင်းတင်ပြသည်။

ထို့နောက် ကရင်ပြည်နယ်အတွင်း ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ဆောင်ရွက်မှု၊ မိုးရွာသွန်းမှုရေကြီးမှုကြောင့် မိုးစပါးစိုက်ခင်းများ ရေနစ်မြုပ်မှု၊ အခြေခံပညာကျောင်းများ ယာယီပိတ်ထားမှု၊ ကော့ကရိတ်-မြဝတီ တောင်ပေါ်လမ်းပျက်စီးမှု၊ ဘားအံမြို့တွင် ယာယီကယ်ဆယ်ရေးစခန်း (၂၃)ခု၊ လှိုင်းဘွဲ့မြို့အတွင်း ယာယီကယ်ဆယ်ရေးစခန်း (၁၇)ခု၊ မြဝတီမြို့တွင် ယာယီကယ်ဆယ်ရေးစခန်း (၂၃)ခု၊ ပိုင်ကျုံမြို့နယ်ခွဲတွင် ယာယီကယ်ဆယ်ရေးစခန်း (၆)ခု၊ ကော့ကရိတ်မြို့နယ်အတွင်း ယာယီကယ်ဆယ်ရေးစခန်း (၉) ခုနှင့် ကြာအင်းဆိပ်ကြီးမြို့နယ်အတွင်း ယာယီကယ်ဆယ်ရေးစခန်း (၁၀) ခု ဖွင့်လှစ်ဆောင်ရွက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးညာဏ်ထွန်းက ပြောကြားရာတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် သဘာဝဘေးအန္တရာယ်များ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိကြောင်း၊ သဘာဝဘေးကာကွယ်နိုင်ရေးအတွက် မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် သဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဟူ၍ အဆင့်(၄)ဆင့် ရှိပါကြောင်း၊ ၎င်းအဆင့်များအလိုက် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရအဖွဲ့တို့က ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရေဘေးသင့်ပြည်သူများအား ထိထိရောက်ရောက် ကူညီပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် ယခုကဲ့သို့ လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယသမ္မတဦးညာဏ်ထွန်းက ပြည်ထောင်စုအစိုးရမှ ထောက်ပံ့လှူဒါန်းငွေဆန်အိတ် ၁၀၀၀၊ ရှစ်မျိုးရှစ်နွယ်ပါမိသားစုသုံးပစ္စည်းယူနစ် ၃၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ကမ္ဘောဇကုမ္ပဏီမှ လှူဒါန်းသည့်ငွေကျပ်သိန်း ၁၀၀၀ နှင့် ရွှေသံလွင်ကုမ္ပဏီမှ လှူဒါန်းသည့်ငွေကျပ်သိန်း ၁၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

Save the Children အဖွဲ့မှNan-Food Items (မိသားစုသုံးပစ္စည်းများ) ကို ဘားအံမြို့ ရွှေရင်မျှော်ရေဘေးကယ်ဆယ်ရေးစခန်းရှိ အိမ်ထောင်စု ၂၃၀ အတွက် တစ်အိမ်ထောင်လျှင် တစ်ခုနှုန်းဖြင့် ပေးလှူခဲ့သည်။

အိမ်ထောင်စုတစ်စုအတွက် ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၈၂၀၀၀ ဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတဦးညာဏ်ထွန်းနှင့်အဖွဲ့သည် ဘားအံမြို့ ရွှေရင်မျှော်ပြည်တော်အေးစေတီတော်ယာယီကယ်ဆယ်ရေးစခန်းနှင့် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ ယာယီကယ်ဆယ်ရေးစခန်းနှင့် မြို့မပရိယတ္တိစာသင်တိုက်၊ ယာယီကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ဒုက္ခသည်များကို တွေ့ဆုံအားပေး စကားပြောကြားပြီး ဆန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ဒုတိယသမ္မတဦးညာဏ်ထွန်းသည် မြို့မပရိယတ္တိစာသင်တိုက် ဆရာတော်ဦးဝိသုန္ဓာစာရအား ဖူးမြော်ကြည်ညိုပြီး အလှူငွေဆက်ကပ်လှူဒါန်းခဲ့သည်။

ယင်းနောက်ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် လှိုင်းဘွဲ့ကမော့ကချုံး ယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီးရေဘေးသင့်ပြည်သူများကို တွေ့ဆုံ၍ ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာအနီးရှိ ရေဘုတ်ရေလှောင်တမံစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး (၆)မှ ညွှန်ကြားရေးမှူး ဦးဘုန်းတင်က ရှင်းလင်းတင်ပြရာတွင် မိုးသည်းထန်စွာရွာသွန်းပြီးရေကြီးမှုကြောင့် ဆည်ရေမြင့်တက်ကာ ဆည်ကျိုးပေါက်မှုမဖြစ်စေရန် အရေးပေါ်ရေပိုလွှဲ၊ အရန်ရေပိုလွှဲတို့ဖြင့် ရေထုတ်ပေးမှုအခြေအနေများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရေလှောင် တမံတည်ဆောက်ခဲ့မှုအခြေအနေများနှင့် ဆည်ကျိုးပေါက်မှုမဖြစ်ရေးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ ရေလှောင်တမံမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၄၉၆၀၊ တမံအမြင့် ၃၄ ပေ၊ ရေလှောင်ပမာဏ ဧကပေ ၃၆၀၀၀ ရေပြည့်ရေပြင်အကျယ် ဧက ၂၉၀၀၊ ရေပေးဝေနိုင်သည့် ဧရိယာ ၅၄၅၂ ဧကရှိကြောင်း သိရပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်မှ စတင်တည်ဆောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမ၌ ဗြိတိန်အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် လူငယ်ကျောင်းသားများတွေ့ဆုံ

နေပြည်တော် သြဂုတ် ၁

မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. John Bercow သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ လူငယ်ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်များနှင့် တွေ့ဆုံပြီး ဒီမိုကရေစီနှင့် ပါလီမန် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.John Bercow လူငယ်ကျောင်း သားကျောင်းသူ မျိုးဆက် သစ် များအား ဒီမိုကရေစီနှင့် ပါလီမန်ခေါင်း စဉ် ဖြင့် ဟောပြောစဉ်။

(သတင်းစဉ်)

၎င်းက ပြောကြားရာတွင် ဗြိတိသျှပါလီမန်လွှတ်တော်၏ အောက်လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်အဖြစ် သာမက သည်နိုင်ငံလူထု၏မိတ်ဆွေ တစ်ဦးအဖြစ် မိမိရောက်လာခဲ့ခြင်း ဖြစ်ပြီး လွတ်လပ်မှု၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ငြိမ်းချမ်းရေး တို့အတွက် တန်ဖိုးကြီးမားစွာ ကာလရှည်ကြာစွာ တိုက်ပွဲဝင်ခဲ့ကြသူများကို အလေးပြုရန်၊ အပြောင်းအလဲအတွက် ဆောင်ရွက်နေကြသူများကို အားပေးရန်သာမက သည်လိုလှပသောနိုင်ငံအတွက် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်လိုကြသူများ အားလုံးအတွက် မိမိတို့ပေးနိုင်မည့် ဘယ်လိုလက်တွေ့ကျသော ကူညီထောက်ပံ့မှုမျိုးကိုမဆို ပေးအပ်သွားရန် ရောက်ရှိလာခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အကောင်အထည်ဖော်ခဲ့ပြီး မြန်မာနိုင်ငံ၏ အပြောင်းအလဲများကို အသိအမှတ်ပြုသင့်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများကို လက်ခုပ်တီးအားပေးသင့်ပါကြောင်း၊ အပြုသဘောဆောင်သော ခြေလှမ်းများကို ကြိုဆိုသင့်ပါကြောင်း၊ သည်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေသူများ အားလုံးကိုလည်း သည်လမ်းကြောင်းအတိုင်း ခရီးဆက်ရန်အတွက် အားပေးတိုက်တွန်းသင့်ကြပါကြောင်း၊ အာဏာရှင်တွေက သူတို့ရဲ့ လက်သီးဆုပ်တွေကို ဖြေလိုက်တဲ့အခါ ကမ်းလင့်ထားတဲ့ လက်တွေနဲ့သာ ကြိုဆိုသင့်ပါကြောင်း။

ထို့ကြောင့် ယနေ့အခါမှာ ဗြိတိသျှပါလီမန်လွှတ်တော်ကို ကိုယ်စားပြုသူတစ်ဦး အနေဖြင့်ရော၊ သည်နိုင်ငံ၏ နှစ်ရှည်မိတ်ဆွေတစ်ဦး အနေဖြင့်ပါ စတင်လာခဲ့သော အပြောင်းအလဲများကို ကြိုဆိုခဲ့ကြသည့် တခြားသူများနည်းတူ မိမိလည်း ယင်းအပြောင်းအလဲများကို ကြိုဆိုအပ်ပါကြောင်း၊ ထိုအပြောင်းအလဲများမှာ နိုင်ငံရေးအကျဉ်းသားအများစုကို လွှတ်ပေးခဲ့ခြင်း၊ မီဒီယာအတွက် လွတ်လပ်စွာ ဖော်ထုတ်ခွင့်ပိုမိုရရှိလာခြင်း၊ အရပ်သားလူ့အဖွဲ့အစည်းများ နေရာပိုရခြင်း၊ အတိုက်အခံပါတီများက နိုင်ငံရေး၊ လုပ်ငန်းစဉ်တွင်ပိုမို ပါဝင်ဆောင်ရွက်လာနိုင်ခြင်း၊ တိုင်းရင်းသားလူမျိုးအများစုနှင့် ကနဦးအပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များ ရယူနိုင်ခဲ့ခြင်းများပင်ဖြစ်ပါကြောင်း။

ရှေ့တွင်ရှိနေသည့် စိန်ခေါ်မှုများနှင့်ပတ်သက်၍ ထင်မိယောင်မှား တစ်စက်ကလေးမျှမဖြစ်မိပါကြောင်း၊ သည်အပြောင်းအလဲများ၊ ပွင့်လင်းမှု၏ လက္ခဏာများ၊ မျှော်လင့်ချက်၏ ဝိုးတဝါးအလင်းရောင်များသည် ပတ်ဝန်းကျင်အခြေအနေ အပြောင်းအလဲအား ကြိုဆိုနေသည်ကို ကိုယ်စားပြုနေပါကြောင်း၊ သို့သော် စနစ်တစ်ခုအခြေခံကျကျပြောင်းလဲလာရန် သည့်ထက်ပိုပြီး ခရီးရောက်ရန်၊ သည့်ထက်ပိုပြီးနက်နဲရန် လိုနေပါသေးကြောင်း၊ ရှေ့ဆက်ရမယ့်ခရီးမှာ အရှည်ကြီးကျန်နေပါသေးကြောင်း၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးဆီဦးတည်နေသော လမ်းကြောင်း၏ တကယ့်အဦးအစမှာသာ ရှိနေပါသေးကြောင်း၊ သည်အချက်ကို နိုင်ငံတကာအသိုင်းအဝိုင်းကလည်း သတိရနေကြပါကြောင်း၊ အပြုသဘောဆောင်သော ခြေလှမ်းများ လှမ်းလိုက်တိုင်း မိမိတို့ ကြိုဆိုကြရမည်ဖြစ်ကြောင်း၊ ပိုမိုနက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများကိုလည်း မိမိတို့အားပေးတိုက်တွန်းကြရမည်ဖြစ်ပါကြောင်း၊ လွန်ခဲ့သော ကိုးနှစ်ကျော်လောက်က မိမိသည် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ပါကြောင်း၊ ယင်းခရီးစဉ်နှင့် အခုခရီးစဉ်သည် လုံးလုံးကြီးကို မတူပါကြောင်း၊ ထိုအချိန်က သည်နိုင်ငံထဲသို့ ပြည်ဝင်ခွင့်ဗီဇာဖြင့် ဝင်ရောက်ခဲ့ခြင်းမဟုတ်သလို မြို့ကြီးများကိုလည်း မသွားရောက်ခဲ့ပါကြောင်း၊ အစိုးရတာဝန်ရှိသူများ နှင့်လည်း မတွေ့ခဲ့ပါကြောင်း၊ ယင်းအစားထိုင်းနိုင်ငံနယ်စပ်တစ်ဖက်ဆီမှ နေရပ်ကို စွန့်ခွာထွက်ပြေးခဲ့ရလေသူများ၊ နယ်စပ်၌ ရောက်နေကြသော ဒုက္ခသည်များကို သွားရောက်တွေ့ဆုံခဲ့ပါကြောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ဆွေးနွေးရန် အစိုးရ၏အားထုတ်မှုများကို မိမိကြိုဆိုသကဲ့သို့ လက်နက်ကိုင်အဖွဲ့အများအပြားနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီခဲ့ကြခြင်းကိုလည်း ကြိုဆိုပါကြောင်း၊ သို့သော် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်၏ တကယ့်ကနဦးအစသာ ဖြစ်နေပါကြောင်း၊ မိုင်ပေါင်းထောင်ချီသော ခရီးတစ်ခုသည် ခြေလှမ်းတစ်လှမ်းက စတင်သည်ဟု အာရှဆိုရိုးစကားတစ်ခုရှိပါကြောင်း၊ လွတ်လပ်မှု၊ ဒီမိုကရေစီ၊ တရားမျှတမှုနှင့် ငြိမ်းချမ်းရေးဆီသို့သွားရာ လမ်းခရီးသစ်ပေါ်ကို ရောက်ရှိနေကြပြီဖြစ်ပါကြောင်း၊ ကိုလိုနီအုပ်ချုပ်မှု ဖက်ဆစ်တို့၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်ရေး ကြိုးပမ်းမှု၊ တိုင်းရင်းသားလူမျိုးစုအခွင့်အရေးအတွက် ကြိုးပမ်းမှု၊ ဒီမိုကရေစီရေး ကြိုးပမ်းမှုများနှင့် ဆယ်စုနှစ်ပေါင်းများစွာ တစိုက်မတ်မတ်လုပ်ဆောင်ခဲ့ရသည့် ခရီးတစ်ခု ဖြစ်ပါကြောင်း၊ နိုင်ငံသားအများအပြားသည် သည်ကြိုးပမ်းမှုများတွင် သူရသတ္တိ၊ ရဲစွမ်းသတ္တိ၊ စွန့်လွှတ်မှုများနှင့် ပါဝင်ဆောင်ရွက်ခဲ့ကြသည်မို့ လေးစားမှုကို ရရှိခံစားထိုက်ကြပါကြောင်း၊ ဗြိတိန်နိုင်ငံရှိ လူပုဂ္ဂိုလ်တချို့သည်လည်း သည်ခရီး၏ တစ်စိတ်တစ်ပိုင်းလောက်ကိုပဲဖြစ်ဖြစ် လူကြီးမင်းတို့နှင့်အတူ သူတို့နည်း သူတို့ဟန်ဖြင့် လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းပေးခဲ့ကြပါကြောင်း၊ နောင်ဆက်လက်အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါဟောပြောပွဲသို့ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်တို့မှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူ ၂၀၀ ကျော်၊ အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စိတ်ပါဝင်စားသူများတက်ရောက်ကြသည်။

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း National Democratic Institute (NDI) ဥက္ကဋ္ဌ Ms. Madeleine Albright က ဇွန် ၄ ရက်က လူမှုရေး၊ ဘာသာရေးအဖွဲ့အစည်းများ၊ ဒဂုံတက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေး ပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ပဋိပက္ခများနှင့် ပတ်သက်၍

ပြေဦး (ရောဝတီ)

လူသားတိုင်းသည် မိမိတို့၏ အခြေခံလိုအပ်ချက်များဖြစ်ကြသော အေးချမ်းသာယာစွာဖြင့် မိမိတို့၏ စားဝတ်နေရေး၊ လူမှုစီးပွားရေးဘဝ ဖူလုံပြည့်စုံမှု၊ မိမိတို့၏ မူလအခွင့်အရေးနှင့် လူ့အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေဘဲ ပျော်ရွှင်ချမ်းမြေ့စွာနှင့် မိမိတို့၏ဘဝရည်မှန်းချက်များ ပြီးမြောက်အောင်မြင်မှုများကို ရယူခံစားလိုကြသည်။ မိမိတို့ ကိုယ်တိုင်သာမက မိမိတို့၏ မိသားစုများ၊ မိမိတို့နှင့် ရင်းနှီးချစ်ခင်သူများ၊ မိမိတို့၏ ပတ်ဝန်းကျင်ဖြစ်သော မိမိတို့၏ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်ကတစ်ဆင့် မိမိတို့၏ နိုင်ငံနှင့် နိုင်ငံသားများ၏အကျိုး၊ ကမ္ဘာသူ ကမ္ဘာသားများ၏ အကျိုးအတွက်လည်း တတ်စွမ်းသမျှ ပါဝင်ဆောင်ရွက်လိုစိတ်ရှိကြသည်။

ယခုကဲ့သို့ တိုးတက်မြင့်မားမှုရရှိစေရန် ဆောင်ရွက်ကြရာတွင် တည်ငြိမ်အေးချမ်းမှုရှိမှသာ မိမိတို့ဆန္ဒအတိုင်း ပြီးမြောက်အောင်မြင်မှုရှိရန် ကြိုးပမ်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ခြုံငုံ၍ အနှစ်ချုပ်တင်ပြရမည်ဆိုပါက ကျွန်တော်တို့အားလုံး၏ ရည်မှန်းချက်သည် "တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရှိရေး" တို့သာ ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်သာမက မိမိမိသားစု၊ မိမိအသိုင်းအဝိုင်း၊ မိမိနိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားများအတွက်ပါ လိုအပ်ချက်များ ဖြစ်ကြသည်။ မိမိ၏ ပတ်ဝန်းကျင်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ နိုင်ငံနှင့် ကမ္ဘာတစ်ဝန်းလုံးအတွက်ပါ အရေးပါသော အဓိကလိုအပ်ချက်များ ဖြစ်ကြပါသည်။

တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဆိုခြင်းနှင့်ပတ်သက်၍ ကျွန်တော်တို့အားလုံး အငြင်းပွားစရာမရှိဟု ယုံကြည်ပါသည်။ မိမိအနေနှင့်သာမက လုပ်ဖော်ကိုင်ဖက်အားလုံး ယင်းအချက်ကို အခြေခံရည်မှန်းချက်အဖြစ်ထားရှိပြီး ဆောင်ရွက်လျက်ရှိကြပါသည်။ ယခုကဲ့သို့ မွန်မြတ်မှန်ကန်သော ရည်မှန်းချက်များ ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ကြရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများ၊ အနှောင့်အယှက် အတားအဆီးများ၊ ပဋိပက္ခများနှင့် ရှောင်လွှဲ၍ မရနိုင်ခြင်းသည်လည်း သဘာဝသာဖြစ်ပါသည်။

ကျွန်တော်တို့ တစ်ဦးချင်းစီ၏ စိတ်အစဉ်တွင်လည်း **လောဘနှင့် အလောဘ အားပြိုင်မှု၊ ဒေါသနှင့် အဒေါသတို့၏ အားပြိုင်မှု၊ အကုသိုလ်စေတနာနှင့် ကုသိုလ်စေတနာနှစ်ရပ်၏ အားပြိုင်မှု၊ အတ္တဟိတနှင့် ပရဟိတ အကျိုးစီးပွားနှစ်ရပ်၏ အားပြိုင်မှု၊ တွေဝေခြင်းနှင့် ပြတ်သားခြင်းတို့၏ အားပြိုင်မှု၊ မကြည်လင်ခြင်းနှင့် ကြည်လင်ခြင်းတို့၏အားပြိုင်မှု၊ ဆန္ဒမရှိခြင်းနှင့် ဆန္ဒရှိခြင်းတို့၏ အားပြိုင်မှု** စသောဆန့်ကျင်ဘက်များ၏ အားပြိုင်မှုများ ရှိနေကြပါသည်။

ဆန့်ကျင်ဘက်အစုံစုံတို့၏ အားပြိုင်မှုအစဉ်တွင် အင်အားတစ်ခုသည် အခြားအင်အားတစ်ခုထက် တစ်ချိန်ချိန်တွင် သာလွန်လွှမ်းမိုးတတ်ပါသည်။ ဆန့်ကျင်ဘက်နှစ်ခု၏ အားပြိုင်မှုအစဉ်တွင် အင်အားချိန်ခွင်လျှာညီ၍နေသည့် အချိန်အခါနှင့်အခြေအနေမျိုး မကြာခဏရှိတတ်သော်လည်း ယာယီသာဖြစ်သည်။ ဆန့်ကျင်ဘက်တစ်ခုက အခြားဆန့်ကျင်ဘက်တစ်ခုထက် အင်အားသာလွန်နေလေ့ရှိခြင်းကသာ အစဉ်ထာဝရဖြစ်ပါသည်။

ဆန့်ကျင်ဘက်ဖြစ်စဉ်ကို နိုင်ငံရေးရှုထောင့်ကကြည့်ပါက ဝိရောဓိဖြစ်စဉ်အဖြစ် တွေ့မြင်ရမည် ဖြစ်သည်။ ဝိရောဓိဖြစ်စဉ်များ အမျိုးမျိုးအဖုံဖုံရှိသော်လည်း အဓိကအားဖြင့် သုံးမျိုးခွဲခြားနိုင်ပါသည်။ ယင်းတို့မှာ **အတွင်းဝိရောဓိဖြစ်စဉ်နှင့် အပြင်ဝိရောဓိဖြစ်စဉ်၊ အရင်းခံကျသော ဝိရောဓိပြဿနာနှင့် အရင်းခံမကျသော ဝိရောဓိပြဿနာ၊ ပဋိပက္ခဖြစ်စေသော ဝိရောဓိပြဿနာနှင့် ပဋိပက္ခမဖြစ်စေသော ဝိရောဓိပြဿနာ**တို့ ဖြစ်ကြပါသည်။

အတွင်းဝိရောဓိဖြစ်စဉ်နှင့် အပြင်ဝိရောဓိဖြစ်စဉ်တွင် လူတစ်ယောက်၏ စိတ်အစဉ်တွင်ရှိနေသော **ကောင်းမှုပြုစိတ်နှင့် မကောင်းမှုပြုစိတ်၊ သဘာဝလောဘစိတ်နှင့် ဝိသမလောဘစိတ်၊ ဒေါသနှင့် အဒေါသ၊ စိတ်ဓာတ်တက်ကြွမှုနှင့် ကျဆင်းမှု၊ ဆန္ဒရှိခြင်းနှင့် ဆန္ဒမရှိခြင်း၊ စေတနာရှိခြင်းနှင့် စေတနာမရှိခြင်း၊ တွေဝေခြင်းနှင့် ပြတ်သားခြင်း** အစရှိသော အားပြိုင်မှုများသည် လူတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့တစ်ခုအတွင်း အစဉ်ရှိနေသော **အတွင်းဝိရောဓိများ**ဖြစ်ကြသည်။ **လူတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ အသင်းအဖွဲ့တစ်ခုနှင့် ယင်းတို့ပတ်ဝန်းကျင်များ၏ အပြန်အလှန်ဆက်ဆံရေးအစဉ်များသည် အပြင်ဝိရောဓိအစဉ်များ** ဖြစ်ကြပါသည်။ မိမိပြဿနာကို မိမိဖြေရှင်းခြင်းသည် အတွင်းဝိရောဓိပြဿနာကို ဖြေရှင်းခြင်းဖြစ်သည်။ မိမိနှင့် သူတစ်ပါးအကြားတွင် ဖြစ်ပေါ်နေသော ဝိရောဓိပြဿနာသည် အပြင်ဝိရောဓိပြဿနာဖြစ်သည်။ ယင်းသို့သော အခြေအနေတွင် အပြင်ဘက်ကျသော ဝိရောဓိပြဿနာသည် မူလမဟုတ်ဘဲ အတွင်းဝိရောဓိပြဿနာသည်သာ မူလဖြစ်သည်။ အတွင်းဝိရောဓိပြဿနာကို ဦးစွာဖြေရှင်းနိုင်မှသာ အပြင်ဝိရောဓိပြဿနာများကို ဖြေရှင်းရန်လွယ်ကူမည် ဖြစ်သည်။

အရင်းခံကျသော ဝိရောဓိပြဿနာနှင့် အရင်းခံမကျသော ဝိရောဓိပြဿနာတွင်လည်း အရင်းခံကျသော ဝိရောဓိပြဿနာကို အရင်ဖြေရှင်းရေးသည်သာ အဓိကကျပါသည်။

လူ့အဖွဲ့အစည်းတိုင်းတွင်ရှိနေကြသော ဆန့်ကျင်ဘက်ဖြစ်စဉ် (ဝိရောဓိဖြစ်စဉ်)များအကြားတွင် ပဋိပက္ခဖြစ်ပွားမှုများသည် အနည်းနှင့်အများ ရှိနေကြမည်ဖြစ်သည်။ ပဋိပက္ခဖြစ်ပွားမှုအစဉ်တွင် ပဋိပက္ခဖြစ်သော ဝိရောဓိပြဿနာနှင့် ပဋိပက္ခမဖြစ်သော ဝိရောဓိပြဿနာဟူ၍လည်း ရှိကြသည်။ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်နေချိန်တွင် ရန်ဘက်အသွင်ဆောင်သော ပဋိပက္ခဖြစ်စဉ်များ မဖြစ်ပွားစေရန် ထိန်းသိမ်းရှောင်ကြဉ်ကြရေးသည် လွန်စွာအရေးကြီးလှပါသည်။

ပဋိပက္ခများသည် လူတစ်ဦးနှင့်တစ်ဦး၊ အဖွဲ့တစ်ဖွဲ့နှင့်တစ်ဖွဲ့၊ အုပ်စုတစ်စုနှင့်တစ်စု၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံအကြား၊ အယူအဆများ၊ သဘောထားများ ကွဲပြားနေခြင်း၊ ဆန့်ကျင်ဘက်ဖြစ်နေခြင်းများအား အခြေခံသည်။ မတူညီမှု၏ ယေဘုယျအချက်များသည် အကြောင်းအရာတစ်ခုအပေါ် ရှုမြင်ချဉ်းကပ်ပုံမတူခြင်း၊ တန်ဖိုးထားသည့်အရာ ခြားနားခြင်း၊ မိမိတို့ခံယူသတ်မှတ်ထားသည့် စံနှုန်းများမတူညီကြခြင်း၊ မိမိတို့ ယုံကြည်ခံယူကျင့်သုံးသည့် မူဝါဒရေးရာများ မတူညီခြင်း၊ သုံးသပ်သူများ၏ ပညာအရည်အချင်း၊ အတွေ့အကြုံကွာခြားခြင်းတို့ကြောင့်ဖြစ်ကြသည်။ ပဋိပက္ခသည် လူ့လောက သဘာဝတရားအရ ဖြစ်လေ့ဖြစ်ထရှိသော နိစ္စဓူဝ အရေးကိစ္စတစ်ခုသာဖြစ်ပြီး၊ ဖြေရှင်းသည့် နည်းလမ်းပေါ်မူတည်၍ ပြေလည်သွားသည်များလည်းရှိသကဲ့သို့ တစ်ခါတစ်ရံတွင် စစ်ပွဲများအထိ ကြီးထွားလာတတ်သော သဘောလည်းဆောင်ကြသည်။

ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပွားခဲ့သော၊ ဖြစ်ပွားနေသော ပဋိပက္ခများကို နိုင်ငံတကာဆက်ဆံရေး ဘာသာရပ်ပညာရှင်များက သရုပ်ခွဲလေ့လာရာတွင် **အတွေးအခေါ်ဆိုင်ရာပဋိပက္ခ (Conflicts of Ideas)နှင့် အကျိုးစီးပွားဆိုင်ရာပဋိပက္ခ (Conflicts of Interests)** ဟူ၍ **အဓိကအုပ်စုနှစ်စု** ရှိကြောင်း၊ ဖော်ပြခဲ့ကြသည်။ လူမျိုးစုဆိုင်ရာပဋိပက္ခ (Ethnic Conflicts)၊ ကိုးကွယ်မှုအယူဝါဒ (ဘာသာရေး)ဆိုင်ရာပဋိပက္ခ (Religious Conflicts)၊ တွေးခေါ်မြော်မြင်ရေးဆိုင်ရာပဋိပက္ခ(Ideological Conflicts)တို့သည် အတွေးအခေါ်ဆိုင်ရာ ပဋိပက္ခများဖြစ်ကြပြီး၊ နယ်မြေပိုင်ဆိုင်မှုဆိုင်ရာ အငြင်းပွားမှုများ(Territorial disputes)၊ အစိုးရများကိုထိန်းချုပ်လိုသော (Control of Governments) ပြဿနာများ၊ စီးပွားရေးဆိုင်ရာပဋိပက္ခ (Economic Conflicts)များသည် အကျိုးစီးပွားဆိုင်ရာ ပဋိပက္ခများဟု ခွဲခြားခေါ်တွင်ကြောင်း လေ့လာမှတ်သားရသည်။

ပဋိပက္ခများသည် နိုင်ငံတစ်နိုင်ငံ၏ ရပြီးရှိပြီး နိုင်ငံရေးတည်ငြိမ်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အဟန့်အတားဖြစ်စေမှုကစ၍ ရပ်တန့်ပျက်စီးမှုများအထိ ဖြစ်ပေါ်နိုင်စေခြင်းအပေါ် မည်သူမျှမငြင်းနိုင်ကြပါ။ အတိတ်ကာလက ကမ္ဘာ့သမိုင်းဖြစ်စဉ်၊ မြန်မာ့သမိုင်းဖြစ်စဉ်များနှင့် လက်ရှိကမ္ဘာ့ဖြစ်စဉ်များနှင့် မြန်မာ့ဖြစ်စဉ်များတွင်လည်း အထင်အရှားတွေ့ရမည်ဖြစ်သည်။ လွတ်လပ်ရေးရပြီးစ မြန်မာနိုင်ငံ၏ ပါလီမန်ဒီမိုကရေစီ ကျင့်သုံးနေသောကာလတွင် ဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲ၊ အတ္တစွဲ၊ ပါတီစွဲများနှင့် နိုင်ငံရေးအရောင်ကွဲကြ၊ အရောင်တူသော်လည်း အရောင်အနုအရင့်ကွဲကြ၊ အစွန်းရောက်သော လူမျိုးရေး စိတ်ဓာတ်များနှင့် မြန်မာနိုင်ငံအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် မြန်မာနိုင်ငံသားများဆိုသည့် စိတ်ဓာတ်များလျော့နည်းလာရာက စည်းလုံးညီညွတ်မှုများ ပျက်ပြားကြပြီး၊ နောက်ဆုံးလက်နက်ကိုင်ပဋိပက္ခများအထိဖြစ်ပွားခဲ့ကြသည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုရှိအောင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့မှုအပေါ် နိုင်ငံရေးသင်ခန်းစာယူကြရမည် ဖြစ်သည်။

ပဋိပက္ခဖြစ်စဉ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ကျင့်သုံးနေသော နိုင်ငံရေး ရည်မှန်းချက်၊ စီးပွားရေးရည်မှန်းချက်၊ လူမှုရေးရည်မှန်းချက်များအား နှောင့်နှေးစေခြင်းနှင့် ရပ်တန့်သွားသည်အထိ အကျိုးသက်ရောက်မှုဖြစ်စေနိုင်သော အကြောင်းတရားများဖြစ်သည်။ ပဋိပက္ခကို အခြေခံသောယှဉ်ပြိုင်မှုများ၊ တင်းမာမှုများကို လျှော့ပါးထိန်းချုပ်နိုင်ခြင်းမရှိပါက ရန်ပွဲများအထိ ဖြစ်ပေါ်လာနိုင်သော (Destructive Conflict) ဟု သတ်မှတ်နိုင်သည့် ပျက်စီးစေသော ပဋိပက္ခများအထိ ပေါ်ပေါက်လာနိုင်ကြောင်း သတိပြုကြရမည်ဖြစ်သည်။

တစ်ဖက်ကလည်း ပဋိပက္ခများဖြစ်ပွားနေမှုကြောင့် တစ်ဖက်နှင့်တစ်ဖက် စေ့စပ်ညှိနှိုင်းမှုများ၊ ပူးပေါင်းအဖြေရှာမှုများပြုလုပ်ရင်း အပြန်အလှန် နားလည်မှုများရရှိလာနိုင်ခြင်း၊ တစ်ဖက်နှင့်တစ်ဖက် အလျှော့အတင်းလုပ်ဆောင်မှုများကတစ်ဆင့် ပြေလည်မှုများရလာနိုင်သည့်အတွက် ငြိမ်းချမ်းရေး၏လမ်းစ၊ တိုးတက်ရေးလမ်းစဟုလည်း သတ်မှတ်နိုင်ပါသည်။ တစ်ဖက်နှင့်တစ်ဖက်ညှိနှိုင်း၍ရမည်ဆိုပါက နိုင်ငံရေးလုပ်ငန်းစဉ်များ၊ စီးပွားရေးလုပ်ငန်းစဉ်များ၊ လူမှုရေးလုပ်ငန်းစဉ်များအတွက် အထောက်အပံ့ ဖြစ်ပေါ်စေမည်မှာ အသေအချာဖြစ်သည်။ ထို့အပြင် ဦးဆောင်ပြုနိုင်သော စီမံခန့်ခွဲသူများ၊ ခေါင်းဆောင်ကောင်းများကို ပဋိပက္ခဖြစ်စဉ်များက မွေးထုတ်ပေးနိုင်သည့်အတွက် (Constructive Conflict)ဟု သတ်မှတ်နိုင်သော **ကောင်းကျိုး ရေးရှုသည့် အပြုသဘောဆောင်ပဋိပက္ခ**များကိုလည်း ဖြစ်ပေါ်နိုင်စေပါသည်။

ပဋိပက္ခအားလုံးတွင် အခြေခံအကြောင်းတရားများ ရှိကြစမြဲဖြစ်သည်။ အစရှိပါက အဆုံးရှိမြဲဖြစ်သည့်အတွက် ပဋိပက္ခတိုင်းတွင် အဖြေရှိမြဲဖြစ်သည်။ အကောင်းဆုံး ပဋိပက္ခဖြေရှင်းနည်းများကိုရှာ၍ ပကတိအခြေအနေနှင့် ကိုက်ညီသော အသင့်လျော်ဆုံးဖြေရှင်းနည်းနှင့် ပဋိပက္ခကိုအဆုံးသတ်နိုင်ရန် ကြိုးပမ်းကြရမည် ဖြစ်သည်။ နှစ်ဦးနှစ်ဖက်လုံး စိတ်ကျေနပ်မှုကိုရရှိပြီး နှစ်ဖက်စလုံးက အကျိုးရှိသော (Win-Win Situation)ဖြင့် နိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် ဦးတည်အဆုံးသတ်နိုင်ရန် ပဋိပက္ခစီမံခန့်ခွဲခြင်း (Conflict Management)သည်လည်း အရေးပါသော ကိစ္စရပ်ဖြစ်သည်။

ပဋိပက္ခဖြစ်ပေါ်ခြင်းကြောင့် ထိခိုက်မှု၊ နာကျင်မှုများ နည်းနိုင်သမျှနည်းစေပြီး တွေ့ကြုံရသော ပဋိပက္ခမှတစ်ဆင့် အနည်းဆုံးအားဖြင့် ဒေသအတွက်၊ နိုင်ငံအတွက်၊ နိုင်ငံသားများအတွက် သင်ခန်းစာရယူရန်လိုပါသည်။ နောက်တစ်ဆင့်အနေနှင့် အားသာချက်များ၊ အကျိုးဖြစ်ထွန်းမှုများကို စီမံခန့်ခွဲနိုင်ကြရမည်ဖြစ်သည်။ သို့မှသာ ဆုံးရှုံးသွားသောအချိန်၊ ခွန်အား၊ စိတ်ဓာတ်၊ ငွေကြေးနှင့် ကောင်းမွန်သောအခြေအနေများကို ပြန်လည်ထေမိနိုင်မည်ဖြစ်သည်။ ပဋိပက္ခကို အကောင်းဆုံးဖြေရှင်းပေးနိုင်သော ဆုံးဖြတ်ချက် (Conflict Resolution)ကို ရရှိအကောင်အထည် ဖော်နိုင်မည်ဖြစ်သည်။

သဘာဝတရားအရ လူများ၏ စိတ်ခံစားမှုများ၊ ရည်မှန်းချက် မတူညီမှုများ၊ ယုံကြည်ချက် ကွဲပြားမှုများ ရှိနေကြမည်သာဖြစ်သည်။ **အမှားကိုမြင်ဖို့ အမှားကိုသိဖို့ အရေးကြီးလှသည်။ အကြည့်မှန်၊ အမြင်မှန်၊ အသိမှန်မှ အလုပ်လည်းမှန်မည်** ဖြစ်သည်။ လူတိုင်းကဲ့ရဲ့မှု၊ ချီးမွမ်းမှု ခံကြရစမြဲဖြစ်သည်။ ကဲ့ရဲ့ပြစ်တင်ခံရသည့်အတွက် ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်း၊ ချီးမွမ်းသည့်အတွက် ဝမ်းသာမှုများရှိနေခြင်းသည်လည်း သဘာဝသာဖြစ်သည်။ ချီးမွမ်းသည်ဖြစ်စေ၊ ကဲ့ရဲ့သည်ဖြစ်စေ၊ အလွန်အမင်း မတုန်လှုပ်ဘဲ တည်တည်ငြိမ်ငြိမ်နှင့် မှန်ကန်သည့်လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားကြရန် လိုအပ်သည်။ လူ့သဘာဝအရ လက်စားချေလိုသည့် စိတ်များလည်း ရှိတတ်ကြသည်။ **လက်စားချေခြင်းဖြင့် သူ့ထက်သာတဲ့သူ မဖြစ်နိုင်ကြောင်း** သိရှိရန် လိုမည်ဖြစ်သည်။ ကျွန်တော်တို့အားလုံး ကျွန်တော်တို့ယုံကြည်မျှော်မှန်းခဲ့သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုရရှိရန် ဆယ်စုနှစ်တစ်စုမက စိန်ခေါ်မှုပေါင်းများစွာကို ရင်ဆိုင်ကျော်လွှား ဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြသည်။ လက်ရှိကာလတွင် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော အခွင့်အခါကောင်းနှင့် ကြုံကြိုက်နေပြီဖြစ်သည်။ တွေ့ကြုံလာနိုင်သော စိန်ခေါ်မှုများ၊ ပဋိပက္ခများကို မွန်မြတ်သောစိတ်၊ မှန်ကန်သောစေတနာ၊ မပြတ်သောသတိတရားများဖြင့် စုစည်းညီညွတ်စွာ အားလုံးဝိုင်းဝန်းလက်တွဲပြီး ကျော်လွှားကြရဦးမည် ဖြစ်သည်။ **တွေ့ကြုံလာရသော ဖြစ်စဉ်တိုင်းအပေါ် အတ္တလွန်ကဲမှု၊ မာန်မာနလွန်ကဲမှု၊ မနာလိုဝန်တိုစိတ်မြင့်မားမှုစသော ခံစားမှုများဖြင့် မတုံ့ပြန်ဘဲ ဆင်ခြင်တုံတရားဖြင့် ဝေဖန်ဆန်းစစ် ဆောင်ရွက်ကြရန်လိုပါသည်။** နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် လက်ရှိပါဝင်ဆောင်ရွက်နေကြသူများနှင့် နောင်တစ်ချိန်တွင် အနာဂတ်နိုင်ငံတော်အတွက် ပခုံးပြောင်းတာဝန်ယူကြရမည့် လူငယ်များအားလုံး မှန်ကန်သော အသိတရားဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြသော နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးတွင် ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြဖို့ ဆန္ဒပြုတိုက်တွန်းအပ်ပါသည်။ ။

ဟော်ကီပူးတွဲလေ့ကျင့်ရန် မလေးရှားသို့ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်နေသည့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ပဏ္ဏာမလက်ရွေးစင် အမျိုးသားဟော်ကီအသင်းသည် မလေးရှားနိုင်ငံ ဟော်ကီအသင်းများနှင့် ပူးတွဲလေ့ကျင့်ရန်အတွက် ဇူလိုင် ၃၁ ရက် နံနက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မလေးရှားနိုင်ငံသို့ထွက်ခွာသွားရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထင်ဇော်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များ လိုက်လံပို့ဆောင်ကြသည်။ (ယာပုံ)

အမျိုးသား ပဏ္ဏာမလက်ရွေးစင် ဟော်ကီအသင်းတွင် အုပ်ချုပ်သူ အပါအဝင် ပါကစ္စတန်နိုင်ငံသား နည်းပြ၊ လက်ထောက်နည်းပြ၊ ဂိုးနည်းပြ၊ ဘာသာပြန်နှင့် အားကစားသမား ၂၀ ပါဝင်ကြသည်။

ကျင်းပ

ပဏ္ဏာမလက်ရွေးစင် အမျိုးသား ဟော်ကီအသင်းသည် စက်တင်ဘာလတွင် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပမည့် ဟော်ကီ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်အပြင် အောက်တိုဘာလတွင် ရန်ကုန် သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို နိုင်ငံခြား ဟော်ကီအသင်းများကို ဖိတ်ကြား၍ ပြိုင်ပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဆွေ(ပန်းဘဲတန်း)

❍ ပြည်သူ့လွှတ်တော်အစည်းအဝေးမှ

ထို့ပြင် အားကစားနည်း ၁၂မျိုးကို တူရကီ၊ ပေါ်လန်၊ အီတလီ၊ ဂျပန်၊ ကူဝိတ်၊ အဇာဘိုင်ဂျန်၊ ကာဇက်စတန်၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူနှင့် လာအိုနိုင်ငံများသို့ (၁၅)ကြိမ်သွားရောက်ပူးတွဲလေ့ကျင့်စေခဲ့ပါကြောင်း၊ အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀၊ ငွေတံဆိပ် ၄၆၀၊ ကြေးတံဆိပ် ၆၃၇ ခု စုစုပေါင်း ဆုတံဆိပ် ၁၅၅၇ ခု ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင် မြန်မာအားကစားအဖွဲ့အောင်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပမှ Sponsor များကို စနစ်တကျ ဖိတ်ခေါ်စိစစ်ရွေးချယ်ခဲ့ရာ ပြည်တွင်းကုမ္ပဏီ ၁၀ ခု၊ ပြည်ပကုမ္ပဏီနှစ်ခုမှ အမေရိကန်ဒေါ်လာ ၃၀၃၃၆၄၄နှင့် မြန်မာငွေ ကျပ်သိန်း ၁၉၇၅၀ တန်ဖိုးရှိ အားကစားဝတ်စုံများနှင့် အားကစားပြိုင်ပွဲသုံးပစ္စည်းများ၊ အစားအသောက်များ၊ ဆေးဝါးများ၊ အထိမ်းအမှတ်ပစ္စည်းများကို လက်ခံရရှိခဲ့ပြီး စခန်းသွင်း လေ့ကျင့်လျက်ရှိသော မြန်မာအားကစားသမားများအတွက် စနစ်တကျ အသုံးပြုလျက်ရှိသည့်အပြင် ငွေသားအဖြစ် လက်ခံရရှိသော အမေရိကန် ဒေါ်လာ ၇၀၀၀၀ နှင့် မြန်မာငွေကျပ်သိန်း ၁၀၀ ကို ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ပြီး ဘဏ္ဍာငွေရှာဖွေရေးနှင့် ဆုချီးမြှင့်ရေးကော်မတီမှ Sponsor ခေါ်ယူခဲ့ရာ ပြည်တွင်း၊ ပြည်ပကုမ္ပဏီသုံးခုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ သန်း လက်ခံရရှိပြီးဖြစ်ပါကြောင်း၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အခြားနိုင်ငံများနည်းတူ အောင်မြင်စွာ လက်ခံကျင်းပနိုင်ရေးနှင့် မြန်မာအားကစားသမားများ ထိုက်တန်စွာ အောင်မြင်မှုရရှိစေရေးအတွက် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ဦးဆောင်လမ်းညွှန်မှုကိုခံယူ၍ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း၏ **တိုင်းရင်းသားမျိုးနွယ်စုများ၏ ရွှေ့ပြောင်းတောင်ယာစနစ်မှ လှေကားထစ်လယ်ယာစနစ်သို့ ကူးပြောင်းဆောင်ရွက်နိုင်ရန် နိုင်ငံတော်အစိုးရက မည်သို့စီမံဆောင်ရွက်သွားမည်ကို သိလိုသည့်** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရန်မရှိသော မွန်ပြည်နယ်မှလွဲ၍ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်များတွင် ကုန်းမြင့်လယ်ယာမြေများ ရှေ့ပြေးစမ်းသပ်ဖော်ထုတ်ရန် လိုအပ်လျက်ရှိပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လက်ရှိဖော်ထုတ်ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့များနည်းတူ မိမိဒေသတွင်း ကုန်းမြင့်ဒေသတည်ရှိမှုအခြေအနေ၊ ရာသီဥတုအခြေအနေ၊ ရေရရှိနိုင်မှုအခြေအနေပေါ်မူတည်၍ မိမိဒေသလိုအပ်ချက်နှင့် ကိုက်ညီမည့် ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေးစီမံချက်များ ရေးဆွဲပြီး နိုင်ငံတော်သို့ ခွင့်ပြုရန်ပုံငွေ တင်ပြတောင်းခံဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဒေသလိုအပ်ချက်အရ ရေးဆွဲဆောင်ရွက်မည့်စီမံချက်အပေါ် လိုအပ်သည့် နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ ပံ့ပိုးပေးရန် အသင့်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ရွှေ့ပြောင်းရ

ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်းက "ရွှေ့ပြောင်းတောင်ယာစနစ်က တစ်နှစ်မှာ ၁၀ လလောက်က တောင်ယာခုတ်ထွင်တယ်။ ရှင်းလင်းတယ်။ အမှိုက်မီးရှို့တယ်။ အဲဒီအလုပ်တွေနဲ့အချိန်ကုန်နေတော့ ဝမ်းစာဖူလုံမှုမရှိဘူး။ ဒီတော့ လှေကားထစ် လယ်ယာတွေကို လုပ်ပေးနိုင်မှ ဝမ်းစာဖူလုံမယ်။ ဒါတွေကို ဒေသခံတွေက တောင်းဆိုကြတယ်။ ရွှေ့ပြောင်းတောင်ယာလုပ်နေရတဲ့ တောင်သူတွေဟာ စီးပွားရေးအဆင်ပြေမှုမရှိတော့ ရေကြည်ရာမြက်နုရာတွေကို ရွှေ့ပြောင်းပြီး လုပ်ကိုင်နေကြတယ်။ ဒီတော့ ကျွန်တော်တို့နယ်စပ်ဒေသတွေမှာ လူတွေမရှိတော့ဘူး၊ ဒေသခံတွေမရှိတော့ လုံခြုံရေးတွေအားနည်းလာတယ်။ ဒီလိုမျိုးမဖြစ်အောင် နယ်စပ်ဒေသတွေမှာ တိုင်းရင်းသားတွေ နေနိုင်စေဖို့အတွက် လှေကားထစ်လယ်ယာစနစ်ကို ဖော်ဆောင်ပေးဖို့ နိုင်ငံတော်အစိုးရကို တိုက်တွန်းတာပါ။ ရွှေ့ပြောင်းတောင်ယာစနစ်က တစ်နှစ်တစ်ခါ ရွှေ့ပြောင်းရတယ်။ လုပ်အားဆုံးရှုံးတယ်။ အချိန်ကုန်တယ်။ လှေကားထစ်လယ်ယာစနစ်ကျတော့ မြေကြီးတူးပြီးတော့ လယ်ယာမြေဖော်ထုတ်ထားရင် ဘယ်တော့မှ ရွှေ့ပြောင်းစရာမလိုတော့ဘူး။ စိုက်ပျိုးရင်လည်း ထက်ဝက်က စိုက်ပျိုးတဲ့သူအတွက် သေချာတယ်။ ရရှိတဲ့အကျိုးကျေးဇူးက မတူဘူး။ ဒါကြောင့် လှေကားထစ်လယ်ယာမြေဖော်ထုတ်ဖို့တင်ပြတာဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။

ယနေ့အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ပြီး အစည်းအဝေး ၁၇ ရက်မြောက်နေ့ကို ဩဂုတ် ၂ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

လွှတ်တော်ရေးရာကဏ္ဍ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အမျိုးသားလွှတ်တော်၌ကျင်းပသည့် အပြန်အလှန်ဆွေးနွေးခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁

နေပြည်တော် အမျိုးသားလွှတ်တော်အဆောက်အအုံစုပေါင်းခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ဗဟိုဖြန့်ဝေရေးနှင့် အုပ်ချုပ်ရေးစနစ်ပြန်လည်တည်ဆောက်ရေး (Decentralization and Restructuring Administration) ခေါင်းစဉ်ဖြင့် (DEBATE) ဆွေးနွေးခြင်း အခမ်းအနားကို ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် တက်ရောက်အမှာစကား ပြောကြားပြီး စာရေးသူဆရာ ဦးစောမြင့်မောင်က ဗဟိုဖြန့်ဝေရေးနှင့် အုပ်ချုပ်ရေးစနစ် ပြန်လည်တည်ဆောက်ရေးအကြောင်းအရာကို ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားလွှတ် တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဗဟိုဖြန့်ဝေ ရေးနှင့် အုပ် ချုပ် ရေး စနစ် ပြန်လည် တည် ဆောက် ရေး အပြန် အလှန် ဆွေး နွေးခြင်း အခမ်း အနားတွင် အမှာ စကား ပြော ကြားစဉ်။
(သတင်းစဉ်)

ထို့နောက် တက်ရောက်လာကြသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၁)မှ ဒေါက်တာအေးမောင်၊ မွန်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၊ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၆)မှ ဦးခင်မောင်ရီ၊ ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးတင်ယုတို့က ဗဟိုဖြန့်ဝေရေးနှင့် အုပ်ချုပ်ရေးစနစ် ပြန်လည်တည်ဆောက်ရေးနှင့် ပတ်သက်၍ အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် ကိုယ်စားလှယ်များ၏ ဆွေးနွေးခဲ့မှုအပေါ် စာရေးသူဦးစောမြင့်မောင်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီး ခင်မောင်အေး၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၃)မှဦးခင်မောင်(ခ)ဦးအောင်ကျော်ဦးတို့က မေးခွန်းများ မေးမြန်းရာ စာရေးသူက ပြန်လည်ဆွေးနွေးဖြေကြားသည်။ ယင်းနောက်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးမှာကြားပြီး အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြည်ငိမ်းက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

● အမျိုးသားလွှတ်တော်အစည်းအဝေးမှ

ဆရာမ ၃၅ ဦးရှိပါသဖြင့် အရန်သားဖွားဆရာမ ၂၀၄ ဦး ထပ်မံလိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လှိုင်လင်ခရိုင် ကျန်းမာရေးဦးစီးဌာနအနေဖြင့် အရန်သားဖွားဆရာမအသစ်များ လေ့ကျင့်မွေးထုတ်ခြင်းကို မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၃ ခုနှစ်အတွင်း ဆောင်ရွက်ပေးမည့်အစီအစဉ်ရှိပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသန်းမြင့်၏ တနင်္သာရီမြို့နယ်၏ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံအဆင့်နှင့် လျော်ညီသည့် အဆောက်အအုံ တိုးချဲ့ဆောက်လုပ်ပေးရေးနှင့် ဝန်ထမ်းအိမ်ရာများ ပြည့်စုံလုံလောက်စွာဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ တနင်္သာရီမြို့နယ် ပြည်သူ့ဆေးရုံတွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်ရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အဆိုပြုလျာထားပြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော အမျိုးသားအစားအသောက် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူအတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က "ပြည်သူ့လွှတ်တော်က ဆွေးနွေးတာပါ။ အတည်ပြုပြီး ပြည်ထောင်စုလွှတ်တော်တင်ရမှာပါ။ အမျိုးသားအစားအသောက်ဥပဒေက ကျွန်တော်တို့နိုင်ငံမှာ ခေတ်စနစ်နဲ့ လျော်ညီစွာ ဆွဲရတာပါ။ ဥပဒေထဲမှာ စားသောက်ကုန်တွေကို ကြော်ငြာထားသလို မဟုတ်ရင် အရေးယူလို့ရပါတယ်။ စားသုံးသူဘက်က ထိခိုက်နစ်နာမှုတွေရှိလာရင် ရာဇဝတ်ကြောင်းနဲ့ရော တရားမကြောင်းနဲ့ပါ အရေးယူလို့ရပါတယ်။ ဒီဥပဒေဟာ မရှိလို့ မဖြစ်ပါဘူး။ ဒီဥပဒေမရှိရင် စီးပွားရေးဝိသမလောဘသမားတွေက မမှန်မကန်ကြော်ငြာပြီး လူတွေက ကြော်ငြာတဲ့အတိုင်းအဟုတ်ထင် စားမိရင်ဒုက္ခရောက်ရမှာပါ။ ဂရုစိုက်စားရမှာတွေများပါတယ်။ အခုဆို အရင်ကထက်ဒီနှစ်ပိုင်းတွေမှာ အစားအသောက်ကြောင့် ကျန်းမာရေးမကောင်းတာတွေတွေ့ရတာများလာပါတယ်။ အရက်နဲ့ပတ်သက်လို့လည်း တော်တော်ဒုက္ခရောက်နေကြရပါတယ်။ စစ်ဆေးရေးတွေမရှိတဲ့အတွက်ကြောင့်ပါ။ စစ်ဆေးရေးရှိဖို့ ပြီးခဲ့တဲ့လွှတ်တော်မှာ ကျွန်တော်တင်ဖူးပါတယ်။ ကျန်းမာရေးဝန်ကြီးကတော့ နည်းပညာအခက်အခဲတွေရှိလို့ မလုပ်နိုင်ပါဘူးပြောပါတယ်။ ဆင်ခြင်တုံတရားနဲ့ ထိန်းသိမ်းဖို့ပြောပါတယ်။ ဝန်ကြီးပြောတာလည်း မှန်ပါတယ်။ ဒါပေမယ့် အစားအသောက်ရောင်းချတဲ့ဈေးမှာ၊ စတိုးဆိုင်တွေမှာ အမြဲစစ်ဆေးသင့်ပါတယ်။ စစ်ဆေးတဲ့အခါ အန္တရာယ်ရှိစေတာကြော်ငြာသလို မဟုတ်တာတွေ့ရင် အရေးယူ ရပါမယ်။ ပြင်းပြင်းထန်ထန် ထိထိရောက်ရောက် အရေးယူရမှာပါ။ ဘယ်လုပ်ငန်းရှင်က ဘာအစားအသောက်ကြောင့် လူတွေဘယ်လိုဒုက္ခရောက်ရလို့ ဘယ်လိုအရေးယူခံလိုက်ရပြီ၊ တရားမမှုနဲ့လျော်ကြေးဘယ်လောက်ပေးလိုက်ရတယ် အဲဒီလိုကြားချင်ပါတယ်။ ဒါမှလူတွေဆင်ခြင်လာကြမယ်ထင်ပါတယ်။ ဒီဥပဒေထွက်လာပြီးရင်တော့ အဲဒီလိုကြားလာရမယ်ထင်ပါတယ်" ဟု ၎င်းအမြင်ကို ပြောပြသည်။

အစည်းအဝေးကို နံနက်ပိုင်းတွင် ကျင်းပပြီးစီးပြီး အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူစားသုံးရန် မသင့်တာ၊ အဆင့်အတန်းမမီတာတွေ့ရင် ဈေးကွက်က ပြန်ရုပ်သိမ်းပေးရမယ်

အမေး/အရေး-မြတ်မွန်ထွေး
ဓာတ်ပုံ-ရွှေကိုကိုလေး

နည်းပညာများ တိုးတက်ခေတ်မီလာသော ခေတ်ကြီးထဲတွင် စီးပွားရေးလုပ်ငန်းရှင်များသည် မျက်စိပသာဒဖြစ်စရာ အဆင်းသဏ္ဌာန်အရောင်အသွေး ဆန်းပြားစုံလင်သော အစားအသောက်များကို အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချလာကြသည်။ ဓာတုနည်းပညာ၊ ဇီဝနည်းပညာများဖြင့် ဖန်တီးထုတ်လုပ်သော စားစရာများကို နည်းမျိုးစုံဖြင့် ကြော်ငြာရောင်းချကြသည်မှာလည်း စားသုံးသူများအတွက် သရေကျစရာပင်ဖြစ်သည်။ သို့သော် အချို့အစားအသောက်များသည် လူတို့ကို ဘေးဥပဒ် မဖြစ်စေနိုင်သော်လည်း အများစုသော စားသောက်ကုန်များမှာ လူသားတို့၏ ကျန်းမာရေးကို အန္တရာယ်ပေး ခြိမ်းခြောက်လျက်ရှိသည်။ သို့ဖြစ်ရာ စားသုံးရန်ဝယ်ယူလိုက်သော အစားအသောက်များ၏ အရည်အသွေးမှာ စနစ်တကျစစ်ဆေးပြီးဖြစ်ရန် လိုအပ်လာပေပြီ။ အစားမတော်တစ်လုတ်၊ အသွားမတော်တစ်လှမ်း ဆိုသကဲ့သို့ အစားတစ်လုတ်ဖြင့် အသက်ပါအန္တရာယ်ရှိမည်ဆိုပါက စားသုံးသူများအတွက် နစ်နာလွန်းလှသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းခဲ့ပြီးသား အမျိုးသားအစားအသောက်ဥပဒေကို ခေတ်စနစ်နှင့် လျော်ညီစေရေးအတွက် အမျိုးသားလွှတ်တော်က "အမျိုးသားအစားအသောက်ဥပဒေ" ကို ပြင်ဆင်ကာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည်။ ပြည်သူ့လွှတ်တော်ဘက်မှလည်း ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့ပြီး ယနေ့ ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့၌ ယင်းဥပဒေကို အမျိုးသားလွှတ်တော်ဘက်မှ ပြင်ဆင်ချက်ကို အတည်ပြုလိုက်ပြီဖြစ်သည်။ အမျိုးသား အစားအသောက်ဥပဒေနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်အချို့၏ သဘောထားအမြင်များကို မေးမြန်းကြည့်ခဲ့ရာ အောက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့ကြသည်။

ဦးခင်မောင်ရီ
ဧရာဝတီတိုင်းဒေသကြီး၊
မဲဆန္ဒနယ်အမှတ် (၆)
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ကျွန်တော်တို့နိုင်ငံမှာ အစားအသောက်တွေကို ဥပဒေနဲ့အညီကာကွယ်ထားတာမျိုးမရှိသေးပါဘူး။ ဥပမာ ဆီ၊ ဟင်းရွက်ဆီခဲလိုမျိုး၊ မစားကောင်းတဲ့ဆီကို အရောင်ချွတ်အနံ့ထည့်တာတွေ၊ ပြီးတော့ ဆေးဝါးတွေ၊ ကလေးမုန့်ပဲသရေစာတွေ အဲဒါတွေကို ကျန်းမာရေးနဲ့မညီညွတ်တာ အာဏာပိုင်တွေက စစ်ဆေးပေးဖို့လိုပါတယ်။ အမေရိကန်နိုင်ငံမှာ အမျိုးသားအစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးအဖွဲ့ (FDA) ဆိုပြီး ရှိပါတယ်။ ကျွန်တော်တို့ဆီလည်းဖွဲ့ဖို့ ရှိပါတယ်။ အဲဒီအဖွဲ့ဖွဲ့ပြီးရင်တော့ ဒီဥပဒေရှိမှ ဥပဒေအရလုပ်လို့ ရမှာပါ။ အစားအသောက် စစ်ဆေးရေးမှူးတွေက ဈေးကွက်မှာ ဝင်စစ်မယ်၊ ကျန်းမာရေးနဲ့မညီညွတ်တာ၊ ပြည်သူစားသုံးရန်မသင့်တာ၊ အဆင့်အတန်း မမီတာတွေ့ရင် ဈေးကွက်ကထုတ်ပယ်မယ်။ ပြန်သိမ်းပေးရမယ် အဲလိုတွေလုပ်ရမှာပါ။ တချို့နိုင်ငံတွေမှာ မြင်းသားကို အမဲသားလုပ်ပြီး လိမ်တင်တာတွေရှိတယ်လို့ ကြားပါတယ်။ ကျွန်တော်တို့နိုင်ငံလည်း အစားအသောက်နဲ့ကြီးကြပ်ရေးအဖွဲ့ရှိမှ အလားတူကိစ္စရပ်တွေတားနိုင်ပါလိမ့်မယ်။ ဒီဥပဒေကို ထောက်ခံပါတယ်။ ကောင်းလည်းကောင်းပါတယ်။

ဒေါက်တာအေးမောင်
ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒီဥပဒေ လိုအပ်တယ်ဆိုတာ တော်တော်များများ သိကြပါတယ်။ အစားအသောက်တွေမှာ အများအားဖြင့် အသင့်စားအစားအစာတွေမှာ ဓာတုပစ္စည်း အလွန်အကျွံသုံးစွဲတယ်လို့ ကြားဖူးပါတယ်။ ဥပမာ တာရှည်ခံအောင်ထားတဲ့ အစားအသောက်တွေမှာပါ။ အစားအသောက်တွေမှာ စားလိုက်ရင် အန္တရာယ်မဖြစ်တာရှိသလို အန္တရာယ်ပေးတဲ့ စားသောက်ကုန်တွေရှိပါတယ်။ စားပါများရင် ကင်ဆာဖြစ်စေနိုင်တာရောပေါ့နော်၊ အမေရိကန်မှာ FDA ခွင့်ပြုချက်မပါရှိဘဲ ဘယ်ပစ္စည်းမှ ဝင်ခွင့်မရှိဘူးလို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ဗဟုသုတအားနည်းချက်ကြောင့် အချို့နိုင်ငံတွေက မြန်မာနိုင်ငံကို ဈေးကွက်တစ်ခုလို စမ်းသပ်ဝင်ရောက်နေတဲ့ အစားအသောက်တွေရှိတယ်။ စားမိတဲ့သူတချို့ဆို တဖြည်းဖြည်းဝလာတာ၊ ဘာမှန်းမသိတဲ့ရောဂါတွေ ခံစားရတာ အဲလိုတွေရှိပါတယ်။ ဒါကို ကာကွယ်နိုင်ဖို့နဲ့ လူသားများသက်ရှည်ကျန်းမာစေဖို့အတွက် ဒီဥပဒေက မရှိမဖြစ်ပါ။ အစမ်းသပ်ခံဘဝနဲ့ နိုင်ငံတော်ရဲ့ဈေးကွက်ကိုဖွဲ့ယူခံရတာလည်း နစ်နာပါတယ်။ ကျွမ်းကျင်တဲ့သူတွေနဲ့ သေချာလေ့လာ ဥပဒေပြုပြီးတော့ အတိအကျ လိုက်နာစေဖို့ဟာ အဓိကလုပ်ငန်းဖြစ်တယ်လို့ ပြောချင်ပါတယ်။ ***စာမျက်နှာ ၁၁ ကော်လံ ၅***

ပြည်တွင်းသတင်း

❐ *ကျော်ဖုံးမှ*

ချစ်ကြည် ညီညွတ်ရေးအဖွဲ့မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ဆန္ဒနှင့်မျှဝေ

ထို့နောက် ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် မိမိပြည်ထောင်စု မြန်မာနိုင်ငံကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသကဲ့သို့ ဘာသာရေးကိုးကွယ်မှုစုံသည့် နိုင်ငံတော်ဖြစ်ကြောင်း၊ မိမိယုံကြည်ကိုးကွယ်ရာ ဘာသာသည် တခြားသောဘာသာကို ထိခိုက်နစ်နာစေသော ပြောဆိုဟောပြောစည်းရုံးမှုမရှိပါက လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ အတိအလင်း ဖော်ပြထားပြီးသား ဖြစ်ပါကြောင်း၊ မိမိတို့ယုံကြည်ကြိုက်နှစ်သက်ရာကို မိမိဘာသာ ရွေးချယ်ကိုးကွယ်ပြီး တစ်ဦးနှင့်တစ်ဦး၊တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးနဲ့နေလာခဲ့ကြသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ကြောင်း၊ ဘာသာရေးနှင့် ဆက်နွယ်သည့် အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးခဲ့ခြင်းမျိုး မရှိခဲ့ကြောင်း၊ မိမိယုံကြည်ရာဘာသာကို ကိုးကွယ်၍ အတူနေခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ကြောင်း၊ ဘာသာလူမျိုး မတူသော်လည်း ကျောင်း၊ တက္ကသိုလ်ကောလိပ်၊ သင်တန်းများ အတူတူတက်ရောက်ပညာသင်ကြားခဲ့ကြကြောင်း၊ ခရီးသွားအတူတူ၊ ဝါသနာပါသည့် အားကစားလည်း အတူတူကစားကြ၊ လေ့ကျင့်ကြကြောင်း၊ ဘာသာလူမျိုးခွဲခြားမှုမရှိပါဘဲ ပေါင်းသင်းဆက်ဆံလာခဲ့ကြကြောင်း၊ ပြီးခဲ့တဲ့နှစ်က ဖြစ်ပွားသည့် ရခိုင်ပြည်နယ် အရေးအခင်းကိစ္စသည် ဘာသာရေး၊ လူမျိုးရေးကိုအခြေခံပြီး တစ်ဖက်နှင့်တစ်ဖက် လုယက်တိုက်ခိုက်ဖျက်ဆီးကြတာ တွေ့ရကြောင်း၊ ဤကိစ္စမျိုးများသည် တစ်ဖက်တည်း ပျက်စီးသေကျေခြင်းမဟုတ်ကြောင်း၊နှစ်ဖက်စလုံး ပျက်စီးဆုံးရှုံးသေကျေကြကြောင်း၊ နစ်နာမှုသည် နှစ်ဖက်စလုံးပင်ဖြစ်ကြောင်း၊ အမုန်းမှာနှစ်ဖက်စလုံး ဆုံးရှုံးမှုများဖြင့် ရင်ဆိုင်နေရကြောင်း၊ ယင်းပဋိပက္ခများကို ကိုယ်တိုင်ကိုယ်ကျခံစားရသည့်သူများ အသိဆုံးဖြစ်ကြောင်း၊ အဝေးကနေ ဟိုဟာလုပ်ပါ၊ ဟိုလိုလုပ်ပါလို့ ပြောတဲ့သူတွေက ကိုယ်တိုင်မခံစားခဲ့ရသည့်အတွက် ပြောအား၊ လှုံ့ဆော်အားရှိပေမယ့် ဒုက္ခသည်အဖြစ် ရောက်ရှိနေကြသောသူတွေမှာ တစ်နေ့ကြာတစ်နေ့ဒုက္ခ၊ တစ်လကြာတစ်လဒုက္ခ၊ တစ်နှစ်ကြာတစ်နှစ် ဒုက္ခပင်လယ်ဝေကြတာ တကယ်တော့ အင်မတန်မှ သနားစရာ ကောင်းလှပါကြောင်း၊ ယခုမှတ်တမ်းဓာတ်ပုံများမှာ အဝေးကနေကြားရပြီး ကိုယ်တိုင်မတွေ့ရသူများအတွက် အနည်းငယ် အထိအတွေ့လေးရှိလာအောင် မျှဝေပေးခြင်းဖြစ်ကြောင်း၊ ပုံတွေထဲကထက် မြေပြင်အခြေအနေက အဆပေါင်းများစွာ ဒုက္ခဆင်းရဲရောက်ခြင်းကို သိစေလိုသည့် ဆန္ဒနှင့်မျှဝေပေးခြင်းဖြစ်ကြောင်း။

ရခိုင်ပြည်နယ် အရေးအခင်းကိစ္စကို မိမိတို့လက်ပိုက်ကြည့်နေလို့ မရသကဲ့သို့ တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း ဆောင်ရွက်မရသည့် ကိစ္စဖြစ်ကြောင်း၊ အမိုက်ကစပြောသာဒ်မီးလောင်ဆိုသကဲ့သို့ ရခိုင်ဒေသကနေ တခြားဒေသကို ပျံ့နှံ့စေနိုင်ကြောင်း၊ မြန်မာနိုင်ငံအတွင်းရေးကိစ္စကနေ အာရှဒေသတွင်း၊ နိုင်ငံတကာအတွင်းကိစ္စအဖြစ် ကူးစက်သွားနိုင်ကြောင်း၊ ယခုလက်ရှိ မိမိတို့အားလုံးရရှိလာသည့်အကျိုးခံစားမှုများ၊ လွတ်လပ်မှုများ ပျောက်ပျက်သွားနိုင်ကြောင်း၊ ဤသို့ ဖြစ်မလာစေရန် "ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့" အပါအဝင် မိမိတို့အားလုံး လက်တွဲဆောင်ရွက်နိုင်ပါမှ ရင်ဆိုင်နေရသည့် ပြဿနာကို ဖြေရှင်းကူညီရာရောက်ပြီး နိုင်ငံသားအားလုံး၏အကျိုးကို သယ်ပိုးရာရောက်စေမှာ ဖြစ်ကြောင်း။

ထို့ကြောင့် ဤအဖွဲ့ကြီးမှ ယခင်ကရရှိပြီးသား လူတစ်ဦးနှင့် တစ်ဦး၊ လူတစ်မျိုးနှင့်တစ်မျိုး၊ ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ချစ်ခင်ရင်းနှီးကြပြီး ပါဝင်လုပ်ဆောင်ကြဖို့ တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ကျယ်ပြန့်စွာ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပဋိပက္ခများ ထပ်မံမပေါ်ပေါက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားမည့်အစီအစဉ်များ၊ ရှေ့ဆက်လက် ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့မှ အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

နေပြည်တော်နှင့်ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီ၊ ကော်မရှင်များ၏ အစည်းအဝေးတက်ရောက်

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားပြီး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေ ဆွေးနွေးတင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင် အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်ပြည်ထောင်စုသမ္မတ၏ အကြီးတန်းအကြံပေး Mr.Benjamin James Rhodes အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်သမ္မတ၏ အကြီးတန်းအကြံပေးအား (

နေပြည်တော် ဩဂုတ် ၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စုသမ္မတ၏ အကြီးတန်းအကြံပေး Mr.Benjamin James Rhodes ဦးဆောင်သည့်အဖွဲ့အား ယမန်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အမေရိကန်နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွ

အဆိုပါတွေ့ဆုံပွဲသို့ အတူ ပြည်သူ့လွှတ်တော်

သော ဦးသိန်းဆွေ၊ ဦ

လွှတ်တော်ရုံးမှတာဝန်ရှိသ

ဧည့်သည်တော်အဖွဲ့နှင့်အ

နိုင်ငံတော်ဆိုင်ရာ အမေရိ

ရောက်သည်။

မှတ်သားဖွယ်ရာ မိုးေ

ရေးမြို့

ထားဝယ်မြို့

မြိတ်မြို့

သံတွဲမြို့

(၁၀)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ ကျင်းပမည်

နေပြည်တော် ဩဂုတ် ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်းရှီးပြည်နယ် နန်နင်းမြို့၌ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှ ၆ ရက်အထိ (၁၀)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲ (10th CA-EXPO) ကို ကျင်းပမည်ဖြစ်သည်။ တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံအနေနှင့် ၂၀၀၄ ခုနှစ်မှ စတင်၍ နှစ်စဉ်ပါဝင်ပြသခဲ့သည်။

ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ တရုတ်-အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးနယ်မြေ တည်ထောင်ရေးကို အထောက်အကူပြုရန်နှင့် တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှုများ တိုးတက်ဆောင်ရွက်နိုင်ရန်ဖြစ်သည်။ တရုတ်-အာဆီယံကုန်စည်ပြပွဲနှင့်အတူ တရုတ်-အာဆီယံရင်းနှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး (China-ASEAN Business & Investment Summit-CABIS) ကိုလည်း နှစ်စဉ်ပူးတွဲကျင်းပဆောင်ရွက်လျက်ရှိသည်။

တရုတ်-အာဆီယံကုန်စည်ပြပွဲများတွင် နှစ်လိုဖွယ်ရာမြို့တော်များ ခန်းမဆောင်ကို ဒုတိယအကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲမှစတင်၍ ပြပွဲကော်မတီမှ သတ်မှတ်ပေးထားသော ရည်ရွယ်ချက် (Theme) နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ်အလှည့်ကျ နှစ်လိုဖွယ်ရာမြို့ (City of Charm) ကို ရွေးချယ်သတ်မှတ်ပြသရသည်။ ယခုနှစ် နှစ်လိုဖွယ်ရာ မြို့အတွက် သတ်မှတ်ပေးထားသော (Theme) မှာ "ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အခွင့်အလမ်းအသစ်၊ တွန်းအားအသစ်နှင့် အခြေအနေသစ်များ" ("Regional Cooperation and Development: New Opportunities, New Impetus and New Stage") ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ရည်ရွယ်ချက် (Theme)နှင့်ကိုက်ညီသော မြို့အမည်ရွေးချယ်၍ ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ် ကျင်းပလေ့ရှိသော တရုတ်-အာဆီယံကုန်စည်ပြပွဲများသို့ မြန်မာနိုင်ငံမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများ၊ သမဝါယမအသင်းများ၊ မူဆယ်(နမ့်ခမ်း)နယ်စပ်ကုန်သွယ်ရေး အသင်းတို့မှ စီးပွားရေးလုပ်ငန်းရှင်များက မြန်မာ့ထွက်ကုန်ပစ္စည်းများကို သွားရောက်ပြသကြသည်။ ယခုနှစ်ပြပွဲသို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ စိတ်ဝင်စားသည့် စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ ဖုန်း- ၀၆၇-၄၃၀၁၂၈၊ ၄၀၈၂၃၉၊ ဖက်စ်- ၀၆၇-၄၃၀၁၄၃နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပြပွဲဌာန ဖုန်း ၀၁- ၂၁၄၃၄၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြသည်။ **(သတင်းစဉ်)**

ပထမအကြိမ် မြန်မာ-အမေရိကန် နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆွေးနွေး

နေပြည်တော် ဩဂုတ် ၁

ပထမအကြိမ် မြန်မာ-အမေရိကန်နှစ်နိုင်ငံ လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာဆွေးနွေးပွဲကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီက ကျင်းပရာ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံလူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းနှင့် ဗဟိုအဖွဲ့ကိုယ်စားလှယ်များ၊ နိုင်ငံတော်သမ္မတ အကြံပေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ခင်မောင်စိုးနှင့် ရဲအရာရှိကြီးများ၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ NGOs, INGOs များ၊ အမေရိကန်နိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ သံအမတ်ကြီး Mr. Luis Cdebacaနှင့် ကိုယ်စားလှယ်သုံးဦး စုစုပေါင်း ၄၇ဦး တက်ရောက်ခဲ့သည်။

၂၀၁၂ခုနှစ်နိုဝင်ဘာ၁၈ရက်က အမေရိကန်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ခဲ့သည့် မြန်မာ-အမေရိကန် လူကုန်ကူးမှု ပူးပေါင်း တိုက်ဖျက်ရေးဆိုင်ရာ Joint Planကို အကောင်အထည်ဖော်ဆောင်နိုင်ရန်ရည်ရွယ်ချက်ဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အမေရိကန်ကိုယ်စားလှယ်အဖွဲ့တို့သည် မြန်မာနိုင်ငံ၏ လက်ရှိလူကုန်ကူးမှု တိုက်ဖျက်ရေး ဆိုင်ရာလုပ်ငန်းစဉ်နှင့် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့်စိန်ခေါ်မှုများနှင့်အခက်အခဲများ၊ ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်တွင် အမေရိကန်နိုင်ငံ၏ ကူညီဆောင်ရွက်ပေးနိုင်မှုများ၊ နှစ်နိုင်ငံဘက်မှ သိရှိလိုသည်များနှင့် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်မျိုးနိုင်

ရေဘေ

ပြန်လည်ထူထေ

ပြည်ထောင်စုသမ္မတမြန်မ

သတင်းထုတ်ပြန်ရေ

သတင်းထုတ်ပြန်ချက် (

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်

(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ

ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့်ပြ

ဆောင်ရွက်မှုသတင်းထုတ်

၁။ ၂၇-၇-၂၀၁၃ရက်မှစ၍ မိုးသည်းထ

များကြောင့် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်

မိုးကာ ရေဘေးဒုက္ခများ ဖြစ်ပေါ်လျက်ရှိသ

၂။ ကရင်ပြည်နယ်အတွင်း ဘားအံမြို့နယ်

မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ မြဝတီမြို့

တို့တွင် အိမ်ထောင်စုပေါင်း (၆၇၃၃)စုမှ လူ

ကြုံတွေ့သဖြင့် ကယ်ဆယ်ရေးစခန်း (၇၉)

ကရင်ပြည်နယ်အတွင်း ရေလွှမ်းမိုးမှုကြောင့်

ပျောက်ဆုံးလျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုများမှာ

(က) သင်္ကန်းညီနောင်-ကော့ကရိတ်

ကားလမ်းတွင် တောင်ပြိုပိတ်

(ခ) တံတားပျက်စီးမှု

(ဂ) ခေတ္တပိတ်ထားရသော စာသင်

(ဃ) စပါးခင်းရေနစ်မြုပ်မှု

၃။ အလားတူ မွန်ပြည်နယ်အတွင်း ဘီးလ

နှင့်ရေးမြို့နယ်တို့တွင်လည်း ရေလွှမ်းမိုးမှုမျ

ပေါင်း (၁၀၅၀)စုမှ လူ (၄၆၈၀)ဦးတို့ ရေဘေး

ရေးစခန်း (၃၄)ခု ဖွင့်လှစ်ကူညီခဲ့သည်။ ယနေ

ရေးမြို့နယ်တို့တွင် မြစ်ရေပြန်လည်ကျဆင်းသ

များမှာ ၎င်းတို့၏နေအိမ်များသို့ ပြန်လ

ဘီးလင်းမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း (၁

သစ်တောနှင့်သစ်ပင်

...မန်း
...ကြိုပေးအား လက်ခံတွေ့ဆုံ

...ပိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ...အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြ...သော ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးတီခွန်မြတ်နှင့် ...လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ...ည့်သည်တော်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာ...နိုင်ငံတော်ဆိုင်ရာ အမေရိကန်သံအမတ်ကြီးလည်း တက်...ရောက်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ	၁-၈-၂၀၁၃
ရေးမြို့	၄ ဒသမ ၇၆ လက်မ
ထားဝယ်မြို့	၄ ဒသမ ၅၇ လက်မ
မြိတ်မြို့	၄ ဒသမ ၀၆ လက်မ
သံတွဲမြို့	၃ ဒသမ ၈၂ လက်မ

တောင်အင်းတံတားနှင့် နန်းမားကြီးတံတားဖွင့်

မိုးညှင်း ဩဂုတ် ၁

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် နန်းမားကျေးရွာနှင့် တောင်အင်း၊ ကြာကြီးကွင်း၊ တသဲကုန်း၊ ကျွန်းတောစုစည်းကျေးရွာများသို့ ဆက်သွယ်သည့် တောင်အင်းတံတားဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်၊ မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုး၊ တောင်အင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသိန်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ မိုးညှင်းမြို့နယ် တောင်အင်းတံတားအရှည်ပေ ၄၅၀၊တံတားအကျယ် ၁၃ ပေမြင့်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ ထည့်ဝင်ငွေကျပ်သိန်း ၁၈၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ် ၂၁၃ သိန်း စုစုပေါင်းငွေကျပ် ၃၉၃ သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

မိုးညှင်းမြို့နယ်နှင့် ဟိုပင်မြို့နယ် (ခွဲ)သို့ ဆက်သွယ်သည့် မော်တော်ကားလမ်း နန်းမားကြီးတံတားဖွင့်ပွဲကို ဆက်လက်ကျင်းပဆောင်ရွက်ခဲ့ရာ နံနက် ၁၀ နာရီခွဲက ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီးဦးညွန့်အောင်၊ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညီလေး၊ မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆိုပါတံတားအရှည် ၈၈ ပေ၊ အကျယ် ၁၃ ပေရှိပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ငွေကျပ်သိန်း ၄၂၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

...ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေးနှင့် ...ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှု သတင်းထုတ်ပြန်

...ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သတင်းထုတ်ပြန်ရေးအဖွဲ့
...သတင်းထုတ်ပြန်ချက် (၁၁/၂၀၁၃)
...၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
...၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
...များတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုသတင်းထုတ်ပြန်ခြင်း

...ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး မြစ်ရေကြီးမှု ...ပြည်နယ်နှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့တွင် ရေလွှမ်း...မှုများ ဖြစ်ပေါ်လျက်ရှိသည်။

...ယ်အတွင်း ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ ကော့ကရိတ် ...ဝိပ်ကြီးမြို့နယ်၊ မြဝတီမြို့နယ်နှင့် ကမမောင်းမြို့နယ်ခွဲ ...စုပေါင်း (၆၇၃၃)စုမှ လူ(၃၃၄၀၉)ဦးတို့ ရေဘေးဒုက္ခ...ယ်ဆယ်ရေးစခန်း (၇၉)ခု ဖွင့်လှစ်ကူညီလျက်ရှိသည်။ ...ွင်း ရေလွှမ်းမိုးမှုကြောင့် လူ(၃)ဦးသေဆုံးကာ (၁)ဦး ...ပြီး ပျက်စီးဆုံးရှုံးမှုများမှာ အောက်ပါအတိုင်းဖြစ်သည်-

...န်းညီနောင်-ကော့ကရိတ်	၂၅နေရာ၊
...လမ်းတွင် တောင်ပြိုပိတ်ဆို့မှု	
...းပျက်စီးမှု	၁စင်း၊
...ပိတ်ထားရသော စာသင်ကျောင်း	၂၄၅ကျောင်း၊
...င်းရေနစ်မြုပ်မှု	၁၀၉၀၇ဧက။

...န်ပြည်နယ်အတွင်း ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ် ...ွင်လည်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ရာ အိမ်ထောင်စု ...လူ (၄၆၈၀)ဦးတို့ ရေဘေးဒုက္ခကြုံတွေ့ခဲ့ရပြီး၊ ကယ်ဆယ်...ဖွင့်လှစ်ကူညီခဲ့သည်။ ယနေ့နံနက်တွင် ဘီးလင်းမြို့နယ်နှင့် ...မြစ်ရေပြန်လည်ကျဆင်းသွားသဖြင့် ရေဘေးသင့်ပြည်သူ...နေအိမ်များသို့ ပြန်လည်ရောက်ရှိသွားပြီဖြစ်သည်။ ... ကယ်ဆယ်ရေးစခန်း (၁)ခုနှင့် ကျိုက်မရောမြို့နယ်တွင် ကယ်ဆယ်ရေးစခန်း(၃)ခု ဆက်လက်ဖွင့်လှစ်၍ ကူညီစောင့်ရှောက်လျက်ရှိသည်။

၄။ နိုင်ငံတော်သမ္မတသည် ရေလွှမ်းမိုးမှုဖြစ်ပွားသည်ကို သိလျှင်သိချင်း (၃၁-၇-၂၀၁၃)ရက်တွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သော ကြီးကြပ်ကွပ်ကဲရေးအဖွဲ့အား ကူညီကယ်ဆယ်ရေးနှင့် ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်တို့အတွက် ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့သည်။

၅။ ရေဘေးဒုက္ခဖြစ်ပေါ်လျှင်ဖြစ်ပေါ်ချင်း ကရင်ပြည်နယ်အစိုးရနှင့် မွန်ပြည်နယ်အစိုးရတို့သည် ဌာနဆိုင်ရာများ၊ တပ်မတော်တပ်ရင်းတပ်ဖွဲ့များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများ၏ အကူအညီရယူ၍ ရေဘေးသင့်ပြည်သူများအား အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ထိုင်းနိုင်ငံ လူမှုရေးအဖွဲ့အစည်းများကလည်း အိမ်နီးချင်းကောင်းပီသစွာဖြင့် ကရင်ပြည်နယ် မြဝတီမြို့ရှိ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ ကူညီပေးလျက်ရှိသည်။

၆။ ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဉာဏ်ထွန်းဦးစီးသည့်အဖွဲ့သည် ပြည်နယ်အစိုးရ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အရေးပေါ်ကယ်ဆယ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

၇။ ရေဘေးသင့်ပြည်သူများအား အရေးပေါ်စားနပ်ရိက္ခာ၊ အဝတ်အထည်၊ ဆေးဝါးနှင့် အလှူငွေများ လှူဒါန်းလိုပါက ကရင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး (ဖုန်းနံပါတ် ၀၅၈-၂၁၁၈၂၊ ၀၅၈-၂၃၂၁၆၊ ၀၉-၈၇၂၀၈၉၈)နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (ဖုန်းနံပါတ် ၀၆၇-၄၀၄၀၅၀၊ ၀၉-၈၆၀၀၀၂၅)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

...ကနှင့်သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ပြည်တွင်းသတင်း

တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆)ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၂၀/၂၀၁၃)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်
(၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်)
တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆)ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆) ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၁)၊ ၁၃-၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄/၂၀၁၂)၊ ၁၁-၇-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၅/၂၀၁၂)၊ ၁-၈-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၆/၂၀၁၂)၊ ၁၂-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၀/၂၀၁၂)၊ ၁၆-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၃/၂၀၁၂)၊ ၅-၁၀-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၄/၂၀၁၂)၊ ၁၅-၁၁-၂၀၁၂ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၄၈/၂၀၁၂)၊ ၁၂-၃-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၃) နှင့် ၁၀-၄-၂၀၁၃ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၀/၂၀၁၃) တို့တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၃၆) ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကချင်ပြည်နယ်လွှတ်တော်

(၁)	ကြည်း၂၈၃၂၄ ဗိုလ်မှူး ကျော်ဝင်း	(အစား)	ကြည်း ၂၄၃၂၉ ဗိုလ်မှူး အောင်ဆန်းဝင်း

ကယားပြည်နယ်လွှတ်တော်

(၂)	ကြည်း ၃၉၂၁၃ ဗိုလ်ကြီး ဒီပါမောင်	(အစား)	ကြည်း ၃၀၆၄၀ ဗိုလ်ကြီး မျိုးမြင့်

ကရင်ပြည်နယ်လွှတ်တော်

(၃)	ကြည်း ၂၉၇၆၄ ဗိုလ်မှူး ကျော်ကျော်ဦး	(အစား)	ကြည်း ၃၀၅၇၉ ဗိုလ်မှူး မြင့်ဝင်းရွှေ
(၄)	ကြည်း ၃၆၅၂၉ ဗိုလ်ကြီး ဇော်မင်းထွန်း	(အစား)	ကြည်း ၃၀၇၄၅ ဗိုလ်ကြီး ဦးကျော်အေး

ချင်းပြည်နယ်လွှတ်တော်

(၅)	ကြည်း ၃၃၁၆၃ ဗိုလ်မှူး ညီညီဦး	(အစား)	ကြည်း ၃၅၄၁၉ ဗိုလ်မှူး အာကာကျော်မိုး

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

(၆)	ကြည်း ၂၅၂၃၅ ဗိုလ်မှူး ဝင်းညွန့်	(အစား)	ကြည်း ၁၈၆၉၉ ဗိုလ်မှူး တင့်ဆွေ
(၇)	ကြည်း ၂၄၈၆၁ ဗိုလ်မှူး အေးဇော်	(အစား)	ကြည်း ၃၂၂၂၄ ဗိုလ်မှူး ဖြိုးဝေကျော်
(၈)	ကြည်း ၂၈၇၄၆ ဗိုလ်မှူး အေးဝင်း	(အစား)	ကြည်း ၃၃၄၀၄ ဗိုလ်မှူး အောင်သူရ
(၉)	ကြည်း ၃၃၁၆၉ ဗိုလ်မှူး ဇာနည်မင်းပိုက်	(အစား)	ကြည်း ၂၇၅၁၁ ဗိုလ်မှူး သန့်ဇင်ထွေး
(၁၀)	ကြည်း ၃၂၅၇၇ ဗိုလ်ကြီး ဇော်ဝင်းဦး	(အစား)	ကြည်း ၃၂၆၇၀ ဗိုလ်ကြီး နိုင်ဝင်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်

(၁၁)	ကြည်း ၂၆၉၈၉ ဗိုလ်မှူး နိုင်အောင်ဝင်း	(အစား)	ကြည်း ၂၃၉၅၈ ဗိုလ်မှူး ကိုကိုလတ်
(၁၂)	ကြည်း ၃၃၁၈၅ ဗိုလ်မှူး ကျော်ထက်	(အစား)	ကြည်း ၂၉၁၄၈ ဗိုလ်မှူး ဖြိုးမင်းသန့်
(၁၃)	ကြည်း ၄၅၄၁၇ ဗိုလ်ကြီး အောင်အောင်မျိုး	(အစား)	ကြည်း ၃၃၇၇၂ ဗိုလ်ကြီး ကျော်မင်း

မကွေးတိုင်းဒေသကြီးလွှတ်တော်

(၁၄)	ကြည်း ၂၇၀၀၃ ဗိုလ်မှူး ဘိုရဲဝင်း	(အစား)	ကြည်း ၂၉၅၆၄ ဗိုလ်မှူး ရဲမြင့်
(၁၅)	ကြည်း ၂၈၆၆၈ ဗိုလ်မှူး မင်းဟန်ဇော်	(အစား)	ကြည်း ၃၃၃၅၈ ဗိုလ်မှူး သန့်ဇင်ဦး
(၁၆)	ကြည်း ၂၁၄၅၅ ဗိုလ်မှူး သန်းနိုင်ဦး	(အစား)	ကြည်း ၃၁၃၆၆ ဗိုလ်မှူး သိန်းထူး
(၁၇)	ကြည်း ၄၂၅၈၂ ဗိုလ်ကြီး ထွန်းထွန်းနိုင်	(အစား)	ကြည်း ၄၇၁၇၉ ဗိုလ်ကြီး ဝေဖြိုးအောင်
(၁၈)	ကြည်း ၃၆၅၀၇ ဗိုလ်ကြီး တင်ကိုကို	(အစား)	ကြည်း ၄၇၄၅၆ ဗိုလ်ကြီး ကျော်ကိုဦး

မန္တလေးတိုင်းဒေသကြီးလွှတ်တော်

(၁၉)	ကြည်း ၂၇၄၂၅ ဗိုလ်မှူး လှထွန်းအောင်	(အစား)	ကြည်း ၃၄၃၃၄ ဗိုလ်မှူး ဇော်ဇော်ရည်မွန်
(၂၀)	ကြည်း ၃၃၀၇၃ ဗိုလ်မှူး ဇေယျာဝင်း	(အစား)	ကြည်း ၂၈၃၂၅ ဗိုလ်မှူး သိန်းဌေးမောင်
(၂၁)	ကြည်း ၃၃၀၇၅ ဗိုလ်မှူး သန်းစိုး	(အစား)	ကြည်း ၂၄၈၈၂ ဗိုလ်မှူး တင်လှိုင်

ရခိုင်ပြည်နယ်လွှတ်တော်

(၂၂)	ကြည်း ၃၁၉၈၈ ဗိုလ်မှူး နန်းထက်ဝင်း	(အစား)	ကြည်း ၃၀၅၈၂ ဗိုလ်မှူး ထွန်းထွန်းလတ်

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်

(၂၃)	ကြည်း ၁၃၉၃၂ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်	(အစား)	ကြည်း ၃၃၆၂၆ ဗိုလ်မှူး မင်းအောင်ဇော်
(၂၄)	ရေ ၃၉၆၉ ဗိုလ်မှူး အောင်မျိုး	(အစား)	ရေ ၃၉၃၇ ဗိုလ်မှူး ကိုကိုမောင်
(၂၅)	ရေ ၄၀၂၈ ဗိုလ်မှူး မင်းသူ	(အစား)	ရေ ၄၀၁၂ ဗိုလ်မှူး သန်းနိုင်

ရှမ်းပြည်နယ်လွှတ်တော်

(၂၆)	ကြည်း ၃၁၉၃၀ ဗိုလ်မှူး ဝင်းဇော်လတ်	(အစား)	ကြည်း ၂၀၅၈၀ ဗိုလ်မှူး ဇော်လွင်ဦး
(၂၇)	ကြည်း ၃၃၀၆၀ ဗိုလ်မှူး မောင်မောင်လွင်	(အစား)	ကြည်း ၃၀၀၈၉ ဗိုလ်မှူး ဇော်လင်းထွေး
(၂၈)	ကြည်း ၂၉၇၈၉ ဗိုလ်မှူး မိုးကျော်	(အစား)	ကြည်း ၂၇၄၈၈ ဗိုလ်မှူး ဇော်မိုးလွင်
(၂၉)	ကြည်း ၃၅၅၃၉ ဗိုလ်ကြီး မြင့်ကျော်နိုင်	(အစား)	ကြည်း ၃၂၄၆၉ ဗိုလ်ကြီး သန်းမြင့်
(၃၀)	ကြည်း ၂၈၉၄၇ ဗိုလ်ကြီး အောင်ကြည်	(အစား)	ကြည်း ၃၅၁၃၂ ဗိုလ်ကြီး ခင်မောင်ဝင်း
(၃၁)	ကြည်း ၃၆၃၆၇ ဗိုလ်ကြီး အောင်လတ်	(အစား)	ကြည်း ၄၃၂၁၀ ဗိုလ်ကြီး ကျော်ခန့်
(၃၂)	ကြည်း ၃၅၇၁၇ ဗိုလ်ကြီး ဇေယျာလင်း	(အစား)	ကြည်း ၅၃၆၄၀ ဗိုလ်ကြီး ကျော်ညီညီသော်
(၃၃)	ကြည်း ၃၆၅၁၅ ဗိုလ်ကြီး အောင်သူဝင်း	(အစား)	ကြည်း ၄၅၃၇၈ ဗိုလ်ကြီး ဖြိုးမိုးအောင်

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

(၃၄)	ကြည်း ၂၉၇၅၁ ဗိုလ်မှူး စိုးနိုင်	(အစား)	ကြည်း ၂၅၀၇၂ ဗိုလ်မှူး မြင့်နိုင်
(၃၅)	ကြည်း ၃၃၂၁၁ ဗိုလ်မှူး ကျော်စွာထွန်း	(အစား)	ကြည်း၂၈၅၂၁ ဗိုလ်မှူး မော်သူရိန်
(၃၆)	ကြည်း ၄၂၅၂၃ ဗိုလ်ကြီး ဝေဖြိုး	(အစား)	ကြည်း ၄၈၃၅၂ ဗိုလ်ကြီး ကျော်သူ

အမိန့်အရ

(တင်ထွန်း)
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကျေးရွာပြည်သူများသို့ ပျိုးပင်များဖြန့်ဝေ

ပုသိမ်ကြီး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန၏ စီစဉ်မှုဖြင့် မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းသူကိုနှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၅ ရက်မှ ၃၀ ရက်အထိ ကျီကုန်း၊ ဘူးကုန်း၊ ကန်ကောက်၊ ဆင်ရွာကြီး၊ ငြိမ်းချမ်းသာစံ၊ နေရဥယျာ၊ နတ်စိမ်း၊ ကန်သာ၊ ကန်ခွဲ၊ မနောယျမ၊ ပုသိမ်ကလေး၊ ကုလားမတောင်၊ ကောင်းမွန်၊ စကားတောင်၊ မြကန်သာ စသည့်ကျေးရွာများသို့ လှည့်လည်၍ ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေစနစ်ဖြင့် ပျိုးပင်မျိုးစုံ ၁၅၀၀၀ ကျော်ကို ဖြန့်ဝေပေးကြသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဦးစီးဌာနသည် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသလိုအပ်ချက်ဖြစ်သည့် သစ်၊ တိုင်၊ ထင်းများနေရာအနှံ့ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ **အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မိုးညှင်း ပင်လုံကျေးရွာ ကျောင်းရေတိုက်စားမှု ကြိုတင်ကာကွယ်

မိုးညှင်း ဩဂုတ် ၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာ အမကကျောင်း ရေတိုက်စားမှုကိုကာကွယ်ရန် ရေကြောင်းလွှဲခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမွေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများက ဆောင်ရွက်လျက်ရှိသည်။

"အခုဆိုရင် ဘောလုံးကွင်းပေ ၂၀၀ နီးပါး ကျောင်းခြံစည်းရိုး အရှေ့တောင်ထောင့် ဘောလုံးကွင်းနဲ့ဆက်စပ်လျက်ရှိတဲ့ ကျောင်းခြံစည်းရိုးတိုင်ဆယ်တိုင်ခန့် ရေတိုက်စားလို့မျောပါသွားခဲ့တယ်။ ဒေသဖွံ့ဖြိုးရေးအတွက် ဦးကျော်စိုးလွင်ပိုင်ဆိုင်သော ဘက်ဟိုးကားဖြင့် ရေကြောင်းလွှဲလုပ်ငန်းကို ဆောင်ရွက်နေတာပါ"ဟု ပင်လုံကျေးရွာ ကျောင်းအကျိုးတော်ဆောင် ဦးမောင်နိုင်က ပြောကြားသည်။

ပြောကြား

"အခုလို ကြိုတင်ကာကွယ်မှု မဆောင်ရွက်နိုင်ခဲ့လျှင် ချောင်းရေ တိုက်စားမှုကြောင့် ကျွန်တော်တို့ပင်လုံကျေးရွာ အမကကျောင်းလေးဟာ မကြာခင်ရေစီးနှင့်အတူမျောပါသွားနိုင်ပါတယ်၊ ရေတိုက်စားမှုအန္တရာယ်ကိုကြိုတင်ကာကွယ်ဖို့ ရပ်ကွက်ပြည်သူအားနဲ့ ဝိုင်းဝန်းကူညီပံ့ပိုးလုပ်ဆောင်ကြရန် လိုပါတယ်" ဟု ပင်လုံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမွေးက ပြောကြားသည်။

ခင်မောင်ဆွေ(မော်လူး)

အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲနှင့် ငါန်းဇွန်-ငါန်းမြာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

မန္တလေး ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ် ဆင်တပ်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဆင့်တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၈ နာရီခွဲက ကျောင်းရှေ့ဥပစာ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဆိုင်းဘုတ်ကို တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ဇံ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသာတင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငါန်းဇွန်မြို့ အနောက်ဘက်ကျေးရွာ ၃၀ ကျော်တို့မှ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် အကျယ် ၁၂ ပေ၊ အရှည် ၁၈ မိုင် ၂ ဖာလုံရှိ ငါန်းဇွန်-ငါန်းမြာ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ငါန်းမြာကျေးရွာရှိ အဆိုပါ လမ်းသစ်မုခ်ဦး၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်နေမှုနှင့် လမ်းကို ရေရှည်အသုံးပြုသွားနိုင်ရန် ဒေသခံများက ဝိုင်းဝန်းထိန်းသိမ်းသွားရေး တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှဦးက ကျောက်ချောလမ်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူများကိုယ်စား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြတ်သူက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား ကျောက်ချောလမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ် အလံများ ပေးအပ်သည်။

ယင်းနောက် ငါန်းဇွန်-ငါန်းမြာ ကျောက်ချောလမ်းသစ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမြတ်သူနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

မကွေးမြသလွန်ဘုရားပွဲ ကျင်းပနိုင်ရေးဆောင်ရွက်

မကွေး ဩဂုတ် ၁

မြန်မာနိုင်ငံရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မကွေးမြို့ မြသလွန်စေတီတော်မြတ်ကြီး၏ (၂၅၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရန် ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။ နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လ၌ ပွဲတော်ကျင်းပရာနေရာဖြစ်သော မြသလွန်ကုန်းတော်အခြေ၌ ဘုရားပွဲကျင်းပရန် ယာယီဆိုင်ခန်းများ တည်ဆောက်လျက်ရှိနေပြီး ရန်ကုန်၊ မန္တလေးရှိ နာမည်ကျော်ဇာတ်သဘင်များနှင့်အတူ နာမည်ကျော်အနုပညာရှင် တေးသံရှင်များလည်း နှစ်စဉ်နှစ်တိုင်း လာရောက်ဖျော်ဖြေကြသည်။

(၂၅၇၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ဇာတ်ရုံအမှတ်(၁)မြေနေရာကိုလည်း ဩဂုတ် ၃ ရက်တွင် မြသလွန်ကုန်းမြေရှိ မဇ္ဈိမဓမ္မသဘင်၌ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ကြောင်း မြသလွန်စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံးက ကြေညာချက်ထုတ်ပြန်ထားကြောင်း သိရသည်။ **ပိုင်ဇေ(မကွေး)**

မော်ဟန်ကျေးရွာ၌ သဘာဝစိမ့်စမ်းရေကန်တည်ဆောက်

မိုးညှင်း ဩဂုတ် ၁

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာတွင် ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခွဲက ကချင်ပြည်နယ် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်အောင်၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဒေါ်ခင်ပြုံးရီ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါလျက် မော်ဟန်ကျေးရွာအတွင်းသို့ ကိုယ့်အားကိုယ်ကိုးသဘာဝစိမ့်စမ်းရေဖြန့်ဝေပေးမည့် စိမ့်စမ်းရေကန်တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မော်ဟန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဦးနှင့် ရေရရှိရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ အဆိုပါ ကိုယ့်အားကိုယ်ကိုး စိမ့်စမ်းရေကန် တည်ဆောက်ပြီးစီးအောင်မြင်ပါက မော်ဟန်ကျေးရွာနှင့် ဘူတာစုရပ်ကွက်၊ မော်ပင့်ကျေးရွာအတွင်းရှိ အိမ်ခြေ ၅၀၀ ကျော်ခန့်ကို သောက်သုံးရေများ ပေးဝေဖြန့်ချိနိုင်မည်ဖြစ်ကြောင်း သိရသည်။

နီတိုး(မော်လူး)

မူးယစ်ဆန့်ကျင်ရေးအသင်းကကြီးမှူး၍ စာစီစာကုံးပြိုင်ပွဲကျင်းပ

ရမည်းသင်း ဩဂုတ် ၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်အတွင်း ကျောင်းသား ကျောင်းသူများ ဩဂုတ် ၁ ရက် နံနက် ၉ နာရီက မြို့မအထကကျောင်း၌ အထက်တန်းနှင့် အလယ်တန်းအဆင့် မူးယစ်ဆေးဝါးအန္တရာယ်ဆန့်ကျင်ရေး စာစီစာကုံးရေးပြိုင်ပွဲကျင်းပသည်။ ယင်းစာမေးပွဲသို့ အထက်တန်းအဆင့် ၁၆၃ ဦးနှင့် အလယ်တန်းအဆင့် ၁၂၇ ဦး စုစုပေါင်းဖြေဆိုသူ ၂၉၀ ရှိခဲ့ပြီး ရမည်းသင်းမြို့နယ် မြန်မာနိုင်ငံမူးယစ်ဆန့်ကျင်ရေးအသင်းမှ မြို့နယ်အသင်းဝင်များက ဆုရရှိသူများကို ထိုက်တန်စွာ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဦး(ရမည်းသင်း)

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT FOR

TUN FOUNDATION BANK LIMITED

VACANCY ANNOUNCEMENT FOR

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှ အကြွေးပေးသွင်းရန် ကျန်ရှိသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၏ (၂၀၁၁-၂၀၁၂) ဘဏ္ဍာရေးနှစ် ပထမ(၆)လ လုပ်ငန်းနှင့်စာရင်းများ စစ်ဆေးချက်အရ ကြွေးကျန်ကျပ်သန်း (၄၂၃၅၆ ဒသမ ၉၉၂)ဖြစ်ပေါ်ခဲ့ကြောင်း စာရင်းစစ်ကန့်ကွက်ချက်အရ စစ်ဆေးတွေ့ရှိရပြီး (၃၁-၃-၂၀၁၃)ရက်နေ့အထိ ကြွေးကျန်ကျပ်သန်း (၂၈၆၈၄ ဒသမ ၇၄၄)ဖြစ်ပါသည်။ (၃၀-၆-၂၀၁၃)ရက်နေ့အထိ ကြွေးကျန် ကျန်ရှိငွေမှာ ကျပ်သန်း (၂၈၆၀၄ ဒသမ ၉၉၉)ဖြစ်ပါသည်။

၂။ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် အထက်ပါ ဘဏ္ဍာနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ပေးဆပ်ရန်ဖြစ်သော်လည်း ပေးဆပ်ခြင်းမရှိသောကြောင့် ကျန်ရှိသူများအား အကြွေးပြန်လည်ရရှိရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် စုစည်း၍ (၆)ကြိမ် ခေါ်ယူရှင်းလင်းခဲ့ပြီး မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းမှလည်း တစ်လ လျှင်တစ်ကြိမ် အကြွေးတောင်းခံသည့် Notice စာနှင့် ကြွေးပြန်လည်မပေးဆပ်ပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူးများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင် (၇၅) ဦးတို့အကြား ချုပ်ဆိုထားသော စာချုပ်များအရ ပေးဆပ်ရန် ကြွေးကျန်များကို သတ်မှတ်ရက်အတွင်း ပေးသွင်းရန်နှင့်ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် Legal Notice ပေးပို့ရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ဥပဒေအကြံပြုချက် တောင်းခံပြီးဖြစ်၍ သတ်မှတ်ပုံစံများအတိုင်း ကြွေးပေးဆပ်ရန်ကျန်ရှိသည့် ပုဂ္ဂိုလ်များအနက် (၆၅)ဦးတို့အား Legal Notice စာများပေးပြီး နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပြီးဖြစ်ပါသည်။ ထပ်မံစိစစ်ပြီးချက်အရ နိုင်ငံတော်သို့ အကြွေးပေးဆပ်ရန် ကျန်ရှိသည့်လုပ်ငန်းရှင်နှင့် ကုမ္ပဏီ (၁၀) ဦးအား Legal Notice စာများ ယနေ့ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အကြွေးပေးဆပ်ရန် ကျန်ရှိသည့် ပုဂ္ဂိုလ် (၁၀)ဦးသည် ယခုကြော်ငြာချက် ထုတ်ပြန်သည့်နေ့မှစ၍ (၃၁-၈-၂၀၁၃) ရက်နေ့အတွင်း ပေးသွင်းရန် ကျန်ရှိသည့် ကြွေးကျန်များအား လာရောက်ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလအတွင်း ပေးသွင်းရန် ပျက်ကွက်ပါက စာချုပ်ပါစည်းကမ်းများ ဖောက်ဖျက်သည့်အတွက် တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြော်ငြာအပ်ပါသည်။

(ကျပ်သန်း)

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ကုမ္ပဏီအမည်	နေရပ်လိပ်စာ	ကြွေးယူသည့် စက်ရုံအမည်	ကြွေးအမျိုးအစား	၂၆-၇-၂၀၁၃ လက်ကျန်
၁	ဦးမင်းသိမ်း	၁၃/ကမန(နိုင်) ၀၀၁၅၉၃	မွေးမြူရေး လုပ်ငန်းရှင်	အမှတ်(၈၉/၉၀)၊ အခန်း (၃-B)၊ ဗဟိုစည်အိမ်ရာ	လှော်ကား	ငါးစာ	၆၂၈၁. ၆၇၇
၂	ဦးမင်းသိမ်း (သုံးပွင့်ဆိုင်)	၁၃/ကမန(နိုင်) ၀၀၁၅၉၃	မွေးမြူရေး လုပ်ငန်းရှင်	အမှတ်(၈၉/၉၀)၊ အခန်း (၃-B)၊ ဗဟိုစည်အိမ်ရာ	လှော်ကား	ငါးစာ	၅၁၃၉. ၆၉၅
၃	ဒေါက်တာ ကောင်းညွန့်	၁၁/သတန(နိုင်) ၀၅၃၂၅၁	မြို့နယ်ဦးစီးမှူး (ငြိမ်း)	ကဒုံကနီကျေးရွာ၊ဘိုကလေးမြို့	ဒိုက်ဦး	ဝက်ဖိုး	၉. ၈၀၃
၄	ဦးမောင်မောင်ကြီး	၁၃/လရန(နိုင်) ၀၀၇၈၃၂	မွေးမြူရေး လုပ်ငန်းရှင်	ဗလမင်းထင်၊ နားလုံကျေးရွာ၊ လားရှိုး	လားရှိုး	ဝက်ဖိုး	၇၃. ၃၅၈
၅	ဦးမျိုးမင်းသိန်း	၁၂/မရက(နိုင်) ၀၀၄၇၄၃	မြတ်ပန်းခေတ် ကုမ္ပဏီ	အမှတ်(၂၈၂/၂၇၃)၊ (၈) အေ၊ ဗိုလ်အောင်ကျော်အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး	ဒိုက်ဦး	မြေသြဇာ	၄၈၅. ၁၆၈
၆	ဦးကျော်ဝင်း	KYN/၁၀၈၀၈၂	မွေးမြူရေး လုပ်ငန်းရှင်	အမှတ်(၃၄၀)၊အောင်သုခလမ်း(၉)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ပျဉ်းမပင် ဖောက်စက်	ကြက်ပေါက်	၉၁. ၅၆၁
၇	ဦးဟိန်းဇော်စစ်	၁၄/ဟသတ(နိုင်) ၀၀၀၁၄၇	မွေးမြူရေး လုပ်ငန်းရှင်	အမှတ်(၃၀၅)၊သမိုင်းဘူတာရုံလမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်း၊ ရန်ကုန်တိုင်းဒေသကြီး	ပျဉ်းမပင် ဖောက်စက်	ကြက်ပေါက်	၆. ၅၂၇
၈	ဦးနိုင်ဝင်း	၁၄/ညတန(နိုင်) ၀၄၇၈၇၀	မွေးမြူရေး လုပ်ငန်းရှင်	မဲဇလီဒလကျေးရွာ၊ ညောင်တုန်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး	ပျဉ်းမပင် ဖောက်စက်	ကြက်ပေါက်	၀. ၃၂၅
၉	ဦးမျိုးနိုင်	၁၃/နမန(နိုင်) ၀၂၂၄၆၆	တိုးပွားအောင် ကုမ္ပဏီ	အမှတ်၊ည/ဂ-၈၃၊သစ္စာလမ်း၊ (၉)ရပ်ကွက်၊ လားရှိုး	ပျဉ်းမပင် ဖောက်စက်	ကြက်ပေါက်	၁၃. ၆၅၆
၁၀	ဦးဟိန်းဇော်စစ်	၁၄/ဟသတ(နိုင်) ၀၀၀၁၄၇	မွေးမြူရေး လုပ်ငန်းရှင်	အမှတ်(၃၀၅)၊သမိုင်းဘူတာရုံလမ်း၊(၁) ရပ်ကွက်၊ မရမ်းကုန်း၊ရန်ကုန်တိုင်းဒေသကြီး	ဒိုက်ဦး	ဝက်ဖိုး	၁၁၁၈. ၇၇၉
	စုစုပေါင်း						၁၃၂၂၀. ၅၄၉

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ကျေးရွာမီးလင်းရေးတိုးချဲ့ဆောင်ရွက်ပေးနိုင်တော့မည့် တောင်သာမြို့နယ်ရှိ 5 MVA ထရန်စဖော်မာအသစ်တပ်ဆင်နေသည်ကို တွေ့ရစဉ်။

လင်းလက်ကြယ်(တောင်သာ)

စာမျက်နှာ ၇ မှ

ဦးရဲမြင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒီဥပဒေကနဂိုကတည်းက ရှိပြီးသားပါ။ လိုက်နာမှုအားနည်းတာကို အားလုံးသိကြမှာပါ။ အရောင်ဆိုးတဲ့ အရည်အသွေးမပြည့်တဲ့ စားသောက်ကုန်တွေ ဘေးနိုင်ငံတွေက အိမ်တွင်းစက်မှုလက်မှုတွေကနေဝင်လာတာကိုလည်း သိကြပါတယ်။ ဒါကို ကာကွယ်ဖို့ ပြည်သူလူထုအားလုံးပူးပေါင်းပါဝင်ဖို့လိုပါတယ်။ကျန်းမာရေးအဖွဲ့အစည်းတွေက ပညာပေးမယ်။ ဥပဒေအရ အရေးယူဖို့ရဲတို့တရားရေးတို့ သတင်းပေးဖို့ ပြည်သူများအဘက်ဘက်က ပူးပေါင်းဆောင်ရွက်ကြရင် ဒီဥပဒေက အသက်ဝင်လာမှာပါ။ အားလုံးနဲ့ သက်ဆိုင်ကြပါတယ်။ အခုဆို အရင်ဥပဒေကို ပြင်ဆင်တာလုပ်တယ်။ ခေတ်နဲ့လျော်ညီအောင် ပြင်ဆင်လိုက်တာပါ။ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေရောထည့်ထားတယ်။ ပြီးတော့ ဒဏ်ငွေ။ ဒဏ်ငွေကအရမ်းနည်းရင် လိုက်နာသူနည်းမယ်။ ဒါကြောင့် ဒါကိုလည်း ပြင်ပါတယ်။ ဒီဥပဒေကြမ်းပြီးရင် နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်တွေကို သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ အစိုးရအဖွဲ့တွေက ပြန်လည်ပြဋ္ဌာန်းပြီး ပြန်တင်ဖို့လိုတယ်။ အဲဒါတင်ပြီးရင် နည်းဥပဒေ အတည် ဖြစ်သွားပြီဆိုရင် ပိုပြီး အသက်ဝင်သွားမှာပါ။

အားကစားအထူးအချပ်ပို ကြော်ငြာထည့်နိုင်

အားကစားဝတ်စုံ၊ အားကစားပစ္စည်း၊ ဆုတံဆိပ်၊ ဆေးဝါးစသည့် ကြော်ငြာများကို အပတ်စဉ် သောကြာနေ့တိုင်း ထုတ်ဝေသည့် မြန်မာ့အလင်း အားကစားကဏ္ဍ အထူးရောင်စုံအချပ်ပိုတွင် ထည့်သွင်းခြင်းဖြင့် အောင်မြင်မှု ရယူပါ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

တင်ပို့နေရသော်လည်း ဈေးမရသည့် ပြည်တွင်းပဲဈေးကွက်

နေပြည်တော် ဩဂုတ် ၁

ပြည်တွင်းသုံးစွဲမှုထက် ပြည်ပ ဈေးကွက်ကို အဓိကထား ရောင်းဝယ်ဖောက်ကားနေသည့် ပဲမျိုးစုံဈေးကွက်၌ ဈေးနှုန်းကျဆင်းခြင်းကြောင့် ကုန်သည်များ လုပ်ငန်းလည်ပတ်ရန် အခက်အခဲများ ဖြစ်ပေါ်နေရကြောင်း ပဲဈေးကွက်အတွင်းမှ သိရသည်။

ထိုကဲ့သို့ ပဲဈေးနှုန်းကျဆင်းမှုသည် မြန်မာနိုင်ငံ၌ သုံးနှစ်သုံးမိုးရှိနေပြီဖြစ်ရာ ကုန်သည်ကြီးအများစုသာ တောင့်ခံထားနိုင်ပြီး ပဲလုပ်ငန်းရှင်ငယ်များမှာ အခြားသီးနှံလုပ်ငန်းများဆီသို့ ဦးတည်ရန်ပင် ပြင်ဆင်နေပြီဖြစ်ကြောင်း မုံရွာကုန်စည်ဒိုင်အသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

“ပဲဈေးက သုံးနှစ်လောက်ရှိပြီ တက်မလာဘဲ ပိုလို့ထိုးကျနေတယ်။ တောင်သူတွေအနေနဲ့ကတော့ စိုက်စရိတ်ကျန်ပါတယ်။ အမြတ်မများတာပဲရှိတာပါ။ ဒါပေမယ့် ကုန်စည်ဒိုင်တွေကျတော့ ပြည်တွင်း လက်ကျန်များနေတယ်။ အဲဒီတော့ ဈေးက ဆွဲတင်လို့ မရဘူး။ နောက်တစ်ခုက ပဲကို အဓိကမှာယူနေတာ အိန္ဒိယနိုင်ငံက ဖြစ်ပါတယ်။ ပဲဈေးကွက်က ၂၀၀၇ ခုနှစ် ဝန်းကျင်ကလို ခေတ်မကောင်းတော့ဘူး။ ဈေးကစားတဲ့ အရောင်းအဝယ်သမားတွေနဲ့ အိန္ဒိယအဝယ်တော်ကုမ္ပဏီအချို့ရဲ့ ဈေးနှိမ်မှုတွေကြောင့် အနိမ့်ဈေးနှုန်းတွေနဲ့ပဲ အရောင်းအဝယ်လုပ်နေရပါတယ်”ဟု ပဲလုပ်ငန်းရှင် ဦးမောင်မောင်စိန်က ပြောသည်။ ယခုနှစ်ပဲထွက်နှုန်းနှင့် အရည်အသွေးမှာ အထိုက်အလျောက် ကောင်းမွန်မှုရှိနေကြောင်း သိရသည်။

“ဈေးကွက်ကို အိန္ဒိယကယူထားပြီး သူတို့က မြန်မာနိုင်ငံကလည်း တင်သွင်းတယ်။ သူတို့ကိုယ်တိုင်လည်းစိုက်တယ်။ ပြီးရင်ပြန်ပြီး Export လုပ်တယ်၊ သူတို့နိုင်ငံမှာလည်း ပဲစားသုံးသူက များတယ်။ အခြားနိုင်ငံကို ဈေးကွက်ချဲ့ထွင်ဖို့ဆိုတာလည်း သူများနိုင်ငံတွေက အိန္ဒိယနိုင်ငံလောက် ဖြုန်းအားမရှိဘူး။ ကျွန်တော်တို့ ပြုပြင်ရမှာတွေ များတယ်ဗျ။ အဓိကကတော့ တောင်သူတွေက စတာပေါ့။

“စိုက်ပျိုးတဲ့ စနစ်ပြောင်းပြီး သီးနှံအထွက်ပိုကောင်းအောင်အရည်အသွေးပြည့်မီအောင် လုပ်ရမယ်။ အိန္ဒိယကို ကျွန်တော်ရောက်သွားတော့ သူတို့ဆီက သီးနှံအထွက်နှုန်းကိုလေ့လာတဲ့အခါ တကယ်ကို အရည်အသွေးပြည့်တဲ့သီးနှံတွေ စိုက်ပျိုးအောင်မြင်တာတွေ့ရတယ်။ ပဲစင်းငုံတောင် ကျွန်တော်တို့ပဲနဲ့ယှဉ်လိုက်ရင် အလွန်ကွာတယ်။ အသီးလှတယ်ပေါ့ဗျာ။ ကျွန်တော်တို့ကုန်သည်တွေ တောင်သူထွက်တာတွေကို ပေါ်ချိန်မှာ လိုက်ကောက်နေမယ့်အစား ကိုယ်တိုင်မထွန်ရုံ ပံ့ပိုးပေးပြီးမှ ကိုယ့်ဈေးကွက် ကိုယ်မြှင့်ရမယ့် အနေအထားဖြစ်နေပြီ”ဟု မုံရွာ ကုန်စည်ဒိုင် တာဝန်ရှိသူတစ်ဦးက ကုန်ပစ္စည်းအရည်အသွေးနှင့် ပတ်သက်၍ သူ့အမြင်ကို ပြောကြားသည်။

ခင်ရတနာ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁-၈-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၉၄၅၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၅၂၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၉ - ၉၇၉	ကျပ်
ဥရောပ	တစ်ယူရို	၁၂၈၈ - ၁၃၀၆	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၆၁ - ၇၇၃	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၂ - ၃၁. ၅	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆ - ၁၆. ၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၃ - ၁၅၇	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈ - ၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၁၈၀၀ - ၃၅၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၇၀၀ - ၆၈၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀ - ၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀ - ၈၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀ - ၂၆၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၁၂၀၀၀ - ၂၁၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၅၀၀ - ၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၄၀၀၀ - ၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀ - ၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၈၃၀၀
၂။	ပေါ်ကွဲ	တစ်အိတ်	၂၂၀၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၄၀၀၀-၂၉၅၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၃၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၄၉၀-၅၇၀
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၈၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၅၀-၁၀၀၀
၉။	အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၀၀-၅၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၂၁၀၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀
၁၂။	သကြား	တစ်ပိဿာ	၉၃၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ[၃])၊ လူနေရပ်ကွက်(S-၉)၊ မြေကွက်အမှတ်(၁၂၉)၊ မြေဧရိယာ ဝဒသမဝ၆ဝဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိယခုအခေါ် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ရှမ်းလမ်း၊ အမှတ်(၆၈/၇၀)ဟုခေါ်တွင်သည့် အိမ်၊ မီတာအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်အေးနန်း ၉/မနမ(နိုင်)၀၀၀၂၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏စရန်ငွေကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့် အိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလဲ့ဝင်း LL.B,D.B.L အထက်တန်းရှေ့နေ

အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

Fax-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ဖခင်အမည်မှန်

အထက(သုဝဏ္ဏ)ကျောင်းမှ တက္ကသိုလ်ဝင်တန်း(I)တွင် ပညာသင်ကြားနေသော မောင်ရသထွေး၏ ဖခင် အမည်မှန်မှာ ဦးကျော်လွင် ၁၂/သဃက (နိုင်)၀၂၇၉၇၁ ဖြစ်ပါသည်။ **ဦးကျော်လွင်**

ပျောက်ဆုံး

ကျွန်မ ဒေါ်အိအိဇင် ၁၂/ဗတထ(နိုင်) ၀၀၀၂၀၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် A-170371 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၀၈၁၇၄၅၊၀၉-၅၀၄၅၄၈၁

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-စံချိန်မီအဆင့် ၁၊ မြေကွက်အမှတ် ၆၀၀၊ မြေအကျယ်အဝန်းပေ (၄၀×၆၀)ရှိ ဒေါ်သန်းနှစ်အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အလွတ်ကို ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့်ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ သုံးရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ LL.B**
(စဥ်-၂၅၁၆၅)	**(စဥ်-၂၆၁၉၉)**

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၁၆/၂ ရပ်ကွက်၊ သုဒဿန(၃)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၂၊ မြေကွက်အမှတ် ၁၆၄၊ ဧရိယာ စတုရန်းပေ ၂၄၀၀ ရှိ နှစ်ထပ်တိုက်ပါ ခြံ၊ မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အတာ ၈/ခမန(နိုင်)၀၈၅၂၂၈ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီး မြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွေးအောင် LL.B, Dip in Computer Studies

အထက်တန်းရှေ့နေ (စဥ်-၃၂၉၄၂)

အမှတ်(၃/၇၇)၊ သဇင်ဖြူလမ်း၊ ပါရမီ၊

(၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၃၁၀ ၄၈၀၉၉၊ ၆၆၁၇၆၀

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ တိုက်အမှတ် ၁/၂၊ ပထမထပ်၊ အခန်း ၆၄၆ နေ ဒေါ်အမူရသွန်း ၁၂/လမန(နိုင်)၁၂၇၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံးသွားပါသဖြင့် လက်ဝယ်ရရှိသူများမှ ဒေါ်အမူရသွန်းထံ ပြန်လည်ပေးအပ်ပါက ကျေးဇူးပြုမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။ ဒေါ်အမူရသွန်း၏ နိုင်ငံသားစိစစ်ရေးကတ်ဖြင့် ဆောင်ရွက်ချက်များကို သဘောတူခွင့်မပြုပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြစီ

တရားလွှတ်တော်ရှေ့နေ (စဥ်-၄၅၃၄)

အမှတ် ၇၃၊ A- 3 အောင်မေတ္တာ (၁)လမ်း

(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း -၀၉-၇၃၁၆၃၆၈၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊မြေတိုင်းရပ်ကွက်-စံချိန်မီအဆင့် ၁၊ မြေကွက်အမှတ် ၅၂၆၊ မြေအကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဒေါ်လီဝင်းအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အလွတ်ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့်ဝယ်ယူကာ လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်မှုအပေါ် ကန့်ကွက်လိုပါက ယနေ့မှစ၍ သုံးရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးမြင့်အောင် LL.B	**ဦးအေးမင်းသူ** LL.B
(စဥ်-၂၅၁၆၅)	**(စဥ်-၂၆၁၉၉)**

အထက်တန်းရှေ့နေများ

အမှတ် ၆၀၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့် ၅ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ရွှေဘုံသာအိမ်ရာဝင်းအတွင်းရှိ မြေနေရာများအတွက် လယ်သမားများဖြစ်သော ဒေါ်မြခင် ISN-၅၇၁၃၅၇၊ ဦးဖိုးမြစ် ISN-၂၇၀၄၆၅၊ဦးစံကြည် ISN-၂၇၀၃၈၁၊ ဦးမြင့်ကြည် ISN-၆၂၆၀၃၈၊ ဦးဘကြည် ISN-၂၇၀၄၆၁ ငါးဦးအား ကရုဏာကြေးပေးချေမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ (၁)၏ ရှေ့မှောက်တွင် ဥပဒေနှင့်အညီ ကရုဏာကြေးပေးမည်ဖြစ်ပါသည်။

ကူစွိတံကုမ္ပဏီလီမိတက်

အမှတ်(၂၉/B)၊ ပါရမီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၆၅၁၁၀၉

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သားဖြစ်သူ ကိုစိုးလွင် ၉/မမန(နိုင်) ၀၁၂၈၇၄ သည် မိဘများအား စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပြီး နေအိမ်မှ၄င်း၏သဘောအလျောက် ထွက်သွားပါသဖြင့် မိမိတို့၏သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

၄င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိမိတို့နှင့်လုံးဝမသက်ဆိုင်ပါသဖြင့် တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးမြင့်လွင်

၁၂/မဂဒ(နိုင်)၀၁၉၂၄၈

သတင်းဆောင်းပါးနှင့်ပြည်တွင်းသတင်း

ယာဉ်ထိန်းရဲများအားလုံး အကုန်ထွက်ရှင်းစနစ်ဖြင့် ယာဉ်ကြောပိတ်ဆို့မှု ဖြေလျှော့ပြီ

"ရန်ကုန်မြို့က အခုနောက်ပိုင်း နေရာတိုင်းမှာ ယာဉ်ပိတ်ဆို့မှုတွေ ပိုများလာတယ်။ တစ်နေ့က ကျွန်တော်တို့ လမ်း ၅၀ မှတ်တိုင်ကနေ ကုန်ဈေးတန်းမှတ်တိုင်အထိ လိုင်းကားစီးတာ တစ်နာရီကျော်လောက် ကြာတယ်။ နောက်သတင်းတွေထဲမှာလည်း ဖတ်ဖတ်နေရတယ်။ ဘုရင့်နောင်ဆိုတစ်ခါယာဉ်ကြောပိတ်တာ နေ့ဝက်ကျိုးအောင် စံချိန်တင်တယ်ဆိုပဲဗျ" ဟု လက်ဖက်ရည်ဆိုင်ထိုင်ဖက်မိတ်ဆွေတစ်ဦးက စကားစခဲ့သည်။



ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး ဆောင်ရွက်နေသော တာဝန်ကျ ယာဉ်ထိန်းရဲတစ်ဦးကို တွေ့ရစဉ်။

ယနေ့နိုင်ငံတော် အစိုးရသစ် လက်ထက်တွင် ယာဉ်အို ယာဉ်ဟောင်းများ အပ်နှံမှုစနစ် စပြီး နောက်ပိုင်း ရန်ကုန်မြို့၌ မော်တော်ယာဉ်များ အလွန့်အလွန် များပြားလာခဲ့သည်။ လက်ရှိ ရှိပြီးသား လမ်းများအဖို့ အလိုအလျောက် ကျဉ်းလာသလို ဖြစ်ခဲ့ရသည်။ ကားသစ်များနှင့် လမ်းဟောင်းများ သဟဇာတ မမျှမတ ဖြစ်လာတော့သည်။

မြို့တော်စည်ပင် လမ်း၊ တံတားမှ တာဝန်ရှိသူများကလည်း တတ်စွမ်းသမျှ လမ်းများကို ပြုပြင်ခြင်း၊ ချဲ့ထွင်ခြင်းများ ပြုလုပ်နေသည်ကို တွေ့ရပါသည်။ သို့သော်လည်း သောင်းချီဝင်လာသော ကားများနှင့် နှိုင်းဆပါက ထိရောက်မှု အားနည်းနေသေးသည်က အမှန်ပါပင်။

ထို့အတူ မြို့လုံးအနှံ့ယာဉ်ထိန်းရဲများဖွေးဖွေးလှုပ်အောင်ချ၍ ဝီစီသံများသာ သောသောညံခဲ့သည်။ မှုတ်ရလွန်းလို့ ပါးများပင် ညောင်းရော့မည်။ နောက်မဆုတ်သာ ရှေ့မထွက်သာ ယာဉ်ကြော အကျပ်အတည်းများအကြား ကိုရွှေရဲကြီးများကိုလည်း အလွန်မှပင် စာနာသနားမိပါသည်။

ယခုတစ်ဖန် ထပ်မံ၍ ရန်ကုန်မြို့၌ ယာဉ်ကြော အလွန်ရှုပ်ထွေးနေသည့် ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်ဆွန်ပက်လမ်း၊ လမ်းမတော် သံဈေးထောင့်၊ မဟာဗန္ဓုလလမ်းမကြီးတစ်လျှောက်၊ ဟံသာဝတီအဝိုင်းလမ်းဆုံ၊ ဦးထောင်ဘိုလမ်းဆုံ၊ ကမ္ဘာအေးဘုရားလမ်းတစ်လျှောက်၊ မင်္ဂလာတောင်ညွန့် (ယုဇနပလာဇာအနီး) ကိုးနေရာတို့၌ ယာဉ်ထိန်းရဲအင်အား ထပ်မံတိုးမြှင့်ချထားကာ ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း သတိထားမိလာခဲ့သည်။

ယာဉ်ထိန်းရဲအရာရှိ တစ်ဦးက "ယာဉ်ကြော အရှုပ်ထွေးဆုံးနေရာတွေမှာ ယာဉ်ထိန်းအင်အား ရှစ်ဦးကနေ ၁၂ ဦးအထိ တိုးမြှင့်ပြီး ဆောင်ရွက်ပေးနေပါတယ်"ဟု ရှင်းပြမှုကြောင့် သိခွင့်ရခဲ့သည်။

ထို့အပြင် ယာဉ်ကြောအရှုပ်ထွေးဆုံး ဖြစ်တတ်သည့် ရုံးတက် ရုံးဆင်းချိန်များ၌ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် မြို့နယ်အလိုက် တာဝန်ထမ်းဆောင်နေကြသော ယာဉ်ထိန်းရဲများအားလုံး တစ်ယောက်မကျန် လမ်းပေါ်သို့ထွက်၍ လမ်းရှင်းသည့် စီမံချက်ကို စတင် အကောင်အထည်ဖော်လျက်ရှိနေသည်ကို တွေ့ရသည်။ လမ်းပေါ်ထွက်ရန် တာဝန်ပျက်ကွက်ပါက ၄င်းယာဉ်ထိန်းရဲကို စစ်ဆေးအရေးယူသွားမည်ဟုလည်း သိရသည်။

မဟာဗန္ဓုလလမ်း၊ သိမ်ကြီးဈေးရှေ့၌ တာဝန်ကျနေသော ယာဉ်ထိန်းရဲတစ်ဦးက "တကယ်ဆိုတစ်ကားနဲ့တစ်ကား နားလည်မှုလေးတွေရှိကြမယ်၊ ကိုယ့်ကားထွက်ရေးကိုပဲ ဦးစားပေးပြီး တစ်ဖက်သတ်မကြည့်ဘဲ သူလည်း သွားလို့ရအောင်၊ ကိုယ်လည်းထွက်လို့ရအောင် အလျှော့အတင်းလေးတွေနဲ့ မောင်းကြမယ်ဆိုဒီလောက်အခက်အခဲဖြစ်စရာ မရှိပါဘူး။ အခု ကားအားလုံးနီးပါးက တစ်ကားနဲ့တစ်ကား မလျှော့ကြတဲ့အတွက်ပါ။ နောက် လိုင်းကားကြီးတွေမောင်းတဲ့ ယာဉ်မောင်းအတော်များများက စိတ်မရှည်ကြဘူး။ အကောင်ကြီးတဲ့အတွက် အင်အားနဲ့ခေါင်းဝင်ထိုးကြတယ်။ ဒါကြောင့် ယာဉ်ကြောပိတ်ဆို့မှုတွေက ဖြစ်သင့်တာထက် ပိုဖြစ်နေတာပါ"ဟု သုံးသပ်ပြောကြားသည်ကို နားထောင်လျက် ဘတ်စ်ကားများပေါ်၌ မကြာခဏတွေ့မြင်ခဲ့ရသော "စိတ်ရှည်သည်းခံလမ်းကြောင်းမှန် မောင်းရန်မော်တော်ကား"ဆိုသည့် စာတန်းဆောင်ပုဒ်လေးများ တစ်စတစ်စ ပျောက်ကွယ်သွားသည်ကို ပြန်လည်အမှတ်ရမိပါသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

စစ်ကျန်ဗုံး ၁၁ လုံးတွေ့ရှိ

ပဲခူး ဩဂုတ် ၁

ပဲခူးမြို့နယ် ဆက်ချောင်းကျေးရွာ အနောက်မြောက်ဘက် တစ်မိုင်အကွာ ဦးမင်းအောင်၏ ရော်ဘာစိုက်ခြံ ဧက ၁၀၀ တွင် ဇူလိုင် ၃၀ ရက်က ရော်ဘာလုပ်သားများက ရော်ဘာပင်စိုက်ရန် မြေကြီးတူးရာ ဗုံးတစ်လုံးတွေ့ရှိသဖြင့် ဆက်ချောင်းကျေးရွာ ရာအိမ်မှူး ဦးသန်းထွန်းနိုင်က အမှတ် (၃)စခန်းသို့ သတင်းပို့ပြီး ဆက်လက်တူးဖော်ခဲ့ရာ အရှည် ၃၆ လက်မ၊ အချင်း ၈ လက်မခန့်ရှိ စစ်ကျန်ဗုံး စုစုပေါင်း ၁၁ လုံးကို တူးဖော်ရရှိရာ လုံးပတ်တူအရွယ်တူထိပ်ဖူးပါဗုံး ရှစ်လုံးနှင့် ထိပ်ဖူးမပါ ဗုံးသုံးလုံးကို တွေ့ရှိခဲ့ပြီး ယင်းစစ်ကျန်ဗုံးများကို သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်ရန်စီစဉ်လျက်ရှိကြောင်း သိရသည်။ **သန့်စင်**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မောင်ဝင်းတင့်အောင်အား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။ (ဝ၂၁)

ရဟန်းခံမပေးသဖြင့် လူတစ်ဦးကြိုးဆွဲချသေဆုံး

ဖြူး ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ သိမ်ကုန်းရပ်ကွက် အောင်မင်္ဂလာ (၅) လမ်းတွင် လူတစ်ဦး ကြိုးဆွဲချသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၃၀ ရက် နံနက် ၁၁ နာရီခွဲက ဖြူးမြို့ သိမ်ကုန်းရပ်ကွက် အောင်မင်္ဂလာ(၅)လမ်း နေအိမ်တစ်အိမ်တွင် လူတစ်ဦး ကြိုးဆွဲချသေဆုံးနေကြောင်း ရာအိမ်မှူး ဦးဝင်းငွေက ဖုန်းဖြင့် အကြောင်းကြားသဖြင့် တာဝန်မှူး တပ်ကြပ်ကြီး စိုးသင်းနှင့် နယ်ထိန်း ဒုတပ်ကြပ် စိုးညွန့်အောင်တို့ အခင်းဖြစ်နေအိမ်သို့ သွားရောက်စစ်ဆေးရာ အောင်ကျော်လတ် (၂၈ နှစ်)သည် သုံးပေအမြင့် သုံးပင်ပတ်လည် ပျဉ်ခင်း၊ ထရံကာ၊ ဓနိမိုး နေအိမ်ကြမ်းပြင်မှ အမြင့် ၁၂ ပေခန့် အိမ်ခေါင်ထုပ်တန်းတွင် တစ်မတ်လုံးခန့် အနီရောင် ၁၂ ပေရှည် ပလတ်စတစ်ကြိုးဖြင့် လည်ပင်းစွပ်လျက် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသည်။ သေဆုံးသူ အောင်ကျော်လတ်သည် ကျပန်းလုပ်၍ ဇနီး မဆွေဆွေသင်း (၂၁ နှစ်)၊ မိခင်ဒေါ်မြင့်ရီ (၅၀ နှစ်)တို့နှင့် အတူနေထိုင်ပြီး လွန်ခဲ့သည့် သုံးရက်ခန့်က မိခင်နှင့် ဇနီးဖြစ်သူတို့အား ၎င်းကို သင်္ကန်းဝတ်၊ ရဟန်းခံပေးရန်၊ သင်္ကန်းဝတ် မပေးပါက ကြိုးဆွဲချသေဆုံးမည်ဟု မကြာခဏပြောဆိုခဲ့ကြောင်း၊ ဇူလိုင် ၃၀ ရက် နံနက်က ဥပုသ်နေ့ဖြစ်၍ သားအမိနှစ်ယောက် ဘုန်းကြီးကျောင်းသွားရောက်၍ သီလယူပြီး နေအိမ်သို့ပြန်ရောက်စဉ် ယခုကဲ့သို့ သေဆုံးနေသည်ကို မြင်တွေ့ရကြောင်း ပြောပြ၍ သိရသည်။ အလောင်းကို ဖြူးပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့် ပို့ဆောင်ပေးပြီး ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်မဟုတ် စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဖြူးမြင့်ဦး**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ(Registered Service Provider)အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် စာပို့တိုက်ဝန်ဆောင်မှုလုပ်ငန်းများ (Postal Services)အား နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုပေးနိုင်ရန်နှင့် ပုဂ္ဂလိက ပါဝင်ဆောင်ရွက်မှုအခန်းကဏ္ဍ အခွင့်အလမ်းများ(Public Private Partnership) တိုးချဲ့ပေးနိုင်ရန်ရည်ရွယ်၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းအား ပြည်တွင်းကုမ္ပဏီများသို့ မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် ပေးအပ်ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများအတိုင်း ဖြစ်စေရန်နှင့် ပွင့်လင်းမြင်သာမှုရှိသော စိစစ်ရွေးချယ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ချောသယ်ယူပို့ဆောင်ရေး အတွေ့အကြုံရှိသော တိုင်းရင်းသား ပြည်တွင်းကုမ္ပဏီ/အဖွဲ့အစည်းများအား တင်ဒါဈေးပြိုင်တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါပုံစံများအား မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဌာန၊ နေပြည်တော်စာတိုက်ကြီးတွင် လာရောက်ထုတ်ယူနိုင်ပြီး သိရှိလိုသည့် အချက်အလက်များကို မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်တွင်းအမြန်ချောပို့လုပ်ငန်းကို မှတ်ပုံတင်စနစ်ဖြင့် ဝန်ဆောင်မှုပေးသူ (Registered Service Provider) အဖြစ် ဆောင်ရွက်လိုသည့် ပြည်တွင်းကုမ္ပဏီများသည် အောက်ပါလိပ်စာအတိုင်း ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ ရက် ၁၆:၃၀ နာရီမတိုင်မီ အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

စီမံကိန်းနှင့်လေ့ကျင့်ရေးဌာန၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊
နေပြည်တော်ဗဟိုစာတိုက်ကြီး
ဖုန်း-၀၆၇-၄၂၀၆၁၁ နှင့် ၀၆၇-၄၂၀၆၂၂၊
email - myanmarpostjv@ mptmail.net.mm
ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနရှိ နိုင်ငံတော်ဧည့်ယာဉ်များတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

(က) ယာဉ်အပိုပစ္စည်း - ၂၁ မျိုး
(ခ) လက်သုံးကိရိယာ - ၁ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၇-၈-၂၀၁၃ရက်မှ ၂-၉-၂၀၁၃ရက်အထိ နေ့စဉ်နံနက် ၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ် ၃၂၊ နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ သဇင်ရုံလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်းကောင်း တစ်စောင်လျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၃-၉-၂၀၁၃ရက် မွန်းလွဲ ၁၃:၀၀နာရီမှ ၁၄:၀၀နာရီအတွင်း နေပြည်တော်၊ ရုံးအမှတ် ၃၂ ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်-

တင်ဒါကြီးကြပ်ကွပ်ကဲရေးအဖွဲ့၊
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊
ရုံးအမှတ် ၃၂၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၆၁၆၇
စက်ပြင်နှင့်ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၁-၆၅၁၀၃၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရာထူးဝန်အဖွဲ့
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနက အောက်ဖော်ပြပါရုံးသုံး စက်ကိရိယာပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Air Conditioner(Mitsubishi) 1.5 HP Split Type	၂ လုံး
(ခ)	Office Equipment	
	(I) Canon Digital Multifunction Copier ir 2530 With DADF, Color Send kit and Fax Board	၂ လုံး
	(II) Canon Multimedia Projector LV 73928	၁ လုံး
	(III) Canon Inkjet Printer ix6560	၁ လုံး
	(IV) Canon Laser Printer MF 4870 DL	၁ လုံး
(ဂ)	Duplo Copy Printer(B4)	၁ လုံး

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးအမှတ် ၁၇ တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပြီး သတ်မှတ်ပုံစံဖြင့်သာ တင်ဒါကို လက်ခံပါမည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၈-၈-၂၀၁၃ရက် နံနက် ၁၀နာရီ နောက်ဆုံးထား၍ ပစ္စည်းဝယ်ယူရေးကော်မတီ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ နေပြည်တော်သို့လိပ်မူ၍ တင်သွင်းရန်ဖြစ်ပါသည်။

၄။ အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၈၂၄၂၊ ၀၆၇-၄၀၈၁၆၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

တစ်ဦးတည်းဖြစ်ကြောင်း

လားရှိုးမြို့၊ ရပ်ကွက်၁၂၊ နယ်မြေ ၂၀ နေ ဦးလှိုင်ထွန်း၏သား ၁၃/လရန(နိုင်)၁၅၄၄၈၇ ကိုင်ဆောင်သူသည် မောင်မျိုးဝင်းလှိုင်(ခ) မောင်မျိုးလှိုင်ဝင်း တစ်ဦးတည်းဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်အမည်မှန်

မောင်မျိုးမင်းသီဟ၊ မောင်ကျော်ဇင်ဝေနှင့် မောင်မင်းဟိန်းထက်တို့၏ ဖခင်အမည်မှန်မှာ ဦးချိုင်ဝိုင်ချင်း(ခ) ဦးဝေချင်း ၂/လကန(ဧည့်)၀၀၀၀၂၆ ဖြစ်ပါသည်။

ဥပဒေ

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပြဋ္ဌာန်း

ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀။)
၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်
(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)
အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **ငွေချေးသက်သေခံလက်မှတ်** ဆိုရာတွင် အောက်ပါတို့ပါဝင်သည်-
(၁) အစိုးရကဖြစ်စေ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊
(၂) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ နိုင်ငံခြားအစိုးရနှင့် ယင်းတို့၏ အဖွဲ့အစည်းများက ထုတ်ဝေသည့် ငွေတိုက်လက်မှတ်များ၊ ငွေတိုက်စာချုပ်များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊
(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီများက ထုတ်ဝေသည့် သို့မဟုတ် ထုတ်ဝေရန် စီစဉ်ဆောင်ရွက်သည့် ရှယ်ယာများ၊ စတော့များ၊ ငွေချေးစာချုပ်များနှင့် ဒီဘင်ချာများ၊ ယင်းတို့နှင့် သက်ဆိုင်သည့် အခွင့်အရေးများ၊ ရွေးချယ်ခွင့်များနှင့်ဝရန်းများ၊
(၄) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်ဟုသတ်မှတ်သည့် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် စာချုပ်စာတမ်းများ။

(ခ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ် ဆောင်ရွက်ခြင်းကိုဆိုသည်။
(၁) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း၊
(၂) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း၊
(၃) ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း၊
(၄) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း၊
(၅) ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း၊
(၆) ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟုသတ်မှတ်သည့်လုပ်ငန်းဆောင်ရွက်ခြင်း။

(ဂ) **ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်း**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက ကိုယ်ပိုင်စာရင်းကို အသုံးပြု၍ ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းနှင့် ဝယ်ယူခြင်းတို့ကို ဆိုသည်။

(ဃ) **ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း** ဆိုသည်မှာ မိမိ၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကိုယ်စား ငွေချေးသက်သေခံလက်မှတ်များ ရောင်းချခြင်းသို့မဟုတ် ဝယ်ယူခြင်းပြုရာတွင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ကော်မရှင်၊ အခကြေးငွေ သို့မဟုတ် အခြား ဝန်ဆောင်ခရယူ၍ ကြားခံအဖြစ် ဆောင်ရွက်ပေးခြင်း ကို ဆိုသည်။

(င) **ငွေချေးသက်သေခံလက်မှတ်များကို တာဝန်ခံ၍ တစ်ဆင့် ဖြန့်ချိရောင်းချခြင်း**ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ရောင်းချရာတွင် ငွေချေးသက်သေခံလက်မှတ်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တာဝန်ခံ၍ ဆောင်ရွက်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များကို ထုတ်ဝေသူက အများပြည်သူသို့ ဖြန့်ဖြူးရောင်းချရာတွင် ကူညီဆောင်ရွက်ခြင်းကို ဆိုသည်။

(စ) **ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း**ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များတွင် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်များကို အခကြေးငွေရယူ၍ ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(ဆ) **ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်း** ဆိုသည်မှာ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကအပ်နှံသည့် ငွေချေးသက်သေခံလက်မှတ်များကို လက်ခံခြင်း၊ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေချေးသက်သေခံ လက်မှတ်များကို လုံခြုံစွာသိမ်းဆည်းခြင်း၊ လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများသို့ ငွေချေးသက်သေခံလက်မှတ်များကို ပေးအပ်ခြင်း၊ ငွေချေးသက်သေခံလက်မှတ်များနှင့်စပ်လျဉ်း၍ ပိုင်ရှင်၏အခွင့်အရေးများကို အသုံးပြုနိုင်ရန်လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ရောင်းဝယ်မှုပြီးမြောက်သည့် ငွေချေးသက်သေခံလက်မှတ်များကို ယင်းနှင့်ဆက်နွှယ်မှုရှိသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးခြင်းအပါအဝင် အပြီးသတ်ရှင်းလင်းပေးခြင်းနှင့် ပေးဝေခြင်းတို့ကို ဆိုသည်။

(ဇ) **ငွေချေးသက်သေခံလက်မှတ်ဈေးကွက်** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်လျက်ရှိသည့် ဈေးကွက်သို့မဟုတ် နေရာကိုဆိုသည်။ ယင်းစကားရပ်တွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ပုံမှန်လုပ်ကိုင်သည့် စနစ်တစ်ရပ်လည်း ပါဝင်သည်။

(ဈ) **ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ရန် တည်ဆဲဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် လီမိတက်ကုမ္ပဏီကို ဆိုသည်။

(ည) **စတော့အိပ်ချိန်း**ဆိုသည်မှာ ယင်းစတော့အိပ်ချိန်းတွင် စာရင်းဝင်ရန် အရည်အချင်းပြည့်မီသော ငွေချေးသက်သေခံ လက်မှတ်များအတွက် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှုစနစ်နှင့် နည်းလမ်းများကို ပံ့ပိုးခြင်းဖြင့် စုစည်းဆောင်ရွက်သော ငွေချေးသက်သေခံလက်မှတ် ဈေးကွက်ကို ဆိုသည်။

(ဋ) **ကောင်တာဈေးကွက်**ဆိုသည်မှာ စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ခြင်းအား စုစည်းဆောင်ရွက်သည့် ဈေးကွက်ကို ဆိုသည်။

(ဌ) **ရှယ်ယာ** ဆိုသည်မှာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခု၏ မတည်ငွေရင်းတွင် ပါဝင်သည့် အစုရှယ်ယာကို ဆိုသည်။ ယင်းစကားရပ်တွင် ရှယ်ယာနှင့်စတော့ကို ခွဲခြားဖော်ပြခြင်းမရှိလျှင် စတော့လည်း ပါဝင်သည်။

(ဍ) **ဝရန်း** ဆိုသည်မှာ သတ်မှတ်ထားသောနေ့တွင် သတ်မှတ်ထားသော ဈေးနှုန်းဖြင့်ကိုင်ဆောင်ထားသူက ရှယ်ယာများကို လဲလှယ်ဝယ်ယူပိုင်ခွင့်ရှိသည့် ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(ဎ) **ပဋိညာဉ်မှတ်တမ်း** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များကို ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ယင်း၏လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများနှင့် ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေသည့် ကုမ္ပဏီများသို့ပေးပို့သည့် ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်မှုကို အတည်ပြုကြောင်း အချက်အလက် စုံလင်စွာပါဝင်သည့် ရှင်းလင်းချက်ကို ဆိုသည်။

(ဏ) **စာရင်းဝင်ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ရောင်းဝယ်မှုပြုလုပ်ရန် စတော့အိပ်ချိန်းတွင် မှတ်ပုံတင်ထားသော သို့မဟုတ် တရားဝင်ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်ကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရကော်မရှင်က ထုတ်ပေးသည့် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ထ) **ကော်မရှင်** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဆိုသည်။

(ဒ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၊ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

အခန်း(၂)
ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်တိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊
(ခ) နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ စုစည်းရယူနိုင်မည့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက် စနစ်တကျပေါ်ထွန်းစေရန်၊
(ဂ) နိုင်ငံတော်နှင့်ပုဂ္ဂလိက ငွေရေးကြေးရေး လုပ်ငန်းစွမ်းဆောင်မှု မြင့်မားလာစေပြီး စီးပွားရေးကဏ္ဍ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ထွန်းကားလာစေရန်၊
(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းချောမွေ့စေရေးနှင့် မှန်ကန်သော နည်းလမ်းဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးတို့အတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊
(င) ငွေချေးသက်သေခံလက်မှတ် ဈေးကွက်တွင် ပါဝင်ဆောင်ရွက်သူများအား ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရန်၊
(စ) အများပြည်သူ၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန် အားပေးခြင်းဖြင့် နိုင်ငံတော်၏ ငွေရေးကြေးရေးဆိုင်ရာ မူဝါဒများကို အထောက်အကူပြုနိုင်ရန်။

အခန်း(၃)
ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ကော်မရှင်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ **ပြည်ထောင်စုအစိုးရအဖွဲ့သည်-**
(က) သင့်လျော်သည့် ပုဂ္ဂိုလ်အနည်းဆုံး ငါးဦးပါဝင်သော ကော်မရှင်အဖွဲ့ကို ဖွဲ့စည်းရမည်။
(ခ) ကော်မရှင်ကို ဖွဲ့စည်းရာတွင် ကော်မရှင်အဖွဲ့ဝင်များထဲမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို တစ်ပါတည်းရွေးချယ်ခန့်အပ်ရမည်။
(ဂ) အစိုးရဝန်ထမ်းမဟုတ်သော ကော်မရှင်အဖွဲ့ဝင်များအား ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

၅။ (က) ကော်မရှင်အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင်နှစ်ဦးစီက နှစ်နှစ်လျှင် တစ်ကြိမ် သတ်မှတ်ချက်များနှင့်အညီ အလှည့်ကျ နုတ်ထွက်ပေးရမည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လစ်လပ်သွားသည့် ကော်မရှင်အဖွဲ့ဝင်၏နေရာတွင် သင့်လျော်သည့်ပုဂ္ဂိုလ်အား အစားထိုးခန့်အပ်ခြင်း သို့မဟုတ် ရာထူးသက်တမ်း ကုန်ဆုံးသွားသော ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးအား ဆက်လက်ခန့်အပ်ခြင်းပြုနိုင်သည်။
(ဂ) ကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် မိမိ၏ရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ပြည်ထောင်စုအစိုးရအဖွဲ့က ကော်မရှင်အဖွဲ့ဝင်အသစ် အစားထိုးခန့်အပ်ခြင်းမပြုမီ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်ရမည်။

၆။ ကော်မရှင်ဥက္ကဋ္ဌသည် ကော်မရှင်၏စီမံခန့်ခွဲရေး အကြီးအမှူးအဖြစ် ဆောင်ရွက်ရမည်။

၇။ ကော်မရှင်သည်-
(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လိုင်စင်လက်မှတ်ထုတ် ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။
(ခ) လိုင်စင်ရရှိသူက တာဝန်နှင့်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် လိုင်စင်ကို ကာလသတ်မှတ်ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်။
(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်းတိုးမြှင့်ပေးနိုင်သည်။
(ဃ) သတ်မှတ်ချက်များနှင့်အညီ လိုင်စင်ခများ၊ ဒဏ်ကြေးများကောက်ခံရမည်။

၈။ ကော်မရှင်သည်-
(က) စတော့အိပ်ချိန်း တည်ထောင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်ပြီး ခွင့်ပြုမိန့် ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုရန်ငြင်းပယ်ခြင်းပြုနိုင်သည်။
(ခ) စတော့အိပ်ချိန်းက လိုက်နာရမည့် တာဝန်နှင့်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ခွင့်ပြုမိန့်ကို ကာလသတ်မှတ် ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။
(ဂ) အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ပါက စတော့အိပ်ချိန်းအား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ပြန်လည် ရုပ်သိမ်းနိုင်သည်-
(၁) အကြောင်းတစ်ရပ်ရပ်ကြောင့် စတော့အိပ်ချိန်းလုပ်ငန်းရပ်စဲသွားခြင်း၊
(၂) စတော့အိပ်ချိန်းကို ဖျက်သိမ်းခြင်း၊
(၃) စတော့အိပ်ချိန်းတွင် သတ်မှတ်ထားသည့် အနည်းဆုံး ပါဝင်ရမည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီအရေအတွက် အောက် လျော့နည်းသွားခြင်း၊
(၄) အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူ အကျိုးနှင့်ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကိုသိသာ ထင်ရှားစွာ ထိခိုက်နစ်နာစေသောလုပ်ငန်းကိုဆောင်ရွက်ခြင်း။

၉။ ကော်မရှင်သည်-
(က) ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီနှင့် စတော့အိပ်ချိန်း၏ စာရင်းစစ်ခန့်ထားရေးအတွက် တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ပေးနိုင်သည်။
(ခ) စတော့အိပ်ချိန်း၏ဖွဲ့စည်းပုံစည်းမျဉ်းနှင့် ယင်းဖွဲ့စည်းပုံစည်းမျဉ်းကို သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်နိုင်ရန် ခွင့်ပြုချက်ပေးနိုင်သည်။

၁၀။ ကော်မရှင်သည် စာရင်းမဝင်သော ငွေချေးသက်သေခံလက်မှတ်များရောင်းဝယ်ရေးအတွက် ကောင်တာဈေးကွက် တည်ထောင်ခွင့်ပြုရန် ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အတူ သတ်မှတ်ချက်များနှင့်အညီ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများက စုပေါင်း၍ လျှောက်ထားလာလျှင် ခွင့်ပြုမိန့်ထုတ်ပေးနိုင်သည်။

၁၁။ ကော်မရှင်သည်-
(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့် သက်ဆိုင်သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်အကြံဉာဏ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြနိုင်သည်။
(ခ) လိုအပ်သော လုပ်ငန်းကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်းပြီး ယင်းတို့၏လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးနိုင်သည်။
(ဂ) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို ဖြစ်စေ၊ ကောင်တာဈေးကွက်ကိုဖြစ်စေ၊ စတော့အိပ်ချိန်းကို ဖြစ်စေ လိုအပ်သလို ညွှန်ကြားနိုင်သည်။
(ဃ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရမည်။ ထို့ပြင် အခါအားလျော်စွာ စုံစမ်းမှုနှင့်စစ်ဆေးမှုများ ပြုလုပ်ရ မည်။
(င) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

၁၂။ ကော်မရှင်သည် အောက်ပါအဖွဲ့အစည်းများနှင့်ပုဂ္ဂိုလ်များအား ယင်းတို့၏လုပ်ငန်းဆိုင်ရာ စာရင်းများကို သက်ဆိုင်ရာမြန်မာနိုင်ငံစာရင်းကိုင်စံများနှင့်အညီ စာရင်းထိန်းသိမ်းစေရန် ကြီးကြပ်ရမည့်အပြင် ယင်းတို့ထံမှ လိုအပ်သောစာရင်းများ၊ စာရွက်စာတမ်းများ၊ ရှင်းတမ်းများ၊ အခြား အထောက်အထားများနှင့်သတင်းအချက်အလက်များကို တောင်းခံရယူနိုင်သည်-
(က) အများနှင့်သက်ဆိုင်သော ကုမ္ပဏီ၊
(ခ) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၊
(ဂ) ကောင်တာ ဈေးကွက်၊
(ဃ) စတော့အိပ်ချိန်း၊
(င) အများနှင့်သက်ဆိုင်သောကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၊ ကောင်တာဈေးကွက်နှင့်စတော့အိပ်ချိန်တစ်ခုခု၏ တာဝန်ရှိသူ၊ အဖွဲ့ဝင်၊ ဝန်ထမ်းနှင့် ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူ သို့မဟုတ် ဆောင်ရွက်ခဲ့ဖူးသူ၊
(စ) လိုင်စင်ရရှိသူ သို့မဟုတ် ယင်းလိုင်စင် ရရှိသူ၏ ရှေ့နေ၊ စာရင်းစစ်နှင့်ကိုယ်စားလှယ်။

၁၃။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကိုလည်းကောင်း၊ နိုင်ငံတကာမှ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကြီးကြပ်သော အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းတို့နှင့် ဆက်နွှယ်သောလုပ်ငန်း၊ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းကိုလည်းကောင်း ဆောင်ရွက်နိုင်သည်။

၁၄။ ကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်သူများက ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်း ကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရမည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ကြောင်း ယုံကြည်ရန်အကြောင်းရှိလျှင်ဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်မှု သို့မဟုတ် မသမာမှုကျူးလွန်ကြောင်း ယုံကြည်ရန်အကြောင်း ရှိလျှင်ဖြစ်စေ သက်ဆိုင်သည့်မည်သူ့ကိုမဆို ခေါ်ယူခွင့်၊ စစ်ဆေးမေးမြန်းခွင့် နှင့် သက်သေခံချက်များ ရယူခွင့်တို့ရှိသည်။

၁၅။ ကော်မရှင်အဖွဲ့ဝင်သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းတစ်ဦးဦးသည် လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် ရရှိသော သတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမည်သူ့ကိုမျှ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုဘဲ လျှို့ဝှက်ထားရမည်။

အခန်း(၄)
ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ

၁၆။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီအဖြစ် တည်ထောင်၍ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းလုပ်ကိုင်လိုသူသည် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများနှင့်အညီ ကုမ္ပဏီကိုဖွဲ့စည်း၍ မှတ်ပုံတင်ထားပြီး ဖြစ်ရမည်။

၁၇။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုဖွဲ့စည်းရာတွင်-
(က) ကုမ္ပဏီ၏အမည်၌ "**ငွေချေးသက်သေခံလက်မှတ်**" ဟူသော စကားရပ် ပါရှိရမည်။
(ခ) အစုရှယ်ယာအားဖြင့် ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက် ကုမ္ပဏီအဖြစ် ဖွဲ့စည်းရမည်။
(ဂ) သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမတည်ငွေရင်းနှင့် အနည်းဆုံး ထည့်ဝင်ပြီး မတည်ငွေရင်းရှိရမည်။
(ဃ) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်။

၁၈။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည် ကော်မရှင်ကထုတ်ပေးသော လိုင်စင်တစ်မျိုးမျိုးရရှိလျှင် လိုင်စင်အမျိုးအစားအလိုက် ခွင့်ပြုထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။

၁၉။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မိမိတို့၏လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများနှင့် ဆက်ဆံရာတွင် လုပ်ငန်းစွမ်းဆောင်နိုင်မှု၊ တရားမျှတမှုရှိရမည့်အပြင် သဘောရိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

၂၀။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-
(က) ကုမ္ပဏီ၏ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဆိုင်ရာ စာရင်းနှင့် မှတ်တမ်းများကို သတ်မှတ်ချက်များနှင့်အညီ ပြုစုထိန်းသိမ်းထားရှိရမည်။

အချပ်ပို (က) သို့

သတင်းဆောင်းပါးနှင့်ကြော်ငြာ

လေဖြတ်နိုင်ခြေကို လျှော့ချပေးသောနည်း (၉) ချက်

စိုးဝင်း-SP

(၁)အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်စားပါ

အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်တွေ ဒါမှမဟုတ် ကောက်နှံတစ်ခုလုံး၊ ဖရုံစေ့၊ ကော်ဖီနဲ့အစေ့အဆန်တွေမှာ မဂ္ဂနီဆီယမ်တွေ များစွာပါဝင်တယ်။မဂ္ဂနီဆီယမ်က သွေးပေါင်ကို ကျဆင်းစေပြီး လေဖြတ်နိုင်ခြေကို လျှော့ချပေးတယ်လို့ ပညာရှင်တွေကပြောပါတယ်။ ဒါ့အပြင် ထပ်ဆောင်း အာနိသင်အနေနဲ့ မဂ္ဂနီဆီယမ်ကို လုံလောက်စွာ စားသုံးပါက ခေါင်းတစ်ခြမ်း ကိုက်တာကိုပါ ကာကွယ်နိုင်ပါတယ်။

(၂) အိပ်ရေးဝဝ အိပ်စက်ပါ

မအိပ်ခင်မှာ နွားနို့ပူပူတစ်ခွက်သောက်တာ၊ အခန်းတွင်းမှာ စံပယ်ရနံ့သင်းတဲ့ဖယောင်းတိုင် ထွန်းညှိထားတာတွေက သင့်ကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေပါတယ်။ အိပ်နေပေမယ့် နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်တာက လေဖြတ်နိုင်ခြေများစေပါတယ်။ အမျိုးသားတွေအနေနဲ့ မအိပ်ခင်မှာ စံပယ်ပန်းရနံ့ကို ရှူရှိုက်ရတာက မြန်မြန်အိပ်ပျော်စေပါတယ်။

(၃) သွားတိုက်တံကို ပိုးသန့်စင်ပါ

သွားတိုက်တံကြားထဲမှာ ခိုအောင်းနေတဲ့ ဗက်တီးရီးယားတွေက နှလုံးသွေးကြောကို ထူစေပါတယ်။ ဒါဟာ လေဖြတ်တာကို ဖြစ်စေနိုင်တယ်လို့ကိုလံဘီယာတက္ကသိုလ်မှ ပညာရှင်တွေက ဆိုပါတယ်။ သွားတိုက်ပြီးတဲ့အခါ သွားတိုက်တံကို ဆေးကြောပြီးနောက် ပိုးသတ်အာနိသင်ရှိတဲ့ ခံတွင်းသန့်စင်ဆေးရည်ထဲကို နှစ်ထားပေးပါ။

(၄)နားကြပ်ဖြင့် ဖုန်းပြောပါ

သင်ဖုန်းပြောဖို့ လက်မအားတာကြောင့် ပခုံးနဲ့ညှပ်ပြီး ဖုန်းပြောတာက ကျောရိုးအာရုံကြောမကြီးကို ဖိအားသက်ရောက်စေတာကြောင့် လေဖြတ်နိုင်ခြေဖြစ်စေတယ်လို့ ဦးနှောက်နှင့်အာရုံကြော ဆေးပညာဂျာနယ်မှာ ဖော်ပြပါရှိပါတယ်။

(၅) နေ့စဉ် နို့သောက်ပါ

အဆီထုတ်ထားတဲ့ နို့ကိုတစ်နေ့ နှစ်ခွက်၊ သုံးခွက် နေ့စဉ်သောက်ပေးတာက လေဖြတ်နိုင်ခြေကို လျှော့ချပေးနိုင်တယ်လို့ အင်္ဂလန်မှ ပညာရှင်တွေကပြောပါတယ်။ သင်က အစားလျှော့စားနေပါက အဆီထုတ်ထားတဲ့ နို့သောက်တာက ကယ်လိုရီကို လျှော့ချရာလည်း ရောက်ပါတယ်။ နို့သောက်တာက လေဖြတ်နိုင်ခြေကို လျှော့ချနိုင်တဲ့အပြင် ကြွက်သားတည်ဆောက်မှုကိုလည်း အားပေးပါတယ်။

(၆) ဆယ်လ်မွန်ငါး ပိုစားပါ

အဆီများတဲ့ ဆယ်လ်မွန် ငါးကို တစ်ပတ်မှာ သုံးကြိမ်ထက် ပိုစားပေးတာက လေဖြတ်တာကို ဦးတည်စေတဲ့ ဦးနှောက်ရဲ့ ထိခိုက်မှုကို လျော့နည်းစေတယ်လို့အမေရိကန်သုတေသီတွေက ပြောပါတယ်။ ဆယ်လ်မွန်ငါးမှာ ဦးနှောက်အာရုံကြောတွေကို ကောင်းမွန်စေတဲ့ အိုမီဂါ-၃ အဆီပါဝင်တာကြောင့်ပါ။

(၇) ဒေါသကို ထိန်းချုပ်ပါ

မကြာခဏ ဒေါသဖြစ်တာက လေဖြတ်နိုင်ခြေကို နှစ်ဆတိုးစေပါတယ်။ သင်က သင့်ဒေါသကိုမထိန်းချုပ်နိုင်ပါက DHA ကို ဖြည့်စွက်သောက်သုံးပါ။

(၈) ဆေးလိပ်ဖြတ်ပါ

ဆေးလိပ်ဖြတ်လိုက်တာတောင် နောင် ၁၅ နှစ်အတွင်းမှာ လေဖြတ်တာနဲ့ နှလုံးရောဂါဖြစ်နိုင်ခြေရှိနေပါသေးတယ်။ ဆေးလိပ်ဖြတ်လိုက်တာကြောင့်ပထမဆုံးရနိုင်တဲ့အကျိုးကျေးဇူးကတော့ ဆေးလိပ်ဖြတ်ပြီး ရှစ်နာရီအတွင်း ခန္ဓာကိုယ်တွင်းမှာ ကာဗွန်မိုနောက်ဆိုက်တွေ လျော့နည်းသွားပြီး သွေးတွင်းမှာ အောက်ဆီဂျင်ပမာဏ မြင့်တက်လာစေပါတယ်။ ဆေးလိပ်ဖြတ်ပြီး နှစ်ရက်အတွင်း နှလုံးတိုက်ခိုက်ခံရနိုင်ခြေကို လျှော့ချနိုင်ပြီး သုံးရက်အတွင်းမှာ စွမ်းအင်ပြည့်ဝလာကာ အသက်ရှူရတာလည်း ပိုမိုလွယ်ကူလာပါတယ်။

(၉) မျက်လုံးကို ပုံမှန်စစ်ဆေးမှု ပြုလုပ်ပါ

မျက်လုံးဆိုတာ ခန္ဓာကိုယ်ရဲ့ ကျန်းမာရေးအခြေအနေကို ဖော်ပြနိုင်တဲ့ ပြတင်းပေါက်တွေပါ။ အမြင်အာရုံနဲ့ပတ်သက်ပြီး ထွေထွေထူးထူးမရှိခဲ့ရင်တောင် ပုံမှန်စစ်ဆေးမှုကို ပြုလုပ်သင့်ပါတယ်။ မျက်လုံးရဲ့ မြင်လွှာသွေးကြောအတွင်း ပြုတ်ထွက်လာတဲ့ သွေးခဲစတစ်ခုခုကို တွေ့မိပါကလေဖြတ်နိုင်ခြေအတွက် အရေးကြီးတဲ့ သတိပေးလက္ခဏာအဖြစ် သိရှိနိုင်တာကြောင့်ပါ။

မြန်မာနိုင်ငံဆရာဝန်အသင်းသက်ကြီးပူဇော်ပွဲ ရန်ပုံငွေဖျော်ဖြေပွဲ ကူညီသူများကို ဂုဏ်ပြု

ရန်ကုန် ဩဂုတ် ၁

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ၏ (၃၁) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ရန်ပုံငွေဂီတဖျော်ဖြေပွဲနှင့် ပဒေသာကပွဲတွင် ကူညီပံ့ပိုးပေးခဲ့သူများအား ဂုဏ်ပြုပွဲကို ဇူလိုင် ၂၉ ရက်က အသင်းတိုက်ခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ဦးကျော်မြင့်နိုင်နှင့် အမျိုးသမီး ဆရာဝန်များအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်မာအေးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ဖျော်ဖြေရေး

(၃၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအတွက် ဇွန်လက အမျိုးသားကဇာတ်ရုံတွင်ရန်ပုံငွေဂီတဖျော်ဖြေပွဲနှင့်ပဒေသာကပွဲကျင်းပရာသက်ကြီးပူဇော်ပွဲ ရန်ပုံငွေ ကျပ်သိန်း ၂၄၀ ရရှိခဲ့သည်။ တေးဂီတဖျော်ဖြေပွဲနှင့်ပဒေသာကပွဲတွင် ပါဝင်ကူညီပံ့ပိုးပေးခဲ့သူများကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဖျော်ဖြေရေးဗီဒီယိုမှတ်တမ်းခွေများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **အောင်သန်း(မင်္ဂလာတောင်ညွန့်)**

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ၊ ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံတွင် လာရောက်ကုသနေသောလူနာများအား လိုအပ်သောဆေးဝါးများ (FDA အသိအမှတ်ပြု)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
စတင်ရောင်းချမည့်ရက် - ၃၀-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၈-၂၀၁၃ ရက်၊ ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များ၊ ဆေးများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အမျိုးသားပြန်လည်သန်စွမ်းရေးဆေးရုံ
ဖုန်း-၀၁-၆၆၀၇၁၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့လက်အောက်ရှိ ခရိုင် (၄)ခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများအတွက် လိုအပ်သော မီးသတ်ဆေးဘူးများ၊ လမ်းမီးလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများနှင့် (၂၄)နာရီထိန်းသိမ်းပြုပြင်ရေးဌာနအတွက် လိုအပ်သော ဓာတ်အားခွဲရုံးသုံးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂-၈-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့
အမှတ်(၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ဖုန်း-၀၁-၂၂၀၈၁၆

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
တနင်္သာရီတိုင်းဒေသကြီး၊ ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဝန်ထမ်းအိမ်ရာ၊ ဆေးရုံတိုးချဲ့လူနာဆောင်၊ ရုံးဌာနအဆောက်အအုံများ၏ တည်ဆောက်/ပြုပြင်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂-၈-၂၀၁၃ ရက်
တင်ဒါပိတ်ရက် - ၂-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် တည်ဆောက်/ပြုပြင်လုပ်ငန်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး၊ ထားဝယ်မြို့ ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၄တို့သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
အိတ်ဖွင့်တင်ဒါအမှတ်(၂/၂၀၁၃-၂၀၁၄)

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး ပုသိမ်ကြီးမြို့တွင် E-Government လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် Fiber Optic Line ချိတ်ဆက်ပြီးဖြစ်ပါ၍ ရုံးတွင်း Network Cabelling တပ်ဆင်မည်ဖြစ်ပါသောကြောင့် ဆောင်ရွက်လိုသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(က) **လုပ်ငန်း** Network Cabelling
(ခ) **တည်နေရာ** ညွှန်ကြားရေးမှူးချုပ်ရုံး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့
(ဂ) **လျှောက်လွှာစတင်ရောင်းချမည့်ရက်** ၁-၈-၂၀၁၃ ရက်
(ဃ) **လျှောက်လွှာပိတ်မည့်ရက်** ၁၄-၈-၂၀၁၃ ရက်

၂။ အဆိုပါ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၁၄-၈-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီ နောက်ဆုံးထား၍ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာနရှိ တင်ဒါပုံးအတွင်းသို့ လာရောက်ထည့်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါ တင်သွင်းရန်ပုံစံနှင့် အသေးစိတ်အချက်အလက်များကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန ဖုန်း-၀၂-၅၇၀၃၈ သို့ ရုံးချိန်အတွင်းဆက်သွယ်၍ စုံစမ်းဝယ်ယူနိုင်ပါသည်။

E-Government လုပ်ငန်းများအကောင်အထည်ဖော်ရေးအဖွဲ့
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)
မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းငါးမျိုးအား ဝယ်ယူလိုပါသဖြင့် ရောင်းချနိုင်မည့်ဈေးနှုန်းကို နမူနာ နှစ်မျိုးစီနှင့်အတူ အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါသည်-

(က) ကျားလုံချည်(၂/၈၀)အသင့်ချုပ်ပြီး (အကျယ် ၇၅"အနံ ၄၆") ၉၀၀၀ ထည်
(ခ) မလုံချည်(၂/၈၀၊ ပါတိတ်ဆင်၊ အထက်ဆင်ပါအသင့်ချုပ်ပြီး) (အကျယ် ၇၂" အနံ ၄၂") ၉၀၀၀ ထည်
(ဂ) မျက်နှာသုတ်ပဝါ (တရုတ်ချည်သားဖောင်းပွ) (အလျား ၅၄" အနံ ၂၇"၊ အလေးချိန် ၂၀ ကျပ်သား) ၉၀၀၀ ထည်
(ဃ) ဒန်အိုး (၁၀") (အလေးချိန် ၁ ပေါင်) ၉၀၀၀ လုံး
(င) ဆီခံခွက်(အချင်း ၈"၊အမြင့် ၃"၊ အလေးချိန် ၀ဒသမ ၄ပေါင်) ၅၀၀၀ လုံး

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာများကို ၅-၈-၂၀၁၃ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ပိတ်ရက်မှာ ၁၉-၈-၂၀၁၃ရက် (၁၆း၀၀)နာရီအထိဖြစ်၍ စည်းကမ်းချက်/တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၄၀၄၃၁၇၊ ၄၀၄၃၆၉တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

စက်မှုဝန်ကြီးဌာန
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
မိုလ်နှင့်ဒိုင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းနှင့် သာယာသောနေမင်းစက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်တို့ အကျိုးတူဖက်စပ်တည်ထောင်ထားသော မိုလ်နှင့်ဒိုင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်ရှိ စက်နှင့်စက်ပစ္စည်းများ၊ ရုံးသုံးပရိဘောဂများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် သံကုန်ကြမ်းများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

၁။ **တင်ဒါစည်းကမ်းနှင့်လျှောက်လွှာပုံစံ ရောင်းချမည့်ရက်၊ အချိန်၊ နေရာ** - ၂၆-၈-၂၀၁၃ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ ရုံးအမှတ်(၄၁)၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်)၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်

၂။ **တင်ဒါတင်သွင်းရမည့်ရက် အချိန်၊ နေရာ** - ၃၀-၈-၂၀၁၃ ရက် ၁၁း၀၀ နာရီမှ ၁၅း၀၀ နာရီထိ ဒုတိယဝန်ကြီး(၁)၊ ရုံးခန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၃၀-၈-၂၀၁၃ ရက်၊ ၁၅း၀၀ နာရီ

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၈၉၊ ၀၆၇-၄၀၈၄၂၀၊ ၀၁-၃၉၂၉၀၄ တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်လေလံတင်ရောင်းချရေးအဖွဲ့
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
မိုလ်နှင့်ဒိုင်စက်မှုလုပ်ငန်းကုမ္ပဏီလီမိတက်

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဘုရားအလှူခံပုံးကိုခွဲ၍ ငွေများခိုးယူသူ အရေးယူ

ရန်ကုန် ဩဂုတ် ၁

ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်တေဇလမ်းနှင့် ရွှေဂုံတိုင်လမ်းထိပ်ရှိ အောင်တော်မူဆုတောင်းပြည့်ဘုရားဝင်းတံခါးကို ဇူလိုင် ၂၈ ရက် နံနက် ၅ နာရီက ဘုရားဂေါပကဥက္ကဋ္ဌဖြစ်သူကဖွင့်စဉ် ဘုရားဝင်းစေတီရှေ့ရှိ အလှူခံပုံးကို လူငယ်တစ်ဦးက ကြေးစည်လက်ခတ်ဖြင့် ထုခွဲနေသည်ကို တွေ့ရှိရသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး အဖွဲ့နှင့်အတူ စစ်ဆေးရှာဖွေရာ ၎င်းမှာ ဇော်ထက်အောင် ဝမ်းတွင်းမြို့နယ်နေသူဖြစ်ကြောင်း သိရှိရပြီး ၎င်းဝတ်ဆင်ထားသော ပုဆိုးခါးပုံစအတွင်းမှ အလှူခံပုံးခွဲ၍ ယူထားသော ငွေစက္ကူရောရာ ၅၄၂၅ ကျပ်ကို တွေ့ရှိသောကြောင့် အရေးယူပေးပါရန် တိုင်တန်းခဲ့သဖြင့် ဗဟန်းမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

ဆင်းကတ်လိမ်လည်ထုတ်ယူသူအား ဖော်ထုတ်

တာချီလိတ် ဩဂုတ် ၁

တာချီလိတ်မြို့တွင် ကျပ် ၁၅၀၀ တန် **GSM**တယ်လီဖုန်းများကို မဲစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ဇူလိုင် ၂၆ ရက်က မဲပေါက်သူများကို စတင်ဝယ်ယူခွင့်ပြုခဲ့သည်။ အဆိုပါနေ့ ရုံးပိတ်ခါနီးတွင် ဒေါ်. . . ဆိုသူသည် ၎င်း၏ မှတ်ပုံတင်၊ လိုင်စင်ခတ်ပုံနှင့်အတူ တယ်လီဖုန်းကတ် လာထုတ်ရာ တာဝန်ရှိသူတို့က ဒေါ်. . . အမည်ဖြင့် မဲပေါက်သူ ရှိနေသောကြောင့် ဝယ်ယူခွင့်ပြုခဲ့သည်။ သို့သော် အမှန်တကယ် မဲပေါက်သူ (အမည်တူ) က ဇူလိုင် ၃၀ ရက်တွင် လာရောက်ထုတ်ယူသည့်အခါမှ ပထမ ထုတ်ယူသွားသူ ဒေါ်. . . သည် လိမ်လည်ထုတ်ယူသွားကြောင်းသိရှိရသဖြင့် ၎င်းနေထိုင်ရာ ဆန်ဆိုင်း (ခ)ရပ်ကွက် နေအိမ်သို့ လိုက်လံရှာ ဖွေပြီး တယ်လီဖုန်းကတ်ကို ပြန်လည်သိမ်းဆည်းခဲ့ရသည်။

၎င်းက လိမ်လည်ထုတ်ယူခဲ့ကြောင်းနှင့် ရလိုရငြားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံခဲ့သည်။ အဆိုပါ ဒေါ်. . ၏ အမည်၊ နေရပ်လိပ်စာနှင့် မှတ်ပုံတင်အမှတ်များကို သက်ဆိုင်ရာတာဝန်ရှိသူများက မှတ်တမ်းတင်ထားပြီး နောက်နောင် တာချီလိတ်မြို့နယ်အတွင်း မည်သည့် တယ်လီဖုန်းကိုမျှ လျှောက်ထားခွင့်၊ ဝယ်ယူခွင့်ပြုတော့မည်မဟုတ်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပျဉ်းမနားမြို့ ဥယျာဉ်စုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် တန်ဖိုးနည်းဖုန်းလျှောက်ထားသူများအား မဲစနစ်ဖြင့် ချထားပေးမှုကို ဇူလိုင် ၂၉ရက်က ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးက မဲနှိုက်ကြေညာပေးစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြတ်ပညာ ငွေစုငွေချေး သမဝါယမနှစ်ပတ်လည် စည်းဝေး

မုဒုံ ဩဂုတ် ၁

မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင် ၂၄ ရက်က အမက (မူလွန်) တစင်လမ်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ၂၀၁၂-၂၀၁၃ အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို အမှုဆောင် ဦးအောင်တိုးက ဖတ်ကြားခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေပုံတို့ကို သက်ဆိုင်သူများက ရှင်းလင်းခြင်းနှင့် အတည်ပြုချက်ရယူသည်။

ရွေးချယ်

ထို့ပြင် လစ်လပ်လျက်ရှိသော ဥက္ကဋ္ဌနေရာအတွက် မြို့နယ်ပညာရေးမှူးအား အစားထိုးရွေးချယ်ခြင်း၊ အသင်းအတွင်းရေးမှူး ဦးမင်းသောင်းဟန်က အထွေထွေဆွေးနွေးချက်နှင့် အခြားကိစ္စရပ်များ ရှင်းလင်းတင်ပြပြီး အစည်းအဝေးတက်ရောက်သူများက အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပဲခူးတက္ကသိုလ်၌ ယဉ်ကျေးမှုဆိုင်ရာ ဟောပြောပွဲကျင်းပ

ပဲခူး ဩဂုတ် ၁

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့မှ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာအမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သိရှိလိုက်နာကျင့်သုံးလာစေရန် ရည်ရွယ်ပြီး ယဉ်ကျေးမှုဟောပြောပွဲကို ဇူလိုင် ၂၉ ရက် နံနက် ၁၀ နာရီက ပဲခူးတက္ကသိုလ်၌ ကျင်းပရာ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားပြီး ပဲခူးတက္ကသိုလ် မြန်မာစာပါမောက္ခ ဒေါက်တာနီလာမြင့်က ယဉ်ကျေးသိမ်မွေ့ မြန်မာအမျိုးသမီးဓလေ့ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

ဝေငှ

ဟောပြောပွဲအပြီးတွင် အမျိုးသမီးရေးရာအဖွဲ့ဝင်အင်အား ၂၀၀ အဆိုပြုလွှာပေးအပ်ပွဲနှင့် ရင်ထိုးတံဆိပ်များတပ်ဆင်ပေးခြင်း၊ အမျိုးသမီးရေးရာဝတ်စုံများ လှူဒါန်းခြင်းနှင့် လက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကိုပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပဲခူးတက္ကသိုလ်မှ ဆရာမများ၊ ကျောင်းသူများအပါအဝင် စုစုပေါင်း ၂၅၀ ကျော် တက်ရောက်ခဲ့သည်။

သန့်စင်

ကိုရီးယားနိုင်ငံသား ပုံနှိပ်စက်ပစ္စည်းများမပို့၍ အမှုဖွင့်

ရန်ကုန် ဩဂုတ် ၁

ဗိုလ်တထောင်မြို့နယ် (၂)ရပ်ကွက်နေ ဦးအောင်ကျော်ဦးသည် ဇန်နဝါရီ ၁၇ ရက်က ကိုရီးယားနိုင်ငံရှိ M.S Myoung Shin Industry Co., Ltd မှ ဥက္ကဋ္ဌဖြစ်သူ Mr. YOON ထံ E-mail ဖြင့် ဆက်သွယ်ကာ ပုံနှိပ်စက်နှင့် ဆက်စပ်ပစ္စည်းများကို အမေရိကန်ဒေါ်လာ ၁၅၅၈၀၀ဖြင့် ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကာ ၎င်းပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ကို Mr. YOON လွှဲအပ်ခိုင်းသည့် ဘဏ်သို့လွှဲပေးခဲ့ပြီး ပစ္စည်းများကို ၂၀၁၃ ခုနှစ် မေလတွင် နောက်ဆုံးထားပို့ပေးရန် သဘောတူခဲ့သော်လည်း ယနေ့အချိန်အထိ ပစ္စည်းများကို ပို့အပ်ပေးခြင်းမရှိသည့်အပြင် အမေရိကန်ဒေါ်လာများကိုလည်း ပြန်လည်ပေးအပ်ခြင်းမရှိသဖြင့် ယခုမြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် Mr. YOON ကို အရေးယူပေးရန် ဦးအောင်ကျော်ဦးက တိုင်တန်းခဲ့ရာ ပုဇွန်တောင်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်းအတွက် တင်သွင်းရမည့် နေ့ရက်ပြင်ဆင်ခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များတွင်အသုံးပြုရန်အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို လက်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ဓာတ်ငွေ့ပိုက်လိုင်းသို့အရောက် တန်ဖိုး (D.D.P Yangon)ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား အဆိုပြုလွှာနှင့်ဈေးနှုန်းများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀ နာရီနောက်ဆုံးထား၍ တင်သွင်းရန် ၁-၇-၂၀၁၃ရက်မှ ၃-၇-၂၀၁၃ရက်အထိ နေ့စဉ်ထုတ် သတင်းစာများတွင် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ ပေးသွင်းရမည့်သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ စံချိန်စံညွှန်းများကိုလည်းကောင်း၊ အချက်အလက်များကိုလည်းကောင်း ပြည့်စုံစွာ ပြင်ဆင်တင်သွင်းနိုင်ရေးတွင် အချိန်ကန့်သတ်ချက်များရှိနေကြောင်း သိရှိရပါသဖြင့် အဆိုပြုလွှာတင်သွင်းရမည့်ရက်အား ၁၅-၈-၂၀၁၃ရက်နောက်ဆုံးထား တင်သွင်းနိုင်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၀၀၂/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် e-goverment လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	Computer,Printer များ အပါအဝင် Hardware ပစ္စည်းများ	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်များမှာ ဝန်ကြီးရုံး ဖုန်း-၀၆၇-၄၀၇၅၄၀၊ လျှပ်စစ်ဦးစီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဖုန်း-၀၆၇-၄၀၇၀၇၉တို့ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၄၀)၊ နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန၊ စမ်းသပ်စက်ရုံစု (မှော်ဘီ)အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **စက္ကူကုန်ကြမ်း(ဝကြီး)** — ၆၄,၇၈၀.၂ ပိဿာ
အိတ်ဖွင့်တင်ဒါတင်သွင်းရန် — (၁၅-၇-၂၀၁၃)မှ(၁၄-၈-၂၀၁၃)ရက်အထိ (ရုံးချိန်အတွင်း)
အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ — မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ အမှတ် ၆၊ ကမ္ဘာအေးဘုရားလမ်းနှင့် ကံဘဲ့လမ်းထောင့်

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များကို **စက်ရုံမှူး၊ စမ်းသပ်စက်ရုံစု(မှော်ဘီ)၊ ဖုန်း-၀၁-၆၀၀၀၄၂၊ ၀၁-၆၀၀၀၄၆**တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းရှိ ပြုပြင်သုံးစွဲရန်မသင့်လျော်သည့် အောက်ပါပစ္စည်းဟောင်း (၇၀)မျိုးတို့အား ရောင်းချလိုပါသဖြင့် ယှဉ်တွဲပါဒေသများအလိုက် ပစ္စည်းကြည့်ရှုနိုင်ပါသည်-

စဉ်	အမျိုးအမည်	အရေအတွက်	ပစ္စည်းကြည့်ရှုရမည့်နေရာ
(က)	စက်ကိရိယာပစ္စည်း	၄၀ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ခ)	ပရိဘောဂပစ္စည်း	၈ မျိုး	တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ရုံးခွဲ၊ မြိတ်မြို့
(ဂ)	ရုံးသုံးကိရိယာ၊ လျှပ်စစ်ပစ္စည်းနှင့် စက်ကိရိယာပစ္စည်း	၂၂ မျိုး	အမှတ်(၆၉/၇၁)၊ မြဓာလာလမ်း၊ သာကေတစက်မှုဇုန်၊ ရန်ကုန်မြို့

၂။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ရုံးချုပ်(နေပြည်တော်)၊ ရန်ကုန်ရုံးခွဲ (ရန်ကုန်မြို့)၊ မြိတ်ရုံးခွဲ(မြိတ်မြို့)

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်

၄။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - သတ္တုတွင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်

၅။ တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၃၀-၈-၂၀၁၃ရက် ၁၆:၃၀ ဖြစ်ပြီး တင်ဒါဖွင့်ဖောက်မည့်ရက်အား ထပ်မံအကြောင်းကြားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ ဝယ်ယူသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ ဖုန်း-၀၆၇-၄၁၄၀၈၃၊ ရန်ကုန်ရုံးခွဲ ဖုန်း-၀၁-၅၄၇၁၉၅ နှင့် မြိတ်ရုံးခွဲ ဖုန်း-၀၅၉-၄၁၀၄၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၅၈၀၄ (ကမ-၃)စာအုပ်ပျောက်လျှောက်ထား ယာဉ်လက်ဝယ်ရှိသူ ဦးလလွမ်(ခ)ကျော်စိုးလွင် ၁/မကန(နိုင်)၀၀၂၄၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

အမှတ်(၂)ပလတ်စတစ်စက်ရုံ(ကျောက်ဆည်)ငှားရမ်းရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းလက်အောက်ရှိ အမှတ်(၂) ပလတ်စတစ်စက်ရုံ (ကျောက်ဆည်)အား ငှားရမ်းရန် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂-၈-၂၀၁၃ရက် (သောကြာနေ့) ရုံးချိန်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၉-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄:၀၀ နာရီ
(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန

၂။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
လျှပ်စစ်ဦးစီး၊ နေပြည်တော်
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
တင်ဒါအမှတ်-၀၀၁/တင်ဒါ/၂၀၁၃-၂၀၁၄/လစစ

၁။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုခွင့်ပြု ရန်ပုံငွေဖြင့် Conferencing System လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် အောက်ဖော်ပြပါပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့်ပစ္စည်း	အရေအတွက်
(က)	infrared Wireless Conferencing System	1 Lot

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် နံနက် ၁၀ နာရီ
တင်ဒါဖွင့်မည့်ရက်/အချိန် - ၂၃-၈-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီ (ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်)

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၁-၈-၂၀၁၃ရက်မှစ၍ လျှပ်စစ်ဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၄၀) နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းပေးသွင်းနိုင်ပါသည်။ ဆက်သွယ်ရမည့်တယ်လီဖုန်းအမှတ်မှာ ၀၆၇-၄၀၇၀၇၉ ဖြစ်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)
ရုံးအမှတ်(၄၀)၊ နေပြည်တော်

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ယ/၆၂၇၇ JLM ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးသန်းငွေ ၅/စကန(နိုင်)၀၃၅၉၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ငါးကောင်ရေ ၃၅၀၀၀ ဖြင့် အုန္နဲရိုးအင်းအတွင်း ငါးမျိုးစိုက်ခြင်းဆောင်ရွက်

ပိန်းဇလုပ် ဩဂုတ် ၁

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတမပြုန်းတီးစေရေး၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်တားဆီးရေး၊ ငါးလုပ်ငန်းများ ရေရှည်တည်တံ့ကောင်းမွန်စေရေးနှင့် ငါးထုတ်လုပ်မှုတိုးတက်စေရန် ငါးမျိုးစိုက်ထည့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ တတိယအကြိမ်ကြေးတိုင်အင်းများအတွင်းသို့ မွေးမြူရေးကို အခြေခံသော ဖမ်းဆီးထုတ်လုပ်မှုစနစ်ဖြစ်သည့် လှောင်အိမ်ဖြင့် ငါးမျိုးစိုက်ထည့်ခြင်းကို အုန္နဲရိုးအင်းတွင် ဇူလိုင် ၂၉ ရက်က ငွေရောင်ငါးကြင်း၊ငါးဖန်းမနှင့် ငါးခုံးမကြီး စုစုပေါင်း ငါးကောင်ရေ ၃၅၀၀၀ ကို စိုက်ထည့်ခဲ့ကြသည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးသိန်းနှင့် ဝန်ထမ်းများ၊ က တုတ်ဘုရားကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့်ကျေးရွာအထောက်အကူပြုအဖွဲ့နှင့် အင်းသားကြီးများ စုပေါင်းတက်ရောက် စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပိန်းဇလုပ်-သိန်းညွန့်

ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများလှူဒါန်း

ရေး ဩဂုတ် ၁

မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုလက်မှု ဝန်ကြီး ဦးနိုင်လဝီအောင်က မြို့နယ်ရှိ စီမံဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့မှ တာဝန်ရှိသူများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဧည့်ခန်းမ၌ မွန်းလွဲ ၁ နာရီက ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြစ်ချောင်းမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးကို ဆွေးနွေးညှိနှိုင်းပြီး ဝန်ကြီး ဦးနိုင်လဝီအောင်နှင့်မြို့နယ်တာဝန်ရှိသူများသည် ကယ်ဆယ်ရေးစခန်းများ၌ ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနကလှူဒါန်းသောခါက်ဆွဲခြောက်အထုပ် ၂၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ နယ်မြေခံ နယ်လှည့် ဆေးကုသရေးအဖွဲ့နှင့်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၏ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မှုနှင့် ရေဘေးသင့်ပြည်သူများကို ကြည့်ရှုအားပေးသည်။ ထို့ပြင် ရေဘေးသင့် ပြည်သူများကိုဒေသခံစီးပွားရေး လုပ်ငန်းရှင်များနှင့် စေတနာရှင်များကလည်း အထွေထွေစားကုန်များကိုတစ်ပိုင်တစ်နိုင်လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

စိုက်ပျိုးစရိတ်ချေးငွေ ဖျာပုံတွင်အချိန်မီထုတ်ချေး

ဖျာပုံ ဩဂုတ် ၁

မိုးရာသီတွင်တောင်သူလယ်သမားများ စပါးစိုက်ပျိုးမှု လွယ်ကူစေရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ဖျာပုံဘဏ်ခွဲ)က စိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူလယ်သမားများထံသို့ အချိန်မီထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ယခုနှစ်မိုးရာသီတွင် ဖျာပုံမြို့နယ်ရှိ ကျေးရွာများမှ လယ်မြေဧက ရှစ်သောင်းကျော်ကို တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိသည်။

အဆိုပါဘဏ်ခွဲကလက်ရှိဝန်ထမ်းအင်အား ၁၁ ဦးဖြင့် တစ်နေ့လျှင် တောင်သူပေါင်း နှစ်ရာကျော်ကို ထုတ်ချေးပေးလျက်ရှိကြောင်း၊ တောင်သူများကို ချေးငွေများထုတ်ချေးပေးရာတွင်လည်း တောင်သူများစောင့်ဆိုင်းရမှုမရှိဘဲ လွယ်ကူစေရေးအတွက် မြန်မာ့စီးပွားရေးဘဏ်နှင့် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ထားရှိပြီးကျန်ရှိနေသည့် ကျေးရွာများကို ဩဂုတ်လကုန်အပြီး ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဖျာပုံဘဏ်ခွဲမန်နေဂျာ ဒေါ်ခင်စောဝတီမြင့်ထံမှ သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အနော်ရထာတံတား(ချောက်)ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

ဧရာဝတီမြစ်ကူး အနော်ရထာတံတား(ချောက်) ရေလမ်းကြောင်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၃)နှင့်(၄)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၂)နှင့်(၃)အကြားမှ လည်းကောင်း သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများကာလသို့ ရောက်ရှိလာပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ၂၀၁၃ ခုနှစ် ဩဂုတ် ၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ် (၄)နှင့် (၅) အကြားမှလည်းကောင်း ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

မီးနီထွန်းပြသ

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ကင်းလွတ်အကျယ်မှာ ၁၁၀မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

သတိပေးနှိုးဆော်

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် လိုအပ်သည်။ ပြောင်းလဲမည့် ရေလမ်းသည် တံတား၏ အထက်ဘက်ရှိ ယောချောင်းနှင့်နီးကပ်စွာ ဖြတ်သန်းရမည်ဖြစ်၍ ယောချောင်းရေကျချိန်တွင် တံတားကို လုံးဝဖြတ်သန်းခြင်းမပြုရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တွင် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်း (၁၅)မျိုးဝယ်ယူရန်ရှိပါသဖြင့် ပစ္စည်းတစ်မျိုးချင်း၏ ဈေးနှုန်းလိုက် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	ဦးရေ	တင်သွင်းရမည့် နောက်ဆုံးရက်	အချိန်
၁။	Officer Table	၂၀	၉-၈-၂၀၁၃ရက်	၁၃:၀၀နာရီ
၂။	Book Case	၂၀		
၃။	File Shelfs	၂၀		
၄။	Cabinet(Leeco)	၅		
၅။	ဖိုင်တင်စင်(Leeco/Taiyo/ Standard)	၂၀		
၆။	Computer table	၃၀		
၇။	လက်တင်ပါကုလားထိုင်	၂၀		
၈။	သစ်သားဆက်တီ	၁		
၉။	ဘွဲ့နှင်းသဘင်သုံးထိုင်ခုံ	၅၀		
၁၀။	သဟာယထိုင်ခုံ (ကျွန်း၊ ဆိုဖာထိုင်ခုံ၊ ကျောမှီဆိုဖာ၊ လက်တန်းပါနောက်မှီနှင့် ခြေထောက်ကနုတ်ပန်း)	၁၀		
၁၁။	စကားပြောစင်	၃		
၁၂။	Plastic Chair(Armed)	၂၀		
၁၃။	Plastic Chair(Armless)	၃၀		
၁၄။	Lab Table	၂၀		
၁၅။	Bed Stead(Single)	၂		

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များသိရှိလိုပါက ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကွန်ပျူတာတက္ကသိုလ်(လှိုင်ကော်)
ဖုန်း-၀၈၃-၂၂၁၀၆၊ ၂၂၁၆၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

စက်မှုဇုန်များသို့ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်း ဆောင်ရွက်ရန် အဆိုပြုချက်များ ဖိတ်ခေါ်ခြင်းအတွက် တင်သွင်းရမည့်နေ့ရက် ပြင်ဆင်ခြင်း။

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၁၅ ခုသို့ စဉ်ဆက်မပြတ် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းဆောင်ရွက်ရန် စိတ်ဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား အဆိုပြုတင်ပြရန်နှင့် အဆိုပြုလွှာများအား ၃၁-၇-၂၀၁၃ရက် မွန်းတည့် ၁၂နာရီနောက်ဆုံးထား၍တင်သွင်းရန် ၃-၇-၂၀၁၃ရက်မှ ၅-၇-၂၀၁၃ရက်အထိ နေ့စဉ်ထုတ်သတင်းစာများတွင် ဖိတ်ခေါ်ခဲ့ပါသည်။

၂။ အဆိုပြုချက်နှင့်စပ်လျဉ်း၍ အချက်အလက်များပြည့်စုံစွာ ပြင်ဆင်တင်သွင်းနိုင်ရေးတွင် အချိန်ကန့်သတ်ချက်များရှိနေကြောင်း သိရှိရပါသဖြင့် အဆိုပြုလွှာတင်သွင်းရမည့်ရက်အား ၁၅-၈-၂၀၁၃ရက် နောက်ဆုံးထား တင်သွင်းနိုင်ရန် ပြင်ဆင်သတ်မှတ်ကြောင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 14/DHPI/Tyre/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Tyre	1 Lot

Tender No. 15/DHPI/ Battery / 2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Battery	1 Lot

Tender No. 16/DHPI/Lubricant/2013-2014

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	Lubricant	1 Lot

၂။ ပစ္စည်းများ၏ (Specification, Manufacture, Country of Origin) တို့အား ၁၅-၈-၂၀၁၃ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ရက် မွန်းတည့် ၁၂:၀၀နာရီဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့် ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ စုစုပေါင်းတည်ရှိရာဒေသ(၈)ခုရှိ ရေယာဉ်ဟောင်း(၃၃)စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ထောက်ပံ့အကူတပ်ဖွဲ့
Lot(1) -(၃၇)ပေ သံထည်(၂)စီး

(ခ) ကရင်ပြည်နယ်ရဲတပ်ဖွဲ့
Lot(2) -(၃၇)ပေ သံထည်(၂)စီး

(ဂ) မွန်ပြည်နယ်ရဲတပ်ဖွဲ့
Lot(3) -(၃၇)ပေ သံထည်(၂)စီး

(ဃ) စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့
Lot(4) -(၃၇)ပေ သံထည်(၁)စီး

(င) မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့
Lot(5) -(၃၇)ပေ သံထည်(၁)စီး

(စ) မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့
Lot(6) -(၃၇)ပေ သံထည်(၂)စီး

(ဆ) ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့
Lot(7) - (၃၇)ပေ သံထည်(၇)စီး
- (၄၈)ပေ သံထည်(၂)စီး
- Speed Boat(Fibre)(၃)စီး

(ဇ) ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့
Lot(8) -(၃၇)ပေ သံထည်(၉)စီး
(၄၈)ပေ သံထည်(၂)စီး

(ဈ) **တင်ဒါရောင်းချမည့်ရက်** - ၅-၈-၂၀၁၃ရက်မှ ၄-၉-၂၀၁၃ ရက်အထိ

(ည) **တင်ဒါရောင်းချမည့်အချိန်** - ၁၀:၀၀ နာရီမှ ၁၆:၀၀နာရီအထိ

(ဋ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၄-၉-၂၀၁၃ရက် မွန်းလွဲ ၁၃:၀၀ နာရီ

(ဌ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ရုံးအမှတ် (၄၅)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်

(ဍ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် (၄၅)၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်

၂။ အဆိုပါရေယာဉ် ၃၃ စီး ၏ အခြေအနေအား တည်ရှိရာဒေသသို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ရုံးအမှတ်(၄၅)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၂၅၁၂၊ ၀၆၇-၄၁၂၀၄၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

ကန့်ကွက်နိုင်ပါသည်

ကျွန်မ ဒေါ်ကျော့ရှင်လန် ၁၃/လရန(နိုင်)၀၇၇၄၀၈နှင့် ကျွန်တော် မောင်ခင်ကျော် ၁၃/လရန(နိုင်)၁၃၂၈၄၅တို့သည် တာချီလိတ်မြို့၊ ဟောင်လိတ်ကျေးရွာအုပ်စု၊ လွန်းကျိုင်းကွင်းအမှတ်(၂၃)၊ ဝိန်းကျောက်အာခါရွာရှိ ဧရိယာ ၀ဒသမ ၇၆ဧကရှိ မြေကွက်အား ဒေါ်ယာထူး(ခ)မကြူ ၁၃/လရန(နိုင်)၀၆၅၉၇၄ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် ပုံစံ(၁၀၅)ရေးကူးခွင့် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်ကျော့ရှင်လန်	**မောင်ခင်ကျော်**
၁၃/လရန(နိုင်)၀၇၇၄၀၈	**၁၃/လရန(နိုင်)၁၃၂၈၄၅**

အမည်ပြောင်း

မိုင်းပျဉ်းမြို့နယ်၊ ပိန်းဆန်းရပ်ကွက်၊ စံပယ်လမ်းနေ ဦးစိုင်းအောင်ဖူး၏ သမီး မနန်းမိုင်း ၁၃/မပတ(နိုင်)၀၃၂၈၀၇အား မနန်းဝိုင်းဟု ပြောင်းလဲခေါ်ပါရန်။ **မနန်းဝိုင်း**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဦးကြင်ဥလမ်းနေ ဦးသန်းလွင် ၈/ဆပဝ(နိုင်)၀၀၂၃၉၀၏သမီး မသက်ထားလွင် ၈/ဆပဝ(နိုင်)၀၇၁၃၁၆သည် မိဘများစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး သူမ၏ဆန္ဒအရ နေအိမ်မှဆင်းသွားပါသဖြင့် သူမအား ကြော်ငြာသည့်ရက်မှစ၍ အမွေခံသမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးသန်းလွင်
၈/ဆပဝ(နိုင်)၀၀၂၃၉၀
အမှတ်(၁)ရပ်ကွက်၊ ဆင်ပေါင်ဝဲမြို့

မှုခင်းသတင်းနှင့်ဖြောင်ငြာ

လိုင်စင်မဲ့ကားများ ဝင်ရောက်မှု သက်ဆိုင်ရာ အဖွဲ့များ ကြပ်မတ်စစ်ဆေးလျက်ရှိ

ရန်ကုန်   ဩဂုတ်   ၁

လိုင်စင်မဲ့ကားများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးဌာနတို့က ဖမ်းဆီးရရှိမှုစုစုပေါင်း ၂၅၇၈ စီး အထိဖမ်းဆီးမိကြောင်း ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဖြေကြားခဲ့သည်။

ဖြေကြားခဲ့

အဆိုပါ လိုင်စင်မဲ့ယာဉ်များကို ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ဖမ်းဆီးရခဲ့ခြင်းဖြစ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက အရေးယူ ဖမ်းဆီးမိသော ယာဉ်အစီးရေမှာ ၅၉၆ စီး၊ ပြည်ထဲရေး ဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဖမ်းဆီးရရှိမှု ၁၀၉၉ စီး၊ ဘဏ္ဍာရေး ဝန်ကြီးဌာနက ၁၄၇ စီး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့က ၄၁ စီး၊ မွန်ပြည်နယ်အစိုးရဖွဲ့က ၆၂၅ စီး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ၄၃ စီး၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ မှ ၂၇ စီး စုစုပေါင်း ၂၅၇၈ စီးအား ဖမ်းဆီးရမိကာ ဥပဒေနှင့်အညီ အရေးယူခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက လွှတ်တော်ကိုယ်စားလှယ် တစ်ဦး၏ မေးမြန်းမှုကို ဖြေကြားခဲ့သည်။

ပြည်တွင်းသို့ လိုင်စင်မဲ့ကားများ ဝင်ရောက်မှုမရှိစေရန် နယ်စပ်ချစ်ကြည်ရေးတံတားများတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တာဝန်ရှိဌာနဆိုင်ရာအဖွဲ့နှင့်တပ်မတော်သားများပါဝင်သည့်အဖွဲ့နှင့်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးဂိတ်များတွင် နယ်ခြားစောင့်တပ်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များနှင့်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာနိုင်သောလမ်းကြောင်းများတွင် ဌာနဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းကာ ရှောင်တခင်စစ်ဆေးခြင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက ဌာနဆိုင်ရာအသင်းအဖွဲ့များနှင့်ရှောင်တခင် စစ်ဆေးခြင်း၊ပြည်ထောင်စုလမ်းမကြီးများတွင်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ကြပ်မတ်စစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **ကြည်(ရန်ကင်း)**

လွန်ဖောက်စက်မှတစ်ဆင့် ဓာတ်လိုက်သေဆုံး

ရေး   ဩဂုတ်   ၁

ရေးမြို့နယ်အစင်ကျေးရွာကမ်းနားကြီးရပ်တွင် ဇူလိုင် ၂၉ရက်နံနက်၈နာရီခွဲက အစင်ရွာ နယ်မြေ(၃)နေ ဦးအောင်ကို၏စက်လှေကို မိုးရွာသွန်းနေစဉ် လျှပ်စစ်လွန်ဖောက်စက်ဖြင့် အသုံးပြုပြီး ပြုပြင်ရာမှ လွန်ဖောက်စက်မှ လျှပ်စစ်စီးဝင်၍စည်သူအောင်(၁၈နှစ်)အစင်ရွာနယ်မြေ(၂)နေသူမှာသေဆုံးသွားသဖြင့် ရေးမြို့မရဲစခန်းမှ သေမှုသေခင်းရေးဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နေမျိုးထွန်း(ရေး)**

သစ်တင်ကား လမ်းဘေးတိမ်းမှောက်

တောင်သာ   ဩဂုတ်   ၁

မြင်းခြံမှမောင်းနှင်လာသော ဟီးနိုးရီမ်း ဂျား အ/--- သည် အင်ကြည် သစ်ရှစ်တန်ခန့် တင်ဆောင်လာရာ ဇူလိုင် ၂၇ ရက် ည ၁၀နာရီခန့်တွင် တောင်သာမြို့အဝင် မိုင်တိုင် ၄၄၃/၇အနီး ကားလမ်းအတက်တွင် ဘရိတ်ပေါက်ကာ နောက်ပြန်လိမ့်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်း၏ ညာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)** ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်လင်းထူးကို တောင်သာရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။ **လင်းလက်ကြယ်(တောင်သာ)**



မုတ္တမကျေးရွာ၌ လိုင်စင်မဲ့ယာဉ် ဖမ်းဆီး

မော်လမြိုင်   ဩဂုတ်   ၁

မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လှည့်ကင်းလှည့်ခြင်းရေးတာဝန် ထမ်းဆောင်စဉ် အဆိုပါ ကျေးရွာ ဆီဆုံ ရပ်ကွက်တွင်ရပ်တန့်ထားသည့်ယာဉ် အမှတ်စခ/---- တိုယိုတာကိုရိုလာ အမျိုးအစားယာဉ်ကို ဇူလိုင် ၂၅ ရက် ည ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် ရှာဖွေစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဇင်မင်းအောင် အမည်ပါ ရွှေအင်းဝ ဝန်ထမ်းကတ် တစ်ခုနှင့်မော်လမြိုင် မြို့ဒိုင်းဝန်ကွင်း ရပ်ကွက်ရှိ ကား ညီနောင် စတီးလ် သံပန်း/သံတံခါး အလှဆင်လုပ်ငန်းမှ ဘောက်ချာ စာအုပ် တစ်အုပ်တို့ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။ ဆက်လက်၍ ရဲတပ်ဖွဲ့ဝင်များသည် ဇင်မင်းအောင်(၂၅နှစ်)ကို တွေ့ဆုံစစ်ဆေးခဲ့ရာ လွန်ခဲ့သည့် သုံးရက်က ဆီပြတ်သွားသဖြင့် အဆိုပါယာဉ်ကို ၄င်းနေရာ၌ ရပ်တန့်ထားခဲ့ခြင်းဖြစ်ကြောင်း သိရပြီးယာဉ်နှင့်ပတ်သက်၍ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်း မရှိသဖြင့် ဖမ်းဆီးခဲ့သည်။ ယင်းဖြစ်စဉ်နှင့် ပတ်သက်၍မုတ္တမရဲစခန်းကဇင်မင်းအောင်ကို အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကျော်သန်း(မော်လမြိုင်)**

ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာသူတစ်ဦးကို အရေးယူထား

ရန်ကုန်   ဩဂုတ်   ၁

ရန်ကုန်အရှေ့ပိုင်းခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဇူလိုင် ၂၈ ရက် နံနက် ၃ နာရီ ၁၅ မိနစ်ကဆိုင်ကယ်ခိုးမှုများဖြင့် ပြစ်ဒဏ်ကျခံခဲ့ဖူးသူ သိန်းဇော်ဦး(ခ) ကတုံး သန်လျင်မြို့နယ်နေသူအား ZHINENG-125 အမျိုးအစား အပြာအနက်စပ်ကျား ဆိုင်ကယ်တစ်စီးနှင့်အတူ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာဈေးအတွင်း၌ မသင်္ကာ၍ စစ်ဆေးရာ ပိုင်ဆိုင်ကြောင်းအထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်ရဲစခန်းက အရေးယူဆောင်ရွက်ထားခဲ့ပြီး အခြားမြို့နယ်များအတွင်းမှ ဖြစ်ပွားသည့် ဆိုင်ကယ်ခိုးမှုများနှင့်ပတ်သက်ဆက်စပ်မှု ရှိ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-SP)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၅ / ၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-041(2013-2014)	100 KW Diesel Engine Driven Generating Set	(1) Set	US$
(၂)	IFB-042(2013-2014)	100 KW Natural Gas Engine Driven Generating Set	(2) Sets	US$
(၃)	IFB-043(2013-2014)	Motorola Transceiver (GM 388 BS VHF)	(2) Nos	US$
(၄)	IFB-044(2013-2014)	Spares for Komatsu Dozer	(2) Items	US$
(၅)	IFB-045(2013-2014)	Casing Elevators	(4) Items	US$
(၆)	IFB-046(2013-2014)	SL-450 Swivel Goose Neck for ZJ 70 L Drilling Rig	(4) Nos	US$
(၇)	IFB-047(2013-2014)	5 1/2" API Float Shoes & Collars	(2) Items	US$
(၈)	IFB-048(2013-2014)	Rotary Hose for ZJ 70L & ZJ 50 D Drilling Rigs	(2) Items	US$
(၉)	IFB-049(2013-2014)	Spares for Emsco Rig Drive Group	(6) Items	US$
(၁၀)	IFB-050(2013-2014)	Roller Chain	(5) Items	US$
(၁၁)	DMP/L-021(2013-2014)	Spares for CAT D 399 & CAT D 3512 Engines	(1) Lot	Kyat
(၁၂)	DMP/L-022(2013-2014)	Spares for Volvo Tractor (Electronic Unit Injector & Fuel Filter Housing)	(2) Items	Kyat
(၁၃)	DMP/L-023(2013-2014)	Multi Grade Diesel Engine Oil (SAE 15 W 40) (API-CF4)	(80) Drums	Kyat
(၁၄)	DMP/L-024(2013-2014)	Electrical Spares for USS Oil Well Drilling Rig [20 Pin Plug & Receptacle (Male & Female)]	(32) Sets	Kyat
(၁၅)	DMP/L-025(2013-2014)	2000 AMP Circuit Breaker & Speed Adjust Rheostat for ZJ 50D Drilling Rig	(2) Items	Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၆-၈-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရေဆင်း၊ နေပြည်တော်တွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဓာတ်ခွဲခန်းသုံးစက်ပစ္စည်း၊ ကိရိယာ	၂၆ မျိုး
၂။	လုပ်ငန်းသုံးလျှပ်စစ်ပစ္စည်း (လေအေးပေးစက်၊ 30 HP Motor & Inpular)	၅ မျိုး
၃။	ရုံးအသုံးအဆောင်ပစ္စည်း(ကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်)	၃ မျိုး
၄။	ပရိဘောဂ (စားပွဲ၊ ကုလားထိုင်၊ ဗီရို၊ ဖိုင်တင်စင်၊ ခွေးခြေ)	၆ မျိုး

၂။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၃၁-၇-၂၀၁၃ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၇-၈-၂၀၁၃ ရက်၊ ၁၆:၀၀ နာရီ

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၆၆၅၈၊ ၄၁၆၅၂၅၊ ၄၁၆၅၃၀

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂) တက္ကသိုလ်ဝင်တန်း(က)မှ နန်းမွေဟွမ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလီ ၁၃/ကဟန(နိုင်)၀၁၆၅၇၈ ဖြစ်ပါကြောင်း။

ဦးစိုင်းလီ

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂) သတ္တမတန်း(က)မှ နန်းမွေနွမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလီ ၁၃/ကဟန(နိုင်)၀၁၆၅၇၈ ဖြစ်ပါကြောင်း။

ဦးစိုင်းလီ

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၂) ပဉ္စမတန်း(က)မှ နန်းဆိုင်ဟွမ်၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလီ ၁၃/ကဟန(နိုင်)၀၁၆၅၇၈ ဖြစ်ပါကြောင်း။

ဦးစိုင်းလီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ မြေကွက်အမှတ် ၁၈၀/ခ၊ မြေကွက်တည်နေရာအမှတ် ၁၈၀၊ သီဂီ ၅ လမ်း၊ တောင်(၅)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်ညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်(မိခင်)နှင့် ဦးချစ်လှိုင်(ဖခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဦးဝင်းချို ၁၂/သကတ(နိုင်)၁၀၇၈၃၁၊ ဦးအောင်ထွန်း ၁၂/သကတ(နိုင်)၀၁၄၁၅၂၊ ဒေါ်ရွှေမြင့် ၁၂/သကတ(နိုင်)၀၃၉၇၃၅တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအေးလွင် ၁၂/လသန(ဧည့်)၀၀၀၉၉၀သည် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းငွေးကြွယ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၃၇) လေးလွှာ၊ ခြေရင်းခန်း (၁၅×၆၀) ပေအကျယ်ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဒေါ်မြထွေး ၁၂/လသန(နိုင်)၀၁၁၃၈၅ထံသို့ စရန်ငွေ ကျပ်သိန်းလေးဆယ် ပေးချေဝယ်ယူထားပြီးဖြစ်ရာ ထိုတိုက်ခန်းနှင့်ဆိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ယနေ့မှစ၍ ခုနစ်ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ရောင်းဝယ်ခြင်းပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ရတနာခိုင်ဖြူမြင့် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၂၈၃၂၆)
ဖုန်း-၀၉-၇၃၀၉၆၁၈၀၊ ၀၉-၃၁၆၃၅၉၂၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ပုသိမ်လမ်း၊ အမှတ် ၃၂/၃၄ ဟုခေါ်တွင်သော မြေပေါ်ရှိ သုံးခန်းတွဲ ရှစ်ထပ်တိုက်၏ ခေါင်းရင်းခြမ်း၊ အကျယ်ပေ (၁၈×၅၀)စီရှိ မြေညီထပ်နှင့် ပထမထပ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ် အဆက်ဆက်အရ လက်ဝယ်ထားရှိပိုင်ဆိုင်ကြောင်း ဦးမောင်မောင် ၉/မနမ(နိုင်)၀၂၇၅၉၇မှ ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း	ဦးသန့်ဇော်
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇)	တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

မိုးသည်းထန်လျှင် တောင်ကျရေနှင့် ရွှံ့ညွှန်များ မျောပါ သစ်ပင်များစိုက်ပျိုးမှုကြောင့် မြေဆီလွှာ ပြိုကျမှုမရှိတော့

ကျောက်မဲ ဩဂုတ် ၁

မိုးများသည်းထန်စွာ ရွာသွန်းလျှင် တောင်ကျရေများနှင့်အတူ ရွှံ့ညွှန်များ မျောပါစီးဆင်းကာ မန္တလေး မူဆယ်ပြည်ထောင်စုလမ်းကြီးမပေါ်သို့ ဖုံးလွှမ်းပြီး ကားများ လမ်းချော်တိမ်းမှောက်ကာ လူသေဆုံးသည်အထိဖြစ်ပွားခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အဝင်ခိုမုန်းကျေးရွာရှိ မြို့ဦးစေတီတော်တောင်ကုန်းအပေါ်တွင် ယခုအခါ ရှမ်းပြည်နယ်အစိုးရ၏ လမ်းညွှန်မှုနှင့်အညီ ကျောက်မဲမြို့နယ် သစ်တောဦးစီးဌာနမှ တစ်အုပ်တစ်မ သစ်တောသစ်ပင်မျိုးစုံကို စိုက်ပျိုးပေးခဲ့သည်။ ယင်းသို့ တစ်အုပ်တစ်မ သစ်ပင်မျိုးစုံစိုက်ပျိုးပေးနိုင်ခဲ့မှုကြောင့် အဆိုပါနေရာတွင် မိုးရွာသွန်းလျှင် မြေဆီလွှာများ ပြိုကျခြင်းမရှိတော့ဘဲ မြေဆီများ ထိန်းသိမ်းနိုင်ခဲ့သည်။

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုများရှိခဲ့ပြီး သဘာဝစမ်းရေထွက်ဦးများတွင် ရေထွက်နှုန်းများကောင်းမွန်ခဲ့သည်ကို တွေ့ရသည်။ အဆိုပါ ကျောက်မဲမြို့ဦးစေတီတော်တောင်ကုန်းနှင့်နမ့်ဟူး ကျေးရွာ စမ်းရေထွက်ဦးတို့တွင် မြို့နယ်သစ်တောဦးစီးဌာနမှ တစ်အုပ်တစ်မသစ်တောစိုက်ခင်းအဖြစ် မယ်ဇလီပင် ၁၅၉၀ ပင်အပါအဝင် နှစ်ရှည်စားပင်၊ ပိန္နဲပင် ၄၉၁ပင်၊ သရက်ပင် ၁၂၁ပင်၊ ထောပတ်၁၉၁ပင်၊ တည်ပင် ၁၁၀ပင်တို့ဖြစ်ပြီး ကျွန်း၊ ခါတော်မှီ၊ ရေသင်းဝင်၊ ရေမနေပင် စုစုပေါင်း ၁၀၆၅ပင် စိုက်ပျိုးပေးနိုင်ခဲ့သည်။ နမ့်ဟူးစမ်းရေထွက်တွင်လည်းသစ်ပင်မျိုးစုံ ၅၀၀ စိုက်ပျိုးပေးနိုင်ခဲ့သည်။

(ဝဲပုံ) (ဝ၉ဝ)

ကျေးလက် ကျန်းမာရေးဌာနခွဲဖွင့်

မြစ်ကြီးနား ဩဂုတ် ၁

မြစ်ကြီးနားမြို့ နောင်နန်းကျေးလက်ကျန်းမာရေးဌာန၏ တပ်ကုန်းရပ်ကွက် ကျေးလက်ကျန်းမာရေးဌာနခွဲရုံးနှင့် ဝန်ထမ်းအိမ်ရာများ အဆောက်အအုံဖွင့်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့မှ လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာ၊ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ဦးစီးဌာနမှူး ဒေါက်တာဝင်းလွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမင်းဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်က တပ်ကုန်းကျေးလက်ကျန်းမာရေးဌာနခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ကြယ်ဖြူမင်းဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်ချောလုလုခန့်က အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို ဒုတိယပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးထံသို့ လွှဲပြောင်းပေးအပ်ကာ အထိမ်းအမှတ်အလံများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

အဆိုပါအဆောက်အအုံနှစ်ခုနှင့်ဆက်စပ်အဆောက်အအုံ အလတ်စားနှင့် အသေးစားလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ၂၀၁၂-၂၀၁၃ဘဏ္ဍာနှစ်နှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေမှ ငွေကျပ် ၆၄၄ သိန်းအကုန်အကျခံကာတည်ဆောက်ခဲ့ကြောင်း သိရသည်။

မိုယံးကျ (မြစ်ကြီးနား)

မိတ္ထီလာပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာ ကျွမ်းကျင်မှုဒီပလိုမာသင်တန်း (၉/၁၂) သင်တန်းဆင်း

မိတ္ထီလာ ဩဂုတ် ၁

မိတ္ထီလာပညာရေးကောလိပ် လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း (၉/၁၂) သင်တန်းဆင်းပွဲအခမ်းအနားကို ဇူလိုင် ၃၀ရက် နံနက် ၉နာရီက ပညာရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုး၊ ပညာရေးကောလိပ်ကျောင်းအုပ်ကြီး ဦးဘိုမြင့်တို့က သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်စံပြဆုရ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ၄င်းလုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးများမှ သင်တန်းသား သင်တန်းသူ ၄၂၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၄၃၅)

တန်ဖိုးနည်း ဂျီအက်စ်အမ်ကတ်များ ထုတ်ပေး

ရန်ကုန် ဩဂုတ် ၁

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက် သီရိ(၇) လမ်းရှိ အလက(၁) လှိုင်ကျောင်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ကြီးကြပ်၍ အများပြည်သူသုံး တန်ဖိုးနည်း ဂျီအက်စ်အမ်ကတ်များကို ဖုန်းသုံးစွဲရန် လျှောက်ထားကြသော အရေအတွက် ၄၆၉၈ဦးအတွက် ရရှိထားသောခွဲတမ်းကတ် ၈၀ကို မဲစနစ်ဖြင့် အဆိုပါ ကျောင်း၌ ဇူလိုင် ၂၈ရက် နံနက် ၈ နာရီက ကျင်းပပြီး ညနေပိုင်းတွင် အမှတ် (၂) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မဲပေါက်သူများကို အုပ်ချုပ်ရေးမှူး ဦးညဏ်ထွန်းမှ ထုတ်ပေးခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၊ လူနေရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၈၈၉၊ ဧရိယာ ၀ဒသမ၀၅၅ဧက၊ နှစ် ၆၀မြေငှားဂရန်မြေ (တစ်နည်းအားဖြင့်ဆိုသော်) ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက်၊ ရွှေပဒေသာလမ်း၊ အမှတ် ၈၈၉ ဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ တစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးဝင်း ၁၂/လမန(နိုင်)၀၀၈၀၂၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ၂၄-၇-၂၀၁၃ရက်စွဲပါ အိမ်ခြံမြေ နှစ်ဦးသဘောတူ အရောင်းအဝယ်(စရန်ပေး) ကတိစာချုပ်ကို ချုပ်ဆိုပြီး စရန်ငွေ၏အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေ၊ အိမ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၈၄၂၉)
Than Than Win & Associates (Law Firm)
အမှတ် ၁၀၅၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁၊ ၀၁-၃၇၇၇၅၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၅၀/F)၊ ကမ္ဘာအေးဘုရားလမ်း၊ န၀ဒေးလမ်းသွယ်၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် ၅၀ (သမိုင်း)၊ မြေကွက်အမှတ် (၃/ဈ)၊ ဧရိယာ ၀ ဒသမ ၁၅၉ ဧကရှိ Bလ/န၃၉ မြေပိုင်မြေသည် ဦးကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၁၂၃၉၈ အမည်ပေါက် ပိုင်ဆိုင်ပါသည်။ မြေအမည်ပေါက်ထံမှ အဆိုပါမြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးလှဝေ (စဉ်-၇၁၂၄) **ဒေါ်ဖြိုးဖြိုးမြင့် (စဉ်-၂၉၈၁၂)**
ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ (စဉ်-၈၇၉၁) **အထက်တန်းရှေ့နေ**
တရားလွှတ်တော်ရှေ့နေများ
အမှတ်၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉-၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၃) ရပ်ကွက်၊ ၆၂လမ်း၊ အမှတ် ၃၆၊ မြေညီထပ်-ယာဘက်ခန်း(တိုက်ကိုမျက်နှာမူလျှင်)အခန်းအား အရှုပ်အရှင်းကင်းရှင်းပြီး တစ်ဦးတည်းပိုင်ဆိုင်သည်ဟုဆိုသူ ဦးခင်မြင့် ၁၂/တမန(နိုင်)၀၇၁၇၀၂ ထံမှ ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အခန်းအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း အောက်ပါလိပ်စာသို့ ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အခန်းအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ တရားဝင်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန္တာအောင် ၁၂/မဂတ(နိုင်)၀၆၈၅၉၂
အမှတ် ၄၈၄၊ ပထမထပ်ယာဘက်ခန်း၊
သိမ်ဖြူလမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးဟမ်ဟုန်ရီ(ခ)ဦးအုန်းရွှေ ၁၂/လသန(နိုင်)၀၁၉၃၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်။

ဦးဟမ်ဟုန်ရီ(ခ)ဦးအုန်းရွှေသည် နိုင်ငံခြား၌ သွားရောက်အလုပ်လုပ်ကိုင်ခြင်းသာဖြစ်ပြီး နိုင်ငံခြားသားအဖြစ်ခံယူခဲ့ခြင်း လုံးဝမရှိပါကြောင်းနှင့် ၄င်းသည်ယခုလက်ရှိအချိန်အထိ မြန်မာနိုင်ငံသားတစ်ဦးသာဖြစ်ကြောင်းနှင့် မိဘများကျန်ရစ်ခဲ့သော ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အထပ်(၂)၊ တိုက်အမှတ် ၁၂၃ နှင့်ပတ်သက်၍ အမွေစားအမွေခံတစ်ဦးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာမြင့် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၇၁)
တောင်ငူမြို့၊ ဖုန်း-၀၉-၄၉၄၃၀၇၆၉

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မြစ်ကြီးနားခရိုင်တရားမရုံးတော်၌
၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၁၀၀ နှင့် ဆက်သွယ်သည့်
၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၆

ဦးညီညီထွန်း(ခ)ဦးရာကွတ် **နှင့်** ၁။ ဒေါ်ငွေပု
၂။ ဒေါ်ငြိမ်းငြိမ်းအေး

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

၁။ ဒေါ်ငွေပု၊ အမှတ် ၄၂၅၊ အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့ (ယခုနေရပ်လိပ်စာမသိ)နှင့်
၂။ ဒေါ်ငြိမ်းငြိမ်းအေး၊ အမှတ် ၄၂၅၊ အေးစေတီရပ်ကွက်၊ မြစ်ကြီးနားမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၁၀၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ကလျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်ဆင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ချိုချိုရီ)
ဒုတိယခရိုင်တရားသူကြီး (၁)
မြစ်ကြီးနားခရိုင်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မ၏သမီး မအေးနန္ဒာဝင်း(ခ)ဝင်းဝင်းအေး(ခ)မှိုင်မှိုင်သည် မိဘများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ဒုက္ခပေးခြင်း၊ မိဘမသိဘဲ ငွေကြေးနှင့် အိမ်တွင်းပစ္စည်းများ အကြိမ်ကြိမ်အလွဲသုံးစားပြုလုပ်ခြင်း စသည်တို့ကို ပြုလုပ်နေပြီး မည်သို့မျှ သွန်သင်ဆုံးမမှုမရပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား မိဘများအနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိဘများ-ဦးကျော်ဝင်း၊ ဒေါ်ကြည်ကြည်ရွှေ ၁/မကန(နိုင်)၀၁၈၁၅၅
ရှမ်းစုတောင်၊ မြစ်ကြီးနားမြို့

မြတ်သန္တာ သာသနာ့ရိပ်သာတရားစခန်းနှင့် ဝါဆိုသင်္ကန်းဆက်ကပ်အလှူ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ မြတ်သန္တာ မဟာစည်သာသနာ့ရိပ်သာ ၁၀ရက် တရားစခန်းကို ၁၀-၈-၂၀၁၃ ရက်မှ ၂၀-၈-၂၀၁၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည့် အစီအစဉ်ကို ၁၁-၈-၂၀၁၃ရက်တွင် ကျင်းပမည်ဖြစ်ပါ၍ ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၅၁၈၉၈၂၈၊ ၀၉-၇၃၀၉၀၄၉၀

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ မနာဘူးလာ ၁၃/မဆန(နိုင်)၀၁၆၃၆၁သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ အိမ်အမှတ်(၂/၁၇)၊ အလျားပေ (၁၂၆×၁၂၆)၊ အနံပေ (၇၀×၅၀)ရှိ မြေကွက်အား ဦးဆမ်သောင်း ၁၃/တခလ(နိုင်)၀၆၀၅၀၇ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **မနာဘူးလာ ၁၃/မဆန(နိုင်)၀၁၆၃၆၁**

ကန့်ကွက်နိုင်ပါကြောင်း

ဒေါ်နန်းပင်း(သမီး)၁၃/တခလ(နိုင်)၀၀၃၀၆၂၊ ဦးအိုက်ဝန်းပင်း(သား)၁၃/တခလ(နိုင်)၀၅၈၅၇၇တို့အား မိခင် ဒေါ်နန်းကြောင် ၁၃/တခလ(နိုင်)၀၀၃၀၆၅မှ ၄င်းပိုင်ဆိုင်သည့် တာချီလိတ်မြို့၊ ဆန်ဆိုင်းလုံ(ရှေ့)ရပ်၊ အကွက်အမှတ်(၁၇)၊ မြေဧရိယာ ၀ဒသမ ၁၁၀ ဧကရှိ မြေကွက်ကို အမွေပေးကမ်းခဲ့ပါသည်။ ယင်းမြေကွက်ကို မြေစာရင်းပုံစံ ၁၀၅ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်နန်းပင်း **ဦးအိုက်ဝန်းပင်း**
၁၃/တခလ(နိုင်)၀၀၃၀၆၂ **၁၃/တခလ(နိုင်)၀၅၈၅၇၇**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

မြေ+(၈)ထပ်တိုက်သစ် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗဟိုလမ်းမ(ယခင်ဇေယျာဝတီလမ်း)၊ စမ်းချောင်းမြို့နယ် ပေ(၂၅×၅၀) ရှစ်ထပ်လုံးချင်း တိုက်သစ်(မြေပိုင်ဆိုင်မှုအပါအဝင်)V-pile Foundation ပြင်ဆင်ပြီး၊ မြေညီအမြင့် ၁၆ပေနှင့်ကျန်အထပ်များ ၉ပေအမြင့်(Junction Square Shopping Mall,ယခင် ဟံသာဝတီကားပွဲစားတန်းတို့နှင့်နီး)။ **ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆**

အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီးအဖြစ် ခန့်ထားရန်
လျှောက်ထားကြောင်း အကြောင်းကြားစာ
(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူ လူငယ်ကို အက်ဥပဒေပုဒ်မ-၁၁)
မန္တလေးခရိုင်တရားမရုံးတော်၌
၂၀၁၃ ခုနှစ် တရားမအထွေထွေမှုအမှတ် (၆၆)

ဒေါ်နွယ်နွယ်စိမ်း **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ဦးပိုင်(၂၄)ရပ်နေ အရွယ်မရောက်သေးသောသူငယ် မောင်ကျော်ဇင်ဦး၊ မောင်ဇော်ထက်၊ မောင်ကျော်ဇင်ထွေးနှင့် ၎င်းပိုင်သောပစ္စည်းအကြောင်း။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (ဏ-၅/၂၄)၊ မြို့သစ်(၅)ရပ်နေ (၁) ဒေါ်နွယ်နွယ်စိမ်းက အပေါ်ကအမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ်များ၏ အဒေါ်အရင်းဖြစ်သည်ဟူ၍ ၎င်းသူငယ်၏ ကိုယ်နှင့်ပစ္စည်းကို (၁)အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၃ ခုနှစ် ဩဂုတ် ၁၃ ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်)တွင် ဆိုင်ဆိုရန် ချိန်းဆိုသည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)
ဒုတိယခရိုင်တရားသူကြီး (၃)
မန္တလေးခရိုင်တရားရုံး

အမည်ပြောင်း ဦးကျော်ညွန့်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘုတ်တောရွာ ခွဲအထက သတ္တမတန်း(A)မှ မောင်ဖိုးလပြည့်အား မောင်ထက်မြက်ကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ထက်မြက်ကျော်**

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၁၈

ဒေါ်ငယ်(ခ)ဒေါ်အားမိန် **နှင့်** ဒေါ်မြသိန်း
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ် ၆၂၊ ၃၉ လမ်း၊ (၈၀×၈၁)ကြား (ငွေသဇင်ကုန်စုံဆိုင်) ဒေါ်မြသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ငယ်(ခ)ဒေါ်အားမိန်မှ အရင်းအနှီးငွေများရရှိနိုင်ရန်ဟူ၍ စုကြေးထည့်ဝင်ငွေပေါင်း ၅၄၀၀၀၀၀ိ/-(ငါးဆယ့်လေးသိန်း)နှင့် ကြားကာလအကျိုးအမြတ်ငွေ ၄၉၀၀၀၀၀ိ/-(လေးဆယ့်ကိုးသိန်း) စုစုပေါင်းငွေ ၁၀၃၀၀၀၀၀ိ/-(ကျပ်တစ်ရာ့သုံးသိန်း)တိတိရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဩဂုတ် ၁၅ ရက် (၁၃၇၅ ခုနှစ် ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ထိုး ထုတ်ပေးလိုက်သည်။

(ရီရီထူး)
ဒုတိယခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ဆွေလှ ၁၃/ကတန(နိုင်)၁၅၅၀၂၃သည် တာချီလိတ်မြို့၊ မယ်ခေါင်ရပ်ကွက်၊ (၃)လမ်း၊ အိမ်အမှတ် ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၉၄ ဟုခေါ်တွင်သော အလျားရှေ့ ၂၂၇ပေ၊ အလျားနောက် ၂၃၃ပေ၊ အနံတောင် ၆၃ပေ၊ မြောက် ၇၈ပေရှိမြေကွက်အား တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်နေ ဦးအိုက်မိန်း ၁၃/လလန(နိုင်)၀၂၄၄၆၈ ထံမှ ဝယ်ယူခဲ့ပါသည်။ ယင်းမြေကွက်အား မြေငှားဂရန်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ ၁၀၅ ရေးကူးခွင့်လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာကြော်ငြာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဒေါ်ဆွေလှ ၁၃/ကတန(နိုင်)၁၅၅၀၂၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၈၆

ဒေါ်ချစ်ချစ်နိုင် **နှင့်** ၁။ ဒေါ်စုစုရွှေ
အမှတ် ၁၀၆(ဘီ)၊ လေးလွှာ၊ ၂။ ဦးစိုးဝေလတ်
စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်။
တရားလို **တရားပြိုင်များ**

အမှတ် ၉၂၅၊ စိန်ပန်းမြိုင်လမ်း၊ (၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) တရားပြိုင်ဒေါ်စုစုရွှေ၊ ဦးစိုးဝေလတ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားလိုက သင့်အပေါ်၌ နေအိမ်ခြံမြေကို လက်ရောက်ရလိုမှု(သို့မဟုတ်)ကျပ်၂၃၆သိန်းတိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်(၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဒေါ်လှမြင့်)
ဒုတိယခရိုင်တရားသူကြီး(၆)၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြင်ဦးလွင်မြို့နယ်တရားရုံး
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၈၄

ဒေါ်အိသဉ္ဇာအောင် **တရားလို** } **နှင့်** { ဦးဖြိုးကိုကိုရင် **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ အမှတ် ဒ-၅၈၊ ပဒေသာလမ်းနေ ဦးဖြိုးကိုကိုရင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကတိအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဩဂုတ် ၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်စိုး
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း
အကြောင်းကြားစာ
(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)
မန္တလေးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၇၃

ကွယ်လွန်သူ ဦးရမ်နဲ ၉/မနတ(နိုင်)၀၆၀၇၆၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း

ဦးသိန်းဇော်
အကွက် (၃၇၇)၊ အောင်ချမ်းသာရပ်၊
သံလျှက်မော်အနောက်ရပ်ကွက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ **လျှောက်ထားသူ**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အောင်ချမ်းသာရပ်၊ အကွက်အမှတ် ၃၇၇ နေ ဦးသိန်းဇော်က ကွယ်လွန်သူ ဦးရမ်နဲ၏သားဖြစ်သည်ဟူ၍ မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အောင်ချမ်းသာရပ်၊ အကွက်အမှတ် ၃၇၇ နေ ၎င်းကွယ်လွန်သူ ဦးရမ်နဲမှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာ ရလိုကြောင်း ဤရုံးတော်၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးရမ်နဲမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ခုနှစ် ဩဂုတ် ၁၂ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၆ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင်လျှောက်ထားသူ ဦးသိန်းဇော်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုစုဝင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)၊ မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀(က)
မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်တရားရုံးတော်၌
၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၅

မသိမ့်သိမ့်ထွေး **နှင့်** ကိုဖိုးချို (ခ) ကိုမျိုးမင်းထိုက်
တရားလို **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ သံမဏိစက်ရုံဝင်းအတွင်း၊ **ဖိုးလပြည့်စားသောက်ဆိုင်** (ယခုနေရပ်လိပ်စာမသိ)နေထိုင်သူ ကိုဖိုးချို (ခ) ကိုမျိုးမင်းထိုက် သိစေရမည်။

သင့်အပေါ် တရားလို မသိမ့်သိမ့်ထွေးက လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၃၀ ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၉ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ထွန်းနိုင်ထွေး
တွဲဖက်မြို့နယ်တရားသူကြီး
မြင်းခြံမြို့နယ်တရားရုံး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာများ

ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(၁)၊ ခုံအမှတ် တမ-၅၃၇/၂၀၀၈ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်၍ မြိတ်တက္ကသိုလ်၊ အဝေးသင်ဌာနခွဲ၊ ၂၀၁၁ခုနှစ် ဓာတုဗေဒအဓိက ခုံအမှတ် ၃/ဓ-၄ ဖြင့် အောင်မြင်ခဲ့သော မအေးစန္ဒာချို ၆/မမန(နိုင်)၁၇၈၁၉၄၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအေးရှိန် ဖြစ်ပါကြောင်း။

ဦးအေးရှိန် ၆/မအရ(နိုင်)၀၂၀၃၂၇





၁/၈၀ အမျိုးသမီး ရဲသင်တန်းဆင်းသူငယ်ချင်းများအားလုံး ဆရာကန်တော့ပွဲနှင့် တွေ့ဆုံပွဲ

ရက်စွဲ/အချိန်	-	၁၁-၈-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၀၀ နာရီ
နေရာ	-	ကုန်းမြင့်သာစားသောက်ဆိုင် ရန်ကုန်-ပြည်လမ်း၊ ၇ မိုင်၊ မရမ်းကုန်းမြို့နယ်၊
ဆက်သွယ်ရန်	-	မသန်းအေး ဖုန်း-၀၉-၄၈၁၁၇၆၆၆၉၊
		မဥမ္မာခင် ဖုန်း-၀၉-၅၁၅၅၂၀၄၊
		မခင်စန်းကြွယ် ဖုန်း-၀၉-၅၁၁၈၂၂၈၊
		ကိုချင်း ဖုန်း-၀၉-၅၁၂၈၈၄၈

ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ပခုက္ကူအသင်း(ရန်ကုန်)၏ ဩဝါဒါစရိယ ဆရာတော်ကြီးများဖြစ်ကြသော အဘိဓဇမဟာရဋ္ဌဂုရုဆရာတော်ကြီးတစ်ပါး၊ တိပိဋကဓရ ဆရာတော်ကြီးသုံးပါး (ယောဆရာတော်၊ ရေစကြို ဆရာတော်၊ မြိုင်ဆရာတော်)၊ ပိဋကတ်တစ်ပုံအောင်ဆရာတော်တစ်ပါး (ရွှေမြင့်မိုရ်)၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဆရာတော်ငါးပါးနှင့် ဓမ္မာစရိယဆရာတော်နှစ်ပါး၊ စုစုပေါင်းဆရာတော်ကြီး တစ်ဆယ့်နှစ်ပါးတို့ကို ဝါခေါင်လဆန်း ၄ရက်၊ ၁၀-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ပခုက္ကူဓမ္မာရုံကြီး (ရွှေတိဂုံဘုရားမြောက်ဘက်မုခ်)၌ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပမည်ဖြစ်ပါသောကြောင့် ဂုဏ်ထူးဆောင်နာယကကြီးများ၊ နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းသူ အသင်းသားများနှင့်မိတ်ဆွေသင်္ဂဟယောဂီအပေါင်းတို့အား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ကြပါရန် လေးစားစွာဖြင့် နှိုးဆော်အပ်ပါသည်။

အမှုဆောင်အဖွဲ့
ပခုက္ကူအသင်း(ရန်ကုန်)

ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ဖြိုးခန့်ကျော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်ဝင်း ၁၃/တကန(နိုင်)၀၇၉၃၃၁ ဖြစ်ပါကြောင်း။

ဦးအောင်ကျော်ဝင်း

အမည်ပြောင်း

ဒေါ်နန်းဝါဝါနွယ်၏သား အထကရပ်စောက် သတ္တမတန်း(C)မှ မောင်ထက်လင်းဦးအား မောင်ဟိန်းထက်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းထက်ကို

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဟိုတယ်၊ ကွန်ဒိုနှင့် ဆေးရုံများ မိမိမြေကွက်ပေါ်တွင် တည်ဆောက်လိုပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အသင့်ရှိသော Business Alliance Hub နှင့် အမြန်ဆုံးဆက်သွယ်ပါ။ ရန်ကုန်မြို့တွင်း၊ မြို့ပြင် (၁၀)မိုင်အတွင်းရှိ မြေကွက်ပိုင်ရှင်များအမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်- အမှတ် (၁၂၆/အေ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရုံးဖုန်း-၀၉-၃၁၅၆၈၂၉၂၊ ၀၉-၇၃၂၀၃၆၆၂၊ ၀၉-၇၃၀၁၈၀၆၇

ဂိုဒေါင်အမြန်ငှားလိုသည်

ကုမ္ပဏီတည်ရှိရာ ပုဇွန်တောင်မြို့နယ်နှင့် မနီးမဝေးတွင် အကျယ်ပေ(၈၀×၈၀)ရှိ ဂိုဒေါင်တစ်လုံး အမြန်ငှားလိုပါသည်။

ဆက်သွယ်ရန် -
ဖုန်း-၀၁-၃၉၇၅၄၉၊ ၀၉-၇၃၁၅၄၃၆၉၊ ၀၉-၇၃၁၅၄၈၆၁

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ ရဇ္ဇဝတီလမ်း၊ အမှတ် ၂၁၈နေ ဒေါ်သန်းရွှေမှ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၃၆၃ နေ ဒေါ်လီလီစိန် ၁၃/တကန(နိုင်)၁၂၁၆၀၁ ထံသို့ လွှဲအပ်ထားသော ၁၆-၁-၂၀၁၃ ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၁၅/၂၀၁၃ အား ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း။

ဒေါ်သန်းရွှေ ၁၃/တကန(နိုင်)၀၂၇၀၉၆

စားသုံးသူများ

ရောဂါကင်း၍ အသက်ရှည်ရှည်နေထိုင်နိုင်ရန် ဓာတ်မြေဩဇာလုံးဝ မသုံးဘဲ သဘာဝဓာတ်မြေဩဇာဖြစ်သည့် ကြက်ချေး၊ နွားချေးများဖြင့် စိုက်ပျိုးထားသောရေဆင်းလုံးသွယ်ဆန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပါသည်။

မှတ်ချက် -ဓာတ်ခွဲခန်းတွင် ဓာတ်မြေဩဇာပါ၊ မပါကိုစမ်းသပ်နိုင်ပါသည်။

ဆက်သွယ်ရန် - ဦးမျိုးဝေ-ဒေါ်မြင့်မြင့်နွယ်
စဥ့်ကိုင်မြို့နယ်၊ (ပင်းချားရွာ ရန်ကုန်-မန္တလေး ကားလမ်းဘေး ဇော်ဂျီဆီဆိုင်နှင့် မျက်နှာချင်းဆိုင်)
ဖုန်း-၀၉-၉၁၀၁၅၅၂၄၊ ၄၄၄၀၀၉၁၇၅၊ ၄၄၄၀၀၉၁၇၆၊ ၄၃၁၁၀၈၈၀

လယ်ယာမြေများ အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည်

လူကြီးမင်းတို့ လယ်မြေတွင် နိုင်ငံခြားမျိုးစပါးဖြစ်သော Hybrld Seed မျိုးကို Organic နည်းဖြင့် စိုက်ပျိုးရန်အတွက် လယ်ဧကများစွာ အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသည်။ အမြန်ဆက်သွယ်ပါ။

ဆက်သွယ်ရန်-အမှတ် (၁၂၆/အေ)၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရုံးဖုန်း-၀၉-၃၁၅၆၈၂၉၂၊ ၀၉-၇၃၂၀၃၆၆၂၊ ၀၉-၇၃၀၁၈၀၆၇

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉၊ မြေကွက်အမှတ် ၄/ဗ ၂၀-ဒီ/၁-၃၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ဘောဂမြိုင်လမ်းသွယ်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ် ဒေါ်ခင်မှီ ပါ ၈ အမည်ပေါက် ဘီ လ/န ၃၉ မြေအား အမည်ပေါက် ဒေါ်ခင်မှီ ပါ ၈ ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၆၆၃/၈၅(၂-၇-၁၉၈၅)ဖြင့် ဦးညွန့်ဝေမှ ဝယ်ယူခဲ့ပြီး ဦးမြင့်စိုး၊ ဦးဝင်းထိန်တို့အား အရောင်းအဝယ်စာချုပ်အမှတ် ၈၉၀/၉၀(၃၀-၈-၁၉၉၀)ဖြင့် ရောင်းချခဲ့သဖြင့် အမှားပြင်စာချုပ်အမှတ် ၅၈၀/၀၆(၁၃-၂-၂၀၀၆)ဖြင့် ချုပ်ဆိုပြီး အရောင်းအဝယ်စာချုပ်အမှတ် ၁၃၀၁/၀၆(၄-၄-၂၀၀၆)ဖြင့် ဦးဇော်အေးမောင်၊ ဒေါ်လှမြင့်သန်းတို့အား ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးဇော်အေးမောင် ၁၂/မဂတ(နိုင်)၀၆၆၉၆၀နှင့်ဒေါ်လှမြင့်သန်း ၁၂/မဂတ(နိုင်)၀၆၅၉၁၇ တို့ကအရောင်းစာချုပ် ၆၆၃/၂-၇-၁၉၈၅၏ မိတ္တူမှန်အရောင်းစာချုပ် ၈၉၀/၃၀-၈-၁၉၉၀ မိတ္တူ၊ အမှားပြင်စာချုပ် ၅၈၀/၁၃-၂-၂၀၀၆၊ အရောင်းစာချုပ် ၁၃၀၁/၄-၄-၂၀၀၆တို့တင်ပြ၍ မြေကွက်ခွဲရန် မြေပုံကူးနှင့်မြေတိုင်းလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်နေ ကျွန်တော် ဦးဇော်မိုးလွင် ၆/မအရ(နိုင်)၀၀၀၄၆၀၏ဇနီး မတင်တင်စီ ၆/ကစန(နိုင်)၀၄၂၅၄၃ သည် မိသားစုဂုဏ်သိက္ခာညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက်နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးဇော်မိုးလွင် ၆/မအရ(နိုင်)၀၀၀၄၆၀

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း ၃၊ စွယ်တော်လမ်း၊ မြေကွက်အမှတ် ၇၀၄၊ မြေဧရိယာ ၀ဒသမ၀၅၅ ဧကရှိ မြေကွက်မှာ ဦးဆန်းသိန်း ၉/တကန(နိုင်)၀၈၇၆၂၀ အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ချထားပေးသော မြေကွက်ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဦးသိန်းဌေးအောင်(ဘ)ဦးအောင်သိန်း ၇/ပမန(နိုင်)၁၁၈၂၀၇ က အထက်ဖော်ပြပါမြေကွက်အား ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးမိုးအောင် ၇/ပခတ(နိုင်)၀၀၃၈၉၀
၁၄(ခ)၊ နန္ဒာလမ်း၊ ရကက(၆)ရပ်၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၂၂၅၅၀၊ Honda C90 SDX ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဖုန်း ၉/ဝတန(နိုင်)၀၀၃၃၇၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်းအောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မိတ္ထီလာမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၃၇၈၉၉ Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီညီလွင် ၉/ပသက(နိုင်)၁၁၆၉၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)
မန္တလေးမြို့



ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း ၂ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း ၂၊ ၁၇ လမ်း၊ မြေကွက်အမှတ် ၈၉၅၊ မြေဧရိယာ ၀ ဒသမ ၀၉၉ ဧကရှိ မြေကွက်မှာ ဒေါ်ပု TKN-၀၂၆၃၆၀ အမည်ဖြင့် မြို့မြေတိုးချဲ့ရေးကော်မတီမှ ချထားပေးသော မြေကွက် ဖြစ်ပါသည်။

၂။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ရရှိပိုင်ဆိုင်ထားသူ ဒေါ်ပု TKN-၀၂၆၃၆၀ က အထက်ဖော်ပြပါမြေကွက်အားပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးကိုနိုင် ၉/မနတ(နိုင်)၀၉၂၆၇၉
အမှတ် ၃၃၇၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

အများသိစေရန်

တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်နေ ဒေါ်ကြည်(ဘ)ဦးခင် ၉/တကန(နိုင်)၀၀၉၃၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်ပါ ကျွန်ုပ်၏မိတ်ဆွေမှ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်နေ ဦးမြင့်ရွှေ(ဘ) ဦးအောင်သိန်း ၉/တကန(နိုင်)၀၁၈၀၄၄အား ပျဉ်းမနားမြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂-၁၀-၂၀၀၆ ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်- ၁၆၉/၂၀၀၆ဖြင့် လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညွန့်တင် LL.B
အထက်တန်းရှေ့နေ (၁၇၅၃၅)
ဖုန်း-၀၉-၄၃၀၃၇၈၆၅၊ ၀၆၇-၇၁၀၁၆

လူမှုရေးကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်၁၅၊မြေကွက်အမှတ် ၂၂၀/ခ၊ မြေကွက်တည်နေရာအမှတ် ၂၂၀/ခ၊ (၅) လမ်း၊ ၁၅ ရပ်ကွက်၊ တောင်ဥက္ကလာပ မြို့နယ် ဦးလှအုန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးလှအုန်းထံမှ ပိုင်ဆိုင်စာချုပ် ၆၄၂/၁၃(၁၄-၂-၁၃)ဖြင့် ရရှိသူ ဒေါ်သန်းစိန် ၁၂/ဥကတ (နိုင်)၀၉၁၀၀၆ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး ဒေါ်ကြည်(ခ)ဒေါ်ကြင်ရ

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၉၃၊ ဒုတိယထပ်(ဝဲ)နေ (ဦးသန်းဦး)၏ဇနီး၊(ဦးသိန်းမောင်)-ဒေါ်ရှုရှိ၊ ဦးချုံကျန်-ဒေါ်အိုက်ဗှာ၊ ဦးလေးလုံး-ဒေါ်လီဗှာ၊ ဦးဖုချန်း-ဒေါ်ရှန့်ကျယ်၊(ဦးဇော်မြင့်)-ဒေါ်စန်းအေး၊ ဦးသန်းထွေး-ဒေါ်ဝေ့ရှန်းတို့၏ မိခင်၊ မြေး ကိုးယောက်၊ မြစ်နှစ်ယောက်တို့၏အဘွားသည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) ည ၉း၂၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့်၂-၈-၂၀၁၃ ရက်(သောကြာနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

သံဝေဂပွား အမျှပေးဝေခြင်း

ပဲခူး-ဝိနယာဓိကပရိယတ္တိအသင်းကြီး၏ ရာသက်ပန်နာယက ဦးဘကြည် အသက် (၉၁)နှစ်သည် ၂၅-၇-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မရဏတရားသံဝေဂပွားကာ အသင်းကြီး၏ ပြုသမျှကုသိုလ်အပေါင်းအား အမျှပေးဝေပါ၏။

အမှုဆောင်အဖွဲ့

အထူးကျေးဇူးတင်ရှိခြင်း

ဦးထွန်းရည်(ပန်းသာရပ်ရှင်)

အသက်(၉၃)နှစ်

၂၇-၇-၂၀၁၃ရက်တွင် ရန်ကုန်မြို့၊ ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးထွန်းရည်(ပန်းသာရပ်ရှင်)နာမကျန်းသည်မှကွယ်လွန်သည်အထိ အထူးစေတနာထားကုသပေးခဲ့ကြသော ဝိတိုရိယဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ တာဝန်ကျဆရာဝန်များနှင့် သူနာပြုများအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော မဟာစည်သာသနာ့ရိပ်သာမှ ဆရာတော်ကြီးနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့များမှ ဓမ္မမိတ်ဆွေများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ နာရေးကူညီမှုအသင်း၊ ရွှေပုဇွန်မိသားစု၊ ကျော်ထက်ကျော်ကုမ္ပဏီနှင့်ပန်းသာရုပ်ရှင်ကင်မရာမင်းနှင့်စက်အဖွဲ့သားများအားလုံးတို့အားလည်းကောင်း၊ ရုပ်နီးရုပ်ဝေးမှနှစ်သိမ့်အားပေးပြီး လှူဖွယ်ဝတ္ထုအစုစုတို့ကို ပေးပို့လှူဒါန်းခဲ့ကြသော မိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ဖခင်ကြီး၏နောက်ဆုံးခရီးကိုလိုက်ပါပို့ဆောင်ပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
ထားဝယ်ခရိုင် နယ်တရားမရုံး၌
၂၀၁၃ ခုနှစ် တရားမကြီးအမှုအမှတ် ၆

၁။ ဦးဆန်းရီ **နှင့်** ဒေါ်ခင်မြ ပါ-၁၀
(၄င်း၏တရားဝင်ကိုယ်စားလှယ်
ဒေါ်မြရီ)
၂။ ဦးမောင်ဆန်း

တရားလိုများ **တရားပြိုင်များ**

ရေဖြူမြို့၊ ဘဝါကျေးရွာရပ်နေ မောင်နီနီ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးဆန်းရီ ပါ-၂ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၇ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်တင်အေး)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးစန်းမောင်

ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုလယ်ယာဦးစီးဌာန
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ အမှတ် ၂၇၁ နေ ဒေါက်တာဒေါ်ခင်မြမြ၏ခင်ပွန်း ဦးစန်းမောင်(ညွှန်ကြားရေးမှူး-ငြိမ်း) စက်မှုလယ်ယာ ဦးစီးဌာနသည် ၂၆-၇-၂၀၁၃ရက် (သောကြာနေ့) ည ၈း၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကျင်စိန် (ညောင်လေးပင်မြို့နယ်အသင်း အမှုဆောင်နာယကကြီး)

အသက် (၇၄)နှစ်

ညောင်လေးပင်မြို့နယ်၊ အသင်းအမှုဆောင်နာယကကြီး ဒေါ်ကျင်စိန် အသက် (၇၄)နှစ် အမှတ် ၃၃၊၄၉လမ်းတို၊ မြေညီ၊ ဗိုလ်တထောင်မြို့နယ်နေသူသည် ၃၀-၇-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် တပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညောင်လေးပင်မြို့နယ်အသင်း (ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း

ကိုဟန်စိုးကျော်(ရွှေဘို)

အသက်(၄၂)နှစ်

ရွှေဘိုမြို့နေ မသွယ်သွယ်အေး၏ ခင်ပွန်း ကိုဟန်စိုးကျော် (၁၉၉၄-၁၉၉၈၊ IC ကျောင်းသားဟောင်း) သည် ၂၇-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **သူငယ်ချင်းများ ၁၉၉၄-၁၉၉၈ ကုန်ထုတ်ဓာတုဗေဒဘာသာရပ်၊ ရန်ကုန်တက္ကသိုလ်**

ဝမ်းနည်းကြေကွဲခြင်း

ဦးဘမြိုင် လဝကမှူး(ငြိမ်း) (ကျောက်ဖြူ)

အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ ဗိုလ်မှူးဖိုးသူရ(ငြိမ်း) (ဆက်သွယ်ရေး)-ဒေါ်အောင်ငွေးမြင့်တို့၏ဖခင် ဦးဘမြိုင်သည် ၂၅-၇-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဇော်ရဲထွန်း၊ ကျော်ညီ၊ ထွန်းလှအောင်၊
အောင်မင်းထွန်း၊ ဇာနည်ဝင်း၊ အေးစုမွန်၊ သင်းသင်းလ

ဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်မောင် (William)

MAPCO Company (ငြိမ်း)
အသက် (၆၆)နှစ်

ဒေါ်အိအိခင်-ဦးကျော်သူ (Thinzar Kyaw Co.,Ltd.)တို့၏ ဖခင် ဦးမြင့်မောင် (William)သည် ၂၉-၇-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Thinzar Kyaw Production Co.,Ltd.
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်ဦး (မိတ္ထီလာ)

B.E (Mechanical)

အသက် (၅၅)နှစ်

သူငယ်ချင်း အောင်ကျော်ဦး ၂၇-၇-၂၀၁၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိတ္ထီလာဒေသကောလိပ်
၁၉၇၇-၁၉၇၈(1st Batch)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း(မော်လမြိုင်)

အသက်(၆၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ ဒုတိယမြို့နယ်တရားသူကြီး ဒေါ်မေလင်းသက်၏ ဖခင် ဦးမြင့်သိန်းသည် ၂၉-၇-၂၀၁၃ရက် ည ၁၀း၄၅နာရီတွင် မော်လမြိုင်မြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

မြောက်ဥက္ကလာပမြို့နယ်တရားရုံး
မိသားစု

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၃၁) တတိယထပ်အခန်းကို ဗိုလ်မှူးကြီးမြင့်ချို ကြည်း-၁၉၅၄၆ ထံမှ ဒေါ်အားကြည်(ခ)ဒေါ်ပြုံးနွဲ့ ၁၃/တယန(နိုင်)၀၁၆၆၃၇ က တရားဝင်စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူခဲ့ပြီး ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၉၊ မြေကွက်အမှတ် ၂၉၄၊ မြေကွက်တည်နေရာအမှတ် ၂၉၄၊သူရ(၆)လမ်း၊ ၉ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြင့် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်မြင့်နှင့် ခင်ပွန်း ဦးခင်မောင်ကွယ်လွန်သဖြင့် ဒေါ်စမ်းစမ်းအေး ၁၂/ကမရ(နိုင်) ၀၂၇၉၈၃၊ ဒေါ်မြမြအေး ၁၂/ဥကတ (နိုင်) ၀၂၁၉၆၈၊ ဦးလှအေး ၁၂/ဥကတ(နိုင်) ၀၂၁၈၉၆တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ကျော်ဦး (မိတ္ထီလာ)

B.E (Mechanical)

အသက် (၅၅)နှစ်

ချစ်သူငယ်ချင်းအောင်ကျော်ဦး ၂၇-၇-၂၀၁၃ ရက်တွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်ကြောင်း ကြားသိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မိတ္ထီလာမြို့မှ ငယ်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်း(မော်လမြိုင်)

အောင်ဆန်း(၆) ဥပဒေအရာရှိ(ငြိမ်း)

သူငယ်ချင်းမမျှော်လင့်ဘဲ ၂၉-၇-၂၀၁၃ ရက်က ကွယ်လွန်သွားကြောင်း ကြားသိရတဲ့အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ လွန်စွာမှ ဝမ်းနည်းကြေကွဲမှုဖြစ်ရပါတယ်။ သူငယ်ချင်းကောင်းရာသုဂတိလားပါစေ-

ရဲ၊ မြ၊ နိုင်၊ တင်[5]၊ ကျော်[3]၊ မျိုး[2]၊ ကျင်၊ အောင်[3]၊ ရွှေ[2]၊ ခင်[8]၊ ဟန်[2]၊ စိုး[4]၊ မောင်[4]
အောင်ဆန်း(၆)ရောင်းရင်းများ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၁၀၊ မြေကွက်တည်နေရာအမှတ် ၁၀၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဦးမြဝင်း အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမြဝင်း MTNT -၀၀၀၀၀၄က ဂရန် ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်များ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၆၈၁၊ မြေကွက်တည်နေရာအမှတ် ၆၈၁၊ (၄၃)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်ခင်ကြည်စိန် AA -၀၄၅၆၀၃ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ကြည်စိန် ကွယ်လွန်သဖြင့် ဦးစောဒယ်နီစိန် (AA -၁၀၀၃၇၁) ၁၂/လမန(နိုင်)၀၃၂၄၃၂ က တစ်ဦးတည်းသောမောင် တော်စပ်ကြောင်း ကတိသစ္စာပြုလွှာ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ဝေဝေစန်း၏ ချစ်လှစွာသောခင်ပွန်း ဦးဇော်ငြိမ်း B.E (Mining) အမှတ်(၁) ကြေးနီစီမံကိန်း၊ မုံရွာမြို့သည် ၂၉-၇-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **၁၉၈၀ RIT B.E (Mining) မှ သူငယ်ချင်းများ**

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် သကမ ၁၆၊ မြေကွက်အမှတ် (၁၄၄/ခ)၊ မြေကွက်တည်နေရာ (၁၄၄/ခ)၊ သခင်ဖိုးလှကြီး ၄လမ်း၊ (၁၈)ရပ်ကွက် ဒေါ်တင်ညွန့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်တင်ညွန့်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမောင်မောင်စန်း ၇/သကန(နိုင်)၀၉၁၀၇၄ က ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံစာ၊ရဲစခန်းထောက်ခံစာ၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိခံဝန်ချက်တို့ တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၁)၊ မြေကွက်အမှတ် ၂၁၆+၂၁၇ အမည်ပေါက် ဦးခင်မောင်ညို ၁၂/လမတ(နိုင်)၀၀၅၂၁၀၊ ဦးသက်ဦး ၁၂/ပဘတ(နိုင်)၀၀၆၀၂၇ တို့၏ မြေကွက်သည် နိုင်ငံတော်စီမံကိန်းတွင် ပါဝင်သွား၍ အစားပြန်လည်ချထားပေးသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၁၄၁/၂ မြေကွက်အမှတ် ၄၀+၄၁ ကို ရရှိခဲ့ပါသည်။ ပြန်လည်အပ်နှံရမည့် မြေကွက်အမှတ် ၆၁/၂၁၆+၂၁၇ ပါမစ်မူရင်းနှင့် ၁၄၁/၂-၄၀+၄၁ တို့၏ မြေချစလစ်ပြားမူရင်း ပျောက်ဆုံးသွားပါ၍ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

(၁)လပြည့်အလွမ်း

ကိုမိုးကျော်သူ(ခ)ဦးမိုး

ပြင်ဦးလွင်မြို့

ချစ်သားကြီး-ကိုမိုးကျော်သူ(ခ)ဦးမိုး

တစ်ရက်၊ တစ်ပတ်မှသည် ၂၈-၇-၂၀၁၃ရက်ဆိုရင်(၁)လပြည့်ခဲ့ပါပြီ။ ယနေ့တိုင် တစ်ရက်မျှ မေ့မရဘဲသတိရလွမ်းဆွတ် နေကြပါသည်။ သား ကောင်းသောဘုံဘဝမှာ ရောက်ရှိစေရန် ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုကို သာဓုခေါ်ဆိုနိုင်ရန် အမျှပေးဝေပါတယ်-

(သားရေ - အမျှ - အမျှ -အမျှ)

ဖေဖေ - ဗိုလ်မှူးခင်ညို(ငြိမ်း)
မေမေ - ဒေါ်မြင့်မြင့်ရီ
ချစ်ဇနီး- ဒေါ်ယဉ်ယဉ်မြ
သမီး - မြတ်ရွှန်းလဲ့ကျော်
သား - နေဝန်းခန့်

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်မြင့်မြင့်သိန်း(ညောင်တုန်း)

မြို့နယ်ပညာရေးမှူး(ငြိမ်း)
အသက်(၆၀)

ဆရာမကြီးဒေါ်မြင့်မြင့်သိန်း(ညောင်တုန်း)သည် ၂၇-၇-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။ ဆရာမကြီးဒေါ်မြင့်မြင့်သိန်းကောင်းရာသုဂတိဘုံရောက်ရှိပါစေ-

ဦးတင်အောင်၊ ဦးယဉ်ထွေး၊ ဦးထွန်းကျော်စိုး၊ ဦးအောင်ကိုကျော်နှင့်အမှုဆောင်အဖွဲ့
ညောင်တုန်းမြို့နယ် ပညာရေးငွေစုငွေချေးအသင်း

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးစိန်ဝင်း(ခ)ဦးအောင်ကျော်ဝင်း

ငွေးမြင့်အောင်ယိုစုံ(ကျိုက်ထို)
(၃၀-၆-၂၀၁၃)

ချစ်ခင်ပွန်း ဦးစိန်ဝင်းကွယ်လွန်သည်မှာ ၃၀-၇-၂၀၁၃ရက်တွင် (၁)လပြည့်ခဲ့ပါပြီ။ ဦးစိန်ဝင်းအတွက်ရည်စူးကာ ကုသိုလ်ကောင်းမှုအစုစုကိုလည်း ပြုလုပ်ခဲ့ပါသည်။ ကောင်းရာမွန်ရာ ဘဝသို့ရောက်ရှိပါစေ၊

ချစ်ဇနီး-ဒေါ်ငွေးငွေးဝင်း(ခ)အေးပုနှင့်
တူ၊ တူမများနှင့် မြေးများ

သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

ကြော်ငြာ

မောင်အောင်သက်လွင်
B.C.Sc
အသက်(၂၉)နှစ်

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ရွှေစည်းခုံဘုရားလမ်း၊ အမှတ် ၃၀(က)နေ ဦးမင်းလွင်-ဒေါက်တာခင်ခင်စီ(တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)တို့၏တစ်ဦးတည်းသောသား၊ ဦးစိုးတင့်(ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်)-ဒေါ်ခင်ဝင်းကြည်တို့၏သားသမက်၊ မချို့ဇင်(ခ)မခိုင်စုဝေ၏ခင်ပွန်းသည် ၃-၈-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကြက်မောက်ကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

မောင်အောင်သက်လွင် (B.C.Sc)
အသက်(၂၉)နှစ်

ပုသိမ်မြို့နေ ဦးမင်းလွင်-ဒေါက်တာခင်ခင်စီ (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၏တစ်ဦးတည်းသောသား၊ မချို့ဇင်(ခ)မခိုင်စုဝေ၏ ချစ်လှစွာသောခင်ပွန်း မောင်အောင်သက်လွင်သည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝန်ကြီးချုပ်နှင့်ဝန်ကြီးများ
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

ဝမ်းနည်းကြေကွဲခြင်း

မောင်အောင်သက်လွင် (B.C.Sc)
အသက်(၂၉)နှစ်

ပုသိမ်မြို့နေ ဦးမင်းလွင်-ဒေါက်တာခင်ခင်စီ (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၏တစ်ဦးတည်းသောသား၊ မချို့ဇင်(ခ)မခိုင်စုဝေ၏ ချစ်လှစွာသောခင်ပွန်း မောင်အောင်သက်လွင်သည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လွှတ်တော်ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနှင့်လွှတ်တော်
ကိုယ်စားလှယ်များ
ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်

ဝမ်းနည်းကြေကွဲခြင်း

မောင်အောင်သက်လွင် (B.C.Sc)
အသက်(၂၉)နှစ်

ပုသိမ်မြို့နေ ဦးမင်းလွင်-ဒေါက်တာခင်ခင်စီ (တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်)၏တစ်ဦးတည်းသောသား၊ မချို့ဇင်(ခ)မခိုင်စုဝေ၏ ချစ်လှစွာသောခင်ပွန်း မောင်အောင်သက်လွင်သည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးကျော်-ဒေါ်သက်သက်ဆွေ
တိုင်းအုပ်ချုပ်ရေးမှူး
ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

အထူးကျေးဇူးတင်ရှိခြင်း

ဦးဗညားသန်းဟိန်း
Dy. Managing Director
(Shwe Pyi Tagon Telecommunication Public Co.,Ltd.)
Managing Director
(Sea Wolf Marine Resources Co-op.,Ltd.)
Chairman (Rotary E Club of Myanmar)
အသက်(၄၅)နှစ်

ရန်ကုန်မြို့၊ သုခဝတီလမ်းနေ ဒေါ်ဝင်းမူတင်၏ ချစ်ခင်ပွန်း၊ မောင်ဘုန်းမြတ်ခိုင်၊ မမြမဉ္ဇူတို့၏ချစ်လှစွာသောဖခင်ဖြစ်သူ ဦးဗညားသန်းဟိန်း၏ နာရေးကိစ္စတွင် လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းများ၊Email များဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေး၍ အဘက်ဘက်မှကူညီကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးများ၊ မိတ်ဆွေသင်္ဂဟများနှင့် ငယ်သူငယ်ချင်းများ၊ STI-MBA (OUHK) မှ ဆရာများနှင့် သင်တန်းဖော်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့်ဝန်ထမ်းများ၊ လှူဖွယ်ဝတ္ထုအစုစုဖြင့် ကောင်းမှုကုသိုလ်ပြုလုပ်ပေးကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးမျိုးဝင်း
အလက(၂)သဃ်န်းကျွန်း(ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ကမာလမ်း၊ တိုက်အမှတ် ၆၉/၅နေ (ဦးတင်မောင်)-ဒေါ်စန်းတို့၏သားလတ်၊ (ဦးထွန်းနွယ်-ဒေါ်ညွှန့်သိန်း)တို့၏သားသမက်၊ ဒေါ်ခင်မျိုးကြိုင်(အထက-၂၊ဗိုလ်တထောင်)၏ခင်ပွန်း၊ မောင်မျိုးထွန်းကျော်(CH)၊ မောင်နေလင်း၊ မောင်ဖြိုးသူ-မအေးသီရိမျိုးတို့၏ဖခင်၊မသင်းသူသူ၏အဘိုးသည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ရက်(စနေနေ့)တွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြည်စိန်
မင်းသီဟသက်န်းတိုက်
မန္တလေးမြို့
အသက်(၆၂)နှစ်

ဦးထွန်းရှိန်-ဒေါ်နွဲ့(မင်းသီဟ သက်န်းတိုက်)တို့၏သမီး၊ ဦးသန်းနိုင်-ဒေါ်ကြည်ကြည်ဆွေ (သမ္မတသက်န်းတိုက်)၏ညီမ၊ ဦးတင်ထွန်းအောင်-ဒေါ်မြင့်မြင့်သန်း၊ဦးဝင်းထွန်း-ဒေါ်စုစု၊ဒေါ်နုနုတို့၏အစ်မ၊ ကိုဝင်းမျိုးသန့်၊ ကိုနေအောင်ကို၊ ကိုကျော်ကျော်လင်း၊မအိမ့်မို့ခိုင်၊ကိုဝင်းကိုကိုဖြိုးတို့၏ကြီးကြီး၊ မောင်မျိုးကိုကိုနိုင်၊ မောင်သန့်ကိုကိုနိုင်တို့၏ဘွားဘွားလေးသည် ၃၁-၇-၂၀၂၃ရက် ည ၁၁း၂၀နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ပါသဖြင့် ၄-၈-၂၀၂၃ရက် (သောကြာနေ့)ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (အမှတ် ၁၁၈၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းနေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ကြင်ရွှေ (ရွှေဘို)
မန္တလေးတက္ကသိုလ်၊ ပထဝီဝင်ဌာန၊ ပါမောက္ခ (ငြိမ်း)
အသက်(၈၄)နှစ်

အမှတ် ၂၊ ကုန်းမြင့်ရိပ်သာလမ်းသွယ်၊ ခုနစ်မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီဝင်း၊ ဒေါ်ချိုချိုဝင်း [ဘောဂဗေဒဌာန၊ စီးပွားရေးတက္ကသိုလ်(ရန်ကုန်) ငြိမ်း]-ဒေါက်တာချိုဝင်းမော်(ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန)တို့၏ အဒေါ်/မိခင်၊ မောင်ထက်ချို (University of New South Wale Sydney, Australia)၏ အဘွား ဒေါ်ကြင်ရွှေသည် ၃၀-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်းမှ
အရာထမ်း၊ အမှုထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စိန် (မိတ္တီလာ)
အသက်(၈၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ် ၆၀၊ ပိတောက်ပင်လမ်းနေ (ဦးတင်မောင်)၏ဇနီး၊ ဦးသိန်းငွေ-ဒေါ်တင်တင်ချို (Cho Fashion & Design School)၊ ဦးဝင်းခိုင်(စုံစမ်းရေးမှူး၊ စစစ)-ဒေါ်တင်တင်စိန် (မြို့နယ်ဦးစီးမှူး၊စက်မှုသီးနှံ၊ မုံရွာမြို့)၊ ဒေါ်တင်တင်ညို၊ ဦးကိုကိုမောင်(လဝက၊ ခရိုင်ဦးစီးမှူး၊ သထုံမြို့)-ဒေါ်တင်တင်ဝင်း၊ ဒေါ်တင်တင်နိုင်(Director, Minbu Co.,Ltd.)၊ ဒေါ်တင်တင်ခိုင်၊ ဦးသန့်ဇင်(Family Video)-ဒေါ်တင်တင်ထွေး (Finance Manager, MGS Construction) တို့၏မိခင်၊ ကိုကောင်းမွန်လွင် (Supervisor-Diamond Co., Ltd.)၊ကိုမော်ခန့်လွင်(IT Administrator-IBTC)၊ ဒေါက်တာမင်းဆက်လွင်(Medical Officer၊ အင်ကြင်းဖြူ Clinic)၊ ကိုဝေလင်းအောင်(Operation Manager, Love Life Ventures Pte Ltd, Singapore)-မမေဓွန်ကိုကို၊ မဗေရယ်ကိုကို (Imaging Technologist-Academy Hospital)၊မောင်စစ်မှူးပိုင်၊ မထက်ထက်ဝင်းခိုင်(Final Part I ၊ မန္တလေးဆေးတက္ကသိုလ်)၊ မစိမ်းလဲ့ဝင်းခိုင်တို့၏အဘွားသည် ၂-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ခင်စိုး(ခ)ဒေါ်ခင်ထား [အလက(၂)တောင်ဥက္ကလာပ]
အသက်(၆၈)နှစ်

သုံးဆယ်မြို့နေ (ဦးငွေရုံ-ဒေါ်နုနု)တို့၏သမီး၊ ဦးဝင်းမြင့်(ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန)၏ဇနီးသည် ၃-၈-၂၀၂၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ရက် မွန်းလွဲ ၁နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးစိုးနိုင်
M.O.G.E CNG (သာကေတ)
ဒု-တာဝန်ခံ
အသက်(၅၄)နှစ်

(ဦးရှင်-ဒေါ်တင်ရွှေ)တို့၏သား၊ ဦးစိုး-(ဒေါ်ခင်စန်း)တို့၏သားသမက်၊ သာကေတမြို့နယ်၊ (၆)အရှေ့ရပ်ကွက်၊ ရွှေပြည်သာလမ်း၊ အမှတ် ၆၂၂နေ ဒေါ်ဖြူဖြူဝင်း၏ခင်ပွန်း၊ မောင်ဇာနည်ထွဏ်း-မဇင်မာမြင့်၊ ဦးမျိုးဝင်းအောင်(ခ)တာတီး-မသစ်သစ်ထွဏ်း၊ မောင်ဟိန်းသူစိုး၊ မောင်ဟိန်းသွင်စိုးတို့၏ဖခင်သည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၅-၈-၂၀၂၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကျော်ခိုင် (မြောင်းမြ)
(မင်္ဂလာပါ ကိုကျော်ခိုင် ဗီဒီယို ကင်မရာပြုပြင်ရေး)
အသက်(၄၂)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၁၁(လေးလွှာ)နေ (ဗိုလ်ကြီးလွန်းမောင်)-ဒေါ်တင်တင်ဝင်းတို့၏သားလတ်၊ ဦးအေးကြူ-(ဒေါ်အေးသောင်း)တို့၏သားသမက်၊ ကိုမျိုးသက်-မစိုးမိုးနိုင်တို့၏ညီ၊ ကိုထွန်းအောင်ဝင်း-မသဲထွဋ်ကျော့သဇင်တို့၏အစ်ကို၊ မအေးသန္တာဦး၏ခင်ပွန်း၊ မောင်စိုးပြေ(Grade-XI)(ရွှေပင်ရွှေသီး ပုဂ္ဂလိကအထက်တန်းကျောင်း)၏ဖခင်သည် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးဇော်ထွန်း
(မိဘမေတ္တာအထပ်သားဖြန့်ချိရေး)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ ၂၇လမ်း၊ အမှတ် ၃၂၊ ဒုတိယထပ်၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးတိုးကြည်-ဒေါ်ယဉ်ယဉ်)တို့၏သားကြီး၊ ဒေါ်စန်းကြည်၊ ဒေါ်ခင်ခင်တို့၏တူသား၊(ဦးကျော်တင့်-ဒေါ်လှရွှေ)တို့၏သားသမက်၊ ဒေါ်ထားထားဝင်း၏ခင်ပွန်း၊ ဦးဇော်မင်း၊ ဦးတင်မောင်ဇော်၊ ဒေါ်လဲ့လဲ့ဝင်းတို့၏အစ်ကိုကြီး၊ မခင်ရတနာစော[B.E(EP)]၊ မောင်သန့်ဇင်ဝင်း (1st BDS)တို့၏ ဖခင်ကြီးသည် ၃၀-၇-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၅-၈-၂၀၂၃ရက် (တနင်္လာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးမျိုးဝင်း
အလက(၂)သဃ်န်းကျွန်း(ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ နီလာလမ်း၊ တိုက်အမှတ် ၉၉/၂နေ (ဦးတင်မောင်)-ဒေါ်စန်းတို့၏သားလတ်၊ ဦးတင်ဝင်း(ရန်ကုန်တိုင်းဒေသကြီး၊ သ/မ၊ ငြိမ်း)-ဒေါ်စိန်စိန်မြင့်(လယ်/ပြ၊ငြိမ်း)တို့၏ညီ၊ အရာခံဗိုလ်မြင့်ဝင်း(ရေ) - ဒေါ်လှလှကြည်(ဦးစီးအရာရှိ၊ မိုး/ဇလ)၊ ဒေါ်ဝင်းမာ(ဌာနခွဲမှူး၊ MPE)၊ ဦးအောင်မြင့်(ဒုရဲအုပ်၊ ငြိမ်း) - ဒေါ်ဆွေဆွေဝင်း(လယ်/ပြ၊ ငြိမ်း)၊ ဦးခင်ဇော်(ထောင်မှူး၊ ငြိမ်း)-ဒေါ်လှလှဝင်း၊ ဦးနိုင်ထွန်း(စက်မှု)-ဒေါ်တင်စန်းဝင်းရီ၊ (ဦးကျော်မြင့်)-ဒေါ်နွယ်နွယ်ဝင်း၊ (ဦးကျော်စိုးဝင်း)-ဒေါ်ထွေးထွေးဝင်း(ခေတ္တ-မလေးရှား)တို့၏အစ်ကိုသည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၃း၁၅နာရီတွင် (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ တိုက်အမှတ် ၆၉/၅ နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ရက် (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးစံသာထွန်း (မြောက်ဦး)
အသက်(၇၅)နှစ်

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်၊ ဦးအောင်ထွန်းဦးလမ်း၊ အမှတ် ၄၂နေ ဒေါ်နန်းအေးခိုင်၏ခင်ပွန်း၊ ဦးမောင်အေးကျော်-ဒေါ်ကျော့စိန်လှ၊ ဦးမောင်ထွန်းခင် - ဒေါ်မအေးလှ (မောင်ထွန်းခင်-မအေးလှအထည်ဆိုင်)၊ ဦးနိုင်ဦး-ဒေါ်သန်းသန်းခိုင်တို့၏ဖခင်၊ မြေး ၁၀ ယောက်တို့၏အဘိုးသည် ၃၁-၇-၂၀၂၃ ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၃၀နာရီတွင် ပင်လုံအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၆-၈-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အမှတ် ၁၄(A)၊ကမ်းသာယာပတ်လမ်း၊ မြယမုံ၊ ကမ်းသာယာအိမ်ရာ၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်နွဲ့ (Beauty)
အသက်(၆၆)နှစ်

ရန်ကုန်မြို့နေ(ဦးအုပ်ကျော်-ဒေါ်အေးကြည်)တို့၏သမီးကြီး၊ ထားဝယ်မြို့နေ (ဦးတင်မောင် - ဒေါ်သန်းကြည်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ် ၂၈၅နေ ဦးကျော်ဝင်း (MD, Eastern Jade International Company Limited)၏ဇနီး၊ ဒေါ်ခင်မာဝင်း-ဦးအောင်ဆွေ၊ဦးထွန်းမင်းဝင်း-ဒေါ်စန္ဒာ၊ ဒေါ်ခင်စံပယ်ဝင်း-ဦးသူရိန်အောင်၊ ဒေါ်ခင်စုထွေးဝင်း - ဦးဝင်းမင်းအောင်တို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ရက် (စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

ဦးကျော်ဟန်
(မြင့်သူဇာ ကားပစ္စည်းဆိုင်)
အသက်(၄၇)နှစ်

မော်ကျွန်းမြို့နေ(ဦးကျော်)-ဒေါ်ပြစ်တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်နေ ဦးချစ်နွယ် - (ဒေါ်ညီညီ)တို့၏သားသမက်၊ ဦးဝင်းမြင့်-(ဒေါ်လှမြင့်) (မြင့်သူဇာ ကားပစ္စည်းဆိုင်)တို့၏ တူသား၊ မော်လမြိုင်ကျွန်းမြို့နေ (ကိုသန်းမြင့်)-မစန်းစန်းရီ၊ မစန်းစန်းငွေ၊ ကိုအုန်းမြင့်၊ ကိုခင်မောင်တိုး-မခင်ကျော့မြင့်၊ ကိုချစ်ကိုကို-မနိုင်နိုင်ဝင်း၊ ကိုကျော်သူရ-မနှင်းနွယ်ဦး၊ ကိုမျိုးမြင့်ကျော်-မချိုသက်တို့၏ညီ/မောင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ အမှတ် ၁၅/၉၅၅၊ အောင်ရာဇာလမ်းနေ မောင်တေဇာအောင်၊ မောင်ကျော်ဇေယျာလင်း-မမြသက်နွယ်၊ မောင်ဖြိုးဇေယျာမင်း၊ မစန္ဒာမြင့်တို့၏ဖခင်၊ဒေါ်ချိုချို၏ခင်ပွန်းသည် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၆-၈-၂၀၂၃ရက် (အင်္ဂါနေ့)နံနက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအရိယာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)
ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ၊ သာသနဓဇသိရီပဝရဓမ္မာစရိယ
မဟာမုနိဂေါပကအဖွဲ့ ဩဝါဒါစရိယ၊
ချမ်းသာကြီး ဆန်လှူသင်း ဩဝါဒါစရိယ
ဗြဟ္မစိုရ် လူမှုကူညီရေးအသင်း ဩဝါဒါစရိယ
သက်တော်(၈၆)နှစ်၊ သိက္ခာတော်(၆၆)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ မဟာနန္ဒိသေနာရာမတိုက် ပဓာနနာယက တိုက်အုပ်ဆရာတော် ဘဒ္ဒန္တအရိယာဘိဝံသ အရှင်သူမြတ်သည် (၁၃၈၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၈၅ခုနှစ် ဝါဆိုလပြည့်ကျော် ၁၅ရက်) ၈-၈-၂၀၂၃ရက် (အင်္ဂါနေ့)တွင် အန္တိမအဂ္ဂိဈာပနပူဇာကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ၊ မဟာနန္ဒိသေနာရာမတိုက် မန္တလေးမြို့

ဘဝနတ်ထံပျံလွန်တော်မူခြင်း
မော်လမြိုင် ပရိယတ္တိပညာရာမကျောင်း ပဓာနနာယက

ဆရာတော် ဘဒ္ဒန္တရာဇိန္ဒ
(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်/မဟာဒွါရ)
သက်တော်(၆၆)နှစ်၊ သိက္ခာတော်(၄၆)ဝါ

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်၊ ကျိုက္ခမီလမ်း၊ ပရိယတ္တိပညာရာမကျောင်းတိုက်၊ ပဓာနနာယက၊ ဇလွန်မြို့၊ ညောင်ပင်ဈေးရပ်ကွက်၊ ကြာအင်းရွာ ခမည်းတော် ဦးဘိုးဒွေး-မယ်တော် ဒေါ်အေးကြည်တို့၏သား၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တရာဇိန္ဒသည် (၁၃၈၅ခုနှစ် ဝါဆိုလပြည့်ကျော် ၉ရက်) ၃၁-၇-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဥတုဇဓာတ်ရုပ်ကလာပ်ကို (၁၃၈၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၄ရက်) ၇-၈-၂၀၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ပရိယတ္တိ ပညာရာမကျောင်းတိုက်ဓမ္မာရုံ၌ အန္တိမဈာပန သာဓုကီဠနပူဇာသဘင်ပွဲကျင်းပပြီး မွန်းလွဲ ၁နာရီတွင် ပန္နက်ကွင်းသုသာန်သို့ လိုက်ပါပို့ဆောင်ကြပြီး အန္တိမအဂ္ဂိဈာပနပူဇာသဘင်ပွဲ ဆင်နွှဲပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။ တပည့်ဒါယကာ၊ဒါယိကာမများနှင့်ဈာပနကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

ဦးကြည်
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀ ၁၀လမ်း၊ အမှတ် ၁၀၄၄နေ (ဦးစိန်-ဒေါ်ကြွယ်)တို့၏သား၊ ဒေါ်စိန်၏ခင်ပွန်း၊ ဦးထွန်းဝေ-ဒေါ်နုနု၊ ဦးရွှေလှဝင်း-ဒေါ်သန်းသန်းဦး၊ ဦးစိန်သန်း-ဒေါ်စုစုမော်၊ ဦးပေါလ်-ဒေါ်သန်းရွှေ၊ ဦးရွှေစိန်-ဒေါ်စန်းစန်းမြင့်(ခ)မဝိုင်းတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၃-၈-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၅း၅၅နာရီ (အမေရိကန်စံတော်ချိန် ညနေ ၄း၂၀နာရီ)တွင် အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမြို့ ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၃ရက်တွင် အမေရိကန်နိုင်ငံ၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၇-၈-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်မှူးသိန်းထွန်း (ငြိမ်း)
ကြည်း(၁၁၀၂၅)၊ အမှတ်စဉ်(၃၃)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်နောက်ရပ်ကွက်၊ အမှတ် ၄၉၊ လမ်း ၉၀၊ သုံးလွှာနေ (ဦးခင်မောင်-ဒေါ်မိမိကြီး)တို့၏သား၊ ဒေါ်ခင်ဆွေတင့်၏ခင်ပွန်း၊ ဦးမျိုးခိုင်-ဒေါ်မိုးသူဇာထွန်း၊ ဒေါ်မိုးဥမ္မာထွန်း(မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်)၊ ဒုတိယဗိုလ်မှူးကြီးမင်းနိုင်ဝင်း-ဒေါ်မိုးကလျာထွန်း၊ ဒေါ်ဝင်းပပထွန်းတို့၏ဖခင်၊ မောင်မျိုးသူရထွန်း(Uniteam Marine)၊ မသီရိမျိုးခိုင်(ဆေး-၁၊ တ-နှစ်)၊ မောင်မင်းခန့်အောင်(Grade-6)တို့၏အဘိုးသည် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၅နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ(ခုတင်-၅၀၀)၌ကွယ်လွန်သွားပါသဖြင့် ၄-၈-၂၀၂၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းမောင် (ဖောင်ကြီးဇေယျ-၁)
လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမဝါယမဦးစီးဌာန
အသက်(၆၉)နှစ်

သူငယ်ချင်း ဦးသန်းမောင် ၂၃-၅-၂၀၂၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **သူငယ်ချင်းများ၊ ဖောင်ကြီးဇေယျ(၁)**

ရဟန်းဒါယကာကြီး

ဦးမျိုးဝင်း
အလက(၂)သဃ်န်းကျွန်း(ငြိမ်း)
အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ ကမာလမ်း၊ တိုက် ၆၉၊ အခန်း ၅နေ (ဦးထွဏ်းနွယ်-ဒေါ်ညွှန့်သိန်း)တို့၏သားသမက်၊ ဒေါ်ခင်မျိုးကြိုင်(အထက-၂၊ဗိုလ်တထောင်)၏ခင်ပွန်း၊ဦးဝင်းပေါ်၊ ဦးဝင်းမော်၊ ဒေါ်ခင်မျိုးနိုင်၊ဒေါ်လှတိုးတိုးလှိုင်(အထက-၁၊ ဒဂုံ၊ အကြီးတန်းစာရေးမကြီး)၊ ဦးအောင်ကျော်ခန့်တို့၏ အစ်ကိုသည် ၃-၈-၂၀၂၃ရက် နံနက် ၃း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၈-၂၀၂၃ ရက်(စနေနေ့)နံနက် ၁၀နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအောင်ကြိုင်
အထက(၁၀)တာမွေ
ကျောင်းသားဟောင်း
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ကွက်သစ်ရပ်ကွက်၊ အောင်တေဇလမ်း၊ အမှတ် ၃၂/B၊ ခြောက်လွှာနေ (ဦးလှအောင်) - ဒေါ်စိန်ပွင့်တို့၏သား၊ (ဦးစောတာမလာစေး-ဒေါ်သန်းရီ)တို့၏သားသမက်၊ဒေါ်သွယ်သွယ်ဦး၏ခင်ပွန်း၊ ကိုတင်ထွန်းအောင်-မဝင်းသန္တာ၊ မအိသဉ္ဇာမိုးတို့၏ဖခင်၊ ဦးမောင်စိုး-(မဝင်းမြင့်)၊ ဦးဝင်းဦး-မခင်တင့်တို့၏အစ်ကိုကြီးသည် ၃၁-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၄-၈-၂၀၂၃ရက် (သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

မိမိတို့အားလုံးလက်တွဲပါမှ ပြဿနာများကို ဖြေရှင်းကူညီရာရောက်ပြီး နိုင်ငံသားများ၏အကျိုးကို သယ်ပိုးရာရောက်

ရန်ကုန် ဩဂုတ် ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအား ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာမောင်မောင်ဌေး၊ ဦးကျော်ကျော်ဝင်းနှင့် ဦးဇော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ နာယက အစ္စလာမ်ဘာသာဝင် သံအမတ်ကြီး(အငြိမ်းစား) ဦးလှမောင်၊ ဟိန္ဒူဘာသာဝင် ဦးမောင်ရွှေ၊ ခရစ်ယာန်ဘာသာဝင် သိက္ခာတော်ရ ဆရာဒေါက်တာ စောမာဂေးကြီး၊ အဖွဲ့ဥက္ကဋ္ဌ ဗုဒ္ဓဘာသာဝင် သံအမတ်ကြီး(အငြိမ်းစား) ဦးစိန်ဝင်းအောင်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းအား ဘာသာပေါင်းစုံ

စာမျက်နှာ ၈ ကော်လံ ၁ ❒



ပြည်ထောင်စုမြန်မာနိုင်ငံကြီးမှာ တိုင်းရင်းသားလူမျိုးပေါင်းစုံရှိသကဲ့သို့ ဘာသာရေးကိုးကွယ်မှုစုံသည့် နိုင်ငံတော်ဖြစ်။ မိမိယုံကြည်ကိုးကွယ်ရာဘာသာသည် တခြားသောဘာသာကို ထိခိုက်နစ်နာစေသောပြောဆိုဟောပြောစည်းရုံးမှု မရှိပါက လွတ်လပ်စွာကိုးကွယ်ခွင့်ပြုထား။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ နာယကများ၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ယနေ့ မာတိကာ

ဆီးရီးယား၌ ဓာတု လက်နက် သုံး မသုံး ကုလ စစ်ဆေးမည် စာ - ၄

ငွေချေး သက်သေခံ လက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပြဋ္ဌာန်း စာ - ၁၄

သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပြဋ္ဌာန်း စာ - ၁

ပြည်သူ့လွှတ်တော်အစည်းအဝေး

အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀၊ ငွေတံဆိပ် ၄၆၀၊ ကြေးတံဆိပ် ၆၁၇ ခု ချီးမြှင့်သွားမည်

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် ဖြေကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုအဖြစ် နိုင်ငံတကာပြိုင်ပွဲများသို့ အားကစားနည်း ၃၃ မျိုးကို ၆၄ ကြိမ် စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၅၄၃၊ ငွေတံဆိပ် ၆၄ ခု၊ ကြေးတံဆိပ် ၅၇ ခု စုစုပေါင်း ၁၇၅ ခု ရရှိပါကြောင်း၊ ထို့ပြင် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှ ၂၀၁၃ ခုနှစ် ဖွေလအတွင်း အားကစားနည်း ရှစ်မျိုးကို (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို Test Match ပြိုင်ပွဲ (၉)ကြိမ် ကျင်းပခဲ့ရာ ရွှေတံဆိပ် ၂၈ ခု၊ ငွေတံဆိပ် ၃၆ ခု၊ ကြေးတံဆိပ် ၆၅ ခု စုစုပေါင်း ၁၂၉ ခု ရရှိခဲ့ပါကြောင်းဖြင့် ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပထမအကြိမ်ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့၌ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်း၏ **(၂၇)ကြိမ်မြောက် Sea Game ပြိုင်ပွဲ** မေးခွန်းနှင့်စပ်လျဉ်း၍ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ဖြေကြားခဲ့သည်။ *စာမျက်နှာ ၇ ကော်လံ ၁* ❍

ပန်းဘဲတန်း မဲဆန္ဒနယ်မှ ဦးအောင်ဆန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထူးကဲဒီရေတက်မည်

နေပြည်တော် ဩဂုတ် ၁

ဩဂုတ်၂ရက်မှ ၁၂ရက်အထိ ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၀ ခန့်မှ ၂၀ ဒသမ ၄ ပေခန့်အထိ ထူးကဲဒီရေ တက်ရောက်ဖွယ်ရှိကြောင်း၊ ယခင်၂၀၁၁-၂၀၁၂ ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၁ ဒသမ ၇ ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ကျော်လွန်သဖြင့်သာ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သတင်းထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

တနင်္သာရီမြို့နယ်တွင် တိုးချဲ့လူနာဆောင်နှင့် ဝန်ထမ်းအိမ်ရာများ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဩဂုတ် ၁

ပထမအကြိမ် အမျိုးသားလွှတ်တော်သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ် (၇)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြန်လည်ရှင်းလင်းဖြေကြားရာတွင် ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ် (၂)မှ ဦးစိုင်းကျော်ဇောသန်း၏ လွိုင်လင်မြို့တွင် အရန်သားဖွား ခြောက်လသင်တန်းများ ဖွင့်လှစ်သင်ကြား ဆောင်ရွက်မှုကို ၁၉၇၀ ပြည့်လွန်နှစ်များကစ၍ နှစ်စဉ် ဖွင့်လှစ်သင်ကြားခဲ့သော်လည်း ၂၀၀၀ပြည့်နှစ်ဝန်းကျင်မှစ၍ ဖွင့်လှစ်မှုမရှိတော့သောကြောင့် ယခုပြန်လည်ဖွင့်လှစ်သင်ကြားဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လွိုင်လင်မြို့နယ်တွင် ကျေးရွာပေါင်း ၂၅၉ ရွာရှိရာ လက်ရှိသားဖွားဆရာမ ၂၀နှင့် အရန်သားဖွား

စာမျက်နှာ ၇ ကော်လံ ၃ ●



ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးသန်းမြင့် မေးမြန်းစဉ်။ (သတင်းစဉ်)

ဥပဒေ

စာမျက်နှာ ၁၄ မှ

(ခ) မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သောတည်ဆဲဥပဒေနှင့်အညီ စာရင်းစစ်ကို ခန့်ထားခြင်းမပြုမီ ကော်မရှင်၏ခွင့်ပြုချက်ကို ရယူရမည်။

(ဂ) စာရင်းစစ်အစီရင်ခံစာကို ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

(ဃ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ခွင့်ပြုမတည်ငွေရင်းကို လျှော့ချခြင်းမပြုရ။

(င) လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အစီရင်ခံစာကို သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ ပေးပို့ရမည်။

(စ) ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ခြင်း ပြီးမြောက်သော အခါ ထိုသို့လဲလှယ်ရောင်းဝယ်ခြင်း ပြီးမြောက်ကြောင်း ပဋိညာဉ်မှတ်တမ်းကို မိမိကုမ္ပဏီက ဆောင်ရွက်ပေးခဲ့သည့်သက်ဆိုင်ရာ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့ရမည်။

၂၁။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို ဆောင်ရွက်ရာတွင် အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသည့် အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများကို ရှောင်ကြဉ်ရမည်။

၂၂။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသည်-

(က) နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးတိုင်း အသားတင်အမြတ်ငွေထဲမှ သီးသန့်ရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အညီ စုဆောင်းထားရှိရမည်။

(ခ) စုဆောင်းထားရှိသော သီးသန့်ရန်ပုံငွေအား ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းလုပ်ကိုင်ခြင်းနှင့် စပ်လျဉ်း၍ ဆုံးရှုံးနစ်နာမှုတစ်ရပ်ရပ်ကို ပေးလျော်ရန်ကိစ္စအတွက်သာ သုံးစွဲရမည်။ အခြားကိစ္စအတွက် သုံးစွဲလိုပါက ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

အခန်း(၅)
လိုင်စင်

၂၃။ လိုင်စင်အမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိရောင်းချခြင်းလုပ်ငန်းလိုင်စင်၊

(ဃ) ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လုပ်ငန်းလိုင်စင်၊

(င) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကိုယ်စားလှယ်လုပ်ငန်းလိုင်စင်၊

(စ) ကော်မရှင်က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းဟု သတ်မှတ်သည့်အခြားလုပ်ငန်း လိုင်စင်။

၂၄။ ကော်မရှင်သည် လိုင်စင်အမျိုးအစားအလိုက် လိုအပ်သောအရည်အချင်းများနှင့်စည်းကမ်းချက်များကို သတ်မှတ်ရမည်။

၂၅။ အောက်ပါလိုင်စင်တစ်မျိုးမျိုးကိုဖြစ်စေ၊ တစ်မျိုးထက်ပို၍ ဖြစ်စေရရှိရန် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကသာလျှင် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များ ကိုယ်ပိုင်ရောင်းဝယ်ခြင်းလုပ်ငန်း လိုင်စင်၊

(ခ) ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင် သို့မဟုတ် ကိုယ်စားလှယ် လုပ်ငန်းလိုင်စင်၊

(ဂ) ငွေချေးသက်သေခံလက်မှတ်များကိုတာဝန်ခံ၍ တစ်ဆင့်ဖြန့်ချိ ရောင်းချခြင်းလုပ်ငန်းလိုင်စင်။

၂၆။ (က) ပုဒ်မ ၂၅ ပါ လိုင်စင်တစ်မျိုးမျိုးရရှိထားသော ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံ မှုအတွက် အကြံဉာဏ်ပေးခြင်းလုပ်ငန်းကို သီးခြားလိုင်စင်ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။

(ခ) သတ်မှတ်ထားသည့်အရည်အချင်းများ၊ စည်းကမ်းချက်များနှင့်ညီညွတ်သောပုဂ္ဂိုလ်သည် ငွေချေးသက်သေခံလက်မှတ် ရင်းနှီးမြှုပ်နှံမှုအတွက် အကြံဉာဏ်ပေးခြင်း လိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၇။ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခု၏ ကိုယ်စားလှယ်အဖြစ် လုပ်ကိုင်လိုသူသည် ယင်းကုမ္ပဏီ၏ထောက်ခံချက်ပူးတွဲ၍ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ကိုယ်စားလှယ်လုပ်ငန်းလိုင်စင်ရရှိရန် ကော်မရှင်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားနိုင်သည်။

၂၈။ ကော်မရှင်သည်-

(က) ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မ ၂၇ အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာလက်ခံရရှိသည့်အခါ လိုင်စင်အမျိုးအစားအလိုက် သတ်မှတ်ထားသောအရည်အချင်းများ၊ စည်းကမ်းချက်များနှင့် ညီညွတ်မှုရှိ မရှိစိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးရမည်။

၂၉။ လိုင်စင်ရရှိသူသည် ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကို လိုင်စင်သက်တမ်းကုန်ဆုံးသည့်အခါ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ ကော်မရှင်သို့လျှောက်ထားရမည်။

၃၀။ ကော်မရှင်သည် ပုဒ်မ ၂၉ အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီးလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်းသို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၁။ ကော်မရှင်သည် လိုင်စင်ခ၊ လိုင်စင်သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် လိုင်စင်သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

၃၂။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

၃၃။ လိုင်စင်ရရှိသူသည်-

(က) လိုင်စင်သက်တမ်းကုန်ဆုံးပြီး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခြင်းမပြုလျှင် လိုင်စင်သက်တမ်းကုန်ဆုံးသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း လိုင်စင်ကိုကော်မရှင်သို့ ပြန်လည်အပ်နှံရမည်။

(ခ) လိုင်စင်သက်တမ်းအတွင်း ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုတော့ဘဲ ရပ်ဆိုင်းလျှင် ထိုသို့ရပ်ဆိုင်းကြောင်း ကော်မရှင်သို့ ၇ ရက်အတွင်း အကြောင်းကြားပြီး လိုင်စင်ကို ပြန်လည်အပ်နှံရမည်။

(ဂ) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို အခြားလုပ်ငန်းအဖွဲ့အစည်း နှင့် ပူးပေါင်းဖွဲ့စည်းလိုသည့်အခါဖြစ်စေ၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းလိုသည့်အခါဖြစ်စေ ကော်မရှင်၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ ဆောင်ရွက်ရမည်။

(ဃ) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီပိုင်ပစ္စည်းများအား တရားရုံးက ဝရမ်းကပ်ထားခြင်း၊ ပစ္စည်းထိန်းခန့်ထား၍ ထိန်းသိမ်းထားခြင်းပြုသည့် ကာလတွင်လုပ်ငန်းကို ရပ်ဆိုင်းထားရမည်။

၃၄။ ကော်မရှင်သည်လိုင်စင်ရရှိသူက အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ လိုင်စင်ကိုကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုနိုင်သည်-

(က) လိုင်စင်ရရှိသူက လိုင်စင်စည်းကမ်းချက်တစ်စုံတစ်ရာကို ကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာရမည့်လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခြင်း၊

(ခ) လိုင်စင်ကိုတစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊

(ဂ) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်ထားသည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း သို့မဟုတ် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) သေဆုံးခြင်း၊ ရူးသွပ်ခြင်းသို့မဟုတ် လူမွဲအဖြစ် ကြေညာခံရခြင်း၊

(င) အခန်း(၉)ပါ တားမြစ်သည့်ပြုလုပ်မှုတစ်ရပ်ရပ်အရ အများပြည်သူအကျိုးနှင့်ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေခြင်း၊

(စ) ဘဏ္ဍာရေးနှင့်လုပ်ငန်းဆိုင်ရာ စာရင်းများကို မမှန်မကန်ပြုစုခြင်းနှင့် တင်ပြအစီရင်ခံခြင်း၊

(ဆ) လိမ်လည်မှု၊ အလွဲသုံးစားမှု၊ ခိုးမှု၊ ယုံကြည်အပ်နှံရေးဖောက်ဖျက်မှု သို့မဟုတ် ကိုယ်ကျင့်တရားနှင့် သက်ဆိုင်သော ပြစ်မှုဖြင့်အစီရင်ခံရခြင်း။

အခန်း(၆)
ငွေချေးသက်သေခံလက်မှတ်များထုတ်ဝေခြင်း

၃၅။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည်-

(က) ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်းမပြုမီ မည်ကဲ့သို့ ကမ်းလှမ်းမည်ဖြစ်ကြောင်း ကော်မရှင်သို့တင်ပြပြီး အတည်ပြုချက်ရယူရမည်။ ကော်မရှင်သည် ရက်ပေါင်း ၆၀ အတွင်း အဆုံးအဖြတ်ပေးရမည်။

(ခ) အများပြည်သူသို့ ကမ်းလှမ်းရောင်းချသည့်အခါ ကုမ္ပဏီ၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့်အတူ ကုမ္ပဏီ၏အရေးကြီးသော အချက်အလက်များပါဝင်သည့် အလားအလာညွှန်းတမ်းကိုပါ ထုတ်ပြန်ကြေညာရမည်။

၃၆။ ကော်မရှင်သည် အများနှင့်သက်ဆိုင်သောကုမ္ပဏီများက ငွေချေးသက်သေခံလက်မှတ်များ အသစ်ထုတ်ဝေခြင်းနှင့်စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၃၇။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင် မိမိကုမ္ပဏီက ထုတ်ဝေသည့် ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်မှုပြီးမြောက်ကြောင်း သက်ဆိုင်ရာငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများက ပဋိညာဉ်မှတ်တမ်းပေးပို့၍လက်ခံရရှိသည့်အခါ ဝယ်ယူသူက လက်ရှိအစုရှယ်ယာဝင်၏ အမည်မှ ယင်း၏အမည်သို့ပြောင်း၍ မှတ်ပုံတင်ပေးရန် တောင်းဆိုလာလျှင် အမည်ပြောင်း၍ မှတ်ပုံတင်ပေးရမည်။

အခန်း(၇)
စတော့အိပ်ချိန်း

၃၈။ စတော့အိပ်ချိန်းသည်-

(က) ကော်မရှင်ထံမှခွင့်ပြုချက်ရရှိပြီးနောက် မြန်မာနိုင်ငံကုမ္ပဏီများနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများအရ ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီသို့မဟုတ် ဖက်စပ်လုပ်ငန်းအဖြစ်ဖွဲ့စည်းတည်ထောင်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) ယင်း၏စာရင်းဝင် ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများကို စုစည်းဆောင်ရွက်ရန်နှင့် ကြီးကြပ်ကွပ်ကဲရန် တာဝန်ရှိသည်။

(ဂ) ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရမည်။

(ဃ) ကော်မရှင်၏စီမံအုပ်ချုပ်မှုနှင့် ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

၃၉။ (က) စတော့အိပ်ချိန်းတွင် ကော်မရှင်က ခန့်အပ်တာဝန်ပေးသော ငါးဦးထက်မပိုသည့်ပုဂ္ဂိုလ်များနှင့်အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ဒါရိုက်တာအဖြစ်ထမ်းဆောင်ရန်ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသော ပုဂ္ဂိုလ်များပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို စတော့အိပ်ချိန်း၏ဖွဲ့စည်းပုံစည်းမျဉ်းနှင့်အညီဖွဲ့စည်းရမည်။

(ခ) ကော်မရှင်သည် စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့တွင် ခန့်အပ်တာဝန်ပေးရာ၌ လုပ်ငန်းဆောင်ရွက်မှု၊ ငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ငွေရေးကြေးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အတွေ့အကြုံနှင့်ဗဟုသုတရှိသူများကို ရွေးချယ်ရမည်။

(ဂ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာတစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဃ) ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှတစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

(င) စတော့အိပ်ချိန်းတွင်လိုအပ်သော ကော်မတီနှင့်အဖွဲ့များကိုဖွဲ့စည်းနိုင်သည်။

(စ) စတော့အိပ်ချိန်း၏ ဒါရိုက်တာအဖွဲ့အတွက် လိုအပ်သောဝန်ထမ်းများကို ခန့်အပ်ရမည်။

၄၀။ စတော့အိပ်ချိန်းသည်-

(က) ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကို ကော်မရှင်က သတ်မှတ်ထားသည့်နေရာတွင်သာ ဆောင်ရွက်ရမည်။

(ခ) ကော်မရှင်၏ ကြိုတင်ခွင့်ပြုချက်ဖြင့် စာရင်းစစ်ကို ခန့်ထားရမည်။

(ဂ) စာရင်းစစ်ဆေးမှု အစီရင်ခံစာကို ကော်မရှင်သို့ နှစ်စဉ်တင်ပြရမည်။

(ဃ) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၄၁။ စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကို စီမံခန့်ခွဲခြင်း၊

(ခ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်နိုင်မည့် ငွေချေးသက်သေခံလက်မှတ်များအတွက် စာရင်းဝင်စံများ သတ်မှတ်ခြင်း၊

(ဂ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မည့် ငွေချေးသက်သေခံလက်မှတ်များကို မှတ်ပုံတင်ထားရှိခြင်း၊

(ဃ) မိမိစတော့အိပ်ချိန်းတွင် ရောင်းဝယ်မှုပြီးမြောက်ခဲ့သည့် ငွေချေးသက်သေခံလက်မှတ် အရောင်းအဝယ်မှတ်တမ်းများကို ပြုစုထားရှိခြင်း၊

(င) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများနှင့် သက်ဆိုင်သောအချက်အလက်များကို မှတ်တမ်းပြုစုထားခြင်း၊

(စ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများကပေးရမည့်အဖွဲ့ဝင်ကြေး၊ ရှယ်ယာစာရင်းဝင်ကြေး၊ သီးသန့်ရန်ပုံငွေနှင့် အခြားဝန်ဆောင်ခများကိုသတ်မှတ်ခြင်းနှင့် ယင်းငွေများကို စနစ်တကျထိန်းသိမ်းထားရှိပြီး ဖွဲ့စည်းပုံစည်းမျဉ်းနှင့် လုပ်ငန်းဆိုင်ရာစည်းမျဉ်းများနှင့်အညီ စီမံခန့်ခွဲခြင်း၊

(ဆ) လိုအပ်သောဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးခြင်း၊

(ဇ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများ၏ လုပ်ငန်းဆောင်ရွက်မှုများ မှန်ကန်မှုရှိ မရှိ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

၄၂။ စတော့အိပ်ချိန်း ဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတစ်ခုက မိမိစတော့အိပ်ချိန်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) စတော့အိပ်ချိန်းအတွက် အနည်းဆုံးထားရှိရမည့် အဖွဲ့ဝင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ အရေအတွက်ကို သတ်မှတ်ပေးခြင်း၊

(ဂ) အဖွဲ့ဝင်ဖြစ်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီများ၏ အခွင့်အရေးနှင့် တာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဃ) လုံလောက်သောအကြောင်းရှိပါက မိမိစတော့အိပ်ချိန်း၏ ရောင်းဝယ်မှုများကို ယာယီရပ်ဆိုင်းခြင်းနှင့် အဖွဲ့ဝင်တစ်ဦးဦး၏ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်မှုများကို ယာယီတားမြစ်ခြင်း၊

(င) စတော့အိပ်ချိန်းတွင် ဆက်လက်၍ ပါဝင်ဆောင်ရွက်ရန်မသင့်သော ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီကို အဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(စ) အဖွဲ့ဝင်အချင်းချင်းဖြစ်စေ၊ အဖွဲ့ဝင်တစ်ဦးဦးနှင့် အခြားပုဂ္ဂိုလ်များအကြားဖြစ်စေ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်ခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်ပါက ဖြေရှင်းဆုံးဖြတ်ပေးခြင်း။

၄၃။ စတော့အိပ်ချိန်းသည် မိမိ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ၊ အသစ်ရေးဆွဲလျှင်ဖြစ်စေ၊ လုပ်ငန်းဆိုင်ရာစည်းမျဉ်းကို ပြင်ဆင်လိုလျှင်ဖြစ်စေ ကော်မရှင်၏ခွင့်ပြုချက်ကို ကြိုတင်ရယူပြီးမှ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၈)
ကောင်တာဈေးကွက်

၄၄။ ကောင်တာဈေးကွက် တည်ထောင်လိုသည့် သုံးခုအောက်မနည်းသော ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ကော်မရှင်သို့ စုပေါင်းလျှောက်ထားပြီး ခွင့်ပြုချက်ရရှိသည့်အခါ ကောင်တာဈေးကွက်ကိုတည်ထောင်နိုင်သည်။

၄၅။ (က) ပုဒ်မ ၄၄ အရ ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကောင်တာ ဈေးကွက်ကို တည်ထောင်သည့်အခါ အဖွဲ့ဝင် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများက ရွေးချယ်တင်မြှောက်သည့် ငါးဦးထက်မပိုသော အဖွဲ့ဝင်များပါဝင်သည့် ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကောင်တာဈေးကွက်၏ ဒါရိုက်တာအဖွဲ့သည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား ဥက္ကဋ္ဌအဖြစ် ရွေးချယ်ရမည်။

(ဂ) ကောင်တာဈေးကွက်ဥက္ကဋ္ဌသည် ဒါရိုက်တာအဖွဲ့မှ တစ်ဦးအား အတွင်းရေးမှူးအဖြစ် သတ်မှတ်တာဝန်ပေးနိုင်သည်။

၄၆။ ကော်မရှင်၏ ခွင့်ပြုချက်အရ တည်ထောင်သော ကောင်တာဈေးကွက်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံခွင့်ရှိသည်။

၄၇။ ကောင်တာဈေးကွက်သည် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

၄၈။ ကောင်တာဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုမှာ အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများအရ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထင်ရှားစွာ ထိခိုက်နစ်နာစေလျှင် ကော်မရှင်သည် ကောင်တာဈေးကွက်အား ထုတ်ပေးထားသည့် ခွင့်ပြုမိန့်ကို ကာလသတ်မှတ်၍ ရပ်ဆိုင်းခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

အခန်း(၉)
တားမြစ်သည့်ပြုလုပ်မှုများ

၄၉။ အများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်စေသောပြုလုပ်မှုများမှာ အောက်ပါတို့ဖြစ်သည်-

(က) ငွေချေးသက်သေခံလက်မှတ်များနှင့် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်တွင်လုပ်ဆောင်မှုများဖြစ်သော ငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊ စာရင်းဝင်ခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ရောင်းဝယ်မှုပြုခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်း၊ ဝန်ဆောင်မှုပေးခြင်းများနှင့်စပ်လျဉ်း၍ လှည့်စားမှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုကို ကြီးမားစွာဖြစ်စေသည့် လိမ်လည်ခြင်း၊လှည့်စားခြင်း၊ မှားယွင်းသည့်ဖော်ပြချက်များပြုလုပ်ခြင်း၊ အရေးကြီးသော အချက်အလက်များကို ထိမ်ချန်ထားခြင်းပြုရာတွင် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပါဝင်ပတ်သက်ခြင်း၊

(ခ) ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အခြားသူများကို လှုံ့ဆော်မှု သို့မဟုတ် သွေးဆောင်ဖြားယောင်းမှုပြုရန်အလို့ငှာ မမှန်ကန်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ဈေးကွက်အတွင်းရှိ ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြီးမားစွာသက်ရောက်မှုရှိစေသည့် မပြည့်စုံသော၊ အချိန် အခါမသင့်သော သတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း၊

(ဂ) မိမိ၏ ကိုယ်ပိုင်စာရင်းအတွက် သို့မဟုတ် အခြားပုဂ္ဂိုလ်များအတွက် ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူခြင်း၊ ရောင်းချခြင်းပြုရန် အတွင်းသတင်းအချက်အလက်များကို အသုံးပြုခြင်း၊ အတွင်းသတင်းအချက်အလက်များကို ဖွင့်ဟအသိပေးခြင်း သို့မဟုတ် ထုတ်ပေးခြင်း၊ ဖွင့်ဟအသိပေးခြင်းမရှိသည့် အတွင်းသတင်းအချက်အလက်များကို အခြေခံ၍ အခြားပုဂ္ဂိုလ်များအား ငွေချေးသက်သေခံလက်မှတ်များ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် အကြံဉာဏ်များပေးခြင်း၊

အချပ်ပို ခ သို့

ဥပဒေ

အချပ်ပို က မှ

(ဃ) မမှန်ကန်သော ရောင်းလိုအားနှင့် ဝယ်လိုအားကို ဖန်တီး၍ ငွေချေးသက်သေခံလက်မှတ်များကို ဝယ်ယူခြင်း၊ ရောင်းချခြင်း ပြုလုပ်ရာတွင် ပူးပေါင်းကြံစည်ခြင်း၊ သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ၏ ဈေးနှုန်းကို ကြိုးကိုင်ခြယ်လှယ်ရန် အခြားသူများနှင့် ပူးပေါင်းကြံစည်၍ သို့မဟုတ် အခြားသူများအား သွေးဆောင်ဖြားယောင်း၍ စဉ်ဆက်မပြတ် ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် ရောင်းဝယ်မှုနည်းလမ်းများကို အသုံးပြုခြင်း။

အခန်း(၁၀)

ငွေချေးသက်သေခံလက်မှတ်များအပ်နှံမှုလက်ခံခြင်းနှင့်စာရင်းရှင်းလင်းခြင်းလုပ်ငန်း

၅၀။ (က) ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီသည် ငွေချေးသက်သေခံလက်မှတ် အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ခွင့်ပြုမိန့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) ကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း သို့မဟုတ် ခွင့်ပြုမိန့်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၁။ စတော့အိပ်ချိန်းသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်လိုပါက ကော်မရှင်၏ ခွင့်ပြုမိန့်ရယူရန်မလိုဘဲ လုပ်ကိုင်နိုင်သည်။ သို့ရာတွင် ထိုလုပ်ငန်းများကို လုပ်ကိုင်ပါက ကော်မရှင်သို့ အသိပေးတင်ပြရမည်။

၅၂။ ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များ အပ်နှံမှုလက်ခံခြင်းနှင့် စာရင်းရှင်းလင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရေးအတွက် လိုအပ်ပါက သင့်လျော်သည့် အစိုးရဌာနသို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား စည်းကမ်းချက်များသတ်မှတ်၍ တာဝန်ပေးနိုင်သည်။

အခန်း(၁၁)

အယူခံခြင်း

၅၃။ (က) ပုဒ်မ ၄၂ ပါ စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ လုပ်ပိုင်ခွင့်အရ ချမှတ်သော ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ထိုဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မရှင်သို့ အယူခံဝင်နိုင်သည်။

(ခ) ကော်မရှင်က ပုဒ်မခွဲ(က)အရ အယူခံမှုကို စိစစ်ပြီး စတော့အိပ်ချိန်းဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အခြားသင့်လျော်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်ချမှတ်ခြင်း ပြုနိုင်သည်။

အခန်း(၁၂)

တားမြစ်ချက်နှင့်ပြစ်ဒဏ်များ

၅၄။ မည်သူမျှ အခန်း(၉)ပါ တားမြစ်သည့် ပြုလုပ်မှုများကို ဖောက်ဖျက်ပြီးအများပြည်သူအကျိုးနှင့် ရင်းနှီးမြှုပ်နှံသူများအား အကာအကွယ်ပေးမှုကို ထိခိုက်နစ်နာစေရန်မပြုလုပ်ရ။

၅၅။ မည်သူမျှ-

(က) လုပ်ငန်းလိုင်စင်မရှိဘဲ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ။

(ခ) ကော်မရှင်၏ခွင့်ပြုမိန့်မရရှိဘဲ ကောင်တာဈေးကွက်ကို ဖြစ်စေ၊ စတော့အိပ်ချိန်းကိုဖြစ်စေ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏လုပ်ငန်းများ၊ ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်းသဘောသက်ရောက်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်း မပြုရ။

(ဂ) ခွင့်ပြုမိန့်ရရှိထားသော ကောင်တာဈေးကွက် သို့မဟုတ် စတော့အိပ်ချိန်း၏ အမည်ကို ခွင့်ပြုချက်မရရှိဘဲ အသုံးမပြုရသို့မဟုတ် ကောင်တာဈေးကွက် သို့မဟုတ်စတော့အိပ်ချိန်း၏ အဖွဲ့ဝင်အဖြစ် အယောင်ဆောင်ခြင်း မပြုရ။

၅၆။ မည်သည့် လုပ်ငန်းလိုင်စင်ရရှိသူမျှ ရရှိထားသော လုပ်ငန်းလိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၅၇။ မည်သည့် ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီမှ တာဝန်ရှိသူမျှ မိမိ၏ကိုယ်စားလှယ်မှတစ်ပါး အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကို မိမိကုမ္ပဏီ၏ အမည်ဖြင့်ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း လုပ်ကိုင်ခွင့်မပြုရ။

၅၈။ မည်သည့်ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းမျှ မိမိတို့၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်စဉ် ရရှိသောသတင်းအချက်အလက်များနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမှတစ်ပါး အခြားမသက်ဆိုင်သူတစ်ဦးဦးကို ထုတ်ဖော်ပြောဆိုခြင်း၊ ပြသခြင်း သို့မဟုတ် ထုတ်ပြန်ကြေညာခြင်းမပြုရ။

၅၉။ မည်သည့်ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ တာဝန်ရှိသူသို့မဟုတ် ဝန်ထမ်းမျှ ကော်မရှင်၏ ခွင့်ပြုချက်မရရှိဘဲ အခြားငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီတွင်ဖြစ်စေ၊ အခြားကုမ္ပဏီ သို့မဟုတ် စီးပွားရေးအဖွဲ့အစည်းတွင်ဖြစ်စေ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၆၀။ မည်သူမဆို ပုဒ်မ ၅၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ၁၀ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၅ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သည့်လုပ်ငန်းလိုင်စင်ရရှိသူမဆို ပုဒ်မ ၅၆ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကိုငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၃။ မည်သည့်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီမှ တာဝန်ရှိသူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကိုဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၄။ မည်သည့်ကော်မရှင်အဖွဲ့ဝင် သို့မဟုတ် ကော်မရှင်၏ ဝန်ထမ်းမဆို ပုဒ်မ ၅၈ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၅။ မည်သည့်ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ၏ တာဝန်ရှိသူ သို့မဟုတ် ဝန်ထမ်းမဆို ပုဒ်မ ၅၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၁၃)

အထွေထွေ

၆၇။ မြန်မာနိုင်ငံတွင် ငွေချေးသက်သေခံလက်မှတ်ဈေးကွက်ကို ဤဥပဒေနှင့်အညီ ပီပြင်စွာတည်ထောင်ပြီး စနစ်တကျလုပ်ကိုင်ဆောင်ရွက်ခြင်းမပြုနိုင်မီ ကူးပြောင်းဆဲကာလအတွင်း-

(က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကူးပြောင်းဆဲကာလတစ်ခုကို သတ်မှတ်ပေးရမည်။ လိုအပ်ပါက ယင်းကူးပြောင်းဆဲကာလကို တိုးမြှင့်နိုင်သည်။

(ခ) ကူးပြောင်းဆဲကာလအတွင်း ကော်မရှင်နှင့်ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်သည့် လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲနိုင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ကြီးဌာနအား လွှဲအပ်တာဝန်ပေးရမည်။

(ဂ) ကူးပြောင်းဆဲကာလတွင် ဝန်ကြီးဌာနသည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်သည့်လုပ်ငန်းကို ကြီးကြပ်ကွပ်ကဲရာတွင် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

(ဃ) မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ ဝန်ကြီးဌာနသည် မြန်မာ့စီးပွားရေးဘဏ်အား ငွေရေးကြေးရေးအဖွဲ့အစည်း မဟုတ်သော အဖွဲ့အစည်းတစ်ခုခုနှင့် ဖက်စပ်ကုမ္ပဏီဖွဲ့စည်းစေပြီး စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက် လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ခွင့်ပြုနိုင်သည်။

၆၈။ ကော်မရှင်နှင့်ကော်မရှင်၏ ရုံးလုပ်ငန်းဆိုင်ရာ ကုန်ကျစရိတ်များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၆၉။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၇၀။ ဤဥပဒေအရ ပြစ်မှုတစ်ခုခုကို ကော်မရှင်၏ ကြိုတင်ခွင့်ပြုမိန့်မရရှိဘဲ မည်သည့် တရားရုံးတွင်မျှ စစ်ဆေးစီရင်ပိုင်ခွင့် မရှိစေရ။

၇၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ကော်မရှင်နှင့်ညှိနှိုင်းပြီး လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မရှင်တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပြဋ္ဌာန်း

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ

(၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်

(၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **သဘာဝဘေးအန္တရာယ်** ဆိုသည်မှာ သဘာဝအလျောက်ဖြစ်စေ၊ လူတို့၏ပြုမူဆောင်ရွက်မှု၊ မတော်တဆမှု သို့မဟုတ် ပေါ့ဆမှုကြောင့်ဖြစ်စေ မီးလောင်ခြင်း၊ မြေပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေလွှမ်းမိုးခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးခေါင်ခြင်း၊ မြေငလျင်လှုပ်ခြင်း၊ ဆူနာမီလှိုင်းဖြစ်ပေါ်ခြင်း၊ ဆီးနှင်းပြိုကျခြင်း၊ အပူလှိုင်း သို့မဟုတ် အအေးလှိုင်းဒဏ်ခံရခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ကမ်းပြိုခြင်း၊ ပင်လယ်ရေကြောင်း အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ ပိုးမွှားတိရစ္ဆာန်များကြောင့်ဖြစ်စေ၊ အပင်ရောဂါကြောင့်ဖြစ်စေ၊ ပျိုးခင်းစိုက်ခင်းများ ပျက်စီးခြင်း၊ ငတ်မွတ်ခေါင်းပါးမှု ဖြစ်ခြင်း၊ လူသို့မဟုတ် တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ အကြမ်းဖက်ခြင်း၊ လက်နက်ကိုင်သောင်းကျန်းမှုဖြစ်ပွားခြင်းကြောင့်သော်လည်းကောင်း၊ စက်မှုလုပ်ငန်းကြောင့်ဖြစ်စေ၊ ဓာတုပစ္စည်းကြောင့်ဖြစ်စေ၊ အဏုမြူကြောင့်ဖြစ်စေ၊ ရေနံယိုဖိတ်ခြင်းကြောင့်ဖြစ်စေ၊ သဘာဝဓာတ်ငွေ့များ ယိုစိမ့်ခြင်းကြောင့်ဖြစ်စေ အန္တရာယ်ဖြစ်ပေါ်ခြင်းကြောင့်သော်လည်းကောင်း၊ အများပြည်သူ၏ အသက်အိုးအိမ်ဥစ္စာပစ္စည်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ အခြေခံအဆောက်အအုံများ၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုများကိုဆိုသည်။ ယင်းစကားရပ်တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက သဘာဝဘေးအန္တရာယ်ဟု သတ်မှတ်သည့် အခြားဘေးအန္တရာယ်တစ်ခုခုလည်း ပါဝင်သည်။

(ဂ) **သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်ပေါ်နိုင်သည့် ဆုံးရှုံးမှုများလျော့ပါးနိုင်သမျှလျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းအပါအဝင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ် ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအမံများ ထည့်သွင်းဆောင်ရွက်သည့် လုပ်ငန်းများကိုလည်းကောင်းဆိုသည်။

(ဃ) **သဘာဝဘေးအန္တရာယ်လျော့ပါးရေး** ဆိုသည်မှာ ကျရောက်လာ နိုင်သည့် သဘာဝဘေးအန္တရာယ်ကို ကြိုတင်ပြင်ဆင်ရေးနှင့် ကြိုတင်ကာကွယ်ရေးတို့အတွက်လည်းကောင်း၊သဘာဝဘေးအန္တရာယ်တစ်ခုခု ကျရောက်သည့်အခါ သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ထိရောက်စွာတုံ့ပြန်နိုင်ရေးတို့အတွက်လည်းကောင်း သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရမှုများကို လတ်တလောလျော့ပါးစေရန်နှင့် ရေရှည်လျော့ပါးစေရန် စီမံဆောင်ရွက်မှုများကိုဆိုသည်။

(င) **အရင်းအမြစ်** ဆိုသည်မှာ ဘေးသင့်သူများအတွက် လိုအပ်သော လူ့စွမ်းအား၊ စွမ်းအင်တစ်မျိုးမျိုး၊ ကျွဲနွားတိရစ္ဆာန်၊ ယာဉ်တစ်မျိုးမျိုး၊ ပစ္စည်းကိရိယာ၊ ဆက်သွယ်ရေးပစ္စည်း၊ အဆောက်အအုံ၊ သိုလှောင်ရုံ၊ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ၊ နေရာနှင့်ငွေကြေးအပါအဝင် ရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကိုဆိုသည်။

(စ) **အမျိုးသားကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(ဆ) **ဒေသဆိုင်ရာအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသောတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့တစ်ခုခုကိုဆိုသည်။

(ဇ) **အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ** ဆိုသည်မှာ ကုလသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အစိုးရအချင်းချင်း ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် ပြည်ပနိုင်ငံများရှိ အစိုးရ မဟုတ်သော အဖွဲ့အစည်းများကိုဆိုသည်။

(ဈ) **နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်က အဖွဲ့ဝင်အဖြစ် ပါဝင်သည့် အဖွဲ့အစည်းများဖြစ်သော အရှေ့တောင်အာရှနိုင်ငံများအသင်း၊ အာရှဒေသနှင့် အခြားဒေသများအတွင်း ဖွဲ့စည်းထားသော အသင်းအဖွဲ့များကို ဆိုသည်။

(ည) **ဘေးသင့်သူများ** ဆိုသည်မှာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများကို ဆိုသည်။

အခန်း(၂)

ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ထိခိုက် ဆုံးရှုံးမှုများလျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို စနစ်တကျထိရောက် လျင်မြန်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များကို စနစ်တကျ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့်ဒေသဆိုင်ရာအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန်၊

(ဂ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် လည်းကောင်း၊အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများနှင့်လည်းကောင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သဘာဝပတ်ဝန်းကျင်ကို ပြန်လည်ထိန်းသိမ်းကာကွယ်ရန်၊

(င) ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန်။

အခန်း(၃)

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဖွဲ့စည်းခြင်း၊ ယင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဒုတိယသမ္မတတစ်ဦးက ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ပြီး သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အမျိုးသားကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ အမျိုးသားကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် မူဝါဒများချမှတ်ခြင်း၊ ယင်းမူဝါဒများနှင့်အညီ လုပ်ငန်းလမ်းညွှန်ချက်များချမှတ်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီနှင့် အခြားလိုအပ်သော လုပ်ငန်းကော်မတီများကိုဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

အချပ်ပို ဂ သို့

2-8 (B).pmd 1 7/31/2013, 2:43 PM

စာမျက်နှာ ခ မှ

(ဂ) ကမ္ဘာပေါ်တွင်ပေါ်ပေါက်ခဲ့သည့် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို မှတ်တမ်းပြုစုရေး၊ ပေါ်ပေါက်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုအစီအစဉ်များရေးဆွဲရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် ဆောင်ရွက်ရမည့် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးတို့အတွက် စီမံချက်များရေးဆွဲအကောင်အထည်ဖော်ရန် ဦးဆောင်မှုပေးခြင်း၊

(ဃ) ကျရောက်ခဲ့သော သဘာဝဘေးအန္တရာယ်၏ ပြင်းထန်မှုနှင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏအပေါ်မူတည်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အမျိုးသားကော်မတီကသော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့က သော်လည်းကောင်း အဓိကတာဝန်ယူရေးအတွက် ခွဲခြားသတ်မှတ်ခြင်း၊

(င) ဒေသဆိုင်ရာအဖွဲ့တစ်ခုခု၏ အဖွဲ့ဝင်များသည် ဘေးသင့်သူများထဲတွင် ပါသွားသဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်း မရှိသည့်အခါ နီးစပ်ရာဒေသများမှ သင့်လျော်သူများပါဝင်သည့် ယာယီဒေသဆိုင်ရာ အဖွဲ့ကိုဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင်ဖြစ်ပေါ်သည့် သဘာဝဘေးအန္တရာယ်အခြေအနေကိုဖော်ပြ၍ အဆိုပါ ဒေသအား သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသဖြစ်ကြောင်း ကြေညာနိုင်ရန် နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊

(ဆ) သဘာဝဘေးအန္တရာယ်လျော့ပါးရေးကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်းနှင့် လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ခြင်း၊

(ဇ) ကျရောက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းအချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီကြိုတင်သတိပေးချက်ထုတ်ပြန်ခြင်းတို့ကိုဆောင်ရွက်နိုင်ရန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာနတည်ထောင်ခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်သတိပေးချက် ရရှိချိန်တွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသရှိ ပြည်သူများကို ဘေးလွတ်ရာသို့ အချိန်မီ ရွှေ့ပြောင်းပေးနိုင်ရန် သက်ဆိုင်ရာ ဒေသအာဏာပိုင်များ၊ ဒေသဆိုင်ရာအဖွဲ့များနှင့် ညှိနှိုင်း၍စီမံဆောင်ရွက်ခြင်း၊

(ည) သဘာဝဘေးအန္တရာယ် လျော့ပါးရေးကို ပိုမိုထိရောက် လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ပါက ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ပါဝင်ကူညီဆောင်ရွက်လိုသည့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်းအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းရှိ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စေတနာ့ဝန်ထမ်းများအား ပါဝင်ကူညီဆောင်ရွက်နိုင်ရန် စိစစ်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဌ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အားနှင့်ပစ္စည်းအင်အားများကို အရန်သင့် အသုံးပြုနိုင်ရေးအတွက်စုစည်းထားရှိသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် ဒေသဆိုင်ရာအဖွဲ့အား ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဍ) ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကူညီထောက်ပံ့ရေး နယ်မြေများ ခွဲခြားသတ်မှတ်ခြင်း၊ နယ်မြေသတ်မှတ်ချက်အရ ကူညီထောက်ပံ့မည့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ လူအင်အားနှင့်ပစ္စည်းအင်အားစုစည်းအသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့်ဒေသဆိုင်ရာအဖွဲ့အား ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဎ) ဘေးသင့်သူများအတွက် လိုအပ်သောအရင်းအမြစ်အား အသုံးပြုခပေးပြီး ယာယီအသုံးပြုရန် ညွှန်ကြားခြင်းနှင့် ဘေးသင့်သူများအား နေရာချထားခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဘေးသင့်သူများအား အကူအညီပေးနိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအပြင် လိုအပ်ပါက တပ်မတော်၏အကူအညီများ ရယူဆောင်ရွက်ခြင်း၊

(တ) သဘာဝဘေးအန္တရယ် ကျရောက်သည့်ဒေသတွင် လုံခြုံရေး ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏အင်အားအပြင် လိုအပ်ပါက တပ်မတော်၏အင်အားကို ရယူဆောင်ရွက်ခြင်း၊

(ထ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် အရေးပေါ် ဆောင်ရွက်ရသည့် အခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခြင်းနှင့်သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးသက်သာစေရေးဆောင်ရွက်မှုများကို ပြည်တွင်းပြည်ပမှ သိရှိနိုင်စေရေးအတွက် လိုအပ်သည့်သတင်း ဖြန့်ချိပြန်ကြားမှု လုပ်ငန်းများဆောင်ရွက်ခြင်းကို ကြီးကြပ်လမ်းညွှန်ခြင်း၊

(ဒ) သဘာဝဘေးအန္တရာယ် ကျရောက်သည့်ဒေသတွင် အရေးပေါ်လိုအပ်သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ ဖြည့်တင်းထောက်ပံ့ရေးနှင့် ကူးစက်ရောဂါကျရောက်ခြင်း မရှိစေရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအဖွဲ့များအား လမ်းညွှန်ခြင်းနှင့်ကြီးကြပ်ကွပ်ကဲစေခြင်း၊

(ဓ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ကောက်ပဲသီးနှံများ ပြန်လည်စိုက်ပျိုးနိုင်ရေး၊ စီးပွားရေးနှင့်အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်ဓာတ်အားနှင့်ဆက်သွယ်ရေး လုပ်ငန်းများ ပြန်လည်ကောင်းမွန်လာရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်လူမှုရေးလိုအပ်ချက်များ ကောင်းမွန်သောအခြေအနေ ရောက်ရှိရေးတို့အတွက် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အဆင့်ခွဲခြားသတ်မှတ်ပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးဆောင်ခြင်း၊

(န) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အများပြည်သူတို့ ကျယ်ကျယ် ပြန့်ပြန့်သိရှိနားလည်ပြီး ပိုမိုပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ နှီးနှောဖလှယ်ပွဲ၊ ဆွေးနွေးပွဲနှင့် ဟောပြောပွဲများကျင်းပရန် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ပ) ပြည်တွင်းပြည်ပမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်းများနှင့် ငွေကြေးများ သုံးစွဲခြင်းကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ပါဝင်ဆောင်ရွက်သည့်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကိုလည်းကောင်း စာရင်းဇယားနှင့်မှတ်တမ်းများ ပြုစုစေခြင်း၊ ထိုသို့ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စေတနာရှင်များနှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် လမ်းညွှန်ခြင်းနှင့်ယင်းသို့ ဆောင်ရွက်မှုများကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဖ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များ ချမှတ်အကောင်အထည်ဖော်ရာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအမံများ ပါရှိစေရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ဗ) သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့်ဒေသတွင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင်ဖြစ်စေ အမျိုးသားကော်မတီက တိုက်ရိုက်တာဝန်ယူ၍ ကြီးကြပ်ဆောင်ရွက်ရသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို လိုအပ်ပါက ယင်းဒေသနှင့် အနီးအနားရှိ ဒေသများ၌ အခြေစိုက်ဆောင်ရွက်ခြင်း၊

(ဘ) မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များနှင့်စပ်လျဉ်း၍ ရှာဖွေကယ်ဆယ်ရေးအပါအဝင်အရေးပေါ် တုံ့ပြန်ဆောင်ရွက်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့်သဘာဝဘေးအန္တရာယ်ကို ရေရှည်ကာကွယ်နိုင်ရေးတို့အတွက် လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ခြင်း၊

(မ) အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရမဟုတ်သောအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ယ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ရ) နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့ ထည့်ဝင်ရန် လိုအပ်မည့်ငွေကြေး များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြခြင်း၊

(လ) ပြည်ပနိုင်ငံများ၊ အထူးသဖြင့် နိုင်ငံရပ်ခြား ဒေသတွင်းအဖွဲ့အစည်းများ၏ အဖွဲ့ဝင်နိုင်ငံတစ်ခုခုတွင် သဘာဝဘေးအန္တရာယ်ကျရောက်ပြီး ထိခိုက်ပျက်စီးဆုံးရှုံးမှုကြီးမားကြောင်း သိရှိရသည့်အခါ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သည့် လူသားချင်းစာနာမှု အကူအညီများပေးခြင်း၊

(ဝ) ပြည်ပနိုင်ငံတစ်ခုခုက သဘာဝဘေးအန္တရာယ်ကျရောက်သည့် အခြားနိုင်ငံတစ်ခုခုသို့ စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ထောက်ပံ့ကူညီရာတွင် နိုင်ငံတော်အား စခန်းထောက်အဖြစ် ဖြတ်သန်းပြီးထောက်ပံ့ကူညီခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း၊

(သ) နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို အိမ်နီးချင်း နိုင်ငံများသို့ လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကူးစက်ရောဂါများကို ပြည်တွင်းသို့လည်းကောင်း ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများအား ညွှန်ကြားခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဟ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သည့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် အခြားလုပ်ငန်းတာဝန်များကိုထမ်းဆောင်ခြင်း။

၆။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်းသည့် ရုံးလုပ်ငန်းတာဝန်များကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးရမည်။

အခန်း(၄)
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ယင်းတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

ဖွဲ့စည်းခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်၍ ထိရောက်စွာ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို ဒေသအလိုက် အနီးကပ်ကြီးကြပ်၍ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် သင့်လျော်သောပုဂ္ဂိုလ်များဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များကိုဖွဲ့စည်းပြီး ယင်းတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ရမည်။

(ခ) ပုဒ်မခွဲ (က)အရ ဖွဲ့စည်းသော ဒေသဆိုင်ရာအဖွဲ့များကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်၊

တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပစေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) နိုင်ငံတော်အတွင်းရှိ ဒေသအသီးသီးတွင် သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိ မရှိကို အမြဲမပြတ်စောင့်ကြည့်လေ့လာပြီး ယင်းအန္တရာယ်ဖြစ်ပေါ်နိုင်သည့် သတင်းအချက်အလက်များ ရရှိပါက အမျိုးသားကော်မတီသို့ ဆောလျင်စွာ တင်ပြခြင်း၊

(ဂ) သဘာဝဘေးအန္တရာယ်ကျရောက်သည်နှင့်တစ်ပြိုင်နက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများလျော့ပါးရေးအတွက် ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသရှိ ဘေးသင့်သူများ လက်ဝယ်သို့ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများ စနစ်တကျအချိန်မီရောက်ရှိစေရေးအတွက် ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသတွင်းရှိ နိုင်ငံ့ဝန်ထမ်းများ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏အဖွဲ့ဝင်များအား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းများတွင် သင့်လျော်သောကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်စေရန် အကူအညီတောင်းခံခြင်းနှင့် အခမဲ့ဝန်ဆောင်မှုပေးခြင်းကို လက်ခံခြင်း၊

(စ) ဘေးသင့်သူများအတွက် လိုအပ်သောအရင်းအမြစ်အား အသုံးပြုခပေးပြီး အသုံးပြုရန်ညွှန်ကြားခြင်းနှင့် ယင်းတို့အားယာယီနေရာချထားခြင်း။

(ဆ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် အခြားတိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့များသို့လည်းကောင်း၊ ဒေသဆိုင်ရာအဖွဲ့များသို့ လည်းကောင်းလိုအပ်သော အကူအညီများ တောင်းခံခြင်း၊

(ဇ) အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုတွင် သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကဖြစ်စေ၊ ဒေသဆိုင်ရာအဖွဲ့ကဖြစ်စေ အကူအညီများ တောင်းခံလာပါက လိုအပ်သောအကူအညီများနှင့် ထောက်ပံ့မှုများပေးခြင်း။

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါတွင်ဖြစ်စေ၊ ကျရောက်မည့် အခြေအနေတွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးရေးအတွက်ဒေသတွင်းရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကျရောက်နိုင်သည့် နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် ညွှန်ကြားခြင်းနှင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနိုင်ရန် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ခြင်း။

(ည) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုလျော့ပါးရေးအတွက် မည်သည့်အတားအဆီးကိုမဆို ဖျက်ဆီးရန်ဖြစ်စေ၊ ဘေးလွတ်ရာနေရာသို့ ရွှေ့ပြောင်းရန်ဖြစ်စေ၊ အဆောက်အအုံ သို့မဟုတ် ပစ္စည်းတစ်ခုခုကို အသုံးပြုရန် သို့မဟုတ် ပြုပြင်ပြောင်းလဲရန်ဖြစ်စေ သဘာဝဘေးအန္တရာယ်ကျရောက်သည့် သို့မဟုတ်ကျရောက်မည့် ဒေသရှိဒေသဆိုင်ရာအဖွဲ့အား ညွှန်ကြားခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် အခြားနယ်မြေဒေသများသို့ သဘာဝဘေးအန္တရာယ်များ ပြန့်ပွားသွားစေနိုင်ပါက အမျိုးသားကော်မတီ၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက်ခြင်း။

(ဋ) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့်ကူးစက်ရောဂါများကို အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၊ အိမ်နီးချင်း နိုင်ငံများသို့လည်းကောင်း၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် များ၊ အိမ်နီးချင်းနိုင်ငံများတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ဖြစ်ပေါ်လာသည့်ကူးစက်ရောဂါများကိုမိမိတို့ဒေသအတွင်းသို့လည်းကောင်း၊ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် တားဆီးခြင်း၊ ကာကွယ်စောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရဌာန၊ အစိုးရဌာနအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်း၍ တာဝန်ယူဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ခြင်း။

(ဌ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအတွက် စီမံထားရှိသည့် အဆောက်အအုံ သို့မဟုတ် သီးသန့်နေရာဒေသသို့ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နယ်မြေနှင့် အနီးအနားနယ်မြေများသို့ဖြစ်စေ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်းမပြုရန် တားမြစ်ခြင်း သို့မဟုတ် ယင်းအဆောက်အအုံနှင့် နေရာဒေသတို့မှ ထွက်ခွာသွားရန် သက်ဆိုင်သူများကို ညွှန်ကြားခြင်း၊

(ဍ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်နယ်မြေတွင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကိစ္စများ စီစဉ်ဆောင်ရွက်ခြင်း၊

(ဎ) လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် အစိုးရ၊ အစိုးရအဖွဲ့အစည်းကိုဖြစ်စေ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့်ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ လွှဲအပ်ဆောင်ရွက်စေခြင်း၊

(ဏ) သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို စာရင်းကောက်ယူ၍ မှတ်တမ်းပြုစုခြင်းနှင့် ထိန်းသိမ်းခြင်း၊

(တ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေကို အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့်ရေးဆွဲသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ သုံးစွဲခြင်းနှင့်စီမံခန့်ခွဲခြင်း၊

(ထ) ပြည်ထောင်စုအစိုးရအဖွဲ့နှင့် အမျိုးသားကော်မတီက ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးရုံးများသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

အခန်း(၅)
သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်းကြေညာခြင်း

၁၁။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်တစ်ဝန်းလုံးတွင်သော်လည်းကောင်း၊ နိုင်ငံတော်၏နယ်မြေဒေသတစ်ခုခုတွင်သော်လည်းကောင်း၊ အသက်အိုးအိမ်စည်းစိမ်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု အလွန်ကြီးမားသည့် ဘေးအန္တရာယ် ကျရောက်ကြောင်း အမျိုးသားကော်မတီက တင်ပြ၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိရသည့်အခါ ယင်းဒေသကို မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရေး ဆောင်ရွက်ရာတွင် အခက်အခဲရှိမည်ဟု ယုံကြည်ပါက အဆိုပါဒေသကို အချိန်ကာလနှင့် နယ်မြေဒေသပိုင်းခြားသတ်မှတ်၍ *အချပ်ပို ဃ သို့*

ဥပဒေ

အချပ်ပို ဂ မှ

သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသဖြစ်ကြောင်း ကြေညာနိုင်သည်။

၁၂။ နိုင်ငံတော်သမ္မတသည် သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသဖြစ်ကြောင်း ကြေညာပြီးနောက် သတ်မှတ်ထားသည့် အချိန်ကာလနှင့်နယ်မြေဒေသကို လိုအပ်သလို တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

အခန်း(၆)
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု

၁၃။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်းသို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးနိုင်သမျှ လျော့ပါးရေးအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု စီမံချက်များနှင့်အညီ လုပ်ငန်းအစီအစဉ်များ ချမှတ်ပြီး အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(၁) သဘာဝဘေးအန္တရာယ် မကျရောက်မီ သဘာဝဘေးအန္တရာယ် လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ် ခြင်းလုပ်ငန်းများ။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်မှုလုပ်ငန်းများ၊

(၃) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရောက်ရှိစေရန်ဆောင်ရွက်သည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် သဘာဝဘေး အန္တရာယ်ကြောင့် ထိခိုက်ပျက်စီးသည့် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းကာကွယ်ခြင်းလုပ်ငန်းများ။

(ခ) ပုဒ်မခွဲ(က)ပါ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊မသန်စွမ်းသူများနှင့် အမျိုးသမီးများ(အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် သားသည်မိခင်များ)အား ဦးစားပေးပြီး ကူညီစောင့်ရှောက်ရမည်။

(ဂ) ဘေးသင့်သူများအား ထောက်ပံ့ကူညီရာတွင် လူ့ဂုဏ်သိက္ခာ ထိခိုက်စေမည့် ပြုမူဆောင်ရွက်မှုမျိုး မဖြစ်စေရန် ရှောင်ကြဉ်ရမည်။

၁၄။ သဘာဝဘေးအန္တရာယ်မကျရောက်မီ ဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်မှုများတွင် အောက်ပါတို့ပါဝင်သည်-

(က) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့အသီးသီးက သဘာဝဘေး အန္တရာယ် လျော့ပါးရေးလုပ်ငန်းများကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ခြင်း။

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးစနစ်များ ပိုမိုတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်ခြင်း။

(ဂ) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် ဘေးကင်းလုံခြုံ၍ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်သော အလေ့အထစွဲမြဲလာစေရန် အသိပညာ၊ အတတ်ပညာနှင့် တီထွင်ကြံဆမှုတို့ကို အသုံးချ၍ဆောင်ရွက်ခြင်း။

(ဃ) နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ အစီအမံများကို တစ်ပါတည်းထည့်သွင်းဆောင်ရွက်ခြင်း၊

(င) နိုင်ငံတော်အဆင့်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအဆင့်အထိ အဆင့်တိုင်းတွင် သဘာဝဘေးအန္တရာယ်ကို ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်မှုများ ခိုင်မာစွာတည်ဆောက်ခြင်း။

၁၅။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်ခြေရှိသည့်ဒေသ၌ သဘာဝဘေးအန္တရာယ် မကျရောက်မီ စီစဉ်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများတွင် အောက်ပါတို့ ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သောဒေသကို ဖော်ထုတ်၍ သဘာဝ ဘေးအန္တရာယ် ကျရောက်နိုင်ခြေဆန်းစစ်ချက်ပြုစုခြင်းနှင့် အရေးပေါ် ဆောင်ရွက်ရမည့်စီမံချက်များရေးဆွဲခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဗဟုသုတများကို အများပြည်သူသို့ အသိပညာပေးခြင်း၊ ကြိုတင်သတိပေးစနစ်များ ထားရှိဆောင်ရွက်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် လေ့ကျင့်သင်တန်းပေးခြင်းနှင့် အစမ်းလေ့ကျင့်မှုများ ပြုလုပ်ခြင်း၊

(ဂ) ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်ရသည့် မမျှော်မှန်းနိုင်သော သဘာဝဘေး အန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရေးအတွက် ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေကျင့်သုံးဆောင်ရွက်တတ်ပြီး သဘာဝဘေးအန္တရာယ်ကို ကြံ့ကြံ့ခံနိုင်သည့် ဒေသဆိုင်ရာလူ့အဖွဲ့အစည်း တစ်ရပ် ပေါ်ပေါက်ရေးအတွက် ပြည်သူလူထု၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်း၊

(ဃ) အမျိုးသားကော်မတီနှင့် ဒေသဆိုင်ရာအဖွဲ့များသည် ရပ်ရွာလူထု အခြေပြု သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ် လျော့ပါးရေးလုပ်ငန်းများတွင် လူငယ်လူရွယ်စေတနာ့ ဝန်ထမ်းများအပါအဝင် ရပ်ရွာလူထုမှ တက်ကြွစွာပါဝင်ဆောင်ရွက်လာစေရန် လမ်းညွှန်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်လွတ်ကင်းသည့်နေရာဒေသသို့ အများပြည်သူတို့ အချိန်မီရှောင်တိမ်းနိုင်ရေးနှင့် ပစ္စည်းဥစ္စာများ၊ ကျွဲ၊ နွားတိရစ္ဆာန်များကို ရွှေ့ပြောင်းနိုင်ရေးတို့အတွက် သတင်းအချက်အလက်များနှင့် သတိပေးချက်များ ကြိုတင်ထုတ်ပြန်ခြင်းနှင့် လိုအပ်သည့် အကူအညီများပေးခြင်း၊

(စ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သည့် အရေးပေါ်စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများ အဆင်သင့်ကူညီထောက်ပံ့နိုင်ရန် စုဆောင်းသိုလှောင်ထားခြင်း၊

(ဆ) ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အခြား အဖွဲ့အစည်းများ၏ အကူအညီများ ရယူနိုင်ရန် စီမံထားရှိခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုကြီးမားပါက ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြားဒေသတွင်း အဖွဲ့အစည်းများက လိုအပ်သောအကူအညီများပေးနိုင်ရေးအတွက် သတင်းကွန်ရက် ဆက်သွယ်ထားရှိခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အခြားကဏ္ဍများတွင် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်စီစဉ်ထားရှိခြင်း၊

(ည) ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၆။ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေရှိသည့်ဒေသတွင် သဘာဝဘေးအန္တရာယ် မကျရောက်မီ ဆောင်ရွက်ရမည့်ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) အလွယ်တကူရှောင်တိမ်းရန်မဖြစ်နိုင်သောဒေသတွင် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများနှင့် အသက်ကယ်ကုန်းများဆောက်လုပ်ထားခြင်း၊

(ခ) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ရေလွှမ်းမိုးခြင်းခံရနိုင်သည့် ဒေသများတွင် တာတမံများတည်ဆောက်ခြင်း၊

(ဂ) ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတောများ ထိန်းသိမ်းခြင်းနှင့် ကြီးထွားမြန်သစ်ပင်များစိုက်ပျိုးခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

၁၇။ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ် တုံ့ပြန်ရေးလုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျောက်ဆုံးနေသူများကို အရေးပေါ်ရှာဖွေကယ်ဆယ်ခြင်း၊

(ခ) ဘေးသင့်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခြင်းနှင့် ယာယီခိုလှုံရာ အဆောက်အအုံများတွင် နေရာချထားပေးခြင်း၊

(ဂ) စားရေရိက္ခာနှင့်ကယ်ဆယ်ရေးပစ္စည်းများ အရေးပေါ်ထောက်ပံ့ပေးခြင်း၊

(ဃ) အပျက်အစီးများ ရှင်းလင်းဖယ်ရှားခြင်းနှင့် ပျက်စီးဆုံးရှုံးမှုများကို ပဏာမ စာရင်းပြုစုခြင်းနှင့်ထောက်ပံ့ရန် လိုအပ်မှုများအတွက်ဆန်းစစ်ချက်များ ပြုလုပ်ခြင်း၊

(င) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအရေးပေါ်ကွပ်ကဲရေးရုံး ဖွင့်လှစ်ပြီး အနီးကပ်ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များဖွဲ့စည်း၍ ဒေသခံပြည်သူတို့အား အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ကူးစက်ရောဂါများမကျရောက်စေရေးအတွက် ကာကွယ်ခြင်း၊

(ဆ) ယာယီဆေးခန်းနှင့် ဆေးရုံများဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရသူနှင့် မကျန်းမာသူများအား ဆေးဝါးကုသမှုပေးခြင်း၊

(ဇ) သဘာဝဘေးအန္တရာယ် အမျိုးအစားအလိုက် ရှာဖွေကယ်ဆယ်ရေး အပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဈ) ရှာဖွေကယ်ဆယ်ရေးအပါအဝင် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သောအခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း၊

၁၈။ သဘာဝဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အောက်ပါတို့ပါဝင်သည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းများကို ကောက်ယူခြင်းနှင့် အတည်ပြုခြင်း၊

(ခ) ဘေးသင့်သူများအား လုံလောက်သောစားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ခြင်းနှင့် ခွင့်ပြုရန်ပုံငွေမှသင့်လျော်သော ထောက်ပံ့ငွေများပေးခြင်း၊

(ဂ) ပျက်စီးဆုံးရှုံးမှုအခြေအနေအပေါ်မူတည်၍ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးသည့်အဆောက်အအုံများ၊ နေအိမ်များကိုသင့်လျော်သည့်နေရာတွင် သဘာဝဘေးဒဏ်ခံ အဆောက်အအုံများ အဖြစ် ပြန်လည်တည်ဆောက်ခြင်း၊

(င) ဘေးသင့်သူများအတွက် လိုအပ်သောစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည် လုပ်ကိုင်နိုင်ရန် ပြန်လည်ထူထောင်ပေးခြင်း၊

(စ) သဘာဝဘေးအန္တရာယ်ကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရန် ထူထောင်ပေးခြင်း၊

(ဆ) ဘေးသင့်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် နောက်ဆက်တွဲ ဖြစ်ပေါ်နိုင်သည့် ကူးစက်ရောဂါအန္တရာယ်များမှ ကာကွယ်ပေးခြင်း၊

(ဇ) ဘေးသင့်သူများအနက် ကျောင်းနေသူများ ပညာရေးအရှိန်အဟုန်မပျက် ဆက်လက်သင်ယူနိုင်ရေးအတွက် စာသင်ကြားနိုင်ရန် စီမံဆောင်ရွက်ပေးခြင်းနှင့် စာသင်ကျောင်းများ ပြန်လည်တည်ဆောက်ပေးခြင်း၊

(ဈ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသတွင် ဘေးသင့်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် စီမံဆောင်ရွက်ခြင်း၊

(ည) ဘေးသင့်သူများအား လူကုန်ကူးမှုမှတားဆီးကာကွယ်ရေးအတွက် သက်ဆိုင်ရာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခြင်း၊

(ဋ) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဤဥပဒေအရ ပေးအပ်သောအခြားလုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်း။

အခန်း(၇)
သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ

၁၉။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား ဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေ၊ ပြည်တွင်း ပြည်ပမှချေးငွေများ နှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ဒေသဆိုင်ရာအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများ နှင့် အစိုးရမဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့်လှူဒါန်း ငွေများ၊

(ဃ) ရန်ပုံငွေမှရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၂၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေကို အမျိုးသားကော်မတီ၏ခွင့်ပြုချက်အရ အောက်ပါရငွေများဖြင့် ထူထောင်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၏ ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ငွေ၊

(ခ) ပြည်ပနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံရပ်ခြား ဒေသတွင်း အဖွဲ့အစည်းများထံမှ ထောက်ပံ့ငွေ၊ လှူဒါန်းငွေများနှင့် အခြားတရားဝင်ရငွေများ၊

(ဂ) ပြည်တွင်း ပြည်ပရှိ စေတနာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရ မဟုတ်သော အခြားအဖွဲ့အစည်းများ၏ ထောက်ပံ့ငွေနှင့်လှူဒါန်းငွေများ၊

(ဃ) ရန်ပုံငွေမှ ရရှိသည့် တရားဝင်တိုးပွားသည့်ငွေ။

၂၁။ အမျိုးသားကော်မတီသည် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေး စည်းမျဉ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲရမည်။

၂၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များ သည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဘဏ္ဍာရေးစည်းမျဉ်းများကို ရေးဆွဲရမည်။

၂၃။ အမျိုးသားကော်မတီသည် လိုအပ်ပါက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ ခွဲဝေပေးနိုင်သည်။

၂၄။ အမျိုးသားကော်မတီသည် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေတို့ကို သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်း၍ စာရင်းစစ်အစီရင်ခံစာကို ဘဏ္ဍာရေးစည်းမျဉ်းများနှင့် အညီ တင်ပြရမည်။

အခန်း(၈)
ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ဆန်းစစ်ချက်မပြုလုပ်ဘဲပေါ့ဆစွာ ဆောင်ရွက်မှုတစ်ခုခုကြောင့်ဖြစ်စေ၊ ဘေး အန္တရာယ်တစ်စုံတစ်ရာ ကျရောက်နိုင်သည်ကိုသိလျက်နှင့် တမင်ပြုလုပ်မှုကြောင့်ဖြစ်စေ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လျှင် သို့မဟုတ် ဖြစ်ပေါ်စေရန် အကြောင်းရှိလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၂၆။ မည်သူမဆို ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ် ဆောင်ရွက်သည်ကို နှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ ဟန့်တားခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း သို့မဟုတ် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမူခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

၂၇။ မည်သူမဆို အများပြည်သူအထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် သဘာဝဘေး အန္တရာယ်နှင့် စပ်လျဉ်း၍ မဟုတ်မမှန်သတင်းလွှင့်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် မည်သည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုစာရင်းကို မရိုးမဖြောင့်သော သဘောဖြင့် မမှန်မကန်ရေးသွင်းခြင်း၊

(ခ) ပေးအပ်သောတာဝန်ကို ထမ်းဆောင်ရန် တမင်ပျက်ကွက်ခြင်း။

၂၉။ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၀။ မည်သူမဆို အောက်ဖော်ပြပါ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလိုက်နာရန် တမင်ပျက်ကွက်ခြင်း၊

(ခ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာ သို့မဟုတ် အဆောက်အအုံ အတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ဂ) ဘေးသင့်သူများအား ထောက်ပံ့သည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်းများကို မရိုးမဖြောင့်သောသဘောဖြင့် အသုံးပြုခြင်း၊ ရောင်းဝယ်ခြင်း၊ တားဆီးခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ်ပုဂ္ဂိုလ်ထံ သဘာဝဘေးအန္တရာယ်ခံစားရသည်ဟု မဟုတ်မမှန် လိမ်လည်၍ စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေး ပစ္စည်းများကို ဖြစ်စေ၊ ထောက်ပံ့ငွေကိုဖြစ်စေ တင်ပြတောင်းခံခြင်း။

၃၁။ မည်သူမဆို သဘာဝဘေးအန္တရာယ် ကျရောက်နေသည့်အခါတွင်ဖြစ်စေ၊ ကျရောက်တော့မည့်အခိုက်တွင်ဖြစ်စေ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့ပါးစေရန်အလို့ငှာလည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လျော့ချရေးလုပ်ငန်းများကို အဟန့်အတား မဖြစ်စေရန်အလို့ငှာလည်းကောင်း ယင်းနေရာရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ် ကျရောက်နိုင်သည့်နေရာနှင့် အဆောက်အအုံတို့မှ ဖယ်ရှားထွက်ခွာကြရန် သို့မဟုတ် ဘေး လွတ်ရာသို့ ရွှေ့ပြောင်းနေထိုင်ရန် ညွှန်ကြားသည်ကိုလိုက်နာရန် တမင်ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

အခန်း(၉)
အထွေထွေ

၃၂။ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအတွက် နိုင်ငံတော်အတွင်းသို့ တင်သွင်းသည့် စားရေရိက္ခာနှင့် ကယ်ဆယ်ရေးပစ္စည်းများ၊ ပြန်လည်ထူထောင်ရေးပစ္စည်း များကို သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အခွန်ကောက်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ရှိစေရမည်။

၃၃။ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်နှင့် စပ်လျဉ်းသည့် ကုန်ကျစရိတ်အဝဝကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၃၄။ အမျိုးသားကော်မတီသည်ပြည်တွင်းပြည်ပဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတာဝန်တစ်ရပ်ရပ် ထမ်းဆောင်ချိန်၌ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအလိုက်၊ သတ်မှတ်ထားသော ဝတ်စုံကိုဝတ်ဆင်ရန်၊ အမှတ်အသား တံဆိပ်ကိုတပ်ဆင်ရန် ခွင့်ပြုနိုင်သည်။

၃၅။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့်ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်အား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတစ်ရပ်ရပ်ကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုအရေးယူခြင်းမရှိစေရ။

၃၆။ ဤဥပဒေအရ တာဝန်ပေးအပ်ခြင်းခံရသည့် ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ် သည် သဘာဝဘေးအန္တရာယ် လတ်တလောမကျရောက်သေးသော်လည်း ဘေးအန္တရာယ် မကြာမီကျရောက်လာနိုင်သည်ဟု ယုံကြည်ရသည့်နေရာရှိ ပြည်သူများအား ရွှေ့ပြောင်းရန် လိုအပ်ပါက ၎င်းတို့၏ဆန္ဒနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ သဘာဝဘေးအန္တရာယ် လျော့ပါးရေး ဆောင်ရွက်မှုတစ်ခုခုကြောင့် ပုဂ္ဂလိကပိုင်ပစ္စည်း တစ်ခုခုတွင် တိုက်ရိုက်ထိခိုက်ဆုံးရှုံးမှုရှိခဲ့လျှင်သော်လည်းကောင်း၊ လူ့အသက်ဆုံးရှုံးခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ ထိခိုက်ခြင်းရှိခဲ့လျှင်သော်လည်းကောင်း နစ်နာသူသည် သတ်မှတ် ချက်များနှင့်အညီ လျော်ကြေးငွေရပိုင်ခွင့်ရှိသည်။

၃၈။ တပ်မတော်နယ်မြေတစ်ခုခုတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ရန်ရှိလျှင်သော်လည်းကောင်း၊ တပ်မတော်ပိုင်ပစ္စည်းတစ်ခုခုနှင့် စပ်လျဉ်း၍ အသုံးပြုရန်ရှိလျှင်သော်လည်းကောင်း ယင်းသို့ဆောင်ရွက်ရန် သို့မဟုတ် အသုံးပြုရန် နယ်မြေတာဝန်ခံတပ်မှူး၏ သဘောတူညီချက် ရယူဆောင်ရွက်ရမည်။

၃၉။ ဤဥပဒေအာဏာမသက်ရောက်မီ သဘာဝဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

၄၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ဖြင့်သာ တရားစွဲဆိုရမည်။

၄၂။ ဤဥပဒေပါ ပြစ်မှုများကို ဤဥပဒေအရသာ အရေးယူရမည်။

၄၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) အမျိုးသားကော်မတီနှင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ညွှန်ကြားချက်နှင့် လုပ်ထုံး လုပ်နည်းများ ကိုလည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် လိုအပ်သောအမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

အယူခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်သို့ ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)

မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပထမအယူခံမှုအမှတ်-၉၆

ဒေါ်မာမာဦး (၎င်း၏အခွင့်ရ **နှင့်** ဦးဇော်လင်းအောင် ပါ ၅
ကိုယ်စားလှယ် ဦးမိုးဇော်မင်း)

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် မတ် ၁၉ရက်စွဲပါ မန္တလေးခရိုင်နယ်တရားမရုံးတော်မှ မကြီး-၆၉၁/၂၀၁၁ကို အယူခံမှု။

အယူခံတရားပြိုင်(၄) ဒေါ်သက်သက်ချို၊ အမှတ် ၉၄၊ (၂၉)လမ်း၊ (၇၃×၇၄) လမ်းကြား၊ စိတ္တမဟီရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး(ယခုလိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် မန္တလေးခရိုင် တရားရုံးကချမှတ်ပေးသည့် ဒီကရီကို ဒေါ်မာမာဦး(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမိုးဇော်မင်း)က အယူခံရာ ဤရုံးတွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး ထိုအယူခံမှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၁၃ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၇ရက်)တွင်ဆိုင်ရန် ဤရုံးကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်ကအယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာသွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

တင်ထွေးဦး
ဒုတိယညွှန်ကြားရေးမှူး
မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်

ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ ကြားသိစေသည့် အကြောင်းကြားစာ

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

၂၀၁၃ခုနှစ် တရားမပြင်ဆင်မှုအမှတ်-၂၆

ဦးထက်မြက်သူ **နှင့်** ၁။ ဒေါ်နွဲ့(ခ)ဒေါ်တင်နွဲ့
[ဒေါ်သန်းရီ(ခ)ဒေါ်သန်းသန်းရီ၏ ၂။ ဒေါ်မြင့်မြင့်သန်း
တရားဝင်ကိုယ်စားလှယ်အဖြစ်
လျှောက်ထားသူ]

ပြင်ဆင်မှုလျှောက်ထားသူ **ပြင်ဆင်မှုလျှောက်ထားခံရသူများ**

ဖျာပုံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၁/၂၀၁၂၏၂၀၁၃ခုနှစ် မေလ ၇ရက်စွဲပါ အမိန့်ကို ပြင်ဆင်မှုတင်သွင်းခြင်း။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူအမှတ်(၂) ဒေါ်မြင့်မြင့်သန်း အမှတ်(၆)၊ ၅လမ်း၊ (၆)ရပ်ကွက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ဖျာပုံခရိုင်တရားရုံးမှချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူ ဦးထက်မြက်သူ [ဒေါ်သန်းရီ(ခ)ဒေါ်သန်းသန်းရီ၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လျှောက်ထားသူ] ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်းပြီး၍ ဤပြင်ဆင်မှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၁၆ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၀ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ရွက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်ရန် စီရင်ဆုံးဖြတ်လိမ့်မည်။ ထို့အပြင် သင်က ဤအမှုတွင် ကန့်ကွက်လိုလျှင် ချိန်းဆိုထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်ကကန့်ကွက်လိုကြောင်း ဤရုံးတော်၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(စန်းမြကြူ)
လက်ထောက်ညွှန်ကြားရေးမှူး
ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

ဘားအံမြို့နယ်တရားရုံး

၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ်-ဂ/၂၀၀၉ နှင့်ဆက်သွယ်သည့်

၂၀၁၁ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅ ။

ဒေါ်နောင်ကျီး(ခ)ဒေါ်တင်ရီ **နှင့်** ၁။ ဒေါ်မုခလုံး
(၎င်း၏အခွင့်ရကိုယ်စားလှယ် နန်းသဲမာ) ၂။ ဒေါ်မခိုင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

ဘားအံမြို့၊ ကော့ကဒက်ကျေးရွာအုပ်စုနေ ဒေါ်မုခလုံး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ်-ဂ/၂၀၀၉ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီအတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ခုနှစ် စက်တင်ဘာ ၉ရက်(၁၃၇၅ခုနှစ် တော်သလင်းလဆန်း ၅ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်သို့ လာရောက်စေ။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မြတ်စံ)
မြို့နယ်တရားသူကြီး
ဘားအံမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ ဦးပိုင်အမှတ် ၅၆၊ ဧရိယာ ၀ ဒသမ ၃၁၁(၆၉ပေ×၁၁၀ပေ)ပေါ်ရှိ မခွဲမစိတ်ရသေးသောမြေကွက်၏ အလယ်ကွက်ပေ(၂၅×၁၁၀) မြေပေါ်ရှိ အမှတ် ၄၊ သုခလမ်း၊ ခ ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်မြညွန့်မှ အမည်ပေါက်တည်ရှိပြီး ၎င်း၏သားသမီးများထံမှ ၁၅-၈-၁၉၈၃ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ (၁)ဦးဂျမားလူဒင်(ခ) ဦးထွန်းမြင့်၊ (၂)ဦးရှရစ်(ခ)ဦးတင်ထွန်း၊ (၃)ဦးမောင်မောင်မြင့်တို့မှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ ၁၅-၇-၁၉၉၂ရက်စွဲပါ အရောင်းအဝယ်စာချုပ်အရ ဦးတင်လှEC-၀၆၄၅၇၉မှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းကွယ်လွန်သဖြင့် ၎င်း၏သမီးများဖြစ်သည့် (၁)ဒေါ်စန္ဒာ၊ (၂)ဒေါ်ရီရီမြင့်၊ (၃)ဒေါ်အေးအေးသန်း၊ (၄)ဒေါ်ခင်ခင်ဝင်းတို့မှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစောလွင်	**ဦးသန့်ဇော်**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၉)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးခရိုင်တရားရုံးတော်

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၁၅၀

ဦးမြင့်မိုး **နှင့်** ၁။ ဦးဝင်းဇော်ဦး
၂။ ဒေါ်မာလာ(ခ)မပန်းအိစံ
၃။ ဦးရှိန်

တရားလို **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တောတွင်းအုပ်စု၊ ထုံးဘိုရွာနေ (၁)ဦးဝင်းဇော်ဦး၊ (၂)ဒေါ်မာလာ(ခ)ပန်းအိစံ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမြင့်မိုးမှ အိမ်နှင့်မြေလက်ရောက်ရလိုမှု(သို့မဟုတ်) ရောင်းကြေးငွေကျပ်သိန်း ၁၀၀နှင့် အထွေထွေနစ်နာကြေး ငွေကျပ်သိန်း ၅၀ စုစုပေါင်းကျပ်သိန်း ၁၅၀တိတိ ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဇူလိုင် ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ထိုး ထုတ်ပေးလိုက်သည်။

(ရီရီထူး)
ဒုတိယခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်တရားရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၂

ဒေါ်ဖြူ **နှင့်** ၁။ ဦးအောင်သန်း
၃၄ လမ်းနှင့် ၇၁ လမ်းထောင့်၊ အခန်း (၉)၊ တိုက်အမှတ် ၁၆၄၊
ချမ်းအေးသာစံမြို့နယ်၊ ကံ့ကော်ရိပ်သာ၊ မင်္ဂလာသိဒ္ဓိ
မန္တလေးမြို့။ ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်
၂။ ဦးစိုးဝင်း
ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊
ဓမ္မစိန်သာလမ်း၊ ကျောက်မြောင်း၊
အမှတ် ၇၂

တရားလို **တရားပြိုင်များ**

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ကံ့ကော်ရိပ်သာ၊ မင်္ဂလာသိဒ္ဓိရပ်ကွက်၊ အခန်း(၉)၊ တိုက်အမှတ် ၁၆၄နေ ဦးအောင်သန်း ၁၂/သဃက(နိုင်)၁၆၄၃၅၄နှင့် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဓမ္မစိန်သာလမ်း၊ ကျောက်မြောင်း၊ အမှတ် (၇၂)နေ ဦးစိုးဝင်း O/RGN -006010 (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ၁၄-၂-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူလုပ်ငန်းအကျိုးတူကတိစာချုပ်နှင့် ၈-၁၂-၂၀၁၂ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်များအရ တရားပြိုင်များ ရယူထားသော ငွေကျပ် ၅၀၀၀၀၀၀/-(ကျပ်သိန်းငါးဆယ်တိတိ)နှင့် နစ်နာကြေးငွေကျပ် ၅၀၀၀၀၀၀/- (ကျပ်သိန်းငါးဆယ်တိတိ) စုစုပေါင်းငွေကျပ် ၁၀၀၀၀၀၀၀/-(ကျပ်သိန်းတစ်ရာတိတိ) ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ် ၁၅ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မိမိခိုင်)
တွံ့ဖက်မြို့နယ်တရားသူကြီး(၁)
ချမ်းအေးသာစံမြို့နယ်တရားရုံး



အမည်ပြောင်းနှင့် ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ညောင်ကျေးရွာအုပ်စု၊ အထက(၄) တက္ကသိုလ်ဝင်တန်း(A)တွင် ပညာသင်ကြားနေသော မောင်သျှိုင်းအား မောင်ရှိုင်းဟု ပြောင်းလဲခေါ်ပါရန်နှင့် ဖခင်အမည်မှန်မှာ ဦးကျော်ကျော်ဦး ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြိတ်မြို့ အထက(၂) နဝမတန်းမှ မောင်ဇွဲထက်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးရွှေမြင့်ဖြစ်ပါကြောင်း။**ဦးရွှေမြင့် ၆/မအရ(နိုင်)၀၇၇၁၉၆**

ဖခင်အမည်မှန်

ကမာရွတ်မြို့နယ်၊ ဗင်ယော်ကိုယ်ပိုင်အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသော မလားနွန်တလွှားငီးနှင့် ကလေးမြို့ အထက(၂)ကျောင်းတွင် ပညာသင်ကြားနေသော မောင်ဗန်ဆွေးလုံတို့၏ဖခင်အမည်မှန်မှာ ဦးနိုထောင်းထန်(ခ)သောမတ်(စ်)ထန် ၅/ကလထ(နိုင်)၁၀၉၄၂၄ ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၂၈၆၆၆၊ Honda MC 13 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာသန်း ၁၂/သခန(နိုင်)၀၇၂၈၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆က/၃၀၀၅၊ Toyota Corolla CE 71၊ S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းဝင်း ၁၂/လမန(နိုင်)၀၁၈၃၀၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

ကလေးမြို့ ဦးဖိုးချို-ဒေါ်သန္တာတို့၏ **အိုဆို စက်သုံးဆီဆိုင်အမှတ်(၂)**အား ကလေး-ကလေးဝလမ်း၌ ၂၆-၇-၂၀၁၃ရက်တွင် ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆိုင်ခွဲများ ထပ်မံဖွင့်လှစ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဒါရိုက်တာနှင့်ဝန်ထမ်းများ

Max Energy Co.,Ltd.

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၈၀

ဒေါ်ခင်မြင့် **နှင့်** ဒေါ်ရင်မေ(ခ)ရန်မေ(ခ)ရန်မိန်

တရားလို **တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ် [၄၆(ခ)/၆] (ယခုနေရပ်လိပ်စာမသိ)နေ ဒေါ်ရင်မေ(ခ)ရန်မေ(ခ)ရန်မိန် သိစေရမည်။

သင့်အပေါ်၌ တရားလိုက ထည့်ဝင်ထားသောစကြေးငွေရင်း ကျပ် ၃၈၇၉၉၄၀၀/- ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဩဂုတ်၁၂ရက် (၁၃၇၅ခုနှစ် ဝါခေါင်လဆန်း ၆ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေထံတွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပုံ)
(ဟန်သိန်း)
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ မူးကတွင်းကျေးရွာနေ ကျွန်မ ဒေါ်စိန်၏ သမီးများဖြစ်သော မဝင်းမြိုင် ၅/ဒပယ(နိုင်)၀၀၀၂၅၄နှင့် မဝင်းခိုင် ၅/ဒပယ(နိုင်) ၀၀၁၂၅၅တို့သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝကို (လုံး၀)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

မိခင်-ဒေါ်စိန်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ကာဘိုး အထက၊ န၀မတန်း(C)မှ မောင်စိုးညွန့်၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၅/ကဘလ(နိုင်)၁၆၈၂၀၉ ဖြစ်ပါကြောင်း။

ဦးထွန်းနိုင်

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ န၀ရတ်လမ်းသွယ်၊ အိမ်အမှတ်(FF-၁၆/၁၇)နေ ဦးအောင်ကျော်သက်၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဇော်ဝင်း ဂရန်အမည်ပေါက်သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(BB)၊ မြနန္ဒာရပ်၊ ဦးပိုင်အမှတ်(၁၆၅-၁၆၆)၊ မြေယာအမှတ် (165/166)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေနှင့်နေအိမ်၊ လျှပ်စစ်မီတာ၊ အော်တိုဖုန်းတို့ကို ဒေါ်အေးအေးထူးမှ တာဝန်ခံ၍ ရောင်းချသောကြောင့် ဦးအောင်ကျော်သက်က ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စအား အပြီးအပိုင်ငွေပေးချေ၊ စာချုပ်စာတမ်းမှတ်ပုံတင်မည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများ၊ တရားရုံးဒီကရီ၊ တား၀ရမ်းနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူများမရှိပါက ဦးအောင်ကျော်သက်မှ အရောင်းအ၀ယ်ကိစ္စနှင့် ဂရန်လျှောက်ထားခြင်းကိစ္စအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးအောင်ကျော်သက်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ (LL.B)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၈)၊ ၈လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၆၄၀၁၃၊ ဟွန်ဒါ ဝေ့(ဖ်)100 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းထွဋ် ၁၀/ရမန(နိုင်)၀၆၉၃၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)

အင်္ဂလိပ်စာ/စကား

(၅နှစ်မှ ၃၀နှစ်)

၁။ Letter,Essay, Grammar
၂။ Idiom, Slang,Phrasal Verb
၃။ လက်ရေးလှစေရန်၊ အသံထွက်မှန်ရန်၊ စနစ်တကျ စာဖတ်တတ်ရန် လေ့ကျင့်ပေးမည်။
၄။ ဝိုင်းသီးသန့်ရှိသည်။

ဖုန်း-၃၈၈၃၀၇၊ ၀၉-၄၀၁၅၄၈၄၆၀

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းဖြစ်သည့်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၇၇၊ အကျယ်အဝန်း ပေ(၅၀×၆၀)၊ ၀ ဒသမ ၀၆၈ဧက၊ နှစ်၆၀ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၇၈၊ အကျယ်အဝန်း ပေ(၅၀×၆၀)၊ ၀ ဒသမ ၀၆၈ဧက၊ နှစ် ၆၀ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆၊ မြေကွက်အမှတ် ၇၉၊ အကျယ်အဝန်း ပေ(၅၀×၆၀) အနက်(ခြေရင်းဘက်)အခြမ်းဖြစ်သည့် အကျယ်အဝန်းပေ(၃၀×၆၀)၊ မြေချပါမစ်မြေအမျိုးအစားမြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုပိုင်ရှင်ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မော်မော်ခင် LL.B, D.I.L — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
ဒေါ်ဖြူစင်သန့် LL.B — **အထက်တန်းရှေ့နေ(စဉ်-၄၀၁၄၄)**
အမှတ် ၅၀၊ဘဏ်လမ်း၊ ပထမထပ်၊ အခန်း အီး(၉)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆၊ ၀၉-၄၂၁၀၉၁၀၃၀

လူမှုရေးကြော်ငြာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ကမ္ဘာ့ဩန်းကျောင်းလမ်း၊ အမှတ် ၁၂၉၉ (ည)ဟုခေါ်တွင်သော အိမ်၊ ခြံ မြေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ လိပ်စာတွင် တည်ရှိသည့် အကျယ်အဝန်း ၃၅ပေ× ၃၅ ပေရှိ မြေနှင့်အိမ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမြင့်ဦး ၁၂/အစန(နိုင်)၀၄၂၈၈၃ထံမှ အပြီး အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းယုစိန် ၁၂/ကမရ(နိုင်) ၀၂၃၀၅၄ က စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ၁၀ ရက်အတွင်း ခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းထွန်းသာ (စဥ်-၉၉၀၅)
ရှေ့နေနှင့် စာချုပ်စာတမ်းဥပဒေအကြံပေး
ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၄၂၀၁၄၈၇၂၆

ပြင်ဦးလွင်မြို့၊ လက်ပံကုန်း၊ ကွင်းအမှတ်(ပြင်)၊ နောင်ဝယ်ကွင်း၊ ဦးပိုင်အမှတ်(N-၁၁၉)နှင့် ပတ်သက်၍ အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)၊ ၆၂×၆၃ လမ်းကြား၊ ၃၈×၃၉ လမ်းကြား၊ အိမ်အမှတ် ဒ-၅/၇၁နေ ဦးစမ်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးမြင့်လွင်သန်း အမည်ပေါက်ပိုင်ဆိုင်ခဲ့သော မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ လက်ပံကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(ပြင်)၊ ကွင်းအမည် (နောင်ဝယ်ကွင်း)၊ ဦးပိုင်အမှတ်(N-၁၁၉)၊ မြေဧရိယာသုံးဧကရှိ မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်များအား ဒေါ်ခင်မေသန်းက ၄င်းပိုင်ဆိုင်ကြောင်း၊ ရောင်းပိုင်ခွင့်ရှိကြောင်း၊ တာဝန်ခံရောင်းချထားသောကြောင့် ၂၀၀၅ ခုနှစ်တွင် ဦးစမ်းအေးက သီးစားအမိန့်မူရင်း၊ မြေစာရင်းပုံစံ ၁၀၅ မူရင်း၊ ဦးမြင့်လွင်သန်းက ဒေါ်ခင်မေသန်းသို့ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်းနှင့်တကွ လက်ရောက်လွှဲပြောင်းဝယ်ယူ လက်ရှိပိုင်ဆိုင်သုံးစွဲလျက်ရှိပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ လက်ရှိပိုင်ရှင်မှာ ဦးစမ်းအေးဖြစ်ပါကြောင်း၊ အဆိုပါမြေအား ကျူးကျော်ခြင်း၊ ဖျက်ဆီးခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ မြေစာရင်းပုံစံ(၁၀၅) (၁၀၆) ရေးကူးခြင်း၊ မြေယာမှတ်ပုံတင်ခြင်း၊ ဂရန်လျှောက်ထားခြင်းများမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်အမှုသည် ဦးစမ်းအေးက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစမ်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ (LL.B) တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၂၈)၊ ၈ လမ်း၊ ၇ ရပ်ကွက်၊ ပြင်ဦးလွင်မြို့၊
ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏အမှုသည် ဒေါ်ဖြူဖြူဝင်း ၁၃/တကန(နိုင်)၀၃၉၆၉၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။ တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့၊ သုခချမ်းသာရပ်ကွက်၊ နယ်မြေ ၂၊ သီတာလမ်း၊ အမှတ်(၉)နေ ဒေါ်ဖြူဖြူဝင်း(ဘ)ဦးအေး တရုတ်လူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူသည် ကွယ်လွန်သူ ဒေါ်ခင်နှင်းရီ ၁၃/တကန(နိုင်) ၀၃၉၆၉၄၏ညီမအရင်းဖြစ်ပါသည်။ကွယ်လွန်သူ ဒေါ်ခင်နှင်းရီမှာ အမွေစားအမွေခံအဖြစ် ဤကြော်ငြာသူ ဒေါ်ဖြူဖြူဝင်းတစ်ဦးတည်းသာ ကျန်ရှိပါသည်။ ကွယ်လွန်သူ၏ အမည်ပေါက် ဂရန်အမှတ် ၃၉၁၊ ရွှေညောင်မြို့မကွင်း၊ ကွင်းအမှတ် ၇၁၊ ဦးပိုင်အမှတ် ၂၄၆၊ ဧရိယာ ၀ ဒသမ ၁၈ ဧက အကျယ်အဝန်းရှိမြေကို ဒေါ်ဖြူဖြူဝင်းအမည်ဖြင့် ဂရန်အမည်ပြောင်းလဲရန်အတွက် သက်ဆိုင်ရာရုံးအသီးသီးတွင် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် အထက်ဖော်ပြပါပစ္စည်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူဟု အဆိုရှိသည့် ပုဂ္ဂိုလ်အသီးသီးတို့သည် ဤကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ ရက်အတွင်း မည်သူမဆိုကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ ကန့်ကွက်သူ မရှိပါက အမည်ပြောင်းလျှောက်ထားခြင်းကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးရန်အောင်မျိုး LL.B
အထက်တန်းရှေ့နေ(စဥ်-၃၃၁၈၅)
မ/၂၉၊ ၄ဝါလမ်း၊ နယ်မြေ(၉)၊ ကျောင်းကြီးစုရပ်၊ တောင်ကြီးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောရပ်ကွက်၊ ဂျမားလမ်း၊ အမှတ်(၈၁)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော (၁)ခန်း၊ ခြောက်ထပ်တိုက်၏(မြေညီထပ်နှင့်ပထမထပ်)၊ အကျယ်အဝန်း(၄၈ပေ× ၂၁ပေ)ရှိ တိုက်ခန်းနှစ်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ ၁၄-၆-၂၀၁၂ ရက်စွဲပါ မြေရှင်နှင့် ကန်ထရိုက်တာတို့ အခန်းပေး၊ အခန်းယူစနစ်ဖြင့် သဘောတူကတိ စာချုပ်အရ ကန်ထရိုက်တာ ဦးမြင့်ကြည် ၁၂/စခန(နိုင်)၀၁၃၆၂၃ က ရပိုင်ခွင့်ရှိသော တိုက်ခန်းများဖြစ်ပြီး အဆိုပါတိုက်ခန်းများအနက် အထက်ဖော်ပြပါတိုက်ခန်းနှစ်ခန်းအား ၄င်းက ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးတည်းထံ ရောင်းချကြောင်း ဝန်ခံပြောဆိုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ကြိုပွဲငွေစနစ်ဖြင့် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ကျွန်ုပ်၏မိတ်ဆွေနှင့် ကန်ထရိုက်တာတို့ သဘောတူညီထားသည့်အတိုင်း ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်တင်လှိုင် (LL.B) ဒေါ်ခင်မာနွယ် (LL.B, D.B.L) ဒေါ်ဌေးဌေးဝင်း (LL.B, D.I.L)
တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ်(၃/ခ)၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၃၀၇၁၇၉၂၊ ၀၁-၅၄၀၈၁၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်း (ချစ်မေတ္တာလမ်း)၊ အမှတ်(၅/၄၃)ဟု ခေါ်တွင်သော အလျား(၁၆½)ပေ×အနံ ၃၃ ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အုတ်ညှပ်နေအိမ်တစ်လုံးနှင့် ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်မြစမ်း ၁၂/အစန (နိုင်)၀၄၅၂၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ နေအိမ်ဥပစာနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းဟန် (LL.B) အထက်တန်းရှေ့နေ
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၁၀၃၄၅၄

စီးပွားရေးကြော်ငြာ



CNG Taxi ငှား/ရောင်းမည်

- ကက CNG ရှေ့ဆွဲဗင်-၃ စီး စပေါ် (၃ သိန်း -ကျပ် ၁၃၀၀၀)
- နေ့မောင်း တစ်လက်ကိုင်၊ ညမောင်း တစ်လက်ကိုင်

ပြင်ဆင်စရိတ်ငြိမ်း နံနက် ၆ နာရီမှ ည ၉ နာရီအထိ

ရောင်းမည့်ကား - ကက ရှေ့ဆွဲဗင် CNG ၊ ကက comfort CNG

ဖုန်း-၀၁-၅၆၁၂၉၅၊ ၀၉-၄၄၈၀၄၃၄၄၀၊ ၀၉-၄၉၃၀၆၂၀၆

ခြံရောင်းမည်

ထူးကားဝင်း၊ နောက်ကျောကပ်ရပ်၊
အဘထလမ်းမှ ဝင်ရပါမည်။
အကျယ်အဝန်း ပေ (၉၀×၂၀၀)

ဆက်သွယ်ရန်-

ဖုန်း-၀၉-၄၂၀၇၇၀၉၅၇၊ ၀၁-၇၀၀၄၆၂

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်မ ဒေါ်မာလာ(ခ)ဒေါ်စိုးစိုးထွေး ၁၂/ပဘတ(နိုင်)၀၂၄၇၉၂ အမည်ပေါက်ပိုင်ဆိုင်သည့် မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁/E ၊ မြေကွက်အမှတ် V- ၈၃၊ ဧရိယာ ၀ ဒသမ ၀၁၉ ဧကရှိ နှစ် ၉၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အမှတ် ၁၂၁၊ ဗိုလ်မင်းရောင်လမ်း (ယခင် ဦးအုန်းခိုင်လမ်း) နှစ်ထပ်တိုက်နှင့်ပတ်သက်၍ ကျွန်မ၏ မတ်တော်သူ KASI NA THAN (ဦးကာစီနာသန့်) ၁၂/မဂတ(ပြု) ၀၀၀၉၄၁ အား ရန်ကုန်မြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၃၃၈၁/၁၁ ဖြင့် လွှဲအပ်ခဲ့ခြင်းကို ဤကြော်ငြာသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်းနှင့် ထိုကိုယ်စားလှယ်လွှဲစာကို အကြောင်းပြု၍ မည်သည့်ကိစ္စမျှ ပြုလုပ်ခွင့်မရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မာလာ(ခ)ဒေါ်စိုးစိုးထွေး

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၄ ရပ်ကွက်၊ စာဂ ၂၁ လမ်း၊ အမှတ် ၆၁၃-ခ၊ အကျယ်အဝန်း ပေ(၂၀×၆၀)ရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်တည်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိနေထိုင်ပြီး တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်လှငွေ ၁၂/ဥကတ(နိုင်)၀၃၄၆၁၀ ထံမှ ကျွန်ုပ်၏ မိတ်ဆွေကဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သူဇာငြိမ်း(အထက်တန်းရှေ့နေ)
အမှတ် ၇၇၉၊ စာဂ(၁၇)လမ်း၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၃၁၂၀၃၊ ၀၁-၅၆၃၄၁၉၊ ၀၁-၈၅၀၀၃၂၃

ကလေးထိန်း(နေ့/ည) - ၁ ဦး
(အသက် ၃၀ နှင့် ၅၀ ကြား)နှင့်
အိမ်အကူတစ်ဦး အလိုရှိသည်။
လစာကောင်းကောင်းပေးမည်။

ဆက်သွယ်ရန်

ဖုန်း-၀၉-၅၀၈၉၈၉၇၊ ၀၉-၄၂၂၂၀၉၄၂၉၊

ယာယီနိုင်ငံကူးလက်မှတ်ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မြတ်မင်းညွန့် ၇/ပခန(နိုင်)၃၀၀၄၂၃(ဘ)ဦးခင်မောင်လွင်၏ ယာယီ မနလစာအုပ် TA ၀၆၆၂၂၆၀ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၇၇၂၆၇**

မြန်မာ့အလင်း
အားကစား
၂-၈-၂၀၁၁
အင်္ဂါနေ့

ဘောင်ကြွင်းသို့လိုက်များကြားက
ဆီမရိုက်မလား

စာ-၂

မာရီနိုး ဘာစီလိုနာနဲ့ စီရော့စ်အတွက် အချေပြ
စာ-၂၃

ပြိုင်ပွဲမှုပါကလေး ဘာလန်နဲ့ အနာဂတ်နဲ့
ကင်းရှားသမ်ပင်ယူ
စာ-၇

မင်းသိကို ဂျက်ပြုသည့်အနေဖြင့်
နံမိတ် ၁၀ ကျော်သား
နာမည်ကျော်ဘောင်ဆန် ရွေးချယ်
စာ-၄

၂၀၁၁ ခုနှစ်

ဘလန်ကာဗလာဆစ်သုံးကြိမ်
စာ-၄

ဆေးဝါးတွေ့ရှိနိုင်ခြင်းသည် အနာရောဂါကင်းဝေးပြီး သက်ရှည်ကျန်းမာခြင်းကို ပြည့်စုံစေသည့် ကုသိုလ်ရေးကို ရရှိစေပါသည်။

ထွန်းငွေဝါဆေးမျိုးစုံဘူး

PREMIER ESPRESSO

စောင့်ကြည့်ခံတိုက်စစ်များကြားက အီမရိတ်ဖလား

လင်းဆက်

၂၀၁၃ ခုနှစ် အီမရိတ်ဖလားပြိုင်ပွဲကို ဩဂုတ် ၃ ရက်နဲ့ ၄ ရက်နေ့တွေမှာ ယှဉ်ပြိုင်ကစားတော့မယ်။ ဒီပြိုင်ပွဲက ရာသီကြိုပြိုင်ပွဲတစ်ရပ်လို့ ဆိုပေမယ့် ပရိသတ်စိတ်ဝင်စားမှု ရှိတယ်။ ခိုင်မာမှုရှိတယ်။ အထူးသဖြင့် ဒီပြိုင်ပွဲရဲ့ အမှတ်ပေးပုံ ပေးနည်းကအစ အခြားပြိုင်ပွဲတွေနဲ့ မတူဘူး။ ပြိုင်ပွဲကို လေးသင်းနဲ့ ပတ်လည်ယှဉ်ပြိုင်စေပြီး အမှတ်အများဆုံး အသင်းကို ချန်ပီယံအဖြစ် သတ်မှတ်ရာမှာ နိုင်ရင် သုံးမှတ်၊ သရေဆို တစ်မှတ်အပြင် သွင်းဂိုးတစ်ဂိုးကို တစ်မှတ်ထပ်ပေးတယ်။ ဒီတော့ ပြိုင်ပွဲက နိုင်ရင်ပြီးရောမဟုတ်တော့ဘူး။ နိုင်ရုံနဲ့ မလုံလောက်ဘဲ ဂိုးများများရဖို့ပါလိုတော့ တိုက်စစ်ဖွင့်ကစားမှုနဲ့အတူ ပြိုင်ပွဲက ပြိုင်ဆိုင်မှု ပြင်းတယ်။ ရသပြည့်တယ်။ ဒီတော့ ပရိသတ်စိတ်ဝင်စားတယ်။ ပရိသတ်စိတ်ဝင်စားတာနဲ့အမျှ ပြိုင်ပွဲက ခိုင်မာမှုရှိတယ်။ မြိုင်တယ်။

တစ်ချိန်က အမ်စတာဒမ်

တကယ်တော့ ဒီလိုပြိုင်ပွဲမျိုးက အရင်ကဘောလုံးလောကမှာ နှစ်ရပ်ရှိတယ်။ အမ်စတာဒမ်ဖလားနဲ့ ဒီအီမရိတ်ဖလား။ ဒီပြိုင်ပွဲနှစ်ရပ်အနက် အမ်စတာဒမ်ပြိုင်ပွဲက အရင်ပေါ်ပေါက်ခဲ့တဲ့ပြိုင်ပွဲ။ ဟော်လန်ကလပ် အိုင်းယက်စ်က ကြီးမှူးကျင်းပတဲ့ အမ်စတာဒမ်ပြိုင်ပွဲတုန်းကလည်း အောင်မြင်တယ်။ ပရိသတ်ကြိုက်တယ်။ ၁၉၇၅ ခုနှစ်ကတည်းက စတင်ကျင်းပခဲ့ပြီး ၂၀၀၉ ခုနှစ်ပြိုင်ပွဲပြီးမှ ပြိုင်ပွဲကို ဖျက်သိမ်းခဲ့တာဆိုတော့ ဘောလုံးလောကမှာ နှစ်ပေါင်း ၃၄ နှစ်တိုင်တိုင် ရပ်တည်နိုင်ခဲ့တဲ့အထိ ခိုင်မာခဲ့တာကို ကြည့်ရုံနဲ့တင် အမ်စတာဒမ်ပြိုင်ပွဲဟာ ဘယ်လောက်အောင်မြင်ခဲ့သလဲဆိုတာ မြင်သာတယ်။ ထင်ရှားတယ်။

ပြောချင်တဲ့သဘောက အခုအီမရိတ်ဖလားကျင့်သုံးနေတဲ့ ပြိုင်ပွဲကျင်းပပုံ နည်းစနစ်ဟာ အမ်စတာဒမ်ပြိုင်ပွဲအတိုင်းပဲ။ ဒီနည်းစနစ်ဟာ အမ်စတာဒမ်ပြိုင်ပွဲမှာကတည်းက အောင်မြင်မှုရခဲ့သလို လက်ရှိအချိန်မှာလည်း အီမရိတ်ဖလားကို ခိုင်ခိုင်မာမာရပ်တည်နိုင်အောင် ထိန်းထားပေးတဲ့သဘော။ အထူးသဖြင့် ဒီဘက်ခေတ်ဘောလုံးလောကမှာ ကလပ်အသင်းတွေဟာ သူဌေးတွေလက်ထဲပိုပိုရောက်လာတာနဲ့အမျှ ဘောလုံးအားကစားက စီးပွားရေးဆန်လာတယ်။ ငွေတွေရင်းတယ်။ ကျော်ကြားမှုနဲ့ အကျိုးအမြတ်ရှာတယ်။ ကျော်ကြားမှုနဲ့ အကျိုးအမြတ်ဆိုတာကလည်း အောင်ပွဲအပေါ် အခြေတည်တယ်။ ဒီတော့ အောင်ပွဲရဖို့ နည်းမျိုးစုံသုံးတယ်။ ခပ်ကြမ်းကြမ်း ရင်ဆိုင်ကြတယ်။ မရှုံးအောင်အဓိကထား။ တစ်ဂိုးလောက်ရရုံနဲ့ နိုင်အောင်ထိန်းတဲ့ ဘောလုံးလောကဟာ ဖျော်ဖြေမှုမဲ့လာတယ်။ ရသ နည်းလာလာတယ်။ တဖြည်းဖြည်း ပျင်းရိစရာလိုဖြစ်လာတယ်။

ပျောက်ဆုံးလာတဲ့ တိုက်စစ်ရသ

အထူးသဖြင့် မနှစ်က ပရီမီယာလိဂ်ပြိုင်ပွဲမှာဆိုရင် စုစုပေါင်း လုံးဝဂိုးမသွင်းနိုင်တဲ့ပွဲက ၃၅ ပွဲအထိ ရှိတယ်။နှစ်သင်းစလုံးပေါင်းမှ တစ်ဂိုးသာသွင်းနိုင်တဲ့ပွဲက ၅၉ ပွဲအထိရှိတယ်။ ပွဲ ၁၀၀ နီးပါးလောက်မှာ ဂိုး ၅၀ ကျော်သာ သွင်းနိုင်ခဲ့တဲ့သဘော။ ဒါဟာ နိုင်ရင်ပြီးရော၊ အမှတ်ရပြီးရောဆိုတဲ့ အယူအဆတွေ ဘယ်လောက်များ ဘောလုံးလောကကို လွှမ်းမိုးနေသလဲဆိုတာ မြင်သာတဲ့သဘော။ ဒီလိုဘောလုံးလောကမျိုးမှာ ဒီလိုအမ်စတာဒမ်နဲ့ အီမရိတ်ပြိုင်ပွဲမျိုးတွေ ကျင်းပခြင်းဟာ ရသငတ်နေတဲ့ ပရိသတ်ကို လိုအပ်ချက်ဖြည့်ဆည်းပေးရာရောက်တယ်။ ပင်လယ်ပြင်ထဲက ရေသန့်တစ်ခွက်နဲ့တူတယ်။

ဒါကြောင့်လည်း ပရိသတ်က အမ်စတာဒမ်တုန်းကလည်း နှစ်ခြိုက်သလို အခုအီမရိတ်ခေတ်မှာလည်း လက်ခံကြတာဖြစ်တယ်။ ပြောရရင် ဒီအီမရိတ်ဖလားဟာ ၂၀၀၇ ခုနှစ်က စပြီး ကျင်းပတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ တုန်းက လန်ဒန်အိုလံပစ်ကြောင့် မကျင်းပဖြစ်တာကလွဲလို့ နှစ်စဉ်ကျင်းပခဲ့တာဆိုတော့ စုစုပေါင်း (၅)ကြိမ် ကျင်းပပြီးပြီ။ ဒီ (၅)ကြိမ်မှာ ပြိုင်ပွဲတိုင်းရဲ့ ပွဲစဉ်တိုင်းမှာ လုံးဝဂိုးမသွင်းနိုင်တဲ့ပွဲဆိုတာ မရှိခဲ့ဘူး။ ဒါကိုကြည့်ရုံနဲ့တင် ဒီအီမရိတ်ဖလားဟာ အခုလို တိုက်စစ်ရသပျောက်ဆုံးလာတဲ့ ခေတ်မှာ ပရိသတ်ရဲ့ လိုအင်ကို ဘယ်လောက်ထိထိရောက်ရောက်ဖြည့်ပေးနိုင်သလဲဆိုတာ မြင်သာတယ်။

စောင့်ကြည့်ခံ တိုက်စစ်အစုအဖွဲ့

ဒါကြောင့်လည်း ရာသီကြိုကာလတိုင်းမှာ ပရိသတ်က ဒီအီမရိတ်ဖလားပြိုင်ပွဲကို စိတ်ဝင်တစားစောင့်မျှော်လေ့ရှိကြတာဖြစ်သလို ဒီနှစ်မှာ မနှစ်က မကြည့်ခဲ့ရတဲ့အတွက် ပိုပြီးတောင် စောင့်မျှော်လျက်ရှိကြတာလည်း ဖြစ်တယ်။ အထူးသဖြင့် ဒီနှစ်မှာ အိမ်ရှင်အာဆင်နယ်အပါအဝင် နာပိုလီ၊ ဂါလာတာစာရေး၊ ပေါ်တိုတို့ပြိုင်ပွဲဝင်ဖို့ရှိရာမှာ အာဆင်နယ်နဲ့ နာပိုလီတို့ရဲ့ အနေအထားကလည်း ပရိသတ်ရဲ့စောင့်ကြည့်လိုစိတ်ကို ထပ်မြှင့်ပေးသလိုဖြစ်နေတယ်။

ပြောရရင် အာဆင်နယ်ဟာ ဖလားလက်မဲ့ဖြစ်ခဲ့တာ ဆယ်စုနှစ်တစ်ခုပြည့်တော့မယ်။ ဒီတော့ ကိုယ့်ပရိသတ်ကအစ ကိုယ့်အသင်းအပေါ် အားမရကြဘူး။ အထူးသဖြင့် အာဆင်နယ်ရဲ့ အပြောင်းအရွှေ့ပေါ်လစီကို မနှစ်သက်ကြဘူး။ ထိပ်တန်းဘောလုံးသမားတွေကိုခေါ်။ အသင်းကို တင်းပြည့်ကျပ်ပြည့်ဖြစ်အောင် ပြင်စေချင်ကြတယ်။ အာစင်ဝင်းဂါးကလည်း ဒီနှစ်မှာ ချန်ပီယံဖြစ်ရမယ်။ ပရိသတ်ရဲ့စိတ်တိုင်းကျထိပ်တန်းကစားသမားတွေခေါ်မယ်လို့ ကတိပေးတယ်။ ဒါပေမယ့် အခုအချိန်အထိအသင်းကို လူငယ်လေးဆာနိုဂိုကလွဲလို့ ထိပ်တန်းအဆင့်တစ်ယောက်မှ မရောက်သေးဘူး။ ဒီလိုအချိန်မှာ အာစင်ဝင်းဂါးက မခေါ်နိုင်လည်းဖြစ်တယ်။ လက်ရှိလူအင်အားနဲ့ ချန်ပီယံဆုကို ကောင်းကောင်းစိန်ခေါ်နိုင်တယ်လို့ ထပ်ပြောချလိုက်တော့ ပရိသတ်ရဲ့စိတ်ကို ဆွသလိုဖြစ်သွားတယ်။ မယုံဘူး ဟုတ်ရဲ့လား။ သံသယနဲ့ ဒွိဟကြားမှာ ပြိုင်ဘက်ကောင်းနဲ့ အာဆင်နယ်ရင်ဆိုင်ရတဲ့ ပွဲမျိုးကို မြင်ချင်လာကြတယ်။

ခပ်ရှင်းရှင်းပြောရရင် ပြိုင်ဘက်ကောင်းနဲ့ ရင်ဆိုင်ရမှ အာဆင်နယ်ရဲ့ အရည်အသွေးအမှန်ကို မြင်ရမယ်။ အရည်အသွေးအမှန်ကိုမြင်ရမှ အာဆင်နယ်ရဲ့ အလားအလာနဲ့ ဝင်းဂါးရဲ့ စကားကို သုံးသပ်နိုင်မယ်။ ဒီတော့ အီမရိတ်ဖလားနဲ့အတူ အာဆင်နယ်ကို အကဲဖြတ်လိုလာကြတယ်။ အထူးသဖြင့် ဒီအီမရိတ်ဖလားက တိုက်စစ်အသားပေးပြိုင်ပွဲ။ အာဆင်နယ် မနှစ်က ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့တောင် မနည်းရုန်းခဲ့ရတဲ့အဓိကအားနည်းမှုက တိုက်စစ်ပိုင်း။ ဗန်ပါစီကို ရောင်းပြီးတဲ့နောက် ပြန်ဖြည့်တဲ့ ဂီရောက်ဒ်နဲ့ ပိုဒေါ်စကီးတို့က ထင်သလောက်ဖြစ်မလာဘူး။ ဒါကို ရွှန်းနေ၊ ဆွာရက်ဇ်တို့နဲ့ ဖြည့်ဖို့ လုပ်ပေမယ့် ဖြစ်မလာတဲ့အခါ ရှိရင်းစွဲတိုက်စစ်အင်အားဟာ ဝင်းဂါးပြောသလို ချန်ပီယံဖြစ်အောင် တွန်းပို့နိုင်တဲ့ အရည်အသွေးရှိရဲ့လားဆိုတာ သိလိုလာကြတယ်။ အရှင်းဆုံးပြောရရင် တိုက်စစ်ပိုင်းအပေါ် စိတ်မချမှုကို တိုက်စစ်အသားပေးပြိုင်ပွဲမှာ အကဲဖြတ်လိုကြတဲ့အခြေအနေ။

နာပိုလီနဲ့ ဟီဂွာယင်

ပြောရရင် နာပိုလီလည်း သိပ်မထူးဘူး။ အသင်းရဲ့ အဓိကတိုက်စစ်မှူး ကာဗာနီကို ရောင်းတယ်။ ဟီဂွာယင်နဲ့ ပြန်ဖြည့်တယ်။ ဒီတော့ ဟီဂွာယင်အနေနဲ့ ကာဗာနီလို အကျိုးပြုနိုင်မလားဆိုတာကိုလည်း ဒီလို တိုက်စစ်အသားပေးပြိုင်ပွဲမျိုးမှာ သုံးသပ်လိုကြတယ်။ ပြီးတော့ နာပိုလီက နည်းပြသစ်။ ဟီဂွာယင်အပါအဝင် ရေနာ၊ ကယ်လီဂျွန်၊ ကာဘရယ်၊ ရာအူးလ်အယ်ဘီလို၊ ဒရှိုင်မာတင်၊ အာမီယိုတို့နဲ့ အသင်းကို အားဖြည့်ပြီး အပြောင်းအလဲအများအပြား လုပ်ထားတဲ့ အသင်း။ ပြီးတော့ ဒီလိုလုပ်ပြီးချိန်မှာ နာပိုလီဥက္ကဋ္ဌလော်ရန်တစ်က စီးရီးအေ ဆုဖလားကို အကောင်းဆုံးစိန်ခေါ်နိုင်ပြီလို့ ပြောတယ်။ ဒါဟာတကယ်လား။ နည်းပြသစ်၊ အထိုင်သစ်နဲ့ ချက်ချင်းပုံမှန်ခြေရပါ့မလား။ လူအင်အားတောင့်လာပေမယ့် နည်းပြသစ်ဘင်နီတက်ဇ်ကရော တည်ငြိမ်အောင် ချက်ချင်းလုပ်ယူနိုင်ပါ့မလား။ ဒီတော့ နာပိုလီကိုလည်း ပြိုင်ဘက်ကောင်းနဲ့ တွေ့စေကာ ခြေအမှန်ကို မြင်လိုလာကြတယ်။

အထူးသဖြင့် ဒီပြိုင်ပွဲပါ ဂါလာတာစာရေးနဲ့ ပေါ်တိုကလည်း အသင်းကောင်းတွေ။ ဒရော့ဘာ၊ စနိုက်ဒါ၊ လူချိုဂွန်ဇာလက်တို့ ရှိနေတဲ့အသင်းတွေ။ အာဆင်နယ်၊ နာပိုလီတို့ကို အပြည့်အဝ လိုအပ်ချက်ကို ထောက်ပြနိုင်တဲ့အသင်းမျိုးတွေ။ ဒီတော့ အာဆင်နယ်၊ နာပိုလီတို့ကို သုံးသပ်လိုတာက တစ်ပိုင်း၊ တိုက်စစ်ရသ ပျောက်ဆုံးလာတဲ့ ခေတ်မှာ တိုက်စစ်ရသကို အပြည့်အဝခံစားလိုတာက တစ်ပိုင်းနဲ့ ၂၀၁၃ အီမရိတ်ဖလားက ပရိသတ်ကို မျှော်ရလွန်းလို့ မောတောင်မောစေနိုင်တယ်။

၂၀၁၃ အီမရိတ်ဖလားပွဲစဉ်များ

၃-၈-၂၀၁၃ (ညနေ ၆း၃၀)	ဂါလာတာစာရေး-ပေါ်တို
၃-၈-၂၀၁၃ (ည ၈း၅၀)	အာဆင်နယ်-နာပိုလီ
၄-၈-၂၀၁၃ (ညနေ ၆း၃၀)	နာပိုလီ-ပေါ်တို
၄-၈-၂၀၁၃ (ည ၈း၅၀)	အာဆင်နယ်-ဂါလာတာစာရေး

ပြင်သစ်ရူပါဖလား၊ ဘလန့်ရဲ့အနာဂတ်နဲ့ ကမ်းနားသစ်ပင်များ

ဘောလုံးအားကစားနည်းမှာ နည်းပြတစ်ယောက်အသင်းတစ်သင်းကို ကာလရှည်ကိုင်တွယ်ခွင့်ရဖို့ဆိုတာ အခွင့်အရေးမရှိတော့ဘူးလား။ ငွေရှင်ကြေးရှင်၊ လုပ်ငန်းရှင်တွေက ကလပ်အသင်းတွေကို ဝယ်တယ်။ ငွေပင်ငွေရင်း စိုက်ထုတ်ပြီး အသင်းကို ပြုပြင်တည်ဆောက်တယ်။ ချက်ချင်းလက်ငင်း အောင်ပွဲရ၊ ကျော်ကြားမှုနဲ့ အကျိုးအမြတ်ကို မျှော်လင့်တယ်။ ဒီလိုခေတ်မှာ နည်းပြတွေက ကမ်းနားသစ်ပင်။ ထိပ်တန်းဘောလုံးသမား တစ်ဦးရဖို့ သုံးရတဲ့ငွေကအစ ပေါင်သန်း လေးဆယ်၊ ငါးဆယ်၊ ခြောက်ဆယ်။ တောင့်တင်း ကျစ်လျစ်ပြီး ပြိုင်ဘက်တိုင်းကို စိန်ခေါ်နိုင်လောက်တဲ့ အသင်းဖြစ်ဖို့ အနိမ့်ဆုံး ပေါင်သန်း ၂၀၀ လောက်မှ မရင်းလို့ မရတဲ့ကာလ။ ရင်းရတဲ့ ငွေကများတော့ အကျိုးအမြတ်အတွက် အောင်ပွဲရလိုစိတ်က များ။ တစ်ရာသီနှစ်ရာသီလောက်ပဲ အမြင့်ဆုံးသည်းခံ။ လိုရာမရလို့ကတော့ တစ်ယောက်သွား။ တစ်ယောက်လာ။ နည်းပြတွေအတွက် အချိန်ဆိုတာ တိုတိုလာတယ်။

ချယ်လ်ဆီးဆိုရင် ငါးနှစ်အတွင်း မန်နေဂျာ လေးဦးပြောင်းတယ်။ ရီးရဲမက်ဒရစ်ဆိုရင် ခုနစ်နှစ်အတွင်း နည်းပြ ငါးဦးပြောင်းတယ်။ မန်စီးတီးဆိုရင် ခြောက်နှစ်အတွင်း မန်နေဂျာ သုံးဦးပြောင်းတယ်။ နည်းပြတစ်ဦးအတွက် အများဆုံးကာလက နှစ်ရာသီလောက်သာရှိတော့တဲ့သဘော။ မနှစ်က ဘောလုံးရာသီ ပရီမီယာလိဂ်ပြိုင်ပွဲမှာဆိုရင် မန်နေဂျာ အပြောင်းအလဲ (၁၂) ကြိမ်ဖြစ်တယ်။ မနှစ်က လာလီဂါပြိုင်ပွဲမှာဆိုရင် နည်းပြအပြောင်းအလဲ (၁၃)ကြိမ်ဖြစ်တယ်။ မနှစ်က စီးရီးအေပြိုင်ပွဲမှာလည်း နည်းပြအပြောင်းအလဲ (၂၀)ကြိမ်ဖြစ်တယ်။ မနှစ်က ဘွန်ဒက်စ်လီဂါမှာလည်း နည်းပြအပြောင်းအလဲ ရှစ်ကြိမ် ဖြစ်တယ်။ ဒီတော့ဘောလုံးလောကမှာ နည်းပြတစ်ယောက်အတွက် အာမခံချက်ဆိုတာ မရှိတော့ဘူးလား။ တစ်ယောက်မကြိုက် တစ်ယောက်ပြောင်း။ ပြောင်းထားသူတွေကိုရော ဘယ်လောက်အထိ ကြာကြာထားကြမလဲ။ အဖြေဆိုတာကတော့ မရှိဘူး။

ပြောရရင် အောင်ပွဲဆိုတာတောင် အာမခံချက်မဟုတ်တဲ့ အခြေအနေ။ မနှစ်ကဆိုရင် ဘိုင်ယန်ကို ဟေးနက်စ်က ဖလားသုံးလုံးယူပေးတယ်။ ဒီလိုမဖြစ်ခင် ဒီလိုဖြစ်ဖို့ နီးစပ်နေချိန်မှာတောင် ဂွါဒီယိုလာကို ကြိုပြီးအစားထိုးတယ်။ ဂွာဒီယိုလာကိုရော ဘယ်အတိုင်းအတာအထိ ဆက်ထားမလဲ။ အခုတောင် စူပါဖလားအရှုံးနဲ့အတူ ဂွာဒီယိုလာမှာဖိအားတွေက အတော်များနေပြီ။ ပြီးတော့ ဒီလိုဖိအားအောက်မှာ ရှင်သန်နေရသူတွေကလည်း ဒုနဲ့ဒေး။ မိုယက်စ်အစ ဘလန့်အဆုံး။ အောင်ပွဲရဲ့ လောင်းရိပ်။ ငွေကြေးရဲ့ဖိအား။ အသင်းရဲ့အလိုဆန္ဒ။ထောင့်ပေါင်းစုံက ထိုးနှက်မှုတွေကြား ရှင်သန်နေရတဲ့ နည်းပြတွေရဲ့ဘဝ။ အခုပဲကြည့်။ ကစားသမားသုံးယောက်အတွက် ပီအက်စ်ဂျီက ယူရို ၁၁၃ သန်းကျော် သုံးထားတယ်။ မနှစ်ကလည်း ယူရို ၁၅၁ သန်းကျော် သုံးတယ်။ ရည်ရွယ်ချက်က ပြည်တွင်းနဲ့ဥရောပကို စိုးမိုးရေး။ မနှစ်က ဥရောပမှာ ထင်တိုင်းမပေါက်ပေမယ့် ပြည်တွင်းမှာ ချန်ပီယံဖြစ်တယ်။ ဒီတော့ ဥရောပမှာပါ ထပ်ပေါက်ဖို့ ငွေထပ်သုံးတယ်။ ဒါပေမယ့် မနှစ်က ဦးဆောင်သူ အန်ဆယ်လော့တီ မရှိတော့ဘူး။ ဘလန့်က အစားဝင်နေပြီ။ ဒီတော့ ပီအက်စ်ဂျီရဲ့ အလိုဆန္ဒအဝဝကို ဘလန့်က ပြောင်းထမ်းရတော့မယ်။ ဒီနေရာမှာ ပြောစရာရှိလာတာက ရှေ့လူရဲ့လောင်းရိပ်။ ပြောရရင် အန်ဆယ်လော့တီတုန်းက ဥရောပမှာ အောင်ပွဲမရပေမယ့် ပြည်တွင်းမှာ အောင်ပွဲရတယ်။ ဒီတော့ ဘလန့်လက်ထက်မှာမှ ပြည်တွင်းအောင်ပွဲပါ ထပ်ပျောက်ရင် ဘလန့်ဘယ်လောက်အထိ ပီအက်စ်ဂျီမှာ မြဲပါ့မလဲ။ ငွေကြေးဖိအား၊ လောင်းရိပ်၊ အလိုဆန္ဒ။ ဘလန့်ထမ်းထားရတဲ့ ဝန်ကကြီးတယ်။ ဘလန့်ရဲ့ အတွေ့အကြုံနဲ့ အသက်ကနုတယ်။ အခုမှ ၄၇နှစ်။ ကိုင်တွယ်ဖူးတာက အခုပီအက်စ်ဂျီပါထည့်ပေါင်းမှ အသင်းသုံးသင်း။ ဝန်နဲ့ အား မမျှတဲ့သဘော။

တခြားမကြည့်နဲ့။ လာမယ့် ဩဂုတ် ၄ ရက်မှာဆိုရင် ဘလန့်အတွက် ဝန်ထုပ်ဝန်ပိုးတစ်ခုကို ဖြေရဦးမယ်။ အဲဒါက အနီးကပ်ဆုံး စိန်ခေါ်မှု။ ခပ်ရှင်းရှင်းပြောရရင် ဩဂုတ် ၄ ရက်မှာ ကစားရမယ့် စူပါဖလားပွဲမှာ မဖြစ်မနေ အနိုင်ရအောင် ကိုင်တွယ်ရမယ့် အခြေအနေ။ အောင်ပွဲလိုချင်သူကို အောင်ပွဲနဲ့ မိတ်ဆက်ပေးနိုင်မှ တော်ကာကျမယ့်သဘော။ တကယ်လို့ ချွတ်ချော်တိမ်းပါးခဲ့ရင် ပေးဆပ်ရမယ့် အရာက ဘလန့်အတွက် ကြီးလေးလွန်းတာလည်း မြင်သာတယ်။

အထူးသဖြင့် ယုံကြည်ခံရမှု ပျောက်ဆုံးမယ်။ သံသယနဲ့ အမြဲစောင့်ကြည့်ခြင်းခံရမယ်။ ဒါဆို ဝန်တစ်ခုထပ်တိုးမယ်။ လုပ်ရကိုင်ရပိုခက်မယ်။ တကယ်တော့ ဘလန့်ဆိုတာ နည်းပြကောင်းတစ်ဦးဆိုတာ မှန်တယ်။ ဘော်ဒိုးကို ပြင်သစ်ပထမတန်း ချန်ပီယံဖြစ်စေခဲ့ပြီးပြီ။ ပြင်သစ်စူပါဖလားနှစ်လုံး ယူပေးခဲ့ပြီးပြီ။ ဒါပေမယ့် ဘော်ဒိုးရဲ့ဖိအားနဲ့ ပီအက်စ်ဂျီရဲ့ ဖိအားကကွာတယ်။ ဒီလိုပြင်းထန်တဲ့ ဖိအားမျိုးကို တောင့်ခံဖို့ဆိုတာ ဘလန့်ရဲ့ အတွေ့အကြုံက လုံလောက်မှုမရှိတဲ့ သဘော။ ဒီလိုအခြေအနေမျိုးမှာ စူပါဖလားမှ အရမယူနိုင်ရင် ဘလန့်ပိုခက်ရမယ်။ ပြီးတော့ မိုနာကိုရဲ့ ရန်ကလည်းရှိ။ ဒီတော့ ဘလန့်အတွက် ဘယ်လောက်ဝန်ကြီးမလဲ။

တကယ်တော့ ဘလန့်မှမဟုတ်ဘူး။ နည်းပြတိုင်းဟာ အခုအချိန်မှာ ကမ်းနားသစ်ပင်။ ဘောလုံးအားကစားက စီးပွားရေးဆန်လာတာနှင့်အမျှ နည်းပြတိုင်းအတွက် အချိန်ဆိုတာက တိုတိုလာပြီ။ မနှစ်က နာမည်ကြီး လိဂ်လေးခုမှာတင် နည်းပြအပြောင်းအလဲ (၅၄)ကြိမ်ဖြစ်တယ်။ ဟေးနက်စ်နေရာအစား ဝင်တဲ့ ဂွာဒီယိုလာလည်း စူပါဖလားအရှုံးနဲ့ ဖိအားများနေရပြန်ပြီ။ အခု ဘလန့်ရော ဘယ်လိုလဲ။ လက်ရှိအသစ်ဝင်သူတွေရဲ့ အနာဂတ်ကရော ဘယ်လောက်အထိ အာမခံချက်ရှိမလဲ။ စောင့်ကြည့်ရုံမှတစ်ပါး အခြားမရှိနိုင်တော့ဘူးလို့ပဲ ဆိုချင်တယ်။

ဝေမိုးဆက်

မာတီနို၊ ဘာစီလိုနာနဲ့ ဝိရောဓိအတွက် အဖြေ

သစ်မင်းအိမ်

ဗီလာနိုဗာအထွက် မာတီနိုအဝင် ဘာစီလိုနာအတွက် မေးခွန်းတစ်ခု ကပ်ပါလာသည်။ အခြားမဟုတ်။ ဘာစီလိုနာတွင် မာတီနို အောင်မြင်နိုင်၊ မအောင်မြင်နိုင်၊ ထိုမေးခွန်းမျိုးသည် အသင်းတစ်သင်း၌ နည်းပြအပြောင်းအလဲဖြစ်တိုင်း ထွက်ပေါ်နေကျ ဖြစ်သလို ဖြေခဲ့ရပေါင်းလည်း များပြီ။ယခုလည်း ထပ်ဖြေရဦးမည်။ သို့သော် ထိုသို့ ဖြေသည်ဆိုရာဝယ် အတိအကျကြီး လုံးဝဖြေ၍ မရ။ အနီးစပ်ဆုံးနှင့် ကောက်ကြောင်းတစ်ခုလောက်သာ ဖြေဆိုနိုင်မည်က သေချာသည်။ အထူးသဖြင့် ဘောလုံးလောကတွင် ဖိအားအလွန်များသည်။ ရှုပ်ထွေးနက်နဲသည်။ ကံကြမ္မာ၏ စေစားမှု၊ မမြင်နိုင်သော အန္တရာယ်။ ထိုအချက်များကြား၌ နည်းပြတစ်ဦးသာမက၊ အသင်းတစ်သင်း၊ ဘောလုံးသမားတစ်ယောက်၏ အနာဂတ်အား မည်သို့မျှ တိတိပပကြိုပြော၍ မရနိုင်။ ကောက်ကြောင်း တစ်ခုလောက်သာရမည်။ အနီးစပ်ဆုံးဖြစ်နိုင်ခြေလောက်သာရမည်။

ယခုလည်း ထိုသို့ပင်။ ဘာစီလိုနာ၏ နည်းပြပြောင်းလဲမှုအား ဝိရောဓိများနေကြသော်လည်း ထိုဝိရောဓိအား တိတိကျကျဖြေဆို၍ မရနိုင်။ အနီးစပ်ဆုံး တွက်ချက်မှုသာ ထောက်ပြနိုင်သည်။ အထူးသဖြင့် ဘာစီလိုနာလိုအသင်းမျိုးတွင် ပို၍ဆိုးသည်။ ဘာစီလိုနာသည် အသင်းကြီးဆိုသည်ထက် ပိုသော ထိပ်တန်းအသင်းကြီး ဖြစ်သည်။ ထိုသို့သော အသင်းမျိုးတွင် ပရိသတ်ဖိအားက ပို၍ ပြင်းသည်။ အသင်းအသိုင်းအဝိုင်း၏ လိုအင်ဆန္ဒက ပို၍မြင့်သည်။ မီဒီယာများ၏ စောင့်ကြည့်မှုအောက်၌ တစ်လှမ်းခြေချော်ရုံဖြင့်ပင် အရာရာ ပြောင်းလဲနိုင်လောက်သည်။ ထို့ကြောင့် မာတီနို၏ အနာဂတ်သည် မည်သို့မျှ ပြော၍မရနိုင်။

သို့သော် ဆိုခဲ့သလို ဖြစ်နိုင်ခြေအကြောင်းအချက်များကဖြင့် တွက်ချင့်စရာကောင်းလောက်အောင်ပင် ခိုင်ခိုင်မာမာရှိလှသည်။ အထူးသဖြင့် ဘာစီလိုနာသည် နဂိုကတည်းက နည်းပြမလိုသောအသင်းတစ်သင်းအဖြစ် ထင်ရှားသည်။ သူတို့၏ ရှိရင်းစွဲ လူအင်အားကပင် ပြည့်စုံလုံလောက်သည်ဆိုခြင်းထက်ကို ပိုနေသော အဆင့်ဖြစ်သည်။ မက်ဆီ၊ အင်နီယေစတာ၊ ဇာဗီ လက်ရှိကမ္ဘာ့ဘောလုံးလောက၏ အကောင်းဆုံးဟု သတ်မှတ်ခံထားရသူ သုံးယောက်စလုံး တစ်စုတစ်ဝေးတည်းရှိနေသည်။ ထိုအစုအဖွဲ့မျိုးမည်သည့်အသင်းတွင်သော်မှ မတွေ့နိုင်။ ဆိုရလျှင် ကစားသမားပိုင်း တောင့်တင်းရုံတင်မက။ ကစားဟန်တစ်ခုတွင် လုံးလုံးလျားလျား အသားသေနေသော အသင်းဖြစ်သည်။ ထိုသို့သော အသင်းမျိုးတွင် နည်းပြတစ်ဦး အနေဖြင့် အချိန်ယူပြုပြင်စရာမရှိ။ ခက်ခက်ခဲခဲတည်ဆောက်ယူရမည့် အပိုင်းမရှိ။ ရှိရင်းစွဲ ကစားသမားများ၏ ထိပ်တန်းအဆင့် တစ်ဦးချင်းစွမ်းရည်နှင့် အထိုင်ကျအသားသေပြီသားကစားဟန် တစ်ခုအပေါ်တွင် ဖေးမရုံဖြင့်ပင် နည်းပြတစ်ဦးအတွက် လိုရာသို့သွားနိုင်သော အနေအထားတွင် ရှိသည်။

ပြောချင်သည်မှာ ဘာစီလိုနာသည် နည်းပြက ဆွဲခေါ်ရမည့်အသင်းမျိုးမဟုတ်။ နည်းပြကို ဆွဲခေါ်နိုင်သော အသင်းမျိုးဖြစ်သည်။ ရှိရင်းစွဲအစုအဖွဲ့ကို သုံးတတ်ရန်သာလိုသည်။ လက်ရှိကစားဟန်။ လက်ရှိအစုအဖွဲ့။ သင့်တော်သောနေရာတွင် မှန်ကန်သော သုံးစွဲမှုမျိုး သုံးတတ်ရုံဖြင့်ပင် အဆင့်တစ်ခုသို့ ရောက်နိုင်လောက်သည်အထိ ပြီးပြည့်စုံမှုရှိသည်။ အရှင်းဆုံးဆိုရသော် ဘာစီလိုနာသည် နည်းပြတစ်ဦးအတွက် အခြားအသင်းတိုင်းထက် အောင်ပွဲဆီ ပို၍ချဉ်းကပ်လွယ်သော အသင်းဖြစ်သည်။

ဒီအချက်ကိုမူ အားလုံးခန့်မှန်းမိကြမည်ကလည်း သေချာသည်။ ထိုသို့ ခန့်မှန်းမိကြ၍လည်း အခြားအသင်းများ၌ နည်းပြ အပြောင်းအလဲဖြစ်သလို ကျယ်ကျယ်ပြန့်ပြန့်၊ ကျယ်ကျယ်လောင်လောင်မဖြစ်။ သို့လောဖြင့်သာ တိတ်တဆိတ် ဝိရောဓိ ဖြစ်နေကြသည်။ ထိုသို့ဖြစ်ရခြင်းမှာကလည်း အကြောင်းရှိသည်။ ဘာစီလိုနာဘက်အခြမ်းကိုယုံကြသော်လည်း မာတီနိုဘက်အခြမ်းကို မဝံ့မရဲဖြစ်ကြသည်။ အထူးသဖြင့် မာတီနိုသည် ဥရောပဘောလုံးလောကနှင့် အစိမ်းသက်သက် ဖြစ်သည်။ ထိုအချက်ကပင် ဝိရောဓိကို ဖန်တီးပေးသော အဓိကအကြောင်းတရားဖြစ်သလို ထိုအချက်ကိုပင် အဓိကထား ကောက်ကြောင်းရေးရမည့် သဘောဆောင်သည်။

ပြောရလျှင် မာတီနိုသည် တောင်အမေရိကသား ဖြစ်သည်။ တောင်အမေရိကသားတို့သည် ဘောလုံးနှင့် ပတ်သက်လျှင် အခြေခံကျကျကို ပြီးပြည့်စုံကြသည်။ အဓိကအချက်မှာ တောင်အမေရိကသားများသည် ဘောလုံးကို အနုပညာတစ်ရပ်လို သဘောထားသည်။ ရှုံးကာမှရှုံး။ လှပညက်ညောပြီး အပေးအယူအချိတ်အဆက် မိမိဖြင့် လှလှပပသာ ကစားသည်။ ပြောချင်သည်မှာ တောင်အမေရိကသားတို့၏ ဘောလုံးအယူအဆသည် ဥရောပဒေသ အတော်များများမှ အယူအဆနှင့် ကွဲပြားသည်။ အထူးသဖြင့် နိုင်ရင်ပြီးစတမ်းသဘောအရ Power အားကိုးပြီး ပြင်းပြင်းထန်ထန် တုံ့ပြန်ကစားမှု၊ ခံစစ်အသေပိတ်ကာ လျင်မြန်မှုနှင့် တစ်ချက်ကောင်း ထိုးဖောက်မှုမျိုး ဥရောပဒေသအတော်များများတွင် တွင်ကျယ်သော်လည်း တောင်အမေရိကသား၏ ဒဿနမှာမူ ကျွမ်းကျင်မှုနှင့် ညက်ညောမှုကို ပို၍ခုံမင်သည်။ ပို၍ အဓိကထားကြသည်။ သို့ဆိုလျှင် တောင်အမေရိကသား မာတီနိုသည် ဥရောပနှင့် အကျွမ်းတဝင်မဖြစ်နိုင်ဟု ဆိုစရာရှိသည်။

> မာတီနိုသည် တောင်အမေရိက၌ အောင်မြင်ခဲ့သူ။ ဘာစီလိုနာသည် တောင်အမေရိက ကစားဟန်နွှယ်သော စပိန်ဘောလုံးလောက၌ Skill ပိုင်းကို ဦးစားအပေးဆုံးအသင်း

သို့သော် စပိန်သည် ဥရောပဒေသ ဖြစ်သော်လည်း မူကွဲ ဥရောပဒေသဖြစ်သည်။ စပိန်၏ ဘောလုံးကစားဟန်ကိုက တောင်အမေရိကဘက် နွှယ်သည်။ စပိန်ဘောလုံးဒေသတစ်ခုလုံးသည် Skill ပိုင်းကို အဓိက အားပြုကြသူများဖြစ်သည်။ တစ်သင်းစ နှစ်သင်းစမျိုး မဟုတ်။ စပိန်၏ ဘောလုံးဝန်းကျင်တစ်ခုလုံး Skill ပိုင်းကို အဓိကထားကြသည်။ ထိုသို့သော ဝန်းကျင်မျိုးတွင် နိုင်ရင်ပြီးစတမ်း ဗျူဟာမျိုး လုံးဝ တိုးမပေါက်။ ပြောရလျှင် နေရာတိုင်း၌ အောင်ပွဲများယူခဲ့သူ မော်ရင်ဟိုပင် မအောင်မြင်။ ကန်တင်ပြေးစနစ်ဖြင့်သာ အကျွမ်းတဝင်ရှိခဲ့သော အင်္ဂလန်သားများတိုးမရ၊ ကစားနိုင်ရုံလောက်သာ ရှိပြီးမအောင်မြင်။ ထိုသို့ ဥရောပ၌ ဥရောပသားအချို့ အောင်မြင်ရန် ရုန်းကန်ရသော်လည်း တောင်အမေရိကသား ဘောလုံးသမားအများစုမှာ စပိန်တွင် အောင်မြင်သည်။ ဘောလုံးသမားမှမဟုတ်။ တောင်အမေရိကသားတစ်ဦးဖြစ်သူ ပယ်လီဂရီနီလည်း တောင်အမေရိကမှ စပိန်သို့ တန်းလာပြီး အသင်းသုံးသင်း ကို ကိုင်တွယ်ခဲ့ရာ အထိုက်အလျောက်မက အောင်မြင်ခဲ့သည်။

ပြောရလျှင် မာတီနိုသည် ပယ်လီဂရီနီထက်ပင် တောင်အမေရိက၌ ပို၍ အောင်မြင်သူ ဖြစ်သည်။ လီဘာထက်၊ ပေါ်တီနိုအသင်းများအား ခြောက်နှစ်အတွင်း ပါရာဂွေးချန်ပီယံ လေးကြိမ်ယူပေးနိုင်သည်။ ပါရာဂွေးလက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလား ကွာတားအဆင့်သို့ ၂၀၁၀ တွင် ပထမဆုံး တက်နိုင်အောင် လမ်းပြနိုင်သည်။ ၂၀၁၁ ကိုပါအမေရိကတွင် ဗိုလ်လုပွဲသို့ ပို့နိုင်သည်။ အာဂျင်တီးနားကလပ် နယူးဝဲလ်အိုဘွိုင်းကို တစ်နှစ်တည်းနှင့် ချန်ပီယံဖြစ်စေသည်။ အရှင်းဆိုရသော် မာတီနိုသည် တောင်အမေရိက၌ အောင်မြင်ခဲ့သူ။ ဘာစီလိုနာသည် တောင်အမေရိက ကစားဟန်နွှယ်သော စပိန်ဘောလုံးလောက၌ Skill ပိုင်းကို ဦးစားအပေးဆုံးအသင်း။

အထူးသဖြင့် စပိန်သည် မာတီနိုအတွက် ဒေသသစ်ဖြစ်သော်လည်း ဝန်းကျင်သစ်မဟုတ်။ သမိုင်းကြောင်းအရ လက်တင်ဒေသဟု ခေါ်ခဲ့သော စပိန်သည် အမေရိကတိုက်သို့ လွှမ်းမိုးခဲ့ဖူးသကဲ့သို့ စပိန်ယဉ်ကျေးမှုများသည် အများအားဖြင့် အမေရိကတွင် စိမ့်ဝင်လျက်ရှိသည်။ စပိန်တွင်ရှိသော နွားရိုင်းသတ်ပွဲမျိုးသည်ပင် အမေရိကဒေသ၌ ရှိသည်။ ထို့ကြောင့် စပိန်သည် မာတီနိုအတွက် ဒေသသစ်။ သို့သော် ဝန်းကျင်သစ်မဟုတ်၍ အလျင်အမြန်အထိုင်ကျနိုင်သည်။ သူကျွမ်းကျင်သည့် ကစားဟန်နှင့်လည်း လိုက်လျောညီထွေရှိသည်။ အချုပ်ဆိုရသော် မာတီနိုအတွက် ဘာစီလိုနာတွင် အခက်အခဲကြီးကြီးမားမား မရှိနိုင်။

သို့သော်အရာရာသည် ယတိပြတ်ပြော၍မရ၊ လူတစ်ဦးတစ်ယောက်၏ အနာဂတ်ဆို ပို၍ဆိုးသည်။ မမြင်နိုင်သော အလှည့်အပြောင်းများက ဒုနှင့်ဒေး။ ဒီတော့ ကောက်ချက်ကြမ်းလောက်သာဆွဲ၍ရမည်။ ထိုဆွဲ၍ရသော ကောက်ချက်အရမူ မာတီနိုအတွက် ဘာစီလိုနာသည် ဖဲမွေ့ရာမဟုတ်သေးသော်လည်း ဆူးမွေ့ရာ မဟုတ်နိုင်။ အောင်မြင်လောက်သော အခြေခံအကြောင်းတရားများ လူးလွန့်လျက်ရှိသည်ဟုသာ ဆိုချင်သည်။

မက်ဆီကို ဂုဏ်ပြုသည့်အနေဖြင့် နံပါတ် ၁၀ ဂျာစီအား နာတီရော်ဘင်ဆန် ရွေးချယ်

နာမည်ကျော် NBA ဘတ်စကက်ဘောကစားသမား နာတီရော်ဘင်ဆန်ဟာ သူ့ရဲ့အသင်းသစ်ဖြစ်တဲ့ Denver Nuggets အသင်းမှာ နံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ဖို့ ရွေးချယ်ဆုံးဖြတ်လိုက်ပြီလို့ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ အမေရိကန်နိုင်ငံသား နာတီရော်ဘင်ဆန်က နံပါတ် ၁၀ ဂျာစီကိုဝတ်ဆင်ဖို့ ရွေးချယ်ရခြင်းရဲ့ အကြောင်းရင်းဟာ အာဂျင်တီးနားနဲ့ဘာစီလိုနာအသင်းတို့ရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ လီယွန်နယ် မက်ဆီကို ဂုဏ်ပြုတဲ့အနေနဲ့နံပါတ်၁၀ကိုရွေးချယ်ခဲ့တာဖြစ်တယ်လို့ သူ့ရဲ့ရွေးချယ်မှု နောက်ကွယ်ကအကြောင်းပြချက်ကို ဖွင့်ဟပြောဆိုခဲ့ပါတယ်။

မက်ဆီက အာဂျင်တီးနားနဲ့ ဘာစီလိုနာ အသင်းတွေမှာ နံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ကစားပြီး အကောင်းဆုံးခြေစွမ်းပြ ကစားနေသူဖြစ်သလို ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦးအဖြစ်လည်း သတ်မှတ်ခံထားရသူဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိပြီး အရပ် ၅ ပေ ၉ လက်မရှိတဲ့ နာတီရော်ဘင်ဆန်ဟာ ပြီးခဲ့တဲ့ ဇူလိုင် ၂၆ ရက်မှာ Chicago Bulls အသင်းကနေ Denver Nuggets အသင်းကို ပြောင်းရွှေ့လာခဲ့သူဖြစ်ပါတယ်။

နာတီရော်ဘင်ဆန်ဟာ မူလက သူ့ရဲ့ အသင်းသစ် Denver Nuggets အသင်းမှာ နံပါတ် ၂ ဂျာစီကို ဝတ်ဆင်ဖို့ ရည်ရွယ်ထားခဲ့တာဖြစ်ပါတယ်။ ဒီဂျာစီနံပါတ်ဟာ Chicago Bulls အသင်းမှာလည်း သူဝတ်ဆင်ခဲ့တဲ့ ဂျာစီနံပါတ် ဖြစ်ပါတယ်။

ဒါပေမယ့် Denver Nuggets အသင်းတာဝန်ရှိသူတွေက သူတို့အသင်းရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်တဲ့ အဲလက်စ်အင်ဂ်လိပ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ၁၉၈၀ ပြည့်နှစ်ကနေ ၁၉၉၀ ပြည့်နှစ်အထိ အဲလက်စ်အင်ဂ်လိပ် ဝတ်ဆင်ကစားခဲ့တဲ့ Denver Nuggets အသင်းရဲ့ နံပါတ် ၂ ဂျာစီကို အခြားကစားသမားတွေကို ဝတ်ဆင်ခွင့်မပြုဘဲ အနားပေးထားခဲ့တယ်။ ဒါကြောင့် နာတီရော်ဘင်ဆန်အနေနဲ့အသင်းသစ်မှာ သူဝတ်ဆင်လိုတဲ့ ဂျာစီနံပါတ်ကို ရွေးချယ်ပိုင်ခွင့် ဆုံးရှုံးခဲ့ရပြီးတဲ့နောက် အခုလို နံပါတ် ၁၀ဂျာစီကို ဝတ်ဆင်ဖို့ ဆုံးဖြတ်ခဲ့တာပဲဖြစ်ပါတယ်။ နာတီရော်ဘင်ဆန်က “ကျွန်တော်ဟာ နံပါတ်တစ်လုံးတည်းရှိတဲ့ နံပါတ်တွေကိုပဲ ရွေးချယ်ဝတ်ဆင်ဖို့နှစ်သက်သူပါ။ ဒါပေမယ့် Denver Nuggets အသင်းမှာ နံပါတ် ၂ ဂျာစီကို အနားပေးထားတာကြောင့် ဒီနံပါတ်ကို ကျွန်တော်ရွေးချယ်ခွင့်မရှိခဲ့ဘူး။

ထက်အောင်

ဒါကြောင့် ကျွန်တော်အကြိုက်ဆုံး ဘောလုံးသမားဖြစ်တဲ့ မက်ဆီဝတ်ဆင်ကစားတဲ့ နံပါတ် ၁၀ ဂျာစီကိုအသင်းသစ်မှာဝတ်ဆင်ဖို့ ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ နံပါတ် ၁၀ ဂျာစီကို ဝတ်ဆင်ပြီး NBA ပြိုင်ပွဲမှာ အကောင်းဆုံးကစားသမားဖြစ်လာဖို့က ကျွန်တော့်ရဲ့ရည်မှန်းချက်ဖြစ်ပါတယ်”လို့ သူ့ရဲ့ဂျာစီနံပါတ်ရွေးချယ်မှုနဲ့ ပတ်သက်ပြီး ပြောပြခဲ့ပါတယ်။

ရော်ဘင်ဆန်ရဲ့ အနှစ်သက်ဆုံးဘောလုံးသမားဖြစ်တဲ့ မက်ဆီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းမှာ စံချိန်သစ်များစွာ တင်နိုင်ခဲ့သလို မကြာသေးမီကလည်း နာမည်ကြီးဘောလုံးအားကစား ဝက်ဘ်ဆိုက်တစ်ခုဖြစ်တဲ့ Goal.com ကနေ ပေးအပ်တဲ့ ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားဆု Goal 50 ကိုလည်း ရရှိခဲ့သူ ဖြစ်တယ်။ မက်ဆီဟာ အဲဒီဆုကို ရစ်ဘာရီ၊ ရော်နယ်ဒိုတို့ကို ကျော်ဖြတ်ပြီး ရရှိခဲ့တာဖြစ်သလို သုံးကြိမ်မြောက် ရရှိခဲ့ခြင်းလည်းဖြစ်ပါတယ်။

၂၀၁၃ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုရန် ဘာလန်ကာဗီလာဆစ် ဆုံးဖြတ်

လာမယ့် ဩဂုတ် ၈ ရက်ကနေ ၁၈ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့မှာ ၂၀၁၃ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲကို ကျင်းပမှာဖြစ်ပါတယ်။

ဒီပြိုင်ပွဲအတွက်မှာ အောင်မြင်မှုရယူဖို့ အားကစားသမားတွေ စိတ်လှုပ်ရှားတက်ကြွနေချိန်မှာ ခရိုအေးရှားနိုင်ငံသူ အမြင့်ခုန်အားကစားမယ် ဘလန်ကာဗီလာဆစ်ကတော့ လာမယ့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခြင်းမပြုဖို့ ဆုံးဖြတ်လိုက်ပြီလို့ ထုတ်ဖော်ပြောဆိုလိုက်ပြီ ဖြစ်ပါတယ်။ ဗီလာဆစ်ကို ဒီပြိုင်ပွဲနဲ့ လွဲချော်စေခဲ့တဲ့ အဓိကအကြောင်းရင်းကတော့ သူ့ရဲ့ ခြေထောက်ဒဏ်ရာကြောင့်ပဲ ဖြစ်ပါတယ်။ “ကျွန်မရဲ့ ခြေထောက်ဒဏ်ရာက ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း မိုနာကိုနိုင်ငံမှာ ကျင်းပခဲ့တဲ့ Diamond League ပြိုင်ပွဲမှာ ပါဝင်ယှဉ် ပြိုင်စဉ်ကထက် နာကျင်မှု ပိုမိုခံစားနေရတယ်။ ဒါဟာ ကျွန်မအတွက် ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နေမှုကနေ ရပ်နားပြီး အပြည့်အဝအနားယူဖို့လိုအပ်နေပြီဆိုတဲ့အချက်ပေးမှုပါပဲ။ မော်စကိုမှာ ကျင်းပမယ့်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်မယ်ဆိုရင် ဒါဟာကျွန်မအတွက် အန္တရာယ်ကြီးမားတဲ့ စွန့်စားမှုတစ်ခု ဖြစ်လာပါလိမ့်မယ်။ ကျွန်မအနေနဲ့ ဒီလိုစွန့်စားဖို့ ဆန္ဒမရှိပါဘူး”လို့ ဗီလာဆစ်က ပြောဆိုခဲ့ပါတယ်။

ဗီလာဆစ်ဟာ ဂျပန်နိုင်ငံ အိုဆာကာမြို့မှာ ကျင်းပခဲ့တဲ့ ၂၀၀၇ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲ၊ ဂျာမနီနိုင်ငံ ဘာလင်မြို့မှာ ကျင်းပခဲ့တဲ့ ၂၀၀၉ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ဆုတွေ ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် အသက် ၂၉ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗီလာဆစ်ဟာ ခြေချင်းဝတ်ဒဏ်ရာပြဿနာကြောင့် ၂၀၁၂ ခုနှစ် လန်ဒန်အိုလံပစ်ပြိုင်ပွဲမှာတော့ ပါဝင်ယှဉ်ပြိုင်နိုင်ခဲ့ခြင်းမရှိဘူး။

ဗီလာဆစ်ဟာ ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံရှစ်ပြိုင်ပွဲမှာ ရရှိခဲ့တဲ့ ရွှေတံဆိပ်ဆု နှစ်ခုအပါအဝင် သူ့ရဲ့ကစားသမား သက်တမ်းအတွင်း စုစုပေါင်း ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် နှစ်ခု ရရှိထားသူဖြစ်ပါတယ်။

(၁၃) ကြိမ်မြောက် ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲအဖြစ် ၂၀၁၁ ခုနှစ်အတွင်း တောင်ကိုရီးယားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၁ ခုနှစ်ပြိုင်ပွဲမှာတော့ ဗီလာဆစ်ဟာ အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲမှာ ဒုတိယနေရာနဲ့သာ ကျေနပ်ခဲ့ရပြီး ကမ္ဘာ့ပြေးခုန်ပစ်ချန်ပီယံရှစ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲမှာ ရွှေတံဆိပ်ဆုကို သုံးနှစ်ဆက် ရယူနိုင်တဲ့ကစားသမားအဖြစ် စံချိန်တင်နိုင်မယ့် အခွင့်အရေးကို လက်လွှတ်ခဲ့ရပါတယ်။

ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံရှစ်ပြိုင်ပွဲကို ဖင်လန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံပြီး ၁၉၈၃ ခုနှစ်မှာ ပထမဆုံးအကြိမ် စတင်ကျင်းပခဲ့တယ်။ စတင်ကျင်းပတဲ့နှစ်ကစပြီး ၁၉၉၁ ခုနှစ်ပြိုင်ပွဲအထိ လေးနှစ်တစ်ကြိမ် ကျင်းပခဲ့တာဖြစ်တယ်။

၁၉၉၁ ခုနှစ်ပြိုင်ပွဲကျင်းပပြီးတဲ့နောက်မှာတော့ ပြိုင်ပွဲတာဝန်ရှိသူတွေက ဒီပြိုင်ပွဲကို နှစ်နှစ်တစ်ကြိမ် ပြောင်းလဲကျင်းပဖို့ ဆုံးဖြတ်ခဲ့တာကြောင့် ၁၉၉၃ ခုနှစ်မှာ ပြန်လည်ကျင်းပခဲ့ပြီး အဲဒီနောက်ပိုင်းပြိုင်ပွဲတွေကို နှစ်နှစ်တစ်ကြိမ် ကျင်းပခဲ့တယ်။

ရုရှားနိုင်ငံ မော်စကိုမှာ ကျင်းပမယ့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ် ချန်ပီယံရှစ်ပြိုင်ပွဲဟာ ဒီပြိုင်ပွဲ သမိုင်းကြောင်းတစ်လျှောက် (၁၄)ကြိမ်မြောက်ပြိုင်ပွဲဖြစ်ပြီး(၁၅)ကြိမ်မြောက်ပြိုင်ပွဲဖြစ်တဲ့ ၂၀၁၅ ခုနှစ် ကမ္ဘာ့ပြေးခုန်ပစ်အိုလံပစ်ပြိုင်ပွဲကိုတော့ တရုတ်နိုင်ငံ ပေကျင်းမှာ ကျင်းပသွားမှာဖြစ်ပြီး ၁၆ ကြိမ်မြောက်ပြိုင်ပွဲကို လန်ဒန်မှာ ကျင်းပဖို့ စီစဉ်ထားပါတယ်။

ထက်အောင်

သောကြာနေ့ထုတ် အားကစားအချပ်ပိုတွင် ကြော်ငြာများ ထည့်သွင်းနိုင်ပါသည်